# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၇၇ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၉ ရက် ၂၀၁၅ ခုနှစ်၊ ဇူလိုင် ၁၀ ရက်၊ သောကြာနေ့၊ အတွဲ [၅၄]၊ အမှတ် [၂၇၈]


ဒါနဉ္စ ဧတံမင်္ဂလ မုတ္တမံ

စွန့်ကြဲပေးကမ်း လှူဒါန်းခြင်းသည် မြတ်သောမင်္ဂလာ မည်၏။

## ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း လားရှိုးမြို့နယ်ရှိ ကျေးရွာများမှ ဒေသခံပြည်သူများနှင့်တွေ့ဆုံ လိုအပ်ချက်များဖြည့်ဆည်းဆောင်ရွက်ပေး

သတင်း၊ စာမျက်နှာ ➢ ၃



## ရခိုင်ပြည်နယ်အတွင်း သဘာဝဘေးအန္တရာယ်ကြောင့် ပျက်စီးဆုံးရှုံးမှုများအပေါ် ငွေကျပ် ၃ ဒသမ ၂၁၆ ဘီလီယံ အသုံးပြုပြီး ပြန်လည်ပြုပြင်တည်ဆောက်နေ

**နေပြည်တော် ဇူလိုင် ၉**

ရခိုင်ပြည်နယ်အတွင်း၌ ဇွန် ၂၄ ရက်မှစတင်ပြီး မိုးသည်းထန်စွာ ရွာသွန်းခဲ့မှုကြောင့် ရေလွှမ်းမိုးမှု၊ ရေကြီးရေလျှံမှု၊ ရေတိုက်စားမှုနှင့် မြေပြိုမှုများဖြစ်ပွားခဲ့ပြီး လူနေအိမ်များ၊ စာသင်ကျောင်းများ၊ လမ်းတံတားများ၊ စိုက်ပျိုးမြေများ ပျက်စီးဆုံးရှုံးခဲ့ရာ ကယ်ဆယ်ရေးနှင့် ပြန်လည်ပြုပြင် တည်ဆောက်ရေးလုပ်ငန်းများကို သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပြည်နယ်အစိုးရအဖွဲ့တို့ ပူးပေါင်းကာ အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်လျက်ရှိသည်။

ယင်းသို့ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရခိုင်ပြည်နယ်အတွင်းရှိ ပုဏ္ဏားကျွန်း၊ ရသေ့တောင်၊ မြောက်ဦး၊ ကျောက်တော်၊ မင်းပြား၊ မောင်တော၊ ဘူးသီးတောင်၊ ရမ်းဗြဲ၊ မာန်အောင်၊ အမ်း၊ သံတွဲ၊ တောင်ကုတ်၊ ဂွ၊ မအီမြို့နယ်များ၌ လူခြောက်ဦးနှင့် တိရစ္ဆာန် ၂၅၀၅၅ ကောင် သေဆုံးခဲ့ပြီး စိုက်ပျိုးမြေ ၂၅၆၄ ဧက၊ လူနေအိမ် ၅၉၂ လုံး၊ စာသင်ကျောင်း ခုနစ်ကျောင်း၊ ဘုန်းတော်ကြီးကျောင်း နှစ်ကျောင်း၊ လမ်းပိုင်း ၄၂ နေရာနှင့် တံတား ၅၄ စင်းတို့ ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သည်။

အဆိုပါ ပျက်စီးမှုများ၏ စုစုပေါင်း ဆုံးရှုံးမှုတန်ဖိုးမှာ ငွေကျပ် ၃ ဒသမ ၂၁၆ ဘီလီယံအထိရှိခဲ့ပြီး

*စာမျက်နှာ ၁၁ ကော်လံ ၁* ❋



ရခိုင်ပြည်နယ်အတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မိုင်တိုင်အမှတ် ၆၅/၅ နှင့် ၆၅/၆ အကြားတွင် တောင်ပြိုပြီး လမ်းပျက်စီးမှုကိုပြန်လည်ပြုပြင်နေစဉ်။ (ဓာတ်ပုံ-ဆောက်လုပ်ရေး)

### ယနေ့ မာတိကာ


အီရန်ဆွေးနွေးပွဲ အခက်ခဲဆုံးအဆင့်သို့ ရောက်ဟု ရုရှားပြော — စာ » ၄

အကောက်ခွန်မဲ့ ကျောက်စိမ်းတုံးနှင့် သတ္တုရိုင်းတုံးများ ဖမ်းဆီးရမိ — စာ » ၁၂

Elite ခရီးသည်ယာဉ် ပို့ဆောင်ရေးယာဉ်လိုင်း နေပြည်တော်-ရန်ကုန် ပြေးဆွဲခွင့် ယာယီ ပိတ်သိမ်းမည် ဖြစ်ကြောင်း သိရ — စာ » ၁၃

ရာသီသစ်မှာ စောင့်ကြည့်ရမယ့် တန်းတက် မျက်နှာသစ်တွေ — စာ » ၁၉


**ကိုယ်အင်္ဂါအစိတ်အပိုင်းလှူဒါန်းခြင်းဆိုင်ရာဥပဒေကြမ်း**

အချပ်ပို(င)

**ပိုးသတ်ဆေးဥပဒေကြမ်း**

အချပ်ပို(ဆ)




## အတ္တပရ မျှတစွာဖြင့်

လူတို့၏ သဘောသည် အများအားဖြင့် အတ္တနှင့် ပရနှိုင်းယှဉ်လျှင် အတ္တအကျိုးကိုသာ ရှေးရှုတတ်ကြ၏။ အတ္တအကျိုးကိုမလုပ်ရဟု မဆိုသာ။ သို့သော် အတ္တများလွန်းလျှင် သို့မဟုတ် အတ္တကြီးလွန်းလျှင် လောဘဖြစ်တတ်၏။ လောဘ သည် မကောင်း။ ပျက်စီးခြင်း၊ ဆုတ်ယုတ်ခြင်းသို့ ရောက်တတ်၏။ ထို့ကြောင့် မည်သည့်အမှုကိစ္စတို့၌မဆို အတ္တနှင့်ပရကို မျှတစွာ ဆောင်ရွက်နိုင်မှသာ ကောင်းနိုင်ပေလိမ့်မည်။

မိမိအကျိုးစီးပွားကို တိုးပွားအောင်ဆောင်ရွက်သကဲ့သို့ အများအကျိုးစီးပွားကိုလည်း ကြည့်သင့်၏။ မိမိအကျိုး၊ အများအကျိုးနှစ်ဖက်မျှဖို့လိုသည်။ အကျိုးစီးပွားတစ်ခုတည်းကိုသာ ကြည့်ခြင်းသည် တစ်ဘို့တည်းအတွက်သာ လုပ်ဆောင်ခြင်းဖြစ်ပါသည်။ မိမိနှင့်အများအကျိုးစီးပွား ဘို့နှစ်ဘို့ ထားဆောင်ရွက်နိုင်မှသာ လောကအတွက်လည်းကောင်း၊ သံသရာကောင်းကျိုးကို လည်းကောင်း ကောင်းအောင် ဆောင်ရွက်ရာ ရောက်ပေလိမ့်မည်ဖြစ်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ရုပ်ရှင်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ၁၉၉၅ ခုနှစ်မှ ၂၀၁၃ ခုနှစ်အတွင်းနိုင်ငံပိုင် ရုပ်ရှင်ရုံ ၁၃၅ ရုံအား ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်၏ ခွင့်ပြုမိန့်ဖြင့် ပုဂ္ဂလိကသို့ အပြီးအပိုင်ရောင်းချခဲ့ပါသည်။ ရုပ်ရှင်ရုံ ၆၃ ရုံသာ ရောင်းချစဉ်က စာချုပ်ပါစည်းကမ်းချက်နှင့် အညီ ရုပ်ရှင်ပြသရေးကို ဆက်လက်ဆောင်ရွက်နိုင်ခဲ့သော်လည်း ရုပ်ရှင်ရုံ ၇၃ ရုံမှာမူ မူလရည်မှန်းချက် လမ်းကြောင်းနှင့် သွေဖည်ကာ ရုပ်ရှင်ရုံဟောင်းများအားဖြိုချပြီး အသစ်ဆောက်လုပ်မှုမရှိခြင်း၊ အခြားစီးပွားရေးလုပ်ငန်းများသို့ ပြောင်းလဲလုပ်ဆောင်ခြင်း၊ ရုပ်ရှင်ရုံများကို ဘဏ်များအဖြစ်ပြောင်းလဲ ဖွင့်လှစ်ခြင်းတို့ လုပ်ဆောင်နေကြောင်း ကြားသိနေရပါသည်။

အလားတူ ပြည်သူအများ အနားယူအပန်းဖြေရာ ပန်းခြံဥယျာဉ်များသည်လည်း မူလရည်မှန်းချက်ဖြစ်သော အများပြည်သူများ သက်သောင့်သက်သာ အပန်းဖြေအနားယူရာနေရာများ၌ စားသောက်ဆိုင်များ၊ ယမကာဆိုင်များ အများအပြားနေရာယူထားကြောင်း သိရှိရပါသည်။

ရုပ်ရှင်ရုံများသည် လည်းကောင်း၊ ပန်းခြံများသည် လည်းကောင်း အများပြည်သူများ၏ အပန်းဖြေရာနေရာများဖြစ်ပါသည်။ ရုပ်ရှင်ရုံများနှင့် ပန်းခြံများကို ပြည်သူများသက်သောင့်သက်သာ အပန်းဖြေအနားယူနိုင်ရန် ပိုမိုကောင်းမွန်သော ဝန်ဆောင်မှုများဖြင့်သာ ဖြည့်ဆည်းလုပ်ဆောင်သင့်ပါသည်။ မူလရည်မှန်းချက်ကို ပိုမိုကောင်းမွန်အောင် ဆောင်ရွက်ခြင်းဖြင့်သာ အတ္တနှင့်ပရကို မျှတအောင် ဆောင်ရွက်ခြင်းဖြစ်ပါသည်။

သို့ပါ၍ အများနှင့်သက်ဆိုင်သော ရုပ်ရှင်ရုံများကို မူလရည်မှန်းချက်အတိုင်း ရုပ်ရှင်ပြသနိုင်ရေး အမြန်ဆောင်ရွက်သင့်သလို ဥယျာဉ်ပန်းခြံများအားလုံး ဝန်ဆောင်မှုကောင်းပြီး ဝင်ကြေးအခမဲ့ ပြည်သူများ အပန်းဖြေနေရာများ ဖြစ်အောင် ဆောင်ရွက်သင့်ပါကြောင်း။ ။

# အထွေထွေရွေးကောက်ပွဲကို ၂၀၁၅ ခုနှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပမည်

**မဲဆန္ဒရှင်များ မဲပေးသင့်သည်၊ မဲပေးမည်ဆိုပါက သင့်အမည် မဲစာရင်းတွင် ပါရန်လိုသည်။**

## လျှပ်စစ်ဓာတ်အား ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ သဘောတူလက်မှတ်ရေးထိုး

**ရန်ကုန် ဇူလိုင် ၉**

Soe Electric & Machinery Co.,Ltd. နှင့် Hitachi Industrial Equipment Systems Co., Ltd. တို့အကြား အကျိုးတူပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ သဘောတူလက်မှတ်ရေးထိုးပွဲ အခမ်းအနား ကို ဇူလိုင်၇ ရက်က ရန်ကုန်မြို့ ဆီဒိုနားဟိုတယ်၌ကျင်းပရာ အခမ်းအနားသို့ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကိုကိုဦး၊ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇင်ယော်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံသံရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ယင်းနောက် Hitachi Industrial Equipment Systems Co., Ltd. နှင့် Soe Electric & Machinery Co., Ltd. တို့အကြား အကျိုးတူပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ သဘောတူညီချက်အား လက်မှတ်ရေးထိုးကြသည်။

Soe Electric & Machinery Co., Ltd နှင့် Hitachi Industrial Equipment Systems Co., Ltd. တို့သည် မြန်မာနိုင်ငံအတွင်း လျှပ်စစ်ဓာတ်အား လုံလောက်စွာ ပုံမှန်ရရှိရေးနှင့် ဖြန့်ဖြူးနိုင်ရန် ရည်ရွယ်ပြီး ထရန်စဖော်မာများနှင့် ဆက်စပ်ပစ္စည်းများထုတ်လုပ်နိုင်ရေး Hitachi SEM အမည်ဖြင့် အကျိုးတူဖက်စပ်ကုမ္ပဏီတစ်ခု တည်ထောင်ခြင်းဖြစ်ကြောင်း၊ လျှပ်စစ်ဖြန့်ဝေမှုနှင့်စပ်လျဉ်းသည့် ထရန်စဖော်မာများ၊ ဆက်စပ်ပစ္စည်းများ၏ ဒီဇိုင်း၊ ထုတ်လုပ်မှု၊ ရောင်းချမှု၊ တပ်ဆင်မှုနှင့် ထိန်းသိမ်းပြုပြင်မှုများကို ဆောင်ရွက်သွားမည် ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## ဝါးခယ်မမြို့နယ်နှင့် အိမ်မဲမြို့နယ် ကျေးရွာချင်းဆက်လမ်းဖွင့်

**ဝါးခယ်မ ဇူလိုင် ၉**

ဝါးခယ်မမြို့နယ်နှင့် အိမ်မဲမြို့နယ်တို့ ဆက်သွယ်ထားသော သော်ကတလိုင်းစု ထီးပနန်းအောက်သက္ကယ်ကျေးရွာချင်းဆက် ကျောက်ချောလမ်း ဖွင့်ပွဲအခမ်းအနားကို ဇူလိုင်လပထမပတ်က ဖွင့်လှစ်ခဲ့သည်။

အခမ်းအနားသို့ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသိန်းအောင်၊ တိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးစိုးသန်းနှင့် တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ တက်ရောက်ခဲ့ကြသည်။

အဆိုပါ ကျောက်ချောလမ်းမှာ အလျား သုံးမိုင်၊ အကျယ် ၁၂ ပေနှင့် ထု ခုနစ်လက်မသိပ်သည်းကြောင်း သိရသည်။

**မောင်မောင်(ဝါးခယ်မ)**






ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့က မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ်အဖြစ် တိုင်းဒေသကြီးအတွင်းရှိ ထူးချွန်သူ အမျိုးသမီးများအား ဂုဏ်ပြုပွဲအခမ်းအနားကို ဇူလိုင် ၅ ရက်က လှိုင်မြို့နယ် ပြည်လမ်းရှိ IBC ခန်းမ၌ကျင်းပရာ တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်ခင်သက်ငွေးက သာသနာရေးဆိုင်ရာ ထူးချွန်သူ အဂ္ဂမဟာသီရိသုဓမ္မ သီဂီဘွဲ့ရ ဒေါ်နီလာရွှေ (ကြာငါးခိုင်)အား ထပ်ဆင့်ဂုဏ်ပြုဆု ချီးမြှင့်စဉ်။

ဘော်ဂါသွေး

## လျှပ်စစ်မီးလိုင်းသစ်များ လဲလှယ်ပေး

**စလင်း ဇူလိုင် ၉**

မကွေးတိုင်းဒေသကြီး စလင်းမြို့ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းမှ လမ်းမီးတိုင်အသစ်များလဲလှယ်ခြင်းနှင့် ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ မြို့တွင်းလမ်းမီးများ တပ်ဆင်ခြင်းဆိုင်ရာ လုပ်ငန်းများကို မြို့နယ်စည်ပင်သာယာရေးနှင့် မြန်မာ့လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းတို့ ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **စစ်ကြည်(စလင်း)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၉-၇-၂၀၁၅

**ရွှေဈေးနှုန်း(အောင်သမာဓိ)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၄၄၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၀၀၂၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၄၀၀၀၀ |

**စက်သုံးဆီဈေးနှုန်း(စက်သုံးဆီအသင်း)**

| | | |
|---|---|---|
| ဓာတ်ဆီ | တစ်လီတာ | ကျပ် ၇၁၀ |
| ဒီဇယ် | တစ်လီတာ | ကျပ် ၆၉၀ |
| အောက်တိန်း ၉၂ | တစ်လီတာ | ကျပ် ၇၂၀ |
| အောက်တိန်း ၉၅ | တစ်လီတာ | ကျပ် ၈၀၀ |
| ပရီမီယံဒီဇယ် | တစ်လီတာ | ကျပ် ၇၃၀ |

**သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)**

| | | | |
|---|---|---|---|
| ၁။ | ငါးကြင်း | တစ်ပိဿာ | ၄၅၀၀-၆၀၀၀ |
| ၂။ | ငါးမြစ်ချင်း | တစ်ပိဿာ | ၃၀၀၀-၄၅၀၀ |
| ၃။ | ငါးရံ့ | တစ်ပိဿာ | ၆၀၀၀-၈၀၀၀ |
| ၄။ | ငါးဖယ် | တစ်ပိဿာ | ၇၀၀၀-၁၂၀၀၀ |
| ၅။ | ပုစွန် (ကျော့) | တစ်ပိဿာ | ၆၀၀၀-၁၂၀၀၀ |
| ၆။ | ပုစွန်တုပ် | တစ်ပိဿာ | ၈၀၀၀-၂၅၀၀၀ |
| ၇။ | ငါးသလောက် | တစ်ပိဿာ | ၇၀၀၀-၁၈၀၀၀ |
| ၈။ | ကြက် | တစ်ပိဿာ | ၆၀၀၀-၁၂၀၀၀ |
| ၉။ | ဝက် | တစ်ပိဿာ | ၆၀၀၀-၉၀၀၀ |
| ၁၀။ | အမဲ | တစ်ပိဿာ | ၇၀၀၀-၉၀၀၀ |
| ၁၁။ | ဆိတ် | တစ်ပိဿာ | ၁၃၀၀၀-၁၈၀၀၀ |
| ၁၂။ | ဘဲ | တစ်ပိဿာ | ၆၀၀၀-၁၃၀၀၀ |

**နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၁၂၅ |
| ဥရောပ | တစ်ယူရို | ၁၂၄၅.၇ |
| စင်ကာပူ | တစ်ဒေါ်လာ | ၈၃၂.၃၂ |
| ထိုင်း | တစ်ဘတ် | ၃၃.၀၉၈ |
| အိန္ဒိယ | တစ်ရူပီး | ၁၇.၆၉၉ |
| တရုတ် | တစ်ယွမ် | ၁၈၁.၁၉ |
| မလေးရှား | တစ်ရင်းဂစ် | ၂၉၆.၀၉ |

ခင်ရတနာ-စုစည်းသည်။

# ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း လားရှိုးမြို့နယ် ကျေးရွာအုပ်စု ၂၇ အုပ်စုမှ ဒေသခံပြည်သူများနှင့် တွေ့ဆုံ



**လားရှိုး ဇူလိုင် ၉**

လားရှိုးမြို့၌ ရောက်ရှိနေသော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့်ဇနီး ဒေါ်နန်းရွှေမှုန်တို့သည် ပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်၊ ဒုတိယဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ကွန်ပျူတာတက္ကသိုလ်(လားရှိုး)၌ ကျင်းပသည့် လားရှိုးမြို့နယ် ကျေးရွာအုပ်စု ၂၇ အုပ်စုမှ အုပ်ချုပ်ရေးမှူးများ၊ ရပ်မိရပ်ဖများ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံပွဲအခမ်းအနားသို့တက်ရောက် အမှာစကားပြောကြားသည်။

အခမ်းအနားတွင် ဒုတိယသမ္မတက ဒီမိုကရေစီအစိုးရသက်တမ်း လေးနှစ်ကျော်ကာလအတွင်း တိုင်းဒေသကြီးများနှင့် ပြည်နယ်များသို့ သွားရောက်မှုနှင့်အတူ ရှမ်းပြည်နယ်မှ ရပ်မိ ရပ်ဖများနှင့်လည်း တွေ့ဆုံပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ပါကြောင်း၊ ယခုလည်း ရှမ်းပြည်နယ်အတွင်းရှိကျေးရွာအုပ်စုများမှ ရပ်မိ ရပ်ဖများနှင့် တွေ့ဆုံပြီး ဒေသအလိုက်လိုအပ်ချက်များကို အတတ်နိုင်ဆုံး ဖြည့်ဆည်းဆောင်ရွက်ပေးရန် ဖြစ်ပါကြောင်း။

ယမန်နေ့က လားရှိုးမြို့တော်ခန်းမ၌ကျင်းပသည့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးနှင့် လူမှုစီးပွားဘဝမြှင့်တင်ရေး အခမ်းအနားတွင် သမဝါယမအသင်းဝင်များကို အတိုးနှုန်းသက်သာစွာဖြင့် ချေးငွေများထောက်ပံ့ပေးအပ်ခြင်းနှင့် ထွန်စက်အမျိုးမျိုး၊ သုံးဘီးဆိုင်ကယ်၊ အပ်ချုပ်စက်အစရှိသည့် လယ်ယာသုံးစက်ကိရိယာများနှင့် အခြားလုပ်ငန်းသုံးစက်ကိရိယာများကို စျေးနှုန်းအသက်သာဆုံး အရစ်ကျငွေပေးချေစနစ်ဖြင့် ရောင်းချပေးခဲ့ပါကြောင်း။

ထို့အတူ တိုင်းဒေသကြီးများနှင့် ပြည်နယ်များတွင် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ လမ်းပန်းဆက်သွယ်ရေး၊ စီးပွားရေးနှင့် သာရေး နာရေးဆိုင်ရာကိစ္စရပ်များကို ကူညီဖြေရှင်းပေးခဲ့ပါကြောင်း၊ ကျေးရွာအသီးသီးမှ အုပ်ချုပ်ရေးမှူးများနှင့် ရပ်မိရပ်ဖများကလည်း ကျေးရွာအလိုက် လိုအပ်ချက်များကို ပွင့်ပွင့်လင်းလင်းတင်ပြဆွေးနွေးကြစေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ မယ်ဟန်၊ ခေးနင်း၊ နောင်မွန်၊ မန်အိုင်၊ မိုင်းကျိုင်၊ လုပ်ဝိုင်၊ မန်စယ်၊ ကုန်းဆာ၊ မိုင်းပိုင်၊ ကုန်းမုန်၊ ခုန်စုန်၊ နောင်ဖော့၊ မန်းပွဲလုံ၊ မန်ဆန်ရေ၊ အီနိုင်း၊ နားကွမ်းလုံ၊ လွယ်တောက်၊ ကောင်းကြဲ(အီ)၊ ဟူးမွန်၊ မိုင်းယော်၊ နမ့်လင်းခမ်းနှင့် မိုင်းတင်ကျေးရွာအုပ်စုတို့မှ အုပ်ချုပ်ရေးမှူးများနှင့် တာဝန်ရှိသူများက ကျေးရွာအလိုက် အခက်အခဲများနှင့် ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်မီးရရှိရေး၊ သောက်သုံးရေရရှိရေးတို့အတွက် လိုအပ်ချက်များကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် ဒုတိယဝန်ကြီးများက သက်ဆိုင်ရာဝန်ကြီး ဌာနများအလိုက် လိုအပ်ချက်များအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးကြပြီး ဆက်လက်ဆောင်ရွက်ပေးမည့်အခြေအနေ များကို ပြန်လည်ရှင်းလင်းပြောကြားသည်။

ထို့နောက် ဒုတိယသမ္မတက ဆွေးနွေးတင်ပြချက်များအပေါ် ပြန်လည်သုံးသပ်ဆွေးနွေးပြီး ဒေသအလိုက် လိုအပ်ချက်များကို ပြည်နယ်အစိုးရအဖွဲ့၊ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးပြီး တက်ရောက်လာသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။ **(အပေါ်ပုံ)**

ယင်းနောက် ဒုတိယသမ္မတနှင့်အဖွဲ့သည် အဆိုပါတက္ကသိုလ်အစည်းအဝေးခန်းမ၌ ကွန်ပျူတာတက္ကသိုလ်(လားရှိုး)နှင့် နည်းပညာတက္ကသိုလ်(လားရှိုး)တို့မှ ကျောင်းအုပ်ကြီးများ၊ ဆရာ ဆရာမများနှင့် တွေ့ဆုံရာ ဒုတိယသမ္မတက မိမိတို့နိုင်ငံတွင် နည်းပညာတက္ကသိုလ်နှင့် ကွန်ပျူတာတက္ကသိုလ် များစွာရှိသော်လည်း အဘက်ဘက်တွင် လိုအပ်ချက်များရှိနေပါကြောင်း၊ မိမိတို့ကျောင်းများမှ မွေးထုတ်လိုက်သူများသည် အမှန်တကယ် အရည်အသွေးပြည့်ဝသည့် ပညာတတ်များဖြစ်ရန် လိုအပ်ပါကြောင်း။

ထို့ကြောင့် ဆရာ ဆရာမများသည် မိမိတို့ကိုယ်တိုင် အရည်အသွေးပိုင်းကို အမြဲမပြတ်မြှင့်တင်နေရန်၊ ကျောင်းသား ကျောင်းသူများအား တတ်စွမ်းသမျှ စေတနာအပြည့်ဖြင့် ကြိုးစားသင်ကြားပေးကြရန်နှင့် ကျောင်းသား ကျောင်းသူများ ပညာအရည်အသွေးပြည့်ဝစေရန်အတွက် နိုင်ငံတကာ တက္ကသိုလ်များနှင့် ချိတ်ဆက်ပြီး လေ့လာသင်ယူနိုင်ရေး ကြိုးပမ်းအားထုတ်ကြရန် တိုက်တွန်းမှာကြားသည်။

ထို့နောက် ကွန်ပျူတာတက္ကသိုလ်(လားရှိုး)နှင့် နည်းပညာတက္ကသိုလ်(လားရှိုး) တို့မှ ကျောင်းအုပ်ကြီးများက တက္ကသိုလ်ဆိုင်ရာ အချက်အလက်များ၊ ဘာသာရပ်အလိုက် သင်ကြားပို့ချမှု၊ နှစ်အလိုက် ကျွမ်းကျင်ပညာရှင်များ မွေးထုတ်ပေးခဲ့မှုနှင့် လိုအပ်ချက်များကို ရှင်းလင်းတင်ပြကြရာ ဒုတိယသမ္မတက လိုအပ်ချက်များအပေါ် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

မွန်းလွဲပိုင်းတွင် ဒုတိယသမ္မတနှင့်အဖွဲ့သည် လားရှိုးမြို့၌ ပြည်နယ်ဒေသန္တရ ဖွံ့ဖြိုးရေးစီမံကိန်းကော်မတီနှင့် Shining Myanmar ကုမ္ပဏီတို့ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် "ချယ်ရီမြိုင်" တည်ဆောက်ရေးစီမံကိန်းနှင့် "ထင်းရှူးမြိုင်" မြို့ပြဖွံ့ဖြိုးရေး အိမ်ရာစီမံကိန်းများသို့ ရောက်ရှိရာ Shining Myanmar ကုမ္ပဏီမှ ဒုတိယအင်ဂျင်နီယာချုပ် ဦးဌေးဝင်းနှင့် လားရှိုးခရိုင် အထွေထွေအုပ်ချုပ်ရေးမှူး ဦးမြတ်မိုးတို့က စီမံကိန်းဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဒုတိယသမ္မတက စီမံကိန်းလုပ်ငန်းကြီးများအား သတ်မှတ်ကာလထက် ဆောလျင်စွာပြီးစီးအောင် လူအင်အား၊ စက်ယန္တရားအင်အား အပြည့်အဝအသုံးချပြီး အင်တိုက်အားတိုက် ဆောင်ရွက်ကြရန် လမ်းညွှန်မှာကြားသည်။

ထို့နောက် ဒုတိယသမ္မတသည် "ထင်းရှူးမြိုင်" အိမ်ရာစီမံကိန်းရှိ အထပ်မြင့်အိမ်ရာများ တည်ဆောက်ပြီးစီးမှုအခြေအနေကို မော်တော်ယာဉ်ဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးသည်။ **(သတင်းစဉ်)**

# ဓာတုလက်နက်တားဆီးပိတ်ပင်ရေးစာချုပ်သို့ မြန်မာနိုင်ငံမှ အတည်ပြုပါဝင်

**နေပြည်တော် ဇူလိုင် ၉**

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်သည် နယ်သာလန်နိုင်ငံ သည်ဟိတ်သ်မြို့တွင် ကျင်းပလျက်ရှိသည့် (၇၉)ကြိမ်မြောက် ဓာတုလက်နက်တားဆီးပိတ်ပင်ရေးအဖွဲ့၊ အမှုဆောင်ကောင်စီအစည်းအဝေးသို့ ဇူလိုင် ၉ ရက်တွင် တက်ရောက်ပြီး မိန့်ခွန်းတစ်ရပ်ပြောကြားသည်။ **(ယာပုံ)**




ယင်းသို့ပြောကြားရာတွင် ဓာတုလက်နက်တားဆီးပိတ်ပင်ရေးဆိုင်ရာအဖွဲ့အစည်းသည် ကြေညာထားပြီးသော ကမ္ဘာ့ဓာတုလက်နက်များ၏ ၉၀ ရာခိုင်နှုန်းကို ဖျက်သိမ်းနိုင်ခဲ့သည့်အတွက် ဂုဏ်ပြုပါကြောင်း၊ ထို့ကြောင့် ဤအဖွဲ့အစည်းသည် ၂၀၁၃ ခုနှစ် ငြိမ်းချမ်းရေးနိုဘယ်ဆုကို ထိုက်ထိုက်တန်တန်ရရှိခဲ့ကြောင်း၊ မြန်မာနိုင်ငံအကြောင်း အကျဉ်းမျှရှင်းလင်းပြောကြားရမည်ဆိုပါက ၂၀၁၁ ခုနှစ် မတ်မှစတင်၍ နိုင်ငံတော်အစိုးရသစ်တာဝန်ယူပြီးနောက်ပိုင်း နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးပြုပြင်ပြောင်းလဲမှုများကို ပြုလုပ်ခဲ့ကြောင်း၊ ပြည်တွင်းဥပဒေများကိုလည်းပြန်လည်သုံးသပ်လျက် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ၊ နိုင်ငံတကာစံနှုန်းများနှင့်ကိုက်ညီစေရန် ဆောင်ရွက်ခဲ့ကြောင်း၊ လူ့အခွင့်အရေးနှင့်လက်နက်ဖျက်သိမ်းရေးဆိုင်ရာစာချုပ်များကိုလည်း မြန်မာနိုင်ငံကတိုးတက်ပါဝင်နိုင်ရန်ဆောင်ရွက်ခဲ့ကြောင်း၊ သို့ဖြစ်၍ ဈေးကလီးယားလက်နက် မပြန့်ပွားရေးဆိုင်ရာစာချုပ်၏ နောက်ဆက်တွဲစာချုပ်ကို၂၀၁၃ခုနှစ် စက်တင်ဘာအတွင်းက အပြည်ပြည်ဆိုင်ရာအဏုမြူ စွမ်းအင်အေဂျင်စီနှင့် လက်မှတ်ရေးထိုးနိုင်ခဲ့ကြောင်း၊ ဈေးကလီးယားလက်နက်ဖျက်သိမ်းရေးဆိုင်ရာ ဆုံးဖြတ်ချက်တစ်ရပ်ကိုလည်း ကုလသမဂ္ဂအထွေထွေ ညီလာခံတွင် မြန်မာနိုင်ငံ၏ ကမကထပြုမှုဖြင့် ၁၉၉၅ ခုနှစ်မှစတင်လျက် နှစ်စဉ်ချမှတ်နိုင်ခဲ့ကြောင်း၊ ၂၀၁၄ ခုနှစ် ဒီဇင်ဘာ ၁ ရက်တွင် ဇီဝလက်နက်တားဆီးပိတ်ပင်ရေးစာချုပ်သို့ အတည်ပြုပါဝင်ခဲ့ကြောင်း၊ ပြည်သူများ၏ နိုင်ငံရေး၊ လူမှုစီးပွားရေးဘဝများ တိုးတက်အောင်ဆောင်ရွက်နိုင်သည့်နည်းတူ လက်နက်ဖျက်သိမ်းရေးနယ်ပယ်တွင်လည်း တိုးတက်မှုများရရှိအောင် ဆောင်ရွက်နိုင်ခြင်းမှာ မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲမှုများသည် အောင်မြင်မှုရရှိနေကြောင်း ကို ဖော်ပြခြင်းပင်ဖြစ်ကြောင်း။

ဓာတုလက်နက်စာချုပ်နှင့်ပတ်သက်၍လည်း စာချုပ်သို့ အတည်ပြု ပါဝင်နိုင်ရန် အသိပညာပေးနှင့်နည်းပညာပိုင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲအဆင့်ဆင့်ကို မြန်မာနိုင်ငံ၌ ပြုလုပ်ခဲ့ကြောင်း၊ ထို့နောက်မြန်မာနိုင်ငံ၏ သက်ဆိုင်သည့်အဖွဲ့အစည်းအားလုံးအနေဖြင့် စာချုပ်အကောင်အထည်ဖော်မှုဆိုင်ရာ နည်းပညာပိုင်းများကျေညက်ရန် ဆောင်ရွက်ခဲ့ကြောင်း၊ ပြည်ထောင်စုလွှတ်တော်ကလည်း ယင်းစာချုပ်သို့ အတည်ပြုပါဝင်ရန်သဘောတူခဲ့ပြီးဖြစ်ကြောင်း၊ မြန်မာနိုင်ငံသည် ဤစာချုပ်လက်မှတ်ရေးထိုးရန် စတင်ဖွင့်လှစ်ပြီး တစ်ရက်အကြာ ၁၉၉၃ ခုနှစ် ဇန်နဝါရီ ၁၄ ရက်တွင် ကနဦး ပါဝင်လက်မှတ်ရေးထိုးခဲ့ကြောင်း၊ သို့ရာတွင် မိမိတို့အနေဖြင့် ပြည်တွင်း ဦးစားပေးအခြေအနေများနှင့် စွမ်းဆောင်ရည် အကန့်အသတ်များကြောင့် ယခု စာချုပ်သို့ အတည်ပြုပါဝင်နိုင်ရေးအတွက် အချိန်ယူဆောင်ရွက်ခဲ့ရပါကြောင်း၊ မြန်မာနိုင်ငံသည် ဓာတုလက်နက်တားဆီးပိတ်ပင်ရေးစာချုပ်သို့ အတည်ပြုပါဝင်သည့် စာချွန်လွှာကို ၂၀၁၅ ခုနှစ် ဇူလိုင် ၈ ရက်က နယူးယောက်မြို့တွင် ပေးအပ်ခဲ့ပြီးဖြစ်ကြောင်း၊ စာချုပ်ဝင်နိုင်ငံတစ်နိုင်ငံဖြစ်လာမည်ဖြစ်သည့်အတွက် ဝမ်းမြောက်ဂုဏ်ယူမိပါကြောင်းနှင့်ဓာတုလက်နက်ကင်းစင်သည့် ကမ္ဘာကြီးတစ်ခုဖြစ်လာရေးအတွက် ဝိုင်းဝန်းလက်တွဲ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း စသည်ဖြင့် ပြောကြားခဲ့သည်။

မြန်မာနိုင်ငံသည် စာချုပ်သို့ အတည်ပြုပါဝင်သည့် စာချွန်လွှာပေးအပ်ပြီး ရက်ပေါင်း ၃၀ ပြီးမြောက်သည့်ရက်တွင် မြန်မာနိုင်ငံအတွက် စာချုပ်စတင်အာဏာသက်ဝင်ပြီး စာချုပ်ဝင်နိုင်ငံတစ်နိုင်ငံဖြစ်လာမည်ဖြစ်သည်။

မြန်မာနိုင်ငံအနေဖြင့် ဓာတုလက်နက် တားဆီးပိတ်ပင်ရေးစာချုပ်သို့ အတည်ပြုပါဝင်ခြင်းဖြင့် နိုင်ငံတကာစံနှုန်းများဆိုင်ရာ ပင်မရေစီးကြောင်းတွင် ပါဝင်နေသည့် နိုင်ငံတစ်နိုင်ငံအဖြစ် မားမားမတ်မတ်ရပ်တည်နိုင်ခြင်း၊ လက်နက်ဖျက်သိမ်းရေးဆိုင်ရာ အခြေခံမူများနှင့် သဘောထားများအား လိုက်နာမှုရှိခြင်း၊ နိုင်ငံများအကြား ယုံကြည်မှုတိုးပွားစေခြင်း စသည်ဖြင့် နိုင်ငံတော်၏ ပုံရိပ်ပိုမိုတိုးတက်လာမည်ဖြစ်သည်။

လုံခြုံရေးရှုထောင့်အရ မိမိနိုင်ငံအား ဓာတုလက်နက်ဖြင့် အသုံးပြုတိုက်ခိုက်ခြင်းခံရပါက စာချုပ်ဝင်နိုင်ငံများထံမှ အကူအညီများ ရရှိမည်ဖြစ်သည်။ ထို့အပြင် ပြည်တွင်းဓာတုစက်မှုလုပ်ငန်းများအတွက် လိုအပ်သောဓာတုပစ္စည်းများ၊ ပစ္စည်းကိရိယာများ၊ နည်းပညာပိုင်းဆိုင်ရာ သတင်းအချက်အလက်များ စသည်တို့အား တင်သွင်းခြင်း၊ လွှဲပြောင်းခြင်း၊ ဖလှယ်ရယူခြင်း၊ တို့တွင်လည်း အခွင့်အလမ်းများ ပိုမိုရရှိနိုင်မည်ဖြစ်သည်။ စာချုပ်ဆိုင်ရာ အဖွဲ့အစည်းတွင်လည်း မြန်မာနိုင်ငံသားများ အလုပ်အကိုင်ရရှိရေးကိုလည်း အထောက်အကူဖြစ်စေမည်ဖြစ်သည်။

၂၀၁၅ ခုနှစ် ဇူလိုင် ၉ ရက်အထိ ဓာတုလက်နက်တားဆီးပိတ်ပင်ရေးစာချုပ်သို့ ကမ္ဘာ့နိုင်ငံပေါင်း ၁၉၀ မှ အတည်ပြုပါဝင်ထားပြီးဖြစ်ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**



# အီရန်ဆွေးနွေးပွဲ အခက်ခဲဆုံးအဆင့်သို့ရောက်ဟု ရုရှားပြော

**မော်စကို ဇူလိုင် ၉**

အီရန်နှင့် အင်အားကြီးခြောက်နိုင်ငံ၏ နျူကလီးယားဆွေးနွေးပွဲသည် အခက်ခဲဆုံးအဆင့်သို့ရောက်ရှိနေပြီဖြစ်ပြီး တီဟီရန်ဘက်မှ တင်ပြလာသော အဆိုသစ်များကို ဆက်လက်ဆွေးနွေးလျက်ရှိကြောင်း ရုရှားနိုင်ငံခြားရေး ဒုတိယဝန်ကြီး ဆာဂျေရပ်ကော့က ပြောသည်။

"ဆွေးနွေးပွဲဟာ တောင်ထိပ်ပေါ်ကို ခြေချဖို့ကြိုးစားနေတဲ့တောင်တက်သမားတွေနဲ့ တူတယ်။ ၉၅ ရာခိုင်နှုန်းတော့ အောင်မြင်သွားပြီ။ ဒါပေမယ့် အဆင့်တွေအများကြီး ကျန်သေးတယ်။ ကျန်နေတဲ့အပိုင်းက အခက်ခဲဆုံးအပိုင်းပါ" ဟု ရုရှားမြို့တော် အူဖာ၌ကျင်းပသော BRICS အစည်းအဝေးတွင် ရပ်ကော့က သတင်းထောက်များကို ပြောသည်။

ယမန်နေ့က ဆွေးနွေးပွဲတွင် သဘောထားများညှိယူရန်အတွက် ရလဒ်သစ်များကို အီရန်ဘက်က ကမ်းလှမ်းခဲ့သည်။ သို့သော်လည်း အနောက်နိုင်ငံအရာရှိများကမူ တီဟီရန်ဘက်မှ ထပ်မံမတောင်းဆိုသင့်ကြောင်း အကြံပြုခဲ့သည်။

(ရိုက်တာ)

# အီတလီဝန်ကြီးချုပ်ဟောင်း ဘာလူစကိုနီအား အကျင့်ပျက်ခြစားမှုဖြင့် ထောင်သုံးနှစ်ချမှတ်

**ရောမ ဇူလိုင် ၉**

အီတလီဝန်ကြီးချုပ်ရာထူးကို သုံးကြိမ်တိုင်တိုင်ဆက်ခံခဲ့သူ ဝန်ကြီးချုပ်ဟောင်း ဆဲလ်ဗီယိုဘာလူစကိုနီအား အီတလီတရားရုံးတစ်ရုံးက အကျင့်ပျက်ခြစားမှုဖြင့် ဗုဒ္ဓဟူးနေ့က ထောင်ဒဏ်သုံးနှစ် ချမှတ်လိုက်သည်။

အသက် ၇၈ နှစ်အရွယ်ရှိပြီဖြစ်သော မီဒီယာလုပ်ငန်းရှင်ကြီး ဘာလူစကိုနီက ၎င်းအပေါ် ချမှတ်လိုက်သောပြစ်ဒဏ်မှာ ၎င်း၏ပုံရိပ်ကို ထိခိုက်စေသည့် ပရမ်းပတာပြစ်ဒဏ်ဖြစ်ကြောင်း ပြောဆိုသည်။

ဘာလူစကိုနီသည် ၎င်း၏ နိုင်ငံရေးရပ်တည်မှုအပေါ် ပြောင်းလဲရန် ဆီးနိတ် အမတ်တစ်ဦးအား ယူရိုသုံးသန်း (အမေရိကန်ဒေါ်လာ ၃ ဒသမ ၃ သန်း) ပေးဆောင်ခဲ့ရကြောင်း အဆိုပါတရားရုံးကပြောသည်။

အဆိုပါ တရားစီရင်မှုသည် မျှတမှုမရှိကြောင်း၊ အမှုနှင့်ပတ်သက်၍ အယူခံဝင်သွားရန် ဆန္ဒရှိကြောင်း ဘာလူစကိုနီ၏ရှေ့နေ နက်ကိုလိုဂီဒီနီကပြောသည်။ ဝန်ကြီးချုပ်ဟောင်း ဘာလူစကိုနီ၏အမှုကို နိုဝင်ဘာလတွင် အယူခံဝင်နိုင်လိမ့်မည်ဟု ၎င်းရှေ့နေက ပြောသည်။

စောစောပိုင်းတွင် ဘာလူစကိုနီအား အခွန်တိမ်းရှောင်မှုဖြင့် ချမှတ်ထားသော ထောင်ဒဏ်မှာ အဆုံးသတ်သွားခဲ့သည်။ များပြားလှသော တရားရုံးစစ်ဆေးမှုများ၏ စုံစမ်းစစ်ဆေးမှုများတွင်ပါဝင်သော ဘာလူစကိုနီအား ၂၀၁၉ ခုနှစ်တိုင်အောင် ပြည်သူနှင့် အဆက်အသွယ်မရှိအောင် ဥပဒေဖြင့် ပိတ်ပင်တားမြစ်ထားသည်။

(ဆင်ဟွာ)

# ကမ္ဘာ့ရှေးဟောင်းအမွေအနှစ် ၂၄ ခု ထပ်မံတိုးလာ

**ဘာလင် ဇူလိုင် ၉**

ဂျာမနီနိုင်ငံ ဘွန်းမြို့၌ ဗုဒ္ဓဟူးနေ့က ကျင်းပသော ကုလသမဂ္ဂပညာရေး၊ သိပ္ပံနှင့်ယဉ်ကျေးမှုအဖွဲ့ (ယူနက်စကို)၏ နှစ်ပတ်လည်အစည်းအဝေးတွင် ကမ္ဘာ့အမွေအနှစ်နေရာသစ် ၂၄ ခုကို သတ်မှတ်ခဲ့ကြသည်။

လွန်ခဲ့သော ၁၀ ရက်က နိုင်ငံပေါင်း ၁၆၀ မှ ကိုယ်စားလှယ် ၂၀၀၀ ကျော်တို့သည် ဂျာမနီအနောက်ပိုင်း ဘွန်းမြို့၌ ကမ္ဘာ့အမွေအနှစ်စာရင်းဝင်သတ်မှတ်ရန် တင်ပြထားသည့် ရှေးဟောင်းအမွေအနှစ် နေရာများအပေါ် သုံးသပ်ဆွေးနွေးမှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။



ရှေးဟောင်းအမွေအနှစ်နေရာ တင်ပြထားသောနေရာ ၃၆ ခုအနက် ၂၄ နေရာကို ယခုနှစ်အတွင်း စစ်ဆေးအတည်ပြုကာ ကမ္ဘာ့အမွေအနှစ် စာရင်းဝင်နေရာများအဖြစ် သတ်မှတ်ပေးလိုက်သည်။

ယခုအခါ ကမ္ဘာ့အမွေအနှစ်နေရာ စုစုပေါင်း ၁၀၃၁ နေရာအထိ ရှိသွားပြီဖြစ်သည်။

တရုတ်နိုင်ငံ အနောက်တောင်ပိုင်းရှိ တူစီရှေးဟောင်းအမွေအနှစ်နေရာသည် တရုတ်နိုင်ငံ၏ ၄၈ ခုမြောက် ကမ္ဘာ့အမွေအနှစ်နေရာ ဖြစ်လာသည်။

တရုတ်နိုင်ငံသည် အီတလီပြီးလျှင် ကမ္ဘာ့ရှေးဟောင်းအမွေအနှစ်နေရာ ဒုတိယအများဆုံး ပိုင်ဆိုင်ထားသော နိုင်ငံဖြစ်သည်။

အခြားသော ရှေးဟောင်းအမွေအနှစ်နေရာများမှာ ပြင်သစ်နိုင်ငံရှိ ချန်ပိန်းတောင်စောင်းများ၊ နေအိမ်များ၊ စကော့တလန်ရှိ တံတား၊ အမေရိကန်ရှိ ဆန်အန်တိုနီယိုမစ်ရှင်နှင့် ဂျမေကာရှိ ဂွ္ဘန်ခရောင်းတောင်တန်းဒေသများလည်း ပါဝင်သည်။

(ဆင်ဟွာ)

# အင်ဒိုနီးရှား လေယာဉ်မှူးနှစ်ဦး အိုင်အက်စ်အဖွဲ့ကို ထောက်ခံသူများဖြစ်သည်ဟု သြစတြေးလျ ယူဆ

**ဆစ်ဒနီ ဇူလိုင် ၉**

အင်ဒိုနီးရှားလေယာဉ်မှူး နှစ်ဦးသည် အိုင်အက်စ်အဖွဲ့ကို ထောက်ခံသောသူများဖြစ်သည်ဟု သြစတြေးလျအာဏာပိုင်များက ယူဆကြပြီး ၎င်းတို့နှစ်ဦးသည် အပြည်ပြည်ဆိုင်ရာလုံခြုံရေးကို ခြိမ်းခြောက်နိုင်သည့် အလားအလာရှိသည်ဟု လျှို့ဝှက်ထောက်လှမ်းရေးအစီရင်ခံစာအရ သိရသည်။

သြစတြေးလျဖက်ဒရယ်ရဲ၌ာန ထောက်လှမ်းရေးအစီရင်ခံစာအရ အင်ဒိုနီးရှားလေယာဉ်မှူးနှစ်ဦးသည် အကြမ်းဖက်သမားများ၏ ဆွဲဆောင်စည်းရုံးမှုခံထားရသည်ဟူသော အချက်အလက်များ တွေ့ရှိရပြီး သြစတြေးလျဖက်ဒရယ်ရဲ၌ာနက ၂၀၁၅ ခုနှစ် မတ်လကတည်းက ၎င်းတို့နှစ်ဦးကို စောင့်ကြည့်မှုများပြုလုပ်ခဲ့သည်။ အင်ဒိုနီးရှားလေယာဉ်မှူးနှစ်ဦးဖြစ်သည့် ရစ်ဝမ်အော်ဂတ်စ်တင်နှင့် တွန်မီအဘူ အယ်လ်ဖတ်တို့သည် လူမှုမီဒီယာများတွင် အိုင်အက်စ်အဖွဲ့ကို ထောက်ခံသည့် သတင်းအချက်အလက်များရေးသားခဲ့သည်။

အကယ်၍ ယင်းတို့နှစ်ဦးသာ အစွန်းရောက်အကြမ်းဖက်သမားများဖြစ်လျှင် လေယာဉ်မှူးများ၊လေယာဉ်ဝန်ထမ်းများ၊အခြားသောသူများနှင့် လေကြောင်းအသိုင်းအဝိုင်းတစ်ခုလုံးတွင် ကြီးမားသော ခြိမ်းခြောက်မှုနှင့် ရင်ဆိုင်ရဖွယ်ရှိကြောင်း အစီရင်ခံစာတွင်ဖော်ပြထားသည်။

လေယာဉ်မှူးနှစ်ဦးအနက်မှ တစ်ဦးသည် ၎င်း၏များပြားသောခရီးစဉ်များထဲမှ သြစတြေးလျသို့လာရောက်ခဲ့သည်ဟု ယူဆရသည်။ အခြားတစ်ဦးသည် ယခင်က အင်ဒိုနီးရှားအဲအေးရှမှ လေယာဉ်မှူးတစ်ဦးဖြစ်ပြီး ယခုအခါ၌ ဆီးရီးယားနိုင်ငံအရှေ့ပိုင်းရှိ အိုင်အက်စ်တို့ထိန်းချုပ်ထားသည့် ရက်ကာ၌ နေထိုင်လျက်ရှိသည်။ အဆိုပါအစီရင်ခံစာကို ကမ္ဘာအနှံ့အပြားရှိ လုံခြုံရေးအေဂျင်စီများသို့ ဖြန့်ဝေထားကြောင်း သိရသည်။

(ဆင်ဟွာ)



# အိမ်နီးချင်းနိုင်ငံများတွင် ဆီးရီးယားဒုက္ခသည် လေးသန်းအထိရှိလာ

**ဂျီနီဗာ ဇူလိုင် ၉**

အိမ်နီးချင်းနိုင်ငံများတွင် ခိုလှုံနေသောဆီးရီးယားဒုက္ခသည် လေးသန်းကျော်လာပြီဖြစ်ကြောင်းနှင့် ၂၀၁၅ ခုနှစ် နှစ်ကုန်ပိုင်းတွင် ၄ ဒသမ ၂၇ သန်းသို့ ရောက်ရှိမည်ဟုမျှော်လင့်ရကြောင်း ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံးက ကြာသပတေးနေ့တွင် ပြောခဲ့သည်။

"ပဋိပက္ခတစ်ခုကြောင့်ပေါ် ပေါက်လာတဲ့ ဒုက္ခသည်အရေအတွက် အများဆုံးဖြစ်နေပြီး ယင်းအတွက် ကမ္ဘာကြီးက ကူညီထောက်ပံ့မှုတွေပေးဖို့ အမှန်ပဲလိုအပ်နေပါတယ်။ ထိတ်လန့်တုန်လှုပ်ဖွယ်ကောင်းတဲ့ အခြေအနေတွေနဲ့ ဆင်းရဲတွင်းကနေ ကယ်တင်ဖို့အကူအညီတွေလိုအပ်နေပါတယ်"ဟု ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံးမှ အန်တိုနီယိုဂုတ်တရီက ပြောသည်။

ဆီးရီးယားနိုင်ငံ၌ လေးနှစ်တာကာလအတွင်း ဖြစ်ပွားခဲ့သော ပြည်တွင်းစစ်ကြောင့် ဒုက္ခသည်အများစုသည် လက်ဘနွန်၊ ဂျော်ဒန်၊ အီရတ်၊ အီဂျစ်နှင့် တူရကီနိုင်ငံများသို့ ထွက်ပြေးတိမ်းရှောင်ခဲ့ရပြီး ၎င်းတို့ထဲမှ တူရကီနိုင်ငံတွင် ဆီးရီးယားဒုက္ခသည်အများဆုံးနေထိုင်လျက်ရှိသည်။ တူရကီနိုင်ငံ၌ ဆီးရီးယားဒုက္ခသည် ၁ ဒသမ ၈ သန်းရှိသည်ဟု သိရသည်။

ဆီးရီးယားလူမျိုး နှစ်သိန်းခုနစ်သောင်းခန့်သည် ဥရောပသို့ နိုင်ငံရေးခိုလှုံခွင့်တောင်းခံထားသည်။ လူဦးရေ ၇ ဒသမ ၆ သန်းမှာမူ ဆီးရီးယားနိုင်ငံအတွင်း ပြောင်းရွှေ့နေထိုင်ခဲ့ရသည်။

၂၀၁၅ ခုနှစ်အတွင်း ဆီးရီးယားဒုက္ခသည်များကို ထောက်ပံ့ရန် ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံးက ဒေါ်လာ ၅ ဒသမ ၅ ဘီလီယံတောင်းခံခဲ့ပြီး ၂၄ ရာခိုင်နှုန်းသာ ငွေကြေးထောက်ပံ့နိုင်ခဲ့သည်။ ကုလသမဂ္ဂ ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်မှလည်း ငွေကြေးပြတ်လပ်မှုကြောင့် ဒုက္ခသည်များအတွက် စားနပ်ရိက္ခာကို ဖြတ်တောက်ခဲ့ရသည်။

(ရိုက်တာ)

# မြန်မာနိုင်ငံ ပြန်တမ်း

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ယဉ်ကျေးမှု ဝန်ကြီးဌာန၊ အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ်(ရန်ကုန်)မှ ဒုတိယပါမောက္ခချုပ်(သင်ကြား) ဦးအောင်နိုင်မြင့်အား ယင်းတက္ကသိုလ်ပါမောက္ခချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

# ဒုတိယအကြိမ် ထူးချွန်ဆရာဆု ရွေးချယ်ချီးမြှင့်ရေးဆောင်ရွက်မည်

**နေပြည်တော် ဇူလိုင် ၉**

အခြေခံဆရာ ဆရာမများသင်ကြားမှု အရည်အသွေးမြင့်မားစေရန်နှင့် ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန်အတွက် ပညာတန်ဆောင်နှင့် တော်ဝင်ဖွံ့ဖြိုးရေးဖောင်ဒေးရှင်းတို့ ပူးပေါင်း၍ ထူးချွန်ဆရာဆုရွေးချယ်ချီးမြှင့်ရေးအစီအစဉ်ကို ၂၀၁၅-၂၀၁၆ ပညာသင်နှစ်တွင် ဒုတိယအကြိမ်အဖြစ် ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်းသိရသည်။

ဆုချီးမြှင့်မှုအနေဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့်တွင် အထက်တန်း အဆင့်သင်၊ အလယ်တန်းအဆင့်သင်နှင့် မူလတန်းအဆင့်သင်ရာထူးတစ်ဆင့်လျှင် ပထမဆု ငွေကျပ်ငါးသိန်း၊ ဒုတိယဆု ငွေကျပ်သုံးသိန်းနှင့် တတိယဆု ငွေကျပ်နှစ်သိန်းစီဖြင့် စုစုပေါင်းငွေကျပ်သိန်း ၅၄၀ ကို ဂုဏ်ပြုချီးမြှင့်မည်ဖြစ်ပြီး ဗဟိုအဆင့်တွင် တစ်ဆင့်လျှင် ပထမဆုငွေကျပ်သိန်း ၄၀၊ ဒုတိယဆုငွေကျပ် သိန်း ၂၀၊ တတိယဆုငွေကျပ် ၁၀ သိန်းနှုန်းဖြင့် စုစုပေါင်းငွေကျပ် သိန်း ၂၁၀ ချီးမြှင့်မည့်အပြင် ဗဟိုအဆင့်သို့လာရောက် ယှဉ်ပြိုင်မည့် ထူးချွန်ဆရာ ၅၄ ဦးအတွက် အမှန်ကုန်ကျစရိတ်များကိုလည်း ဗဟိုကကျခံပေးမည်ဖြစ်ကြောင်း သိရသည်။

အဆင့်လိုက် ရွေးချယ်မှုအနေဖြင့် ကျောင်းအဆင့်ရွေးချယ်မှုကို စက်တင်ဘာ ၁၄ ရက်တွင် လည်းကောင်း၊ မြို့နယ်အဆင့်ရွေးချယ်မှုကို စက်တင်ဘာ ၂၇ ရက်တွင် လည်းကောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့်ရွေးချယ်မှုကို နိုဝင်ဘာ ၂၉ ရက်တွင်လည်းကောင်း၊ ဗဟိုအဆင့်ရွေးချယ်မှုကို ဒီဇင်ဘာ၂၇ရက်တွင် လည်းကောင်း၊ တစ်နိုင်ငံလုံးတစ်ချိန်တည်းဆောင်ရွက်မည်ဖြစ်ကြောင်း၊ မြို့နယ်နှင့်တိုင်းဒေသကြီး၊ ပြည်နယ်အဆင့်တို့တွင် ရေးဖြေ၊ နှုတ်ဖြေစစ်ဆေး အကဲဖြတ်ခြင်း၊ ဗဟိုအဆင့်တွင် ရေးဖြေ၊ နှုတ်ဖြေအပြင် လက်တွေ့ သင်ကြားပြသမှု ဆန်းစစ်အကဲဖြတ်ခြင်းရှိမည်ဖြစ်ကြောင်း၊ ရေးဖြေကို သတ်မှတ်ရက်တွင် နံနက် ၁၀ နာရီမှ မွန်းတည့် ၁၂ နာရီအထိနှင့် လူတွေ့နှုတ်ဖြေကို အဆိုပါ နေ့မွန်းလွဲ ၁နာရီမှ စတင်ဖြေဆိုရမည်ဖြစ်ကြောင်း သိရသည်။

ဆုရွေးချယ်ချီးမြှင့်ခြင်းနှင့် စပ်လျဉ်းသည့် အသေးစိတ်လုပ်ငန်းအစီအစဉ်ကို သက်ဆိုင်ရာဦးစီးဌာနများ၊ တိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ်ပညာရေးဌာနများသို့ ဆက်လက်ပေးပို့မည်ဖြစ်ကြောင်းနှင့် အခြေခံပညာကျောင်းအသီးသီးရှိ ဆရာ ဆရာမများအားလုံး မိမိအဆင့်အလိုက် မပျက်မကွက်ပါဝင်ယှဉ်ပြိုင်ကြရန် ပညာရေးဝန်ကြီးဌာနက နှိုးဆော်ထားကြောင်း သတင်းရရှိသည်။

**(မြန်မာ့အလင်း)**



# နှစ်နိုင်ငံပိုင်နက် ပင်လယ်ပြင်ရှိ လှေစီးသွားလာသူ ကိစ္စရပ်များ တပ်မတော် နှစ်ရပ် ပူးပေါင်းမှု ပိုမိုဆောင်ရွက်နိုင်ရေးဆွေးနွေး

**နေပြည်တော် ဇူလိုင် ၉**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် နေပြည်တော်၌ ကျင်းပသည့် 4th Myanmar- Thailand Senior Staff Talk အစည်းအဝေးသို့ တက်ရောက်ခဲ့သည့် ထိုင်းဘုရင့်တပ်မတော်မှ ပူးတွဲစစ်ဆင်ရေးဆိုင်ရာညွှန်ကြားရေးမှူး Lt.Gen. Wanlop Rugsanaoh ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့ မွန်းလွဲ ၁ နာရီခွဲတွင် ဇေယျာသီရိဗိမာန် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။ **(အပေါ်ပုံ)**

အဆိုပါ တွေ့ဆုံပွဲသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယ ဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ တက်ရောက်ကြပြီး Lt.Gen. Wanlop Rugsanaoh နှင့်အတူ ထိုင်းဘုရင့်တပ်မတော်မှ အရာရှိကြီးများနှင့် မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံကြည်းတပ် စစ်သံမှူးတို့ တက်ရောက်ကြသည်။

ယင်းသို့တွေ့ဆုံရာတွင် Senior Staff Talk ဆွေးနွေးမှု၏ ရလဒ်ကောင်းများကို ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်ရေး၊ TBC, RBC, SST, HLC စသည့် နှစ်နိုင်ငံဆွေးနွေးပွဲအဆင့်ဆင့်ဖြင့် ထိတွေ့ဆက်ဆံမှုများ၏ ရလဒ်ကောင်းများမှတစ်ဆင့် ဒေသအတွင်း တည်ငြိမ်အေးချမ်းမှုကိုပါ အထောက်အကူပြုသည်အထိ စံနမူနာပြ ပူးပေါင်းဆောင်ရွက်ရေး၊ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးကိစ္စရပ်များနှင့် နှစ်နိုင်ငံပိုင်နက် ပင်လယ်ပြင်ရှိ လှေစီးသွားလာသူ ကိစ္စရပ်များတွင် တပ်မတော် နှစ်ရပ် ပူးပေါင်းမှုကို ယခုထက် ပိုမိုဆောင်ရွက်နိုင်ရေး အပြန်အလှန်ဆွေးနွေးကြသည်။ **(မြဝတီ)**

## စာပေမြင့်မှ လူမျိုးတင့်မည်

# အမျိုးသမီးများ လူနေမှုဘဝမြှင့်တင်ရေးလုပ်ငန်းအဖွဲ့က အင်္ဂလိပ်စာသင်တန်းဆင်းပွဲ အခမ်းအနား ကျင်းပ



**ရန်ကုန် ဇူလိုင် ၉**

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အမျိုးသမီးများ လူနေမှုဘဝမြှင့်တင်ရေး လုပ်ငန်းအဖွဲ့က ဦးစီး၍ အမျိုးသမီးငယ်လေးများ အလုပ်အကိုင် အခွင့်အလမ်းရရှိစေရေးအတွက် အထောက်အကူပြုသင်တန်းများကို စဉ်ဆက်မပြတ် ဖွင့်လှစ်လျက်ရှိရာတွင် English Language Course (4 Skills) အမှတ်စဉ် (၁/၂၀၁၅) သင်တန်းဆင်းပွဲ အခမ်းအနားကို ဇူလိုင် ၆ ရက်က ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် (၇)မိုင် သလ္လာဝတီလမ်းရှိ စက်မှုဝန်ကြီးဌာန ပုလင်းဖုံးစက်ရုံခွဲ၌ ကျင်းပရာ သင်တန်းဆင်းပွဲသို့ အမျိုးသမီးရေးရာအဖွဲ့ချုပ် အမျိုးသမီးများ၊ လူနေမှုဘဝမြှင့်တင်ရေး လုပ်ငန်းအဖွဲ့မှ ဥက္ကဋ္ဌ၊ စက်မှုဝန်ကြီးဌာန အမျိုးသမီးရေးရာအဖွဲ့ နာယက (ပြည်ထောင်စုဝန်ကြီး၏ ဇနီး) ဒေါက်တာ ဒေါ်ခင်မြဝင်းနှင့်အဖွဲ့ဝင်များ တက်ရောက်အားပေးသည်။

သင်တန်းဆင်းပွဲတွင်သင်တန်းသူများက အင်္ဂလိပ်စာ တတ်မြောက်ကျွမ်းကျင်မှုကို လက်တွေ့ရှင်းလင်းတင်ပြပြီး ဒေါက်တာဒေါ်ခင်မြဝင်းနှင့် သင်တန်းနည်းပြ ဆရာမများက အမှာစကားပြောကြား၍ ဒေါက်တာဒေါ်ခင်မြဝင်းက သင်တန်းဆင်းလက်မှတ်များကို တစ်ဦးချင်းပေးအပ်ချီးမြှင့်သည်။

သင်တန်းနည်းပြများ အဖြစ် Dhamma Moli International Buddhist Education Center မှ ဒေါက်တာမောဠိနီ၊ သီလရှင်ဆရာလေး ဒေါ်ပုံညေစီ၊ ရန်ကုန်တက္ကသိုလ် အင်္ဂလိပ်စာဌာနမှ အငြိမ်းစား ပါမောက္ခ ဒေါက်တာဒေါ်ခင်အေးနွဲ့နှင့် Volunteer ဆရာမများက သင်ကြားပေးခဲ့ကြသည်။

ယင်းအင်္ဂလိပ်စာသင်တန်းသည် အမျိုးသမီးများ လူနေမှုဘဝမြှင့်တင်ရေးလုပ်ငန်းအဖွဲ့က ပထမဆုံး စတင်ဖွင့်လှစ်ခြင်းဖြစ်ပြီး တက်ရောက်သူ သင်တန်းသူ ၁၈ ဦးဖြစ်သည်။ သင်တန်းကာလမှာ နှစ်လဖြစ်သည်။ သင်တန်းများဆက်လက် ဖွင့်လှစ်သွားရန် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**စင်ရော်**

# ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနကထုတ်ဝေသည့် သိမှတ်ဖွယ်ရာ ဗဟုသုတအဖြာဖြာ (၂၀၁၅) ထွက်ပြီ

**ရန်ကုန် ဇူလိုင် ၉**

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက စီစဉ်ထုတ်ဝေသည့် "သိမှတ်ဖွယ်ရာ ဗဟုသုတအဖြာဖြာ (၂၀၁၅)"စာအုပ်သည် ပြည်သူများအသိဉာဏ် ဗဟုသုတ ပြည့်စုံစေရန်၊ ရာထူးဝင်စာမေးပွဲများ၊ ပြန်တမ်းဝင်ခွင့်




စာမေးပွဲများဖြေဆိုရာတွင် အထောက်အကူဖြစ်စေရန်နှင့် အခြားသိလိုသည့်အချက်အလက်များကို တစုတစည်းတည်း ရှာဖွေဖတ်ရှုလေ့လာနိုင်စေရန်ရည်ရွယ်၍ ၂၀၀၈ ခုနှစ်မှစတင်ပြီး နှစ်စဉ်ထုတ်ပေးခဲ့သည့် စာအုပ်ဖြစ်ပါသည်။

ဤစာအုပ်တွင် မြန်မာနိုင်ငံ၏သမိုင်းကြောင်းဖြစ်စဉ်များ၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် သမ္မတအဖြစ်တာဝန်ထမ်းဆောင်ခဲ့သည့်ပုဂ္ဂိုလ်များနှင့်ဝန်ကြီးချုပ်များ၊ ပထဝီဆိုင်ရာ အချက်အလက်များ၊ သမ္မတဦးသိန်းစိန်၏ မိန့်ခွန်းကောက်နုတ်ချက်များ၊ အစိုးရဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များ၊ လွှတ်တော်ကဏ္ဍများ၊ နိုင်ငံတကာနှင့်ပတ်သက်သည့်သိမှတ်ဖွယ်ရာများ၊ ဘာသာရေး၊ လူမှုရေး၊ ကျန်းမာရေးဆိုင်ရာသိမှတ်ဖွယ်ရာများကို ဗဟုသုတဖြစ်ဖွယ် ဖော်ပြထားသည့်အတွက် ဗဟုသုတရှာမှီးလိုသူများ၊ ရာထူးဝင် စာမေးပွဲဖြေဆိုကြမည့်သူများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ လက်ကိုင်ထားသင့်သည့်စာအုပ်ဖြစ်သလို အနာဂတ်နိုင်ငံတော်အတွက် လူချွန် လူကောင်းများ၊ ခေါင်းဆောင်ကောင်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ ပေါ်ထွန်းလာစေရေးအတွက် အထောက်အကူပြုမည့် စာအုပ်ဖြစ်ပါသည်။

ယင်းစာအုပ်ကို ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက ၂၀၁၅ ခုနှစ် ဇူလိုင်လတွင်ထုတ်ဝေပြီး တစ်အုပ်လျှင် ငွေကျပ် ၂၀၀၀ နှုန်းဖြင့် ဖြန့်ချိရောင်းချလျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# အနိမ့်ဆုံးအခကြေးငွေနှုန်းထား သတ်မှတ်ဖို့အချိန်သင့်ပြီလား

ဦးအေးချမ်း

**အနိမ့်ဆုံးလုပ်ခသတ်မှတ်ရေး အမျိုးသားကော်မတီမှ လတ်တလောအဆိုပြုထားသော အလုပ်သမားတစ်ယောက်၏ အနိမ့်ဆုံးလုပ်ခလစာမှာ တစ်ရက်လျှင် ၃၆၀၀ ကျပ်ဖြစ်ပါသည်။ အနိမ့်ဆုံးလုပ်အားခချမှတ်ရန် အချိန်အမှန်တကယ်ရောက်ပြီလား (သို့မဟုတ်)အနိမ့်ဆုံးလုပ်အားခ အမှန်တကယ်လို မလိုကို စုံစမ်းသုတေသနပြုရန် လိုသည့်အတွက်ကြောင့် ကျွန်တော်အောက်ပါဆောင်းပါးကို ရေးသားခဲ့ခြင်း ဖြစ်ပါသည်။**

အနိမ့်ဆုံးလုပ်ခ ဘာကြောင့်လို ဆိုတာကတော့ အကြောင်းအမျိုးမျိုးရှိပါတယ်။ အများဆုံးပြောကြတာကတော့ နိုင်ငံတော်တော်များများမှာလည်း အနိမ့်ဆုံးလခရှိပါတယ်။ ဆင်းရဲနွမ်းပါးသူများအတွက် စားဝတ်နေရေးပြေလည်ရန် လိုအပ်ပါတယ်။ လူအားလုံးနီးပါးကတော့ အနိမ့်ဆုံးလုပ်ခကြောင့် မြန်မာပြည်ကို ဘယ်လိုသက်ရောက်မှုများရှိမလဲဆိုတာ သေချာစွာနားမလည်ဘဲနဲ့ အနိမ့်ဆုံးလခရှိကို ရှိရမယ်ဆိုတဲ့ဆန္ဒနဲ့ ဆောင်ရွက်နေတာတွေ့ရပါတယ်။ အားလုံးနီးပါးကတော့ အနိမ့်ဆုံးလခချမှတ်လိုက်ရင် မြန်မာတစ်ပြည်လုံးအတွင်းမှာ ဆင်းရဲနွမ်းပါးသူများကို အများဆုံးကူညီပေးနိုင်မယ်လို့ ထင်ကြပါတယ်။

ကျွမ်းကျင်မှုမရှိသူများ၊ ဘွဲ့လက်မှတ်(သို့) အတွေ့အကြုံမရှိသူများ၊ ဥပမာအားဖြင့် သန့်ရှင်းရေးသမားတွေ၊ လက်ဖက်ရည်ဆိုင်မှာလုပ်နေတဲ့ လူငယ်လေးတွေ မြို့ပေါ်တက်ပြီး အလုပ်ရှာကြတဲ့ ပညာမတတ်သောလူတန်းစားတွေကို စားဝတ်နေရေးပြေလည်အောင် လုပ်ပေးနိုင်မယ်လို့ ယူဆကြပါတယ်။

အစိုးရကို အပြစ်ပြောဖို့ ရှုတ်ချဖို့နဲ့ အစိုးရက ဒီလူတန်းစားတွေအတွက်လည်း ဘာမှလုပ်မပေးဘူးဆိုပြီး ပြောဖို့ကတော့ လွယ်လွယ်လေးပါ။ ပြောပြီးရင်လည်း ဒီအစိုးရလုပ်ရမယ့်ဟာက အနိမ့်ဆုံးလခပဲ သတ်မှတ်ပေးရမှာလို့ ပြောဖို့က လွယ်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ အနိမ့်ဆုံးလခမရှိဘူးဆိုရင် ကုန်ဈေးနှုန်းတွေ အမြဲတက်နေတာနဲ့ ဆင်းရဲချမ်းသာမှုအဆင့်အတန်းကွာဟလာပြီး သူတို့ရဲ့လခတွေက ဘယ်လိုမှ လက်လှမ်းမမီဖြစ်သွားမှာပဲ။

အနိမ့်ဆုံးလခက ဆင်းရဲနွမ်းပါးတဲ့လူတန်းစားကို ကူညီမယ်လို့ ထင်ပါသလား။

အနိမ့်ဆုံးလစာသတ်မှတ်ခြင်းကို ဘာကြောင့် မလုပ်သင့်လဲဆိုတာ အကြောင်းအရာတွေ အများကြီးရှိပါတယ်။

ဥပမာ- လူငယ်အလုပ်သမားတစ်ယောက် ဘွဲ့လက်မှတ်တွေလည်း ဘာမှမရှိ၊ အတွေ့အကြုံလည်း ဘာမှမရှိ၊ အဲဒီတစ်ယောက်က အထည်ချုပ်စက်ရုံမှာ အလုပ်တစ်ခုကိုလာရှာပြီဆိုရင် စက်ရုံပိုင်ရှင်က ဒီအလုပ်သမားဟာ အတွေ့အကြုံရှိတဲ့ လူတစ်ယောက်လို့လဲမမြင်ဘူး။ အတွေ့အကြုံလည်းမရှိဘူး။ နှေးလည်းနှေးတယ်။ မှားတာတွေလည်း များမယ်ဆိုတာသိတယ်။ ဒါပေမယ့် အဲဒီစက်ရုံပိုင်ရှင်ဟာ ဒီဘာမှမသိတဲ့ အလုပ်သမားကို တကယ်တန်တဲ့ လခထက်များတဲ့ အနည်းဆုံးလစာငွေကို အတင်းပေးရမယ်ဆိုရင် ဒီစက်ရုံပိုင်ရှင်ဟာ အဲဒီလူကို အလုပ်ခန့်တော့မှာ မဟုတ်ဘူး။ ဘာဖြစ်လို့လဲဆိုတော့ ဘဏ္ဍာရေးနဲ့ ကြည့်လိုက်မယ်ဆိုရင် လက်မခံနိုင်တဲ့ အခြေအနေဖြစ်တယ်။ အလုပ်ရှင်က ဒီထက်ပိုတဲ့အတွေ့အကြုံရှိတဲ့လူကို အရည်အချင်းရှိတဲ့လူ၊ စွမ်းရည်ရှိတဲ့လူ ဒီဈေးနဲ့ ခန့်လို့ရတာကိုး၊ အဲဒါမျိုးအခြေအနေမှာ ရောက်မယ်ဆိုရင် ဒီလူငယ်၊ အရည်အချင်းမရှိသေးတဲ့ လူငယ်အလုပ်သမားများဟာ အနည်းဆုံးလခထက် နည်းတဲ့လခနဲ့လုပ်ပြီး အတွေ့အကြုံများအောင် လုပ်နိုင်မယ့်အစား အခုသူ့ကို အလုပ်ခန့်မယ့်သူ လုံးဝမရှိတော့ဘူး။ သူအခု အလုပ်လက်မဲ့ ဖြစ်သွားပြီ။

ဒါဆိုရင် သူရဲ့စားဝတ်နေရေး လူ့အဆင့်အတန်းကို ဘယ်လိုမြင့်တင်မှာလဲ၊ အစတည်းက အလုပ်မရရင် ကျွမ်းကျင်မှုနဲ့ အတွေ့အကြုံတွေကို ရနိုင်မယ့်အခွင့်အလမ်းမရှိတော့ဘဲ ဘယ်လိုမှ သူ့ရဲ့အဆင့်အတန်းကို တိုးတက်အောင် လုပ်နိုင်မယ်မထင်ဘူး။

အောက်မှာပြထားတဲ့ ဇယားအရ ဥရောပအနောက်နိုင်ငံတွေကိုကြည့်လိုက်ရင် အလုပ်လက်မဲ့ရာခိုင်နှုန်းဟာ အနိမ့်ဆုံးလုပ်အားခရှိတဲ့နိုင်ငံတွေက အနိမ့်ဆုံးလုပ်အားခမရှိတဲ့ နိုင်ငံတွေထက် နှစ်ဆလောက်များနေပါတယ်။

အခုလတ်တလောအချိန်မှာ မြန်မာအလုပ်သမားတွေဟာ လုပ်ရည်ကိုင်ရည်ကျွမ်းကျင်မှုနဲ့ အတွေ့အကြုံရှိဖို့လိုနေပါတယ်။ အနိမ့်ဆုံးလခ သတ်မှတ်မှုဟာ ကျွမ်းကျင်မှုကို ပိုတိုးတက်အောင်လုပ်ဖို့ကို အားမပေးဘူး။ ဘာဖြစ်လို့လဲဆိုတော့ အလုပ်သမားက ပိုမတိုးတက်လည်း ဒီအနိမ့်ဆုံးလခရနိုင်တယ်ဆိုတဲ့အတွက်ကြောင့် အဲဒီစိတ်မျိုးဖြစ်လာရင် သူကတိုးတက်ဖို့ မကြိုးစားတော့ပါဘူး။ မတိုးတက်လည်း စားဝတ်နေရေး အဆင်ပြေနိုင်တဲ့ လခရနေမှာပဲဆိုပြီး ဘာမှသင်တန်းတွေလည်း ထပ်မတက်တော့ဘူး။ ဒီလိုပဲ အချိန်ဖြုန်း၊ တိုးတက်ရေးအတွက် ဘာမှမစဉ်းစားဘဲ နေတော့မှာပေါ့။

| Minimum Wage and Jobless Rates in Western Europe | | |
|---|---|---|
| Country | Minimum Wage ($) | Jobless Rate |
| Belgium | $11.69 | 8.9% |
| France | $12.09 | 11.1% |
| Greece | $5.06 | 27.3% |
| Ireland | $11.09 | 13.6% |
| Luxembourg | $14.24 | 5.9% |
| Netherlands | $10.93 | 7.0% |
| Portugal | $4.19 | 16.3% |
| Spain | $5.57 | 26.6% |
| UK | $10.02 | 7.5% |
| Average | | 13.8% |
| Medium | | 11.1% |
| | No Minimum Wage | |
| Austria | 0 | 4.9% |
| Denmark | 0 | 7.1% |
| Finland | 0 | 8.1% |
| Germany | 0 | 5.2% |
| Iceland | 0 | 4.7% |
| Italy | 0 | 12.5% |
| Norway | 0 | 3.5% |
| Sweden | 0 | 7.9% |
| Switzerland | 0 | 3.1% |
| Average | | 6.3% |
| Median | | 5.2% |

(Source: Global Financial Data and Wikipedia, 2013)

အနိမ့်ဆုံးလစာသတ်မှတ်မှုသည် ငွေကြေးဖောင်းပွမှုကို ဖြစ်စေနိုင်တယ်။ အနိမ့်ဆုံးလစာ သတ်မှတ်လိုက်တာနဲ့ Cost-Push Inflation ဖြစ်လာမှာပါ။ စက်ရုံတစ်ရုံဟာ စက်ရုံအလုပ်သမားတွေအားလုံးကို အနည်းဆုံးလခအထိ လစာတိုးမြှင့်လိုက်ပြီဆိုတာနဲ့ စက်ရုံရဲ့အလုပ်သမားတွေဟာ ချက်ချင်းတက်သွားမယ်။ တက်သွားပြီဆိုရင် အဲဒီအလုပ်သမားလခတွေကို တစ်နေရာကနေ ပြန်ရအောင်လုပ်ရတော့မှာပဲ။ ဘယ်နေရာကရမလဲဆိုရင်တော့ ထုတ်ကုန်တွေရဲ့ရောင်းဈေးနှုန်းကို စက်ရုံကတိုးမြှင့်လိုက်မှာပဲ။ တိုးမြှင့်လိုက်ပြီဆိုတာနဲ့ စက်ရုံထုတ်ပစ္စည်းသုံးစွဲတဲ့လူတွေက ဈေးပိုပေးရတော့မယ်။ လက်ရှိမြန်မာပြည်ရဲ့ စီးပွားရေးအခြေအနေမှာ ကျွန်တော်တို့က ငွေကြေးဖောင်းပွမှုမြင့်တာကို လက်ခံနိုင်ဖို့ အခက်အခဲဖြစ်မှာ သေချာတယ်။

ကျွန်တော်ရဲ့ Global New Light of Myanmar June 14th Issue အင်္ဂလိပ်လိုရေးထားသော ဆောင်းပါးမှာလည်းဖော်ပြထားပါတယ်။ ငွေကြေးဖောင်းပွမှုများတဲ့ နိုင်ငံရဲ့ ပိုက်ဆံဟာ ငွေကြေးဖောင်းပွမှုသိပ်မရှိတဲ့ နိုင်ငံရဲ့ ပိုက်ဆံနဲ့ နှိုင်းယှဉ်လိုက်လို့ရှိရင် ငွေကြေးဖောင်းပွမှုများတဲ့နိုင်ငံရဲ့ ပိုက်ဆံကတဖြည်းဖြည်း ဈေးကျလာမှာပါ။ အခုအချိန်မှာ ကျွန်တော်တို့ မြန်မာကျပ်တန်ဖိုးကျဖို့ လုံးဝ မလိုလားပါဘူး။ သက်သေအနေနဲ့ကြည့်လို့ရှိရင် အနည်းဆုံးလခသတ်မှတ်တဲ့သတင်းကို သတင်းစာတွေထဲမှာပါလာတဲ့နေ့မှာ မြန်မာကျပ်ငွေနှင့် အမေရိကန်ဒေါ်လာငွေလဲလှယ်ရေးနှုန်း ကျပ်ငါးဆယ်လောက်နီးပါး ကျသွားပါတယ်။ ငွေကြေးတန်ဖိုးကျတဲ့အဓိပ္ပာယ်က တစ်ဒေါ်လာအတွက် မြန်မာကျပ်ငွေ ပိုပေးရတဲ့သဘောပါ။ ဒါလေးရာခိုင်နှုန်းနီးပါးပါ။

အနိမ့်ဆုံးလခသို့တိုးတဲ့အခါ ဘယ်သူတွေ အကုန်အကျဖြစ်မယ်ဆိုတာတော့ ၁၀၀ ရာခိုင်နှုန်းနီးပါးက Business တွေကပဲ အနိမ့်ဆုံးလခရဲ့ဝန်ကို ထမ်းရမှာပါ။ လက်ရှိအချိန်မှာ သူတို့ကို အနိမ့်ဆုံးလခရဲ့ဝန်ကို အကုန်လုံးထမ်းဖို့က ဖြစ်သင့်သလား။

အခုအချိန်မှာ ကျွန်တော်တို့နိုင်ငံမှာ ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုတွေ၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေ အများဆုံးလိုနေတဲ့အချိန်ပါ။ စက်ရုံတွေ ရင်းနှီးမြှုပ်နှံတဲ့လူတွေကို အနိမ့်ဆုံးလခရဲ့ဝန်ကို အကုန်ထမ်းဆောင်လိုက်ဖို့သင့်လားဆိုတာ စဉ်းစားသင့်ပါတယ်။ မြန်မာပြည်ရဲ့ စီးပွားရေးနည်းနည်းနှေးသွားတဲ့အချိန်မှာ ဘာကြောင့်နှေးသွားလဲဆိုတော့ ပုဂ္ဂလိကဆောက်လုပ်ရေးလုပ်ငန်းတွေ၊ ရင်းနှီးမြှုပ်နှံမှုကျဆင်းနေလို့ပါ။

ရင်းနှီးမြှုပ်နှံမယ့်လူတွေကလည်း နီးလာသည့်ရွေးကောက်ပွဲကို စောင့်ကြည့်နေသည့်အတွက်ကြောင့် မြန်မာနိုင်ငံ၏စီးပွားရေးဟာ နည်းနည်းနှေးကွေးနေတာပါ။ ဒီအနိမ့်ဆုံးလခရဲ့ဝန်ကို စီးပွားရေးလုပ်ငန်းများပဲ ထမ်းဆောင်ရမယ်ဆိုရင် သိပ်ပြီးမမျှတပါဘူး။ နိုင်ငံတော်ရဲ့ဝန်တွေဟာ လူထုတစ်ရပ်လုံးနှင့် အခွန်ထမ်းဆောင်သော လူထုတွေအားလုံးကို မျှဝေပြီး ဝန်ထမ်းရပါမယ်။ လူတွေအများကြီး မျှဝေထမ်းဆောင်ရမည့်တာဝန်ကို စီးပွားရေးလုပ်ငန်းတွေပဲ ထမ်းဆောင်ရမှာ မဟုတ်ပါဘူး။

ဒီဆင်းရဲနွမ်းပါးတဲ့လူတွေကိုလည်း ဒါမျိုးအနိမ့်ဆုံးလခပေးမယ့်အစား သူတို့ကို အခွန်ကင်းလွတ်ခွင့်တွေ၊ ပြန်ပေးတာတွေ၊ သင်တန်းတက်ဖို့ အခွင့်အလမ်းတွေ၊ သင်တန်းကို အလကားတက်ဖို့ Scholarship တွေ၊ အလုပ်သင်အစီအစဉ်တွေ လုပ်ပေးတာတွေ ပိုလုပ်ပေးရပါမယ်။ အဲဒီကုန်ကျစရိတ်တွေက အခွန်ပေးတဲ့တစ်နိုင်ငံလုံးလူတွေဆီ လာရမှာပါ။

အမေရိကန်နိုင်ငံကို ကြည့်လိုက်မယ်ဆိုရင် အနိမ့်ဆုံးဝင်ငွေက တော်တော်လေးကို မြင့်ပါတယ်။ သို့သော်လည်း ဝင်ငွေကွာဟမှုနဲ့ လူမှုအသိုင်းအဝိုင်း မညီမျှမှုကို မလျှော့ချနိုင်ခဲ့ဘူး။ စင်ကာပူကိုကြည့်မယ်ဆိုရင် စင်ကာပူမှာ အနိမ့်ဆုံးလခမရှိပါဘူး။ သို့သော်လည်း သူတို့ရဲ့ အလုပ်သမားတွေဟာ အမေရိကန်အလုပ်သမားတွေထက်ပိုပြီး ဝင်ငွေများတယ်။ သူတို့ရဲ့ ဝင်ငွေမညီမျှမှု ဆင်းရဲသူနဲ့ချမ်းသာသူ မညီမျှမှုဟာ အမေရိကန်ထက်စာရင် အများကြီးနည်းပါတယ်။

အထက်ပါအကြောင်းများကြောင့် ကျွန်တော်တို့ဟာ ဒီအနိမ့်ဆုံးလခရဲ့ ရေရှည်သက်ရောက်မှုဘာတွေရှိသလဲဆိုတာကို စဉ်းစားပြီးမှ အနိမ့်ဆုံးလခကို တကယ်လိုသလား၊ မလိုသလားဆိုတာ ဆုံးဖြတ်သင့်ပါတယ်။ တကယ်ကျတော့ အဲဒီအနိမ့်ဆုံးလခကလည်း မလောက်တဲ့အတွက်ကြောင့် ဆန္ဒပြမှုတွေပိုများလာပြီး အခုဆိုရင် အနိမ့်ဆုံးလခကို စလိုက်တာနဲ့ ကျွန်တော်တို့ရဲ့ မြန်မာငွေကျပ်ဖောင်းပွမှုများလာပြီး ပိုပြီး ငွေလဲလှယ်မှုနှုန်းကျနိုင်တဲ့အချိန်မှာ ဒီအနိမ့်ဆုံးလုပ်အားခကို သတ်မှတ်သင့်လားဆိုတာကို ပြန်လည်စဉ်းစားသင့်ပါတယ်။

## စည်းကမ်းမဲ့ဆိုင်ကယ်မောင်းနှင်နေသူများအား သက်ဆိုင်ရာက အရေးယူ

**ပြည် ဇူလိုင် ၉**

ပဲခူးတိုင်းဒေသကြီး ပြည်မြို့၌ ဇူလိုင် ၇ ရက် နံနက်ပိုင်းက ယာဉ်စည်းကမ်းလိုက်နာမှု မရှိသည့် ဆိုင်ကယ်စီးနင်း မောင်းနှင်သူများကို တိုင်းဒေသကြီး ယာဉ်စည်းကမ်းထိန်းသိမ်းရေးအဖွဲ့က မြို့တွင်းအဖွဲ့ ၁၁ဖွဲ့ဖြင့် ဖမ်းဆီးအရေးယူလျက်ရှိရာ စည်းကမ်းမဲ့မော်တော်ဆိုင်ကယ် အများအပြား ဖမ်းဆီးအရေးယူနိုင်ခဲ့ကြောင်း သိရသည်။

"ဆိုင်ကယ်နံ့ပတ်သက်ပြီး နံပါတ်ပြားမတပ်တာ၊ ဆိုင်ကယ်စီးဦးထုပ်မဆောင်းတာ၊ သုံးယောက်စီးတာ၊ နောက်ကြည့်မှန် မတပ်တာတွေကို စစ်ဆေးတွေ့ရှိခဲ့ရင် ဖမ်းဆီးအရေးယူပါတယ်။ ယာဉ်စီးနင်းမောင်းနှင်တဲ့ ပြည်သူတွေအားလုံး အသက်အန္တရာယ်ကင်းအောင်လို့ပါ။ ဖမ်းဆီးရမိတဲ့ စည်းကမ်းမဲ့ယာဉ်တွေကိုတော့ ဒဏ်ငွေဆောင်ခိုင်းတယ်။ တရားရုံးနဲ့ဘဏ်က ငွေသွင်းချလန်ဖြတ်ပိုင်းတွေကို ကျွန်တော်တို့ဆီပြန်ရောက်လာမှ ဖမ်းဆီးထားတဲ့ ဆိုင်ကယ်တွေကို ပြန်ထုတ်ပေးပါတယ်"ဟု ရဲအရာရှိတစ်ဦးက ရှင်းလင်းပြောကြားသည်။

"ပြည်မြို့တွင်းမှာ ယာဉ်စည်းကမ်းထိန်းသိမ်းရေးအဖွဲ့ ၁၁ ဖွဲ့နဲ့ ဖမ်းဆီးနေတာ ရှစ်လလောက်ရှိနေပြီ။ ဆိုင်ကယ်စီးတဲ့သူကတော့ လျော့မသွားဘူး။ နေ့စဉ်နဲ့အမျှ ပိုတိုးလာတယ်။ စည်းကမ်းလိုက်နာမှု အားနည်းနေတယ်။ အခုလို ဖမ်းတယ်ဆိုတာ ယာဉ်တိုက်မှုတွေ လျော့နည်းအောင်၊ ယာဉ်စည်းကမ်းလိုက်နာနိုင်အောင် ဖမ်းဆီးနေရတာပါ။ အဓိကကတော့ အန္တရာယ်ကင်းရှင်းရေးအတွက် ဆောင်ရွက်နေတာဖြစ်ပါတယ်"ဟု ခရိုင်မထသရုံးမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

**မင်းလွင်(ပြည်)**



ပြည်ထောင်စုလွှတ်တော်အစည်းအဝေး

# နိုင်ငံတော်သမ္မတထံမှသဘောထားမှတ်ချက်ဖြင့် ပြန်လည်ပေးပို့လာသည့်ဥပဒေကြမ်းသုံးခုအား တစ်ပိုဒ်ချင်းစီအလိုက်အတည်ပြုရန် လွှတ်တော်၏အဆုံးအဖြတ်ရယူ

**နေပြည်တော် ဇူလိုင် ၉**

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော်(၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၇၀ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်ထောင်စုလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**



အစည်းအဝေးတွင် ဥပဒေကြမ်းငါးခုအား မှတ်တမ်းတင်ခြင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အတွင်းရှိ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်ကျေးရွာအုပ်စု၊ ကျေးရွာများတိုးချဲ့ပြင်ဆင်ခြင်းနှင့် ပယ်ဖျက်ခြင်းများကို လွှတ်တော်က မှတ်တမ်းတင်ခြင်း၊ အရေးကြီးအဆိုတစ်ခုအား လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း၊ သက်ဆိုင်ရာ ပြည်ထောင်စုအဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်းဆွေးနွေးခြင်းနှင့် နိုင်ငံတော်သမ္မတထံမှ သဘောထားမှတ်ချက်ဖြင့် ပြန်လည်ပေးပို့လာသည့် ဥပဒေကြမ်းသုံးခုအား တစ်ပိုဒ်ချင်းစီအလိုက် အတည်ပြုရန် လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်းတို့ကို ဆောင်ရွက်ကြသည်။

ရှေးဦးစွာ ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာဥပဒေကြမ်း၊ ရှေးဟောင်းဝတ္ထုပစ္စည်းများ ကာကွယ်ထိန်းသိမ်းရေးဥပဒေကြမ်း၊ ရှေးဟောင်းအဆောက်အအုံများ ကာကွယ်ထိန်းသိမ်းရေးဥပဒေကြမ်းနှင့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်းတို့အား လွှတ်တော်က မှတ်တမ်းတင်သည်။

ထို့နောက် ရခိုင်ပြည်နယ် ကျောက်ဖြူခရိုင်၊ သံတွဲခရိုင်၊ မြောက်ဦးခရိုင်၊ အမ်းမြို့နယ်၊ ကျောက်ဖြူမြို့နယ်၊ သံတွဲမြို့နယ်၊ မင်းပြားမြို့နယ်၊ ကျောက်တော်မြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာအုပ်စုများ တိုးချဲ့ပြင်ဆင်ဖွဲ့စည်းခြင်း၊ ရှမ်းပြည်နယ် တောင်ကြီးခရိုင်၊ မိုးမိတ်ခရိုင်၊ ပင်လောင်းမြို့နယ်၊ မဘိမ်းမြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာအုပ်စုများတိုးချဲ့ ပြင်ဆင်ဖွဲ့စည်းခြင်း၊ မန္တလေးတိုင်းဒေသကြီး မန္တလေးခရိုင်၊ ရမည်းသင်းခရိုင်၊ မြင်းခြံခရိုင်၊ မိတ္ထီလာခရိုင်၊ ပုသိမ်ကြီးမြို့နယ်၊ ရမည်းသင်းမြို့နယ်၊ မြင်းခြံမြို့နယ်၊ ဝမ်းတွင်းမြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာအုပ်စုများတိုးချဲ့ပြင်ဆင်ဖွဲ့စည်းခြင်း၊ ရန်ကုန်တိုင်းဒေသကြီး ရန်ကုန်တောင်ပိုင်းခရိုင်၊ ခရမ်းမြို့နယ် ညောင်ပင်ကွင်းကျေးရွာအုပ်စုရှိ ကွမ်းမိုးဒိန်းကျေးရွာအား ကွမ်းမိုးဒိန်းရပ်ကွက်အဖြစ် တိုးချဲ့ပြင်ဆင်ဖွဲ့စည်းခြင်းနှင့် ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင်၊ ဓနုဖြူမြို့နယ်၊ ထုံးပုံကျေးရွာအုပ်စုမှ ကျားကျွန်းကျေးရွာမြစ်ရေတိုက်စားခံရပြီး ကမ်းပြို၍ ပျက်စီးသွားသဖြင့် ပြည်ထဲရေးအမည်ပေါက်ကျေးရွာအဖြစ်မှ ပယ်ဖျက်ခြင်း စသည့် ဆောင်ရွက်ချက်များအား လွှတ်တော်က မှတ်တမ်းတင်သည်။

ယင်းနောက် လှိုင်ကော်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ညို၏ နိုင်ငံ့ဝန်ထမ်းများ၏ သက်တမ်းကို ယခုကျင့်သုံးနေသော အသက် ၆၀ ပြည့်သည့်နေ့ရက်တွင် အငြိမ်းစားယူသည့်စနစ်ဖြင့်သာ ဆက်လက်ထားရှိရေး ပြည်ထောင်စုလွှတ်တော်နှင့် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်းအရေးကြီးအဆိုနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ် ၁၄ ဦးကဆွေးနွေးကြရာ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီးလှိုင်ဝင်းက နိုင်ငံ့ဝန်ထမ်းတစ်ဦးအား အသက် ၆၀ ပြည့်သော်လည်း ၎င်းတို့၏လုပ်ငန်းအတွေ့အကြုံများ၊ လုပ်ငန်းဆိုင်ရာကျွမ်းကျင်မှုများ၊ အတတ်ပညာ၊ အသိပညာများအပေါ် မူတည်၍ တာဝန်ဆက်လက်ထမ်းဆောင်စေမည်ဆိုပါက နိုင်ငံတော်အတွက်ရော၊ သက်ဆိုင်ရာဌာနအတွက်ပါ အကျိုးရှိမည်ဖြစ်ကြောင်း၊ ကျန်းမာရေးကောင်းမွန်ပြီး တာဝန်ထမ်းဆောင်နိုင်သောအခြေအနေရှိသည့်ဝန်ထမ်းများအတွက် လိုအပ်ပါက ဆက်လက်တာဝန်ထမ်းဆောင်စေမည်ဆိုပါက နိုင်ငံသားတစ်ဦး၏ အခွင့်အရေးအပြည့်အဝရရှိနိုင်မည့် အနေအထားဖြစ်ပြီး နိုင်ငံတကာ၌လည်း ကျန်းမာရေးကောင်းမွန်ပါက အသက် ၆၀ ကျော်နိုင်ငံ့ဝန်ထမ်းများအား ဆက်လက်တာဝန်ပေးအပ်ထားသည်ကို တွေ့ရပါကြောင်းဖြင့် ဆွေးနွေးသည်။

မင်းတပ်မဲဆန္ဒနယ်မှ ဦးထန်းလိန်းက နိုင်ငံ့ဝန်ထမ်းများ၏ လုပ်သက်နှင့်ပတ်သက်၍ မြန်မာနိုင်ငံအပါအဝင် အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် နိုင်ငံတကာတွင် အများအားဖြင့် အသက် ၆၀ သတ်မှတ်ထားသည်ကို လေ့လာတွေ့ရှိရပါကြောင်း၊ အသက် ၆၀ ကျော် သတ်မှတ်မည်ဆိုလျှင် မျိုးဆက်သစ်ဝန်ထမ်းများရာထူးတိုးမြှင့်ပေးရန်နောက်ကျပြီး လုပ်ငန်းစွမ်းရည်ကျဆင်းမည့်အပြင် လူငယ်ဝန်ထမ်းများအတွက် စိတ်ပိုင်းဆိုင်ရာ ချို့ယွင်းစေနိုင်ပါကြောင်း၊ လူငယ်များအခြားနိုင်ငံများသို့လုပ်ငန်းရှာဖွေရင်း ဦးနှောက်ယိုစီးမှုပြဿနာများဖြစ်ပေါ်စေနိုင်သည်ကို သတိပြုရန်လိုအပ်မည်ဖြစ်ပါကြောင်းဖြင့် ဆွေးနွေးသည်။

ဖာပွန်မဲဆန္ဒနယ်မှ ဦးစိုင်းသန်းနိုင်က ဝန်ထမ်းသက်တမ်းသုံးနှစ် တိုးမြှင့်သတ်မှတ်လိုက်ခြင်းဖြင့် အလုပ်အကိုင်ရှာဖွေစောင့်စားနေသည့် သုံးနှစ်စာဝန်ထမ်းလောင်းများ၏ အလုပ်လက်မဲ့ပြဿနာကို ပိုမိုကြီးထွားလာအောင် တွန်းအားတစ်ရပ်ဖြစ်လာမည်ကို ထည့်သွင်းစဉ်းစားရမည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ၏ လက်ရှိပကတိအခြေအနေမှန်များနှင့် ဝန်ထမ်းများ၏သက်တမ်းကို တိုးမြှင့်သတ်မှတ်လိုက်ခြင်းဖြင့် ကြီးမားကျယ်ပြန့်သည့် စိန်ခေါ်မှုပြဿနာများကိုဆင်ခြင်သုံးသပ်နိုင်ရန် အကျိုးအကြောင်းညီညွတ်စွာတင်ပြသည့် အဆိုအား ထောက်ခံပါကြောင်းဖြင့် ဆွေးနွေးသည်။

လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များနှင့်စပ်လျဉ်း၍ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဦးကျော်သူက ဝန်ထမ်းတစ်ဦးအား အသက် ၆၀ ပြည့်သည့်အခါ ပင်စင်ပေးခြင်းဖြင့် ချို့ယွင်းမှုများနှင့် အားနည်းချက်များရှိမည်ဖြစ်သကဲ့သို့ တစ်ဖက်တွင်လည်း ကောင်းမွန်သည့်အချက်များနှင့် အကျိုးကျေးဇူးများရှိနိုင်သည်ကိုလည်း ငြင်းပယ်၍မရပါကြောင်း၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့အနေဖြင့် နိုင်ငံတော်၏အကျိုး၊ နိုင်ငံ့ဝန်ထမ်းအများစုအတွက် အကျိုးရှိမည်ဆိုလျှင် သင့်လျော်သည့်အချိန်တွင် သက်ပြည့်ပင်စင်သက်တမ်းကို တိုးမြှင့်ပေးသင့်ပါက တိုးမြှင့်ပေးနိုင်မည်ဖြစ်ပါကြောင်း ဖြည့်စွက်ဆွေးနွေးသည်။

ထို့နောက် နိုင်ငံတော်သမ္မတထံမှ သဘောထားမှတ်ချက်ဖြင့် ပြန်လည်ပေးပို့လာသည့် ဘွိုင်လာဥပဒေကြမ်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်းနှင့် မြန်မာနိုင်ငံတမံကြီးများဆိုင်ရာ အမျိုးသားကော်မတီဥပဒေကြမ်းတို့အား တစ်ပိုဒ်ချင်းစီအလိုက် အတည်ပြုကြသည်။ **(သတင်းစဉ်)**

## မန္တလေးမြို့ဂုဏ်ဆောင် မြို့မအပျော်တမ်းတူရိယာအသင်းကြီး၏ သီချင်းဆိုပြိုင်ပွဲကျင်းပမည်

**နေပြည်တော် ဇူလိုင် ၉**

မန္တလေးမြို့ဂုဏ်ဆောင် မြို့မအပျော်တမ်းတူရိယာအသင်းကြီး၏ နှစ် ၉၀ ပြည့်အထိမ်းအမှတ်အဖြစ် "မြို့မရဲ့ မြို့မ" အမည်ဖြင့် သီချင်းဆိုပြိုင်ပွဲကို မကြာမီကျင်းပသွားမည်ဖြစ်ကြောင်း ဇူလိုင် ၇ ရက်က မန္တလေးမြို့ မြို့မအသင်းတိုက်၌ ပြိုင်ပွဲကျင်းပရေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေးကျင်းပသည်။

အဆိုပါပြိုင်ပွဲတွင် အထင်ကရတေးရေးဆရာကြီးများဖြစ်သည့် နန်းတော်ရှေ့ဆရာတင်၊ အေဝမ်းဆရာညွှာ၊ ဦးဘိုခင်၊ ဦးဘသိန်း၊ မြို့မကိုပေါ်နှင့် မြို့မငြိမ်းတို့၏ မြို့မတူရိယာအသင်းအတွက် ရေးစပ်သီကုံးပေးခဲ့သော တေးသီချင်းများထဲမှ ပရိသတ်အကြိုက်တေးသီချင်းများကို ရွေးချယ်သတ်မှတ်သွားမည်ဖြစ်ကြောင်း သိရသည်။

ပြိုင်ပွဲဝင်တေးသီချင်းများကိုသီဆိုရန် လွယ်ကူမှု၊ ခက်ခဲမှုအလိုက် အမျိုးအစားသုံးမျိုးခွဲခြားမည်ဖြစ်၍ ပြိုင်ပွဲဆိုင်ရာအချက်အလက်များကို တိုင်းဒေသကြီးအစိုးရအဖွဲ့ websiteနှင့် မြို့မအသင်းကြော်ငြာဘုတ်တို့တွင် ဆက်လက်ထုတ်ပြန်ကြေညာသွားမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

## စင်ကာပူဖိတ်ခေါ် စက်ဘီးစီးပြိုင်ပွဲအတွက် လူရွေးချယ်ပွဲကျင်းပမည်

**နေပြည်တော် ဇူလိုင် ၉**

ဩဂုတ် ၂၉ ရက်တွင် စင်ကာပူနိုင်ငံ၌ကျင်းပမည့် ဖိတ်ခေါ်စက်ဘီးစီးပြိုင်ပွဲအတွက် လူရွေးချယ်ပွဲကို ဇူလိုင် ၂၅ ရက်တွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိ စက်ဘီးစီးလေ့ကျင့်ရေးကွင်း၌ ကျင်းပမည်ဖြစ်ရာ ဝင်ရောက်ယှဉ်ပြိုင်အရွေးခံလိုသူများ ဖုန်း-၀၉-၂၅၀၂၀၅၆၅၁သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

## ဇိုတိုင်းရင်းသားဒေသဖွံ့ဖြိုးရေးပါတီအား နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြု

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
နေပြည်တော်
ကြေညာချက်အမှတ် (၃၂/ ၂၀၁၅)
၁၃၇၇ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၈ ရက်
(၂၀၁၅ ခုနှစ်၊ ဇူလိုင်လ ၉ ရက်)

**ဇိုတိုင်းရင်းသားဒေသဖွံ့ဖြိုးရေးပါတီအား နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း**

ရန်ကုန်တိုင်းဒေသကြီး၊ မြေနီကုန်း၊ ရှင်စောပုရပ်ကွက်၊ စမ်းချောင်းလမ်း ၅ လွှာ (A)၊ အမှတ် (၁၅၀) တွင် ပါတီရုံးချုပ် ဖွင့်လှစ်ထားရှိသော **ဇိုတိုင်းရင်းသားဒေသဖွံ့ဖြိုးရေးပါတီ** အား ၂၀၁၅ ခုနှစ်၊ ဇူလိုင်လ ၉ ရက်နေ့မှစ၍ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၉ နှင့်အညီ မှတ်ပုံတင်ခွင့်ပြုလိုက်ကြောင်း ကြေညာအပ်ပါသည်။

**ဇိုတိုင်းရင်းသားဒေသဖွံ့ဖြိုးရေးပါတီ** ၏ မှတ်ပုံတင်အမှတ်မှာ (၉၄) ဖြစ်ပါသည်။

**အမိန့်အရ**

**(တင်ထွန်း)**
**အတွင်းရေးမှူး**
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## အမျိုးသားတိုးတက်ရေးပါတီအား နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြု

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
နေပြည်တော်
ကြေညာချက်အမှတ်(၃၃/၂၀၁၅)
၁၃၇၇ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၈ ရက်
(၂၀၁၅ ခုနှစ်၊ ဇူလိုင်လ ၉ ရက်)

**အမျိုးသားတိုးတက်ရေးပါတီအား နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း**

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၄)ရပ်ကွက်၊ မြင်သာအိမ်ရာစီမံကိန်း၊ တိုက်အမှတ်(စီ)၊ အခန်းအမှတ်(၂၀၄) တွင် ပါတီရုံးချုပ်ဖွင့်လှစ်ထားရှိသော **အမျိုးသားတိုးတက်ရေးပါတီ** အား ၂၀၁၅ ခုနှစ်၊ ဇူလိုင်လ ၉ ရက်နေ့မှစ၍ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ ၉ နှင့်အညီ မှတ်ပုံတင်ခွင့်ပြုလိုက်ကြောင်း ကြေညာအပ်ပါသည်။

**အမျိုးသားတိုးတက်ရေးပါတီ**၏ မှတ်ပုံတင်အမှတ်မှာ (၉၅) ဖြစ်ပါသည်။

**အမိန့်အရ**

**(တင်ထွန်း)**
**အတွင်းရေးမှူး**
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

# ပုဒ်မ ၄၃၆(ခ)တွင် အကျုံးဝင်သည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ဇယား (၂ ၊ ၅)ပါ အပိုဒ်/အပိုဒ်ခွဲများအတွက် လွှတ်တော်၏ အဆုံးအဖြတ်ရယူရာတွင် ၇၅ ရာခိုင်နှုန်းကျော် ထောက်ခံမဲရရှိခဲ့၍ ပြင်ဆင်ရေး ဆက်လက်ဆောင်ရွက်သွားမည်

နေပြည်တော် ဇူလိုင် ၉

၂၀၁၅ ခု ဇွန်(၈)ရက်ကကျင်းပသည့် ပြည်ထောင်စုလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး(၆၉)ရက်မြောက်နေ့တွင် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၃၆ ပုဒ်မခွဲ(ခ)တွင် အကျုံးဝင်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဇယား(၂ ၊ ၅)ပါ အပိုဒ်/ခွဲများအတွက် လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြပြီး လျှို့ဝှက်ဆန္ဒမဲပေးကာ မဲခွဲဆုံးဖြတ်ခဲ့မှုအခြေအနေကို ဖော်ပြအပ်ပါသည်။

| စဉ် | ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) | ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း | လွှတ်တော်တွင် မဲခွဲဆုံးဖြတ်ချက် |
|---|---|---|---|
| ၂၈ | ဇယား ၂<br>တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဥပဒေပြုစာရင်း<br>(ပုဒ်မ ၁၈၈ ကို ရည်ညွှန်းသည်)<br>၁။ ဘဏ္ဍာရေးနှင့် စီမံကိန်းကဏ္ဍ | ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေ ဇယား ၂ တွင် ဖော်ပြထားသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဥပဒေပြုစာရင်းတွင် ဖော်ပြထားသည့်-<br>"(က) ဘဏ္ဍာရေးနှင့် စီမံကိန်းကဏ္ဍ၌ ပါရှိသော အမှတ်စဉ်(ဋ)၏ အောက်တွင် အောက်ပါအတိုင်း ဖြည့်စွက်ရမည်- | |
| | | (ဌ) ပြည်ထောင်စုက ပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် အရင်းအနှီး၊ | ရှိရင်း - ၆၃၃<br>ပျက်ကွက် - ၂၈<br>တက်ရောက် - ၆၀၅<br>ထောက်ခံမဲ - ၅၂၉<br>ရာခိုင်နှုန်း - ၈၃ ဒသမ ၅၇<br>(ပြင်ဆင်သွားရေးဆက်လက်ဆောင်ရွက်သွားရန် အတည်ပြုသည်) |
| | | (ဍ) ပြည်ထောင်စုကပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကဆောင်ရွက်ခွင့်ရှိသည့် အာမခံလုပ်ငန်း၊ | ရှိရင်း - ၆၃၃<br>ပျက်ကွက် - ၂၈<br>တက်ရောက် - ၆၀၅<br>ထောက်ခံမဲ - ၅၂၈<br>ရာခိုင်နှုန်း - ၈၃ ဒသမ ၄၁<br>(ပြင်ဆင်သွားရေးဆက်လက်ဆောင်ရွက်သွားရန် အတည်ပြုသည်) |
| | | (ပ) ပြည်ထောင်စုကပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်က ဆောင်ရွက်ခွင့်ရှိသည့် ဝင်ငွေခွန်၊ | ရှိရင်း - ၆၃၃<br>ပျက်ကွက် - ၂၈<br>တက်ရောက် - ၆၀၅<br>ထောက်ခံမဲ - ၅၂၉<br>ရာခိုင်နှုန်း - ၈၃ ဒသမ ၅၇<br>(ပြင်ဆင်သွားရေးဆက်လက်ဆောင်ရွက်သွားရန် အတည်ပြုသည်) |
| | | (ဏ) ပြည်ထောင်စုကပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်က ဆောင်ရွက်ခွင့်ရှိသည့် ကုန်သွယ်လုပ်ငန်းခွန်၊ | ရှိရင်း - ၆၃၃<br>ပျက်ကွက် - ၂၈<br>တက်ရောက် - ၆၀၅<br>ထောက်ခံမဲ - ၅၂၉<br>ရာခိုင်နှုန်း - ၈၃ ဒသမ ၅၇<br>(ပြင်ဆင်သွားရေးဆက်လက်ဆောင်ရွက်သွားရန် အတည်ပြုသည်) |
| | | (တ) ပြည်ထောင်စုက ပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်က ဆောင်ရွက်ခွင့်ရှိသည့် ပြည်တွင်းပြည်ပမှ ငွေချေးယူခြင်း၊ | ရှိရင်း - ၆၃၃<br>ပျက်ကွက် - ၂၈<br>တက်ရောက် - ၆၀၅<br>ထောက်ခံမဲ - ၅၂၈<br>ရာခိုင်နှုန်း - ၈၃ ဒသမ ၄၁<br>(ပြင်ဆင်သွားရေးဆက်လက်ဆောင်ရွက်သွားရန် အတည်ပြုသည်) |
| | | (ထ) ပြည်ထောင်စုက ပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် ပစ္စည်းရယူခြင်း၊ | ရှိရင်း - ၆၃၃<br>ပျက်ကွက် - ၂၈<br>တက်ရောက် - ၆၀၅<br>ထောက်ခံမဲ - ၅၃၀<br>ရာခိုင်နှုန်း - ၈၃ ဒသမ ၇၃<br>(ပြင်ဆင်သွားရေးဆက်လက်ဆောင်ရွက်သွားရန် အတည်ပြုသည်) |
| | | (ဒ) ပြည်ထောင်စုကပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွက် ဆောင်ရွက်ခွင့်ရှိသည့် ပြည်ပမှ ငွေကြေးအကူအညီနှင့် အထောက်အပံ့ရယူခြင်း။ | ရှိရင်း - ၆၃၃<br>ပျက်ကွက် - ၂၈<br>တက်ရောက် - ၆၀၅<br>ထောက်ခံမဲ - ၅၂၉<br>ရာခိုင်နှုန်း - ၈၃ ဒသမ ၅၇<br>(ပြင်ဆင်သွားရေးဆက်လက်ဆောင်ရွက်သွားရန် အတည်ပြုသည်) |
| | ၂။ စီးပွားရေးကဏ္ဍ | (ခ) စီးပွားရေးကဏ္ဍ၌ ပါရှိသော အမှတ်စဉ်(ဂ) ၏အောက်တွင် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-<br>(ဃ) ပြည်ထောင်စုက ပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်က ဆောင်ရွက်ခွင့်ရှိသည့် ဟိုတယ်နှင့် တည်းခိုခန်း လုပ်ငန်း၊ | ရှိရင်း - ၆၃၃<br>ပျက်ကွက် - ၂၈<br>တက်ရောက် - ၆၀၅<br>ထောက်ခံမဲ - ၅၂၆<br>ရာခိုင်နှုန်း - ၈၃ ဒသမ ၁၀<br>(ပြင်ဆင်သွားရေးဆက်လက်ဆောင်ရွက်သွားရန် အတည်ပြုသည်) |
| | | (င) ပြည်ထောင်စုက ပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်က ဆောင်ရွက်ခွင့်ရှိသည့် ခရီးသွားလာရေး လုပ်ငန်း။ | ရှိရင်း - ၆၃၃<br>ပျက်ကွက် - ၂၈<br>တက်ရောက် - ၆၀၅<br>ထောက်ခံမဲ - ၅၁၉<br>ရာခိုင်နှုန်း - ၈၁ ဒသမ ၉၉<br>(ပြင်ဆင်သွားရေးဆက်လက်ဆောင်ရွက်သွားရန် အတည်ပြုသည်) |
| | ၃။ စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍ | (ဂ) စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍ၌ပါရှိသော အမှတ်စဉ်(ဆ)၏ အောက်တွင် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-<br>(ဇ) ပြည်ထောင်စုက ပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်က ဆောင်ရွက်ခွင့်ရှိသည့် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ ဖော်ထုတ်ခြင်း၊ | ရှိရင်း - ၆၃၃<br>ပျက်ကွက် - ၂၈<br>တက်ရောက် - ၆၀၅<br>ထောက်ခံမဲ - ၅၂၉<br>ရာခိုင်နှုန်း - ၈၃ ဒသမ ၅၇<br>(ပြင်ဆင်သွားရေးဆက်လက်ဆောင်ရွက်သွားရန် အတည်ပြုသည်) |
| | | (ဈ) ပြည်ထောင်စုက ပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်က ဆောင်ရွက်ခွင့်ရှိသည့် စာချုပ်စာတမ်း မှတ်ပုံတင်ခြင်း၊ | ရှိရင်း - ၆၃၃<br>ပျက်ကွက် - ၂၈<br>တက်ရောက် - ၆၀၅<br>ထောက်ခံမဲ - ၅၂၉<br>ရာခိုင်နှုန်း - ၈၃ ဒသမ ၅၇<br>(ပြင်ဆင်သွားရေးဆက်လက်ဆောင်ရွက်သွားရန် အတည်ပြုသည်) |
| | | (ည) ပြည်ထောင်စုက ပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်က ဆောင်ရွက်ခွင့်ရှိသည့် စိုက်ပျိုးရေး သုတေသနလုပ်ငန်း၊ | ရှိရင်း - ၆၃၃<br>ပျက်ကွက် - ၂၈<br>တက်ရောက် - ၆၀၅<br>ထောက်ခံမဲ - ၅၃၀<br>ရာခိုင်နှုန်း - ၈၃ ဒသမ ၇၃<br>(ပြင်ဆင်သွားရေးဆက်လက်ဆောင်ရွက်သွားရန် အတည်ပြုသည်) |
| | | (ဋ) ပြည်ထောင်စုက ပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်က ဆောင်ရွက်ခွင့်ရှိသည့် ပင်လယ်ကမ်းနီးငါးလုပ်ငန်း၊ | ရှိရင်း - ၆၃၃<br>ပျက်ကွက် - ၂၈<br>တက်ရောက် - ၆၀၅<br>ထောက်ခံမဲ - ၅၃၀<br>ရာခိုင်နှုန်း - ၈၃ ဒသမ ၇၃<br>(ပြင်ဆင်သွားရေးဆက်လက်ဆောင်ရွက်သွားရန် အတည်ပြုသည်) |
| | | (ဌ) ပြည်ထောင်စုက ပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်က ဆောင်ရွက်ခွင့်ရှိသည့် စိုက်ပျိုးရေးနှင့် မိုးလေဝသ လုပ်ငန်း။ | ရှိရင်း - ၆၃၃<br>ပျက်ကွက် - ၂၈<br>တက်ရောက် - ၆၀၅<br>ထောက်ခံမဲ - ၅၂၉<br>ရာခိုင်နှုန်း - ၈၃ ဒသမ ၅၇<br>(ပြင်ဆင်သွားရေးဆက်လက်ဆောင်ရွက်သွားရန် အတည်ပြုသည်) |
| | ၄။ စွမ်းအင်၊ လျှပ်စစ်၊ သတ္တုနှင့် သစ်တောကဏ္ဍ | (ဃ) စွမ်းအင်၊ လျှပ်စစ်၊ သတ္တုနှင့် သစ်တောကဏ္ဍ၌ ပါရှိသော အမှတ်စဉ်(င)၏ အောက်တွင် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-<br>(စ) ပြည်ထောင်စုက ပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်း | ရှိရင်း - ၆၃၃<br>ပျက်ကွက် - ၂၈ |

စာမျက်နှာ ၉ သို့

စာမျက်နှာ ၈ မှ

| စဉ် | ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) | ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း | လွှတ်တော်တွင် မဲခွဲဆုံးဖြတ်ချက် |
|---|---|---|---|
| | | ဒေသကြီး သို့မဟုတ် ပြည်နယ် အတွင်းက ဆောင်ရွက်ခွင့်ရှိသည့် မိမိ ထုတ်လုပ်သော သယံဇာတများကို အချိုးအစား သတ်မှတ်ပေးရေး၊ | တက်ရောက် - ၆၀၅<br>ထောက်ခံမဲ - ၅၂၈<br>ရာခိုင်နှုန်း - ၈၃ ဒသမ ၄၁<br>(ပြင်ဆင်သွားရေးဆက်လက်ဆောင်ရွက်သွားရန် အတည်ပြုသည်) |
| | | (ဆ) ပြည်ထောင်စုက ပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်က ဆောင်ရွက်ခွင့်ရှိသည့် သတ္တုအသေးစားနှင့် လက်လုပ်လက်စား လုပ်ငန်း၊ | ရှိရင်း - ၆၃၃<br>ပျက်ကွက် - ၂၈<br>တက်ရောက် - ၆၀၅<br>ထောက်ခံမဲ - ၅၂၉<br>ရာခိုင်နှုန်း - ၈၃ ဒသမ ၅၇<br>(ပြင်ဆင်သွားရေးဆက်လက်ဆောင်ရွက်သွားရန် အတည်ပြုသည်) |
| | | (ဇ) ပြည်ထောင်စုက ပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်က ဆောင်ရွက်ခွင့်ရှိသည့် သတ္တုတွင်း အလုပ်သမား ဘေးကင်းရေး၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် ပြန်လည်ပြုပြင် တည်ဆောက်ရေး၊ | ရှိရင်း - ၆၃၃<br>ပျက်ကွက် - ၂၈<br>တက်ရောက် - ၆၀၅<br>ထောက်ခံမဲ - ၅၃၀<br>ရာခိုင်နှုန်း - ၈၃ ဒသမ ၇၃<br>(ပြင်ဆင်သွားရေးဆက်လက်ဆောင်ရွက်သွားရန် အတည်ပြုသည်) |
| | | (ဈ) ပြည်ထောင်စုက ပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် ကျောက်မျက် ရတနာအသေးစားနှင့် လက်လုပ်လက်စား လုပ်ငန်း၊ | ရှိရင်း - ၆၃၃<br>ပျက်ကွက် - ၂၈<br>တက်ရောက် - ၆၀၅<br>ထောက်ခံမဲ - ၅၂၈<br>ရာခိုင်နှုန်း - ၈၃ ဒသမ ၄၁<br>(ပြင်ဆင်သွားရေးဆက်လက်ဆောင်ရွက်သွားရန် အတည်ပြုသည်) |
| | | (ည) ပြည်ထောင်စုက ပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် ကျွန်းနှင့် အုပ်စု(၁) အမျိုးအစားတွင် ပါဝင်သော သစ်ရာ၊ အင်ကြင်း၊ ပျဉ်းကတိုး၊ ပိတောက်၊ သက်န်းနက်၊ တမလန်းမှအပ ကျန်သစ်များ၊ | ရှိရင်း - ၆၃၃<br>ပျက်ကွက် - ၂၈<br>တက်ရောက် - ၆၀၅<br>ထောက်ခံမဲ - ၅၂၈<br>ရာခိုင်နှုန်း - ၈၃ ဒသမ ၄၁<br>(ပြင်ဆင်သွားရေးဆက်လက်ဆောင်ရွက်သွားရန် အတည်ပြုသည်) |
| | | (ဋ) ပြည်ထောင်စုက ပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း စီမံခန့်ခွဲခွင့်ရှိသည့် တောရိုင်းတိရစ္ဆာန်များ၊ သဘာဝအပင်များနှင့် သဘာဝနယ်မြေများ အပါအဝင် ပတ်ဝန်းကျင် ကာကွယ်ရေးနှင့် ထိန်းသိမ်းရေး။ | ရှိရင်း - ၆၃၃<br>ပျက်ကွက် - ၂၈<br>တက်ရောက် - ၆၀၅<br>ထောက်ခံမဲ - ၅၂၉<br>ရာခိုင်နှုန်း - ၈၃ ဒသမ ၅၇<br>(ပြင်ဆင်သွားရေးဆက်လက်ဆောင်ရွက်သွားရန် အတည်ပြုသည်) |
| ၅။ | **စက်မှုလက်မှုကဏ္ဍ** | (င) စက်မှုလက်မှုကဏ္ဍ၌ ပါရှိသော အမှတ်စဉ်(ခ)၏ အောက်တွင် အောက်ပါအတိုင်း ဖြည့်စွက်ရမည်- | |
| | | (ဂ) ပြည်ထောင်စုကပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် စက်မှုဇုန်များ။ | ရှိရင်း - ၆၃၃<br>ပျက်ကွက် - ၂၈<br>တက်ရောက် - ၆၀၅<br>ထောက်ခံမဲ - ၄၈၃<br>ရာခိုင်နှုန်း - ၇၆ ဒသမ ၃၀<br>(ပြင်ဆင်သွားရေးဆက်လက်ဆောင်ရွက်သွားရန် အတည်ပြုသည်) |
| ၆။ | **ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးကဏ္ဍ** | (စ) ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးကဏ္ဍ၌ ပါရှိသောအမှတ်စဉ် (ဂ)၏ အောက်တွင် အောက်ပါအတိုင်း ဖြည့်စွက်ရမည်- | |
| | | (ဃ) ပြည်ထောင်စုက ပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် ရေကြောင်းလမ်းများ ပြုပြင်ထိန်းသိမ်းရေး၊ | ရှိရင်း - ၆၃၃<br>ပျက်ကွက် - ၂၈<br>တက်ရောက် - ၆၀၅<br>ထောက်ခံမဲ - ၅၂၄<br>ရာခိုင်နှုန်း - ၈၂ ဒသမ ၇၈<br>(ပြင်ဆင်သွားရေးဆက်လက်ဆောင်ရွက်သွားရန် အတည်ပြုသည်) |
| | | (င) ပြည်ထောင်စုက ပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ | ရှိရင်း - ၆၃၃<br>ပျက်ကွက် - ၂၈<br>တက်ရောက် - ၆၀၅<br>ထောက်ခံမဲ - ၅၂၉<br>ရာခိုင်နှုန်း - ၈၃ ဒသမ ၅၇<br>(ပြင်ဆင်သွားရေးဆက်လက်ဆောင်ရွက်သွားရန် အတည်ပြုသည်) |
| | | (စ) ပြည်ထောင်စုက စီမံခန့်ခွဲသည့် လုပ်ငန်းများမှအပ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရက ဆောင်ရွက်ခွင့်ရှိသော စက်လှေနှင့် သင်္ဘောငယ်များ တည်ဆောက်ရေးနှင့် ပြင်ဆင်ထိန်းသိမ်းရေး၊ | ရှိရင်း - ၆၃၃<br>ပျက်ကွက် - ၂၈<br>တက်ရောက် - ၆၀၅<br>ထောက်ခံမဲ - ၅၃၀<br>ရာခိုင်နှုန်း - ၈၃ ဒသမ ၇၃<br>(ပြင်ဆင်သွားရေးဆက်လက်ဆောင်ရွက်သွားရန် အတည်ပြုသည်) |
| | | (ဆ) ပြည်ထောင်စုက ပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် လေကြောင်း သယ်ယူပို့ဆောင်ရေး၊ | ရှိရင်း - ၆၃၃<br>ပျက်ကွက် - ၂၈<br>တက်ရောက် - ၆၀၅<br>ထောက်ခံမဲ - ၅၂၈<br>ရာခိုင်နှုန်း - ၈၃ ဒသမ ၄၁<br>(ပြင်ဆင်သွားရေးဆက်လက်ဆောင်ရွက်သွားရန် အတည်ပြုသည်) |
| | | (ဇ) ပြည်ထောင်စုက ပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် အိမ်ရာနှင့် အဆောက်အအုံများ။ | ရှိရင်း - ၆၃၃<br>ပျက်ကွက် - ၂၈<br>တက်ရောက် - ၆၀၅<br>ထောက်ခံမဲ - ၅၃၀<br>ရာခိုင်နှုန်း - ၈၃ ဒသမ ၇၃<br>(ပြင်ဆင်သွားရေးဆက်လက်ဆောင်ရွက်သွားရန် အတည်ပြုသည်) |
| ၇။ | **လူမှုရေးကဏ္ဍ** | (ဆ) လူမှုရေးကဏ္ဍ၌ပါရှိသော အမှတ်စဉ်(ဆ)၏ အောက်တွင် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-<br>(ဇ) ပြည်ထောင်စုက ပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် အခြေခံပညာကျောင်းများ၊ စီမံရေးကိစ္စရပ်များ၊ | ရှိရင်း - ၆၃၃<br>ပျက်ကွက် - ၂၈<br>တက်ရောက် - ၆၀၅<br>ထောက်ခံမဲ - ၅၉၅<br>ရာခိုင်နှုန်း - ၉၄<br>(ပြင်ဆင်သွားရေးဆက်လက်ဆောင်ရွက်သွားရန် အတည်ပြုသည်) |
| | | (ဈ) ပြည်ထောင်စုက ပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့်ကုသိုလ်ဖြစ် ဆေးရုံများနှင့် ဆေးခန်းများ၊ ပုဂ္ဂလိကဆေးရုံများနှင့် ဆေးခန်းများ၊ | ရှိရင်း - ၆၃၃<br>ပျက်ကွက် - ၂၈<br>တက်ရောက် - ၆၀၅<br>ထောက်ခံမဲ - ၆၀၂<br>ရာခိုင်နှုန်း - ၉၅ ဒသမ ၁၀<br>(ပြင်ဆင်သွားရေးဆက်လက်ဆောင်ရွက်သွားရန် အတည်ပြုသည်) |
| | | (ည) ပြည်ထောင်စုက ပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် အစားအသောက်၊ ဆေးဝါး၊ ဆေးပစ္စည်းနှင့် အလှကုန်စသည်တို့ တုပရောနှော ထုတ်လုပ်ရောင်းချခြင်းမှ ကာကွယ်ရေး၊ | ရှိရင်း - ၆၃၃<br>ပျက်ကွက် - ၂၈<br>တက်ရောက် - ၆၀၅<br>ထောက်ခံမဲ - ၆၀၂<br>ရာခိုင်နှုန်း - ၉၅ ဒသမ ၁၀<br>(ပြင်ဆင်သွားရေးဆက်လက်ဆောင်ရွက်သွားရန် အတည်ပြုသည်) |
| | | (ဋ) ပြည်ထောင်စုက ပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် ကလေးသူငယ်များ၊ လူငယ်များ၊ အမျိုးသမီးများ၊ မသန်မစွမ်းသူများ၊ သက်ကြီးရွယ်အိုများ၊ အခြေအနေမဲ့များအား စောင့်ရှောက်ရေး၊ | ရှိရင်း - ၆၃၃<br>ပျက်ကွက် - ၂၈<br>တက်ရောက် - ၆၀၅<br>ထောက်ခံမဲ - ၆၀၂<br>ရာခိုင်နှုန်း - ၉၅ ဒသမ ၁၀<br>(ပြင်ဆင်သွားရေးဆက်လက်ဆောင်ရွက်သွားရန် အတည်ပြုသည်) |
| | | (ဌ) ပြည်ထောင်စုက ပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး ကိစ္စရပ်များ၊ | ရှိရင်း - ၆၃၃<br>ပျက်ကွက် - ၂၈<br>တက်ရောက် - ၆၀၅<br>ထောက်ခံမဲ - ၆၀၂<br>ရာခိုင်နှုန်း - ၉၅ ဒသမ ၁၀<br>(ပြင်ဆင်သွားရေးဆက်လက်ဆောင်ရွက်သွားရန် အတည်ပြုသည်) |
| | | (ဍ) ပြည်ထောင်စုက ပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် စာပေ၊ သဘင်၊ ဂီတ၊ ရိုးရာပန်း၊ ရုပ်ရှင်နှင့် ဗီဒီယိုလုပ်ငန်းများ။ | ရှိရင်း - ၆၃၃<br>ပျက်ကွက် - ၂၈<br>တက်ရောက် - ၆၀၅<br>ထောက်ခံမဲ - ၅၉၅<br>ရာခိုင်နှုန်း - ၉၄<br>(ပြင်ဆင်သွားရေးဆက်လက်ဆောင်ရွက်သွားရန် အတည်ပြုသည်) |
| ၈။ | **စီမံခန့်ခွဲရေးကဏ္ဍ** | (ဇ) စီမံခန့်ခွဲရေးကဏ္ဍ၌ ပါရှိသော အမှတ်စဉ်(ဂ)၏ အောက်တွင် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-<br>(ဃ)ပြည်ထောင်စုက ပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် ယစ်မျိုး စီမံခန့်ခွဲခွင့်ဆိုင်ရာ ကိစ္စရပ်များ၊ | ရှိရင်း - ၆၃၃<br>ပျက်ကွက် - ၂၈<br>တက်ရောက် - ၆၀၅<br>ထောက်ခံမဲ - ၅၉၀<br>ရာခိုင်နှုန်း - ၉၃ ဒသမ ၂၁<br>(ပြင်ဆင်သွားရေးဆက်လက်ဆောင်ရွက်သွားရန် အတည်ပြုသည်) |
| | | (င) ပြည်ထောင်စုက ပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် နယ်စပ်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေး လုပ်ငန်းများ။" | ရှိရင်း - ၆၃၃<br>ပျက်ကွက် - ၂၈<br>တက်ရောက် - ၆၀၅<br>ထောက်ခံမဲ - ၅၈၈<br>ရာခိုင်နှုန်း - ၉၂ ဒသမ ၈၉<br>(ပြင်ဆင်သွားရေးဆက်လက်ဆောင်ရွက်သွားရန် အတည်ပြုသည်) |

စာမျက်နှာ ၁၀ သို့

စာမျက်နှာ ၉ မှ

| စဉ် | ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) | ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း | လွှတ်တော်တွင် မဲခွဲဆုံးဖြတ်ချက် |
|---|---|---|---|
| ၂၉ | ဇယား ၅<br>တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များက ကောက်ခံရမည့် အခွန်အခများ<br>(ပုဒ်မ ၂၅၄ ကို ရည်ညွှန်းသည်) | ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ဇယား(၅)တွင် တိုင်းဒေသကြီးအစိုးရ သို့မဟုတ် ပြည်နယ်အစိုးရများက ကောက်ခံရမည့် အခွန်အခများစာရင်း၌ ပါရှိသော အမှတ်စဉ် ၁၉ ၏ အောက်တွင် အောက်ပါတို့ကို ဖြည့်စွက်ရမည်- | |
| | | "၂၀။ ပြည်ထောင်စုက ပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် အရင်းအနှီးဆိုင်ရာ အခွန်အခများ၊ | ရှိရင်း - ၆၃၃<br>ပျက်ကွက် - ၂၈<br>တက်ရောက် - ၆၀၅<br>ထောက်ခံမဲ - ၆၀၁<br>ရာခိုင်နှုန်း - ၉၄ ဒသမ ၉၄<br>(ပြင်ဆင်သွားရေးဆက်လက်ဆောင်ရွက်သွားရန် အတည်ပြုသည်) |
| | | ၂၁။ ပြည်ထောင်စုက ပြဋ္ဌာန်းသည့်ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် အာမခံလုပ်ငန်းဆိုင်ရာ အခွန်အခများ၊ | ရှိရင်း - ၆၃၃<br>ပျက်ကွက် - ၂၈<br>တက်ရောက် - ၆၀၅<br>ထောက်ခံမဲ - ၆၀၁<br>ရာခိုင်နှုန်း - ၉၄ ဒသမ ၉၄<br>(ပြင်ဆင်သွားရေးဆက်လက်ဆောင်ရွက်သွားရန် အတည်ပြုသည်) |
| | | ၂၂။ ပြည်ထောင်စုက ပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် ဝင်ငွေခွန်ဆိုင်ရာ အခွန်အခများ၊ | ရှိရင်း - ၆၃၃<br>ပျက်ကွက် - ၂၈<br>တက်ရောက် - ၆၀၅<br>ထောက်ခံမဲ - ၆၀၁<br>ရာခိုင်နှုန်း - ၉၄ ဒသမ ၉၄<br>(ပြင်ဆင်သွားရေးဆက်လက်ဆောင်ရွက်သွားရန် အတည်ပြုသည်) |
| | | ၂၃။ ပြည်ထောင်စုက ပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် ကုန်သွယ် လုပ်ငန်းခွန်ဆိုင်ရာ အခွန်အခများ၊ | ရှိရင်း - ၆၃၃<br>ပျက်ကွက် - ၂၈<br>တက်ရောက် - ၆၀၅<br>ထောက်ခံမဲ - ၆၀၁<br>ရာခိုင်နှုန်း - ၉၄ ဒသမ ၉၄<br>(ပြင်ဆင်သွားရေးဆက်လက်ဆောင်ရွက်သွားရန် အတည်ပြုသည်) |
| | | ၂၄။ ပြည်ထောင်စုက ပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် အကောက်အခွန်ဆိုင်ရာ အခွန်အခများ၊ | ရှိရင်း - ၆၃၃<br>ပျက်ကွက် - ၂၈<br>တက်ရောက် - ၆၀၅<br>ထောက်ခံမဲ - ၆၀၂<br>ရာခိုင်နှုန်း - ၉၅ ဒသမ ၁၀<br>(ပြင်ဆင်သွားရေးဆက်လက်ဆောင်ရွက်သွားရန် အတည်ပြုသည်) |
| | | ၂၅။ ပြည်ထောင်စုက ပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် ဟိုတယ်နှင့် တည်းခိုခန်းဆိုင်ရာ အခွန်အခများ၊ | ရှိရင်း - ၆၃၃<br>ပျက်ကွက် - ၂၈<br>တက်ရောက် - ၆၀၅<br>ထောက်ခံမဲ - ၆၀၂<br>ရာခိုင်နှုန်း - ၉၅ ဒသမ ၁၀<br>(ပြင်ဆင်သွားရေးဆက်လက်ဆောင်ရွက်သွားရန် အတည်ပြုသည်) |
| | | ၂၆။ ပြည်ထောင်စုက ပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် ခရီးသွားလာရေး လုပ်ငန်းဆိုင်ရာ အခွန်အခများ၊ | ရှိရင်း - ၆၃၃<br>ပျက်ကွက် - ၂၈<br>တက်ရောက် - ၆၀၅<br>ထောက်ခံမဲ - ၅၉၉<br>ရာခိုင်နှုန်း - ၉၄ ဒသမ ၆၃<br>(ပြင်ဆင်သွားရေးဆက်လက်ဆောင်ရွက်သွားရန် အတည်ပြုသည်) |
| | | ၂၇။ ပြည်ထောင်စုက ပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် စာချုပ်စာတမ်း မှတ်ပုံတင်ခြင်းဆိုင်ရာ အခွန်အခများ၊ | ရှိရင်း - ၆၃၃<br>ပျက်ကွက် - ၂၈<br>တက်ရောက် - ၆၀၅<br>ထောက်ခံမဲ - ၆၀၂<br>ရာခိုင်နှုန်း - ၉၅ ဒသမ ၁၀<br>(မူလအတိုင်းထားရှိရန် အတည်ပြု) |
| | | ၂၈။ ပြည်ထောင်စုက ပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် ပင်လယ်ကမ်းနီး ငါးလုပ်ငန်းဆိုင်ရာ အခွန်အခများ၊ | ရှိရင်း - ၆၃၃<br>ပျက်ကွက် - ၂၈<br>တက်ရောက် - ၆၀၅<br>ထောက်ခံမဲ - ၆၀၁<br>ရာခိုင်နှုန်း - ၉၄ ဒသမ ၉၄<br>(ပြင်ဆင်သွားရေးဆက်လက်ဆောင်ရွက်သွားရန် အတည်ပြုသည်) |
| | | ၂၉။ ပြည်ထောင်စုက ပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် ရေနံ၊ သဘာဝဓာတ်ငွေ့ဆိုင်ရာ အခွန်အခများ၊ | ရှိရင်း - ၆၃၃<br>ပျက်ကွက် - ၂၈<br>တက်ရောက် - ၆၀၅<br>ထောက်ခံမဲ - ၆၀၀<br>ရာခိုင်နှုန်း - ၉၄ ဒသမ ၇၈<br>(ပြင်ဆင်သွားရေးဆက်လက်ဆောင်ရွက်သွားရန် အတည်ပြုသည်) |
| | | ၃၀။ ပြည်ထောင်စုက ပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် သတ္တုနှင့် သတ္တုတွင်းဆိုင်ရာ အခွန်အခများ၊ | ရှိရင်း - ၆၃၃<br>ပျက်ကွက် - ၂၈<br>တက်ရောက် - ၆၀၅<br>ထောက်ခံမဲ - ၆၀၂<br>ရာခိုင်နှုန်း - ၉၅ ဒသမ ၁၀<br>(ပြင်ဆင်သွားရေးဆက်လက်ဆောင်ရွက်သွားရန် အတည်ပြုသည်) |
| | | ၃၁။ ပြည်ထောင်စုက ပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် ကျောက်မျက်ရတနာဆိုင်ရာ အခွန်အခများ၊ | ရှိရင်း - ၆၃၃<br>ပျက်ကွက် - ၂၈<br>တက်ရောက် - ၆၀၅<br>ထောက်ခံမဲ - ၆၀၂<br>ရာခိုင်နှုန်း - ၉၅ ဒသမ ၁၀<br>(ပြင်ဆင်သွားရေးဆက်လက်ဆောင်ရွက်သွားရန် အတည်ပြုသည်) |
| | | ၃၂။ ပြည်ထောင်စုက ပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် ကျွန်းနှင့်အုပ်စု(၁) အမျိုးအစားတွင် ပါဝင်သော သစ်ရာ၊ အင်ကြင်း၊ ပျဉ်းကတိုး၊ ပိတောက်၊ သက်န်းနက်၊ တမလန်းမှအပကျန်သစ်အမျိုးအစားများနှင့် သက်ဆိုင်သည့် အခွန်အခများ၊ | ရှိရင်း - ၆၃၃<br>ပျက်ကွက် - ၂၈<br>တက်ရောက် - ၆၀၅<br>ထောက်ခံမဲ - ၆၀၀<br>ရာခိုင်နှုန်း - ၉၄ ဒသမ ၇၈<br>(ပြင်ဆင်သွားရေးဆက်လက်ဆောင်ရွက်သွားရန် အတည်ပြုသည်) |
| | | ၃၃။ ပြည်ထောင်စုက ပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် စက်မှုလုပ်ငန်းဆိုင်ရာ အခွန်အခများ၊ | ရှိရင်း - ၆၃၃<br>ပျက်ကွက် - ၂၈<br>တက်ရောက် - ၆၀၅<br>ထောက်ခံမဲ - ၆၀၀<br>ရာခိုင်နှုန်း - ၉၄ ဒသမ ၇၈<br>(ပြင်ဆင်သွားရေးဆက်လက်ဆောင်ရွက်သွားရန် အတည်ပြုသည်) |
| | | ၃၄။ ပြည်ထောင်စုက ပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် စက်လှေ၊ သင်္ဘောငယ်များ တည်ဆောက်ရေးနှင့် ပြင်ဆင်ထိန်းသိမ်းရေး ဆိုင်ရာ အခွန်အခများ၊ | ရှိရင်း - ၆၃၃<br>ပျက်ကွက် - ၂၈<br>တက်ရောက် - ၆၀၅<br>ထောက်ခံမဲ - ၆၀၂<br>ရာခိုင်နှုန်း - ၉၅ ဒသမ ၁၀<br>(ပြင်ဆင်သွားရေးဆက်လက်ဆောင်ရွက်သွားရန် အတည်ပြုသည်) |
| | | ၃၅။ ပြည်ထောင်စုက ပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် လေကြောင်း သယ်ယူပို့ဆောင်ရေးဆိုင်ရာ အခွန်အခများ၊ | ရှိရင်း - ၆၃၃<br>ပျက်ကွက် - ၂၈<br>တက်ရောက် - ၆၀၅<br>ထောက်ခံမဲ - ၅၅၈<br>ရာခိုင်နှုန်း - ၈၈ ဒသမ ၁၅<br>(ပြင်ဆင်သွားရေးဆက်လက်ဆောင်ရွက်သွားရန် အတည်ပြုသည်) |
| | | ၃၆။ ပြည်ထောင်စုက ပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် အိမ်ရာနှင့် အဆောက်အအုံများဆိုင်ရာ အခွန်အခများ၊ | ရှိရင်း - ၆၃၃<br>ပျက်ကွက် - ၂၈<br>တက်ရောက် - ၆၀၅<br>ထောက်ခံမဲ - ၅၉၉<br>ရာခိုင်နှုန်း - ၉၄ ဒသမ ၆၃<br>(ပြင်ဆင်သွားရေးဆက်လက်ဆောင်ရွက်သွားရန် အတည်ပြုသည်) |
| | | ၃၇။ ပြည်ထောင်စုက ပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် ကိုယ်ပိုင်ကျောင်းနှင့် သင်တန်းများဆိုင်ရာ အခွန်အခများ၊ | ရှိရင်း - ၆၃၃<br>ပျက်ကွက် - ၂၈<br>တက်ရောက် - ၆၀၅<br>ထောက်ခံမဲ - ၆၀၂<br>ရာခိုင်နှုန်း - ၉၅ ဒသမ ၁၀<br>(ပြင်ဆင်သွားရေးဆက်လက်ဆောင်ရွက်သွားရန် အတည်ပြုသည်) |
| | | ၃၈။ ပြည်ထောင်စုက ပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် ပုဂ္ဂလိက ဆေးရုံများနှင့် ဆေးခန်းများဆိုင်ရာ အခွန်အခများ၊ | ရှိရင်း - ၆၃၃<br>ပျက်ကွက် - ၂၈<br>တက်ရောက် - ၆၀၅<br>ထောက်ခံမဲ - ၆၀၁<br>ရာခိုင်နှုန်း - ၉၄ ဒသမ ၉၄<br>(ပြင်ဆင်သွားရေးဆက်လက်ဆောင်ရွက်သွားရန် အတည်ပြုသည်) |
| | | ၃၉။ ပြည်ထောင်စုက ပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် စာပေ၊ သဘင်၊ ဂီတ၊ ရိုးရာပန်း၊ ရုပ်ရှင်၊ ဗီဒီယိုဆိုင်ရာ အခွန်အခများ။" | ရှိရင်း - ၆၃၃<br>ပျက်ကွက် - ၂၈<br>တက်ရောက် - ၆၀၅<br>ထောက်ခံမဲ - ၆၀၂<br>ရာခိုင်နှုန်း - ၉၅ ဒသမ ၁၀<br>(ပြင်ဆင်သွားရေးဆက်လက်ဆောင်ရွက်သွားရန် အတည်ပြုသည်) |

✻ ရှေ့ဖုံးမှ

ပုဏ္ဏားကျွန်းမြို့နယ်တွင် ငွေကျပ် ၂ ဒသမ ၁၂ သန်း၊ ရသေ့တောင်မြို့နယ်တွင် ငွေကျပ် ၃၇ ဒသမ ၅ သန်း၊ မြောက်ဦးမြို့နယ်တွင် ငွေကျပ် ၆၂ ဒသမ ၅၅ သန်း၊ ကျောက်တော်မြို့နယ်တွင် ငွေကျပ် ၃၂ ဒသမ ၉၆ သန်း၊ မင်းပြားမြို့နယ်တွင် ငွေကျပ် ၅၁ သန်း၊ သံတွဲမြို့နယ်တွင် ငွေကျပ် ၃၁၁ ဒသမ ၁ သန်း၊ တောင်ကုတ်မြို့နယ်တွင် ငွေကျပ် ၃၂၇ ဒသမ ၇၄ သန်း၊ ဂွမြို့နယ်တွင် ငွေကျပ် ၃၇ ဒသမ ၄ သန်း၊ မောင်တောမြို့နယ်တွင် ငွေကျပ် ၃၉၅ ဒသမ ၆ သန်း၊ ဘူးသီးတောင်မြို့နယ်တွင် ငွေကျပ် ၂၀၉ ဒသမ ၁၈ သန်း၊ ရမ်းဗြဲမြို့နယ်တွင် ၁၀၅ ဒသမ ၃၃ သန်း၊ မာန်အောင်မြို့နယ်တွင် ၀ ဒသမ ၄ သန်း၊ အမ်းမြို့နယ်တွင် ငွေကျပ် ၁၃၈၈ ဒသမ ၅၇ သန်းနှင့် မအီမြို့နယ်တွင် ငွေကျပ် ၂၅၅ ဒသမ ၂၄ သန်းဖြစ်ကြောင်း သိရသည်။

ထိုသို့ **ပျက်စီးဆုံးရှုံးမှုများကို ပြန်လည်ပြုပြင်နိုင်ရန် နိုင်ငံတော်က ရခိုင်ပြည်နယ် သဘာဝဘေးအန္တရာယ် ကယ်ဆယ်ရေး၊ ပြန်လည်ပြုပြင်တည်ဆောက်ရေး အတွက် ငွေကျပ် ၃ ဒသမ ၂၁၆ ဘီလီယံ ခွင့်ပြုပေးခဲ့ရာ** လမ်းတံတားလုပ်ငန်းများတွင် ငွေကျပ် ၁၆၄၉ ဒသမ ၉၆ သန်း၊ စိုက်ပျိုးရေးဆိုင်ရာများတွင် ငွေကျပ် ၆၀ ဒသမ ၄ သန်း၊ အိမ်ရာဆောက်လုပ်ရေးလုပ်ငန်းများတွင် ငွေကျပ် ၈၉၁ ဒသမ ၁ သန်း၊ ရေကာတာလုပ်ငန်းများတွင် ငွေကျပ် ၄၅ သန်း၊ ပညာရေးဆိုင်ရာများတွင် ငွေကျပ် ၈၇ ဒသမ ၄ သန်း၊ သာသနာရေးဆိုင်ရာများတွင် ငွေကျပ်သန်း ၁၀၀၊ ကျန်းမာရေးဆိုင်ရာများတွင် ငွေကျပ်သန်း ၅၀ နှင့် မွေးမြူရေးဆိုင်ရာများတွင် ငွေကျပ် ၃၃၂ ဒသမ ၈၃ သန်းတို့ဖြင့် ကယ်ဆယ်ရေးနှင့် ပြန်လည်ပြုပြင်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။



**ရခိုင်ပြည်နယ်အတွင်း မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် တောင်ကုတ်-မအီ လမ်းပေါ်ရှိ ငှက်ပျောချောင်းတံတား၊ မအီဘက်ခြမ်းရေတိုက်စားသဖြင့် လမ်းပြတ်တောက်သွားခဲ့ပြီး ကမ်းကပ်ခုံနိမ့်ကျသွားသဖြင့် ယာယီဘေလီတံတားအစားထိုးတည်ဆောက်နေမှုကို တွေ့ရစဉ်။** (ဓာတ်ပုံ-ဆောက်လုပ်ရေး)

နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး သက်နိုင်ဝင်းနှင့် တာဝန်ရှိသူများသည် ဇွန် ၃၀ ရက်မှစတင်၍ သံတွဲ၊ တောင်ကုတ်၊ အမ်းမြို့နယ်များရှိ မြို့နယ်ရှိ လမ်းတံတားပျက်စီးမှု၊ စာသင်ကျောင်းနှင့်လူနေအိမ်ပျက်စီးမှု၊ ရွှေ့ပြောင်းနေရာချထားပေးမှု အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး သဘာဝဘေးအန္တရာယ်ကြုံတွေ့ခံစားရသည့် ဒေသခံများနှင့်တွေ့ဆုံအားပေးစကားပြောကြားကာ ဆန်အိတ်များ၊ အဝတ် အထည်များ၊ စောင်၊ ခြင်ထောင်နှင့် မီးဖိုချောင်သုံးပစ္စည်းများ၊ စာသင်ခုံများ၊ ကျောင်းသုံးပစ္စည်းများနှင့် အလှူငွေ များပါဝင်သည့် စုစုပေါင်းငွေကျပ် ၂၀ ဒသမ ၆ သန်းတန်ဖိုးရှိ ကယ်ဆယ်ရေးပစ္စည်းများ ထောက်ပံ့ပေးအပ်ခဲ့သည်။

ထို့အတူ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးတင့်သည် မင်းဘူး-အမ်းလမ်း၊ တောင်ကုတ်-မအီလမ်းနှင့် သံတွဲ-ဂွလမ်းတို့တွင် လမ်းတံတားပျက်စီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လမ်းတံတားနှင့် တည်ဆောက်ရေးဆိုင်ရာ ပစ္စည်းများပေးအပ်ပြီး တံတားများနှင့် ချဉ်းကပ်လမ်းများ ပြင်ဆင်ခြင်း၊ လမ်းတာဖို့ခြင်း၊ ယာယီဘေလီတံတားများ တည်ဆောက်ခြင်း၊ ယင်းလုပ်ငန်းများ ဆောင်ရွက်နေစဉ် ရှောင်ကွင်းလမ်းများအတွက် ကျောက်ဖို့ခြင်းလုပ်ငန်းများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး ကြီးကြပ်ဆောင်ရွက်ခဲ့ရာ အဆိုပါလမ်းပိုင်းများမှာ ဇူလိုင် ၅ ရက်တွင် မော်တော်ယာဉ်များ ဖြတ်သန်းသွားလာအသုံးပြုနိုင်ပြီဖြစ်ကြောင်း သိရသည်။

ရခိုင်ပြည်နယ်အတွင်း ကယ်ဆယ်ရေးနှင့် ပြန်လည်ပြုပြင်တည်ဆောက်ရေးလုပ်ငန်းများကို ပြည်နယ်ဝန်ကြီးချုပ် ဦးမောင်မောင်အုန်းနှင့် ပြည်နယ်ဝန်ကြီးများ၊ တာဝန်ရှိသူများကလည်း အချိန်နှင့်တစ်ပြေးညီ ဖြန့်ခွဲသွားရောက်ပြီး ကယ်ဆယ်ရေး၊ ပြန်လည်နေရာချထားရေးနှင့် ပြုပြင်တည်ဆောက်ရေးလုပ်ငန်းများကို ကြီးကြပ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(သတင်းစဉ်)**



## ကွန်ကရစ်တံတား ပျက်စီး

**သံတွဲမြို့နယ် သံတွဲ - ဂွလမ်း တံတား အမှတ် (၁၀/၂၇) ပေ ၄၀ ရှည် ကွန်ကရစ်တံတား ပျက်စီးမှု အခြေအနေကို တွေ့ရစဉ်။**
(ဓာတ်ပုံ-နယ်စပ်/စည်ပင်)



**သံတွဲ-ဂွလမ်း မိုင်တိုင် (၂၆/၆) မှ (၂၇/၁) အကြား တံတားအမှတ် (၁၀/၂၇) ပေ ၄၀ ကွန်ကရစ်တံတားပျက်စီးခဲ့သည့်အတွက် ယာယီဘေလီတံတား အစားထိုးတည်ဆောက်ရေးလုပ်ငန်းများကို တွေ့ရစဉ်။**
(ဓာတ်ပုံ-ဆောက်လုပ်ရေး)



**ရခိုင်ပြည်နယ်အတွင်း မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် လယ်ယာမြေများ ပျက်စီးမှုအခြေအနေများကို တွေ့ရစဉ်။**
(ဓာတ်ပုံ-နယ်စပ်/စည်ပင်)

# စစ်ကိုင်းမြို့၌ ခိုးဆိုးနှိုက်သူများ လက်နက်များနှင့်အတူ ဖမ်းဆီးရမိ

**စစ်ကိုင်း ဇူလိုင် ၉**

စစ်ကိုင်းခရိုင် စစ်ကိုင်းမြို့နယ်အတွင်း ခိုးဆိုးနှိုက်သူများ ပေါ်ပေါက်နေသဖြင့် စစ်ကိုင်းခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး စိုးသန့်၏ကွပ်ကဲမှုဖြင့် စစ်ကိုင်းမြို့နယ် ရဲတပ်ဖွဲ့မှ အဖွဲ့သုံးဖွဲ့ခွဲကာ မြို့နယ်အတွင်း နေ့/ည ရပ်ကင်း၊ လှည့်ကင်း၊ ဝပ်ကင်းများဆောင်ရွက်ခဲ့ရာ ပန်းဘဲတန်းရပ်ကွက် တာရိုးလမ်း အောင်မြင့်မြတ် ရေဆေးဆီလိုက်ဆိုင်ရှေ့တွင် ဇွန် ၇ ရက် မွန်းလွဲ ၃ နာရီက တေဇာထွန်း(ခ) ကိုဇူး (၁၉ နှစ်)၊ ကျော်ဇင်ပိုင်(ခ)ပိုင်ပိုင် (၂၂ နှစ်)၊ ဆန်းမင်း(၂၅ နှစ်)၊ အောင်ကိုဖြိုး(ခ) ကိုဖြိုး (၂၂ နှစ်) တို့နှင့်အတူ AAA Bo 125 နံပါတ်မပါ ဆိုင်ကယ်တစ်စီး၊ FZ YAMAHA အမျိုးအစား 40 W/---- အနက်ရောင်ဆိုင်ကယ် တစ်စီး၊ BOTON SWORD စာတန်းပါ ဓားဦးချွန်၊ အရိုးအသွား ၁၈ လက်မခန့်ရှိ ဓားရှည်နှစ်ချောင်း၊ အနက်ရောင်သံလက်သီး သုံးခု၊ SAMSUNG အမျိုးအစားလက်ကိုင်ဖုန်းတစ်လုံး၊ ဆင်းကတ်နံပါတ်ပါ ဖုန်းတစ်လုံး၊ ငွေစက္ကူရောရာ ၂၇၀၀၀ နှင့် Sport စာတန်းပါ အနက်ရောင်ကျောပိုးအိတ်တို့ကို တွေ့ရှိရသဖြင့် အရေးယူစစ်ဆေးလျက်ရှိကြောင်း သိရသည်။ **ထွေးမြင့်နိုင်(စစ်ကိုင်း)**






# အရှိန်မထိန်းနိုင်ဘဲ ၁၂ ဘီးယာဉ် ချောက်ထဲထိုးကျ

**ဂန့်ဂေါ ဇူလိုင် ၉**

မကွေးတိုင်းဒေသကြီး ဂန့်ဂေါခရိုင် ဂန့်ဂေါမြို့ ဂန့်ဂေါခတ်အားခွဲရုံအနီး မြို့ပတ်လမ်းကုန်းအဆင်းတွင် ကုန်တင်ယာဉ်တစ်စီးက မော်တော်ဆိုင်ကယ်နှစ်စီးကို ရှောင်တိမ်းရာ အရှိန်မထိန်းနိုင်ဘဲ ချောက်ထဲထိုးကျခဲ့သော ဖြစ်ရပ်တစ်ခု ဇူလိုင် ၉ ရက် နံနက် ၆ နာရီ မိနစ် ၂၀ က ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ကလေးမြို့နယ် သာစည်ကျေးရွာနေ ဦးဝင်းဗိုလ်(၄၆ နှစ်) မောင်းနှင်သော ယာဉ်အမှတ် 1D/...... ဖူဆိုအမျိုးအစား ၁၂ ဘီးယာဉ်အဖြူရောင်သည် ထီးလင်း-ဂန့်ဂေါလမ်းအတိုင်း ထီးလင်းမြို့မှ ဂန့်ဂေါမြို့သို့ မောင်းနှင်လာစဉ် ဂန့်ဂေါမြို့ ဂန့်ဂေါခတ်အားခွဲရုံအနီး ဂန့်ဂေါမြို့ပတ်လမ်းကုန်းဆင်းအရောက်တွင် မော်တော်ဆိုင်ကယ်နှစ်စီးကို ရှောင်တိမ်းရာမှ အရှိန်မထိန်းနိုင်ဘဲ လမ်း၏ယာဘက်ရှိ ပေ ၈၀ အနက်ရှိသော ချောက်ထဲသို့ ထိုးကျသွားခဲ့သည်။

အဆိုပါဖြစ်စဉ်တွင် ယာဉ်ပေါ်ပါလာသော ကလေးမြို့နယ် သာစည်ကျေးရွာနေ ယာဉ်မောင်း ဦးဝင်းဗိုလ် (၄၆ နှစ်)နှင့် ယာဉ်နောက်လိုက် မောင်ချမ်းငြိမ်းထက် (၁၈ နှစ်)တို့မှာ ထိခိုက်ဒဏ်ရာရရှိမှု တစ်စုံတစ်ရာ မရှိကြောင်းနှင့် ထိုဖြစ်စဉ်နှင့်ပတ်သက်၍ ဂန့်ဂေါမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **ကြီးမြင့်နိုင်(လှိုင်ကော်)**

# အကောက်ခွန်မဲ့ကျောက်စိမ်းတုံးနှင့် သတ္တုရိုင်းတုံးများ ဖမ်းဆီးရမိ

**မူဆယ် ဇူလိုင် ၉**

ရှမ်းပြည်နယ်(မြောက်ပိုင်း)မူဆယ်ခရိုင် (၁၀၅)မိုင် ကုန်သွယ်ရေးဇုန် အေးရှားဝေါလ် တိုးဂိတ်အနီးရှောင်ကွင်းလမ်း၌ လိုင်စင်ပါ TOYOTA HILUX VIGO (YNG 3G ----) ယာဉ်တွင် အကောက်ခွန်မဲ့ ကျောက်စိမ်းဟုယူဆရသော ကျောက်တုံး၊ အခြမ်း၊ အခဲ၊ အရွယ်စုံနှင့် သတ္တုရိုင်းဟုယူဆရသော ကျောက်တုံး၊ အခြမ်း၊ ခဲအရွယ်စုံတို့ကို ဇူလိုင် ၈ ရက်က ဖမ်းဆီးရမိကြောင်း သိရသည်။

အဆိုပါအကောက်ခွန်မဲ့ပစ္စည်းများနှင့် ပိုင်ရှင်မဲ့ယာဉ်ကို မူဆယ်မြို့ ဌာနဆိုင်ရာပေါင်းစုံ (Mobile Team) လှုပ်ရှားအဖွဲ့တို့က ဇူလိုင် ၈ ရက် ညနေ ၆ နာရီက (၁၀၅) မိုင် အေးရှားဝေါလ်တိုးဂိတ်အနီး ရှောင်ကွင်းလမ်း၌ ဖမ်းဆီးရမိခဲ့သည်။ အဆိုပါအကောက်ခွန်မဲ့ပစ္စည်း များသည် ကျောက်စိမ်းဟုယူဆရသော ကျောက်တုံး၊ အခဲ၊ အခြမ်းအရွယ်စုံ(ခန့်မှန်းတန်ဖိုးငွေကျပ် ၆၃၇ သိန်း)၊ သတ္တုရိုင်းဟုယူဆရသော ကျောက်တုံး၊ အခဲ၊ အခြမ်းအရွယ်စုံ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၈ သိန်း) နှင့် လိုင်စင်ပါပိုင်ရှင်မဲ့ယာဉ် ကာလတန်ဖိုးငွေကျပ် သိန်း၁၄၀ ကို ဖမ်းဆီးရမိခဲ့သည်။ ကျောက်စိမ်းများကို မြန်မာ့ကျောက်မျက်ရတနာကုန်စည်ဒိုင်သို့လည်းကောင်း၊ သတ္တုရိုင်းများကို သတ္တုတွင်းဝန်ကြီးဌာနသို့လည်းကောင်း၊ ယာဉ်ကို အကောက်ခွန်ဦးစီးဌာနသို့လည်းကောင်း လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။ **အယ်လ်စိုး(မူဆယ်)**






နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် ပျဉ်းမနား-တောင်ညိုလမ်းမကြီးနှင့် ပြည်ကြီးမဏ္ဍိုင်လမ်းဆုံ၌ ဇူလိုင် ၉ ရက်က ယာဉ်မောင်း ဦးစိန်ဝင်းမောင်းနှင်လာသည့် ယာဉ်အမှတ် 4A/--- မတ်တူးယာဉ်သည် မြို့မဈေးဘက်မှ သပြေကုန်းအဝိုင်းဘက်သို့ မောင်းနှင်လာစဉ် ပက်လက်လန်အနေအထားဖြင့် တိမ်းမှောက်မှုဖြစ်ပွားစဉ်။

(ယာဉ်ပေါ်တွင် ယာဉ်မောင်းသူအပါအဝင် နှစ်ဦးစီးနင်းလိုက်ပါလာပြီး ဦးစိန်ဝင်းမှာ ရရှိသောဒဏ်ရာဖြင့် ခုတင် (၁၀၀၀) ဆေးရုံကြီးအရောက်တွင် သေဆုံးသွားကြောင်း သိရသည်။)

မင်းမင်းလတ်(မန်းတက္ကသိုလ်)


## စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့နယ်၊ ကမာနတ်၊ အမှတ် (၃)ရပ်ကွက်၊ အမှတ် (၂၅၅) နေ
ဦးမောင်မောင်မြင့်-ဒေါ်သိန်းကြည်တို့၏သား
ဗိုလ်မှူးစိုးမင်းထွဋ် (B.C.Sc, DSA) (M.C.Sc, UCSY) -မဇင်မာလွင် [Dip. Ed, B.Sc (Bot;)] တို့၏ညီ၊
မတင်နီလာထွဋ် (Dip in Nur, NYP, Singapore & Bachelor in Nur, Curtin University, Australia) တို့၏ အစ်ကို

**ဗိုလ်မှူးကျော်ဇင်ထွဋ်**
**B.Sc; M.Sc (Chem), DSA**
**နှင့်**

နေပြည်တော်နေ
ဒုတိယဗိုလ်မှူးကြီးကျော်ရွှေ(ငြိမ်း) (ညွှန်ကြားရေးမှူးချုပ်၊ စိုက်ပျိုးရေးဦးစီးဌာန၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)-ဒေါ်နန်းသီဂီယဉ် တို့၏တူမ၊ ဗိုလ်ကြီးကျော်မင်း(ငြိမ်း)-ဒေါ်သန်းသန်းဌေးတို့၏ တစ်ဦးတည်းသောသမီး

**မသရဖီကျော်**
**B.E (Civil)**

တို့သည် ၈-၇-၂၀၁၅ ရက်တွင် နယူးဇရာဟိုတယ် (နေပြည်တော်) မင်္ဂလာခန်းမတွင် နှစ်ဖက်သောမိဘဆွေမျိုးများရှေ့မှောက်၌ စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

**နှစ်ဖက်သောမိဘများနှင့်**
**ဗိုလ်မှူးကျော်ဇင်ထွဋ်-မသရဖီကျော်**

**အောင်ပြည့်စုံ**
ဒဂုံမြို့သစ်မြောက်ပိုင်း၊ အရှေ့ပိုင်း၊ တောင်ပိုင်း ဆိပ်ကမ်းမြို့နယ်များ ဈေးကောင်းပေးဝယ်သည်။
09-5232770
09-5134770

**အမည်ပြောင်း**
မင်းပြားမြို့ အထက(ခွဲ) လ(၂)တက္ကသိုလ်ဝင်တန်းမှ ဦးမောင်ဘဦး၏သမီး မနီလာဦးအား မခိုင်ထက်ဟန်ဟု ပြောင်းလဲခေါ်ပါရန်။
**မခိုင်ထက်ဟန်**

**အမည်ပြောင်း**
ဦးတိုးနိုင်၏သား ပေါင်မြို့နယ်၊ အထက ဇင်းကျိုက် နဝမတန်း (D)မှ မောင်မင်းဝေဘုန်းနိုင်အား မောင်လင်းခန့်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မိဘအမည်မှန်**
ပုသိမ်မြို့နယ်၊ အမှတ် ၈၊ အထက တက္ကသိုလ်ဝင်တန်း(A)မှ မောင်မင်းသန့်ဇင်၏ မိဘအမည်မှန်မှာ ဦးရမ်းမဆိုးချ်-ဒေါ်မကြည် ဖြစ်ပါကြောင်း။
**ဦးရမ်းမဆိုးချ် ၁၄/ပသန(နိုင်)၁၉၂၆၉၈**
**သဘော်ကျင်းစက်ကုန်းလမ်း**

**အမည်ပြောင်း**
ဦးဝင်းထွန်း ၁၂/သဃက(နိုင်) ၁၃၅၈၁၂ ၏သား အထက(၅)ဒဂုံတောင် တက္ကသိုလ်ဝင်တန်း(A)မှ မောင်ခန့်ညားကိုအား မောင်ခန့်ညားအောင်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

**အမည်ပြောင်းလဲခေါ်ပေးပါရန်**
ကျိုက်ထိုမြို့ အမ ဦးထွန်းထွန်းဝင်းသား အထက(၁) တက္ကသိုလ်ဝင်တန်းတွင်ပညာသင်ကြားနေသော မောင်တင့်ဝေ(၁၀/ကထန(နိုင်)၁၂၆၁၃၁)အား ယနေ့မှစ၍ မောင်ထက်မြင့်ဇော်ဟု ပြောင်းလဲခေါ်ပေးပါရန်။

**ဖခင်အမည်မှန်**
လက်ပံတန်းမြို့၊ ညောင်ဝိုင်းကျေးရွာ အုပ်စု အထက(ခွဲ)နဝမတန်းမှ မောင်ရဲလွင်စိုး၏ ဖခင်အမည်မှန်မှာ ဦးရဲမြင့်အောင်၇/လပတ(နိုင်)၁၁၅၅၅၈ ဖြစ်ပါကြောင်း။

**ဖခင်အမည်မှန်**
စစ်တွေမြို့၊ အထက(၇) ပါဒလိပ် နဝမတန်း(B)မှ မမြင့်မြင့်ခိုင်၏ ဖခင်အမည်မှန်မှာ ဦးလယ်အောင်သိန်း ၁၃/သပန(နိုင်)၀၃၇၈၂၄ ဖြစ်ပါကြောင်း။
**ဦးလယ်အောင်သိန်း**

# ဝင်ငွေရရှိရေးထက် ခရီးသည်များ လုံခြုံစိတ်ချဘေးအန္တရာယ်ကင်းရေး ပြည်တွင်းရေကြောင်းကဆောင်ရွက် ပြီးခဲ့သည့်ဘဏ္ဍာနှစ်က ဝင်ငွေကျပ်သန်းပေါင်း ၉၄၀၀ ကျော်ရရှိခဲ့သော်လည်း ယခုနှစ်တွင် လျော့နည်းဖွယ်ရှိ

**ရန်ကုန် ဇူလိုင် ၈**

ပြည်တွင်းရေကြောင်းပို့ဆောင်ရေး၏ သယ်ယူပို့ဆောင်ရေးကဏ္ဍမှ ရေယာဉ်ပြေးဆွဲမှုများတွင် သင်္ဘောများကြံ့ခိုင်မှု စစ်ဆေးဆောင်ရွက်လျက်ရှိခြင်းနှင့် အောင်တံခွန်(၃) သင်္ဘောနစ်မြုပ်ခဲ့ခြင်းတို့ကြောင့် ခရီးသွားများ လျော့နည်းလာသဖြင့် ယခုဘဏ္ဍာနှစ်အတွင်း ဝင်ငွေရရှိမှု လျော့နည်းနိုင်ကြောင်း ပြည်တွင်းရေကြောင်းပို့ဆောင်ရေး၏ သယ်ယူပို့ဆောင်ရေးဌာနမှ သိရသည်။

ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေးဌာနသည် ယခင်နှစ်များက နိုင်ငံတော်ဝင်ငွေရရှိရေးကို အဓိကထားဆောင်ရွက်သည့် ဌာနတစ်ခုဖြစ်ပြီး အများပြည်သူများ ရေလမ်းခရီးဖြင့် အဆင်ပြေချောမွေ့စွာ သွားလာနိုင်ရေး၊ ကုန်သန်းရောင်းဝယ်ရေးအတွက် ကုန်စည်ပို့ဆောင်ရေးကဏ္ဍကို တစ်ဖက်တစ်လမ်းမှ မြှင့်တင်ခြင်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ယခုနောက်ပိုင်းတွင် ဝင်ငွေရရှိရေးထက် ခရီးသည်များ လုံခြုံစိတ်ချစွာ ဘေးအန္တရာယ်ကင်းရှင်းရေးကို အဓိကထားဆောင်ရွက်ခြင်းများ ပြုလုပ်လျက်ရှိကြောင်း သယ်ယူပို့ဆောင်ရေးဌာနမှ မန်နေဂျာ ဦးရဲဝင်းထွန်းက ပြောသည်။

၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ပြည်တွင်းရေကြောင်းပို့ဆောင်ရေး၏ သယ်ယူပို့ဆောင်ရေးကဏ္ဍမှ ခရီးသည်စုစုပေါင်း ၁၂၂ ဒသမ ၈၇ သိန်းနှင့် ကုန်တန်ချိန်စုစုပေါင်း ၁၇ ဒသမ ၈၇ သိန်းကို ဝန်ဆောင်မှုပေးနိုင်ခဲ့ပြီး ဝင်ငွေရရှိမှုမှာ ခရီးသည်လိုက်ပါစီးနင်းမှုမှ ငွေကျပ်သန်းပေါင်း ၂၉၄၈ ဒသမ ၇၄၀ နှင့် ကုန်ဝန်ဆောင်မှုမှ ငွေကျပ်သန်းပေါင်း ၆၅၇၁ ဒသမ ၂၈၅ ကို နိုင်ငံတော်အတွက် ရှာဖွေပေးနိုင်ခဲ့သည်။ သို့သော် ယခုနှစ်တွင်မူ ကားလမ်းများပိုမိုကောင်းမွန်လာသဖြင့် ကုန်းလမ်းခရီးမှ သွားလာသူ၊ ကုန်စည်ပို့ဆောင်သူ များလာခြင်းနှင့် ယမန်နှစ်က ရခိုင်ပြည်နယ်၌ အောင်တံခွန်(၃) ကူးတို့ရေယာဉ်နစ်မြုပ်မှုဖြစ်ပြီးနောက် ရေယာဉ်များကို ပြုပြင်မွမ်းမံမှုများ ပြုလုပ်ခြင်းကြောင့် ယခု ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွင်း ဝင်ငွေရရှိမှုမှာ ပြီးခဲ့သည့်ဘဏ္ဍာနှစ်ထက် လျော့နည်းနိုင်ဖွယ်ရှိကြောင်းလည်း ဦးရဲဝင်းထွန်းက ပြောသည်။

"သယ်ယူပို့ဆောင်ရေးအတွက် ဝင်ငွေရရှိမှုဟာ ခရီးစဉ်တွေအားလုံးနဲ့ခြုံငုံပြီးပြောမယ်ဆိုရင် ရှုံးပါတယ်။ သို့သော် ခရီးသွားလာရေးအဆင်ပြေဖို့အတွက် ပြေးဆွဲနေရတာပါ။ မကြာသေးမီက နစ်မြုပ်ခဲ့တဲ့ အောင်တံခွန်(၃) ရေယာဉ်ကြောင့် ခရီးသွားလာမှုတွေကို ပြန်လည်ဆန်းစစ်ပေးနေပါတယ်။ သင်္ဘောတွေရဲ့ အရည်အသွေးကိုလည်း စနစ်တကျ စိစစ်မှုခံယူပြီး လိုအပ်ချက်တွေအတိုင်း ပြင်ဆင်ဆောင်ရွက်နေတဲ့အတွက် အမှန်တကယ် မောင်းနှင်ပြေးဆွဲနိုင်တဲ့ သင်္ဘောအနည်းငယ်သာ ကျန်ရှိပါတော့တယ်။ ကျွန်တော်တို့ဘက်မှာလည်း အခက်အခဲတွေက တစ်နိုင်ငံလုံးမှာရှိတဲ့ သင်္ဘောကျင်းတွေအားလုံး ပြုပြင်ထိန်းသိမ်းဖို့ မလွယ်ကူပါဘူး။ ရခိုင်ပြည်နယ်အနေနဲ့ကြည့်မယ်ဆိုရင် အောင်တံခွန်(၁) ကနေ (၇) အထိ စုစုပေါင်း ခုနစ်စင်းရှိရာမှာ မြုပ်သွားတဲ့သင်္ဘောကို ဖယ်ပြီးရင် ကျန်ခြောက်စင်းကို ပြန်လည်စစ်ဆေးတဲ့အခါ တစ်စင်းသာ သတ်မှတ်အရည်အချင်းနဲ့ကိုက်ညီပြီး နှစ်စင်းကိုပြင်ဆင်ဖို့ သတ်မှတ်ခံရပါတယ်။ ကျန်တဲ့ သုံးစင်းက မသုံးစွဲနိုင်ဘူးဆိုပြီး သတ်မှတ်ခံရပါတယ်။ ရခိုင်ပြည်နယ်က သင်္ဘောကျင်းတွေမှာ လုပ်သားလိုအပ်ချက်တွေရှိပါတယ်။ ဒါ့အပြင် လျှပ်စစ်မီးရရှိမှု အားနည်းရင်လည်း သင်္ဘောတွေဒေါက်တင်ဖို့ဆိုတာ အခက်အခဲရှိပါတယ်။ တိုင်းဒေသကြီးနဲ့ပြည်နယ် တော်တော်များများမှာ သင်္ဘောကျင်းလုပ်သား အခက်အခဲတွေလည်း ရှိနေပါတယ်"ဟု ဦးရဲဝင်းထွန်းက ဆက်လက်ပြောသည်။



ယခုအခါ ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေးဌာနမှ ကမ်းရိုးတန်းသွားသင်္ဘောခရီးစဉ်အနေဖြင့် စစ်တွေ-ဘူးသီးတောင်၊ စစ်တွေ-တောင်ကုတ် ခရီးစဉ်များကို ပြေးဆွဲပေးနေပြီး ပုဂ္ဂလိက ရေယာဉ်များလည်း အများအပြား ပြေးဆွဲပေးလျက်ရှိကြောင်း သိရသည်။

"အောင်တံခွန်(၃) နစ်မြုပ်ခဲ့တဲ့ ဖြစ်စဉ်ကို လေ့လာကြည့်မယ်ဆိုရင် ကုန်ချိန်ကလည်း ပိုမိုတင်ဆောင်နေသလို ခရီးသည်ကလည်း အများကြီးတင်ဆောင်ထားတာကြောင့် အခုလို နစ်မြုပ်ခဲ့ရတာပါ။ ကျွန်တော်တို့ သယ်ယူပို့ဆောင်ရေးဌာနက အခုနောက်ပိုင်းမှာ သတ်မှတ်တဲ့ လူဦးရေ၊ ကုန်တန်ချိန်ကို စိစစ်တယ်။ စိစစ်သူ၊ ကုန်လက်ခံသူတွေကနေ နောက်ဆုံး တာဝန်ခံတွေအထိ အဆင့်ဆင့် ကြပ်မတ်ဆောင်ရွက်လျက်ရှိပါတယ်။ အရင်တုန်းကလို ဝင်ငွေကိုဦးစားမပေးဘဲ အသက်အန္တရာယ်ကင်းရှင်းရေးနဲ့ လုံခြုံရေးကို တိုးမြှင့်ထားပါတယ်။ သက်တမ်းလွန်သင်္ဘောတွေကိုလည်း လိုင်စင်သက်တမ်းတွေ တိုးကြဖို့ စိစစ်ဆောင်ရွက်နေတယ်။ လမ်းပန်းဆက်သွယ်ရေးတွေ တိုးမြှင့်ကောင်းမွန်လာတဲ့အတွက် ရေလမ်းခရီးကို မဖြစ်မနေသွားရတဲ့ လမ်းကြောင်းတွေမှာသာ ဝန်ဆောင်မှုပေးရတော့တာ ဖြစ်ပါတယ်။ ရေလမ်းခရီးနဲ့ သွားလာသူတွေ နည်းပါးလာတဲ့အတွက် ဝင်ငွေအနေနဲ့ လျော့ကျသွားတာကို တွေ့ရတယ်"ဟု ဦးရဲဝင်းထွန်းကပင် ပြောသည်။


မိုးတွင်းကာလ ချောင်းတွင်းမြစ်ရေများချိန်ဖြစ်သဖြင့် မုံရွာ-ကလေးဝ ခရီးစဉ်ကို ဇွန် ၂၅ရက်မှစတင်ပြေးဆွဲပေးလျက်ရှိပြီး မုံရွာ-ညောင်ပင်ကြီး ခရီးစဉ်ကိုလည်း ပြည်တွင်းရေကြောင်းမှ ပုဂ္ဂလိက လုပ်ငန်းတစ်ခုသို့ အငှားချထားကာ ပြေးဆွဲပေးလျက်ရှိသည်။ ထို့အပြင် ကလေးဝတံတားစီမံကိန်းအတွက် သယ်ယူပို့ဆောင်ရေးဆောင်ရွက်ရန် သင်္ဘောများ ငှားရမ်းထားရှိပြီး ပထမဆုံးသော မုံရွာ-ကလေးဝ ခရီးစဉ်တွင် လိုက်ပါသူ နည်းပါးသဖြင့် အရှုံးပေါ်ခဲ့ကြောင်း စုံစမ်းသိရှိရသည်။

ထို့အတူ ဧရာဝတီမြစ်ဝကျွန်းပေါ် မြစ်ကြောင်းလမ်းများဖြစ်သည့် ရန်ကုန်-ဖျာပုံ၊ ရန်ကုန်-မြောင်းမြ၊ ရန်ကုန်-လပွတ္တာ အတွင်းလမ်းနှင့် အပြင်လမ်း၊ ရန်ကုန်-မော်လမြိုင်ကျွန်း နေ့စီး၊ညစီးနှင့် ရန်ကုန်-ကျုံမငေး ခရီးစဉ်များကို ပြည်တွင်းရေကြောင်းမှ ပြေးဆွဲလျက်ရှိပြီး သံလွင်မြစ်တွင်လည်း ချောင်းနှစ်ခွတံတား တည်ဆောက်ပြီးစီးခဲ့ခြင်းကြောင့် ရေလမ်းခရီးသွားလာသူ နည်းပါးလာပြီး လက်ရှိပြေးဆွဲနေသည့် ခရီးစဉ်များမှာ မော်လမြိုင်-နတ်မော် ခရီးစဉ်သာ ကျန်ရှိပြီး အချို့ခရီးစဉ်များကို ရပ်နားထားရကြောင်း သိရသည်။

ထို့အပြင် ရန်ကုန်အခြေစိုက် ကူးတို့သင်္ဘောများကိုလည်း ပြည်တွင်းရေကြောင်းမှ ပြေးဆွဲပေးလျက်ရှိရာ ရန်ကုန်-ဒလ၊ ရန်ကုန်-ဆာပါချောင်၊ ရန်ကုန်-ခနောင်တို၊ ရန်ကုန်-ဆိပ်ကြီး၊ ဝါးတန်း-ဒလ ကားကူး ကူးတို့သင်္ဘော ခရီးစဉ်များကိုလည်း ခရီးသွားပြည်သူများ အဆင်ပြေစေရေးအတွက် ပြေးဆွဲပေးနေကြောင်း သိရသည်။

**ခင်ရတနာ၊ ဓာတ်ပုံ-မေဦးမိုး**




## CLAIMS DAY NOTICE
## M.V MODERN PEAK VOY:NO(51)

Consignees of cargo carried by M.V MODERN PEAK VOY:NO (51) are here by notified that the vessel will arrive of about 11-7-15 and cargo will be discharged into the premises of Yangon port.

Damaged cargo will be surveyed daily from 08:00 AM to 11:20 AM and 12:00 NOON to 04:00 PM to claims day now declared as the third day after final discharge of cargo from the vessel.

No claims against this vessel will be admitted after the Claims Day.

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏မော်တော်ယာဉ်ပါ ပစ္စည်းများကို ORIGINAL BILLS OF LADING များ ယူဆောင်လျက်လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့် အချိန်နှင့်တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါဖုန်းနံပါတ်သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်-

**ဖုန်း-၂၃၀၁၁၉၁၊ ၂၃၀၁၁၇၈**

**ကိုယ်စားလှယ်လုပ်ငန်းဌာန**
**မြန်မာ့ဆိပ်ကမ်းအာဏာပိုင်**

## CLAIMS DAY NOTICE
## M.V TRANS FUTURE-1 VOY:NO (230)

Consignees of cargo carried by M.VTRANS FUTURE-1 VOY:NO (230) are here by notified that the vessel will arrive of about 11-7-15 and cargo will be discharged into the premises of Yangon port.

Damaged cargo will be surveyed daily from 08:00 AM to 11:20 AM and 12:00 NOON to 04:00 PM to claims day now declared as the third day after final discharge of cargo from the vessel.

No claims against this vessel will be admitted after the Claims Day.

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏မော်တော်ယာဉ်ပါ ပစ္စည်းများကို ORIGINAL BILLS OF LADING များ ယူဆောင်လျက်လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့် အချိန်နှင့်တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါဖုန်းနံပါတ်သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်-

**ဖုန်း-၂၃၀၁၁၉၁၊ ၂၃၀၁၁၇၈**

**ကိုယ်စားလှယ်လုပ်ငန်းဌာန**
**မြန်မာ့ဆိပ်ကမ်းအာဏာပိုင်**

## ကန့်ကွက်နိုင်ပါကြောင်း

ပန်းဘဲတန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၆ဒီ-၃၊ မြေကွက်အမှတ် II class 14 (၁၀၀'×၆၀') အနက်မှ (ဝဲ)ဘက်ခြမ်းတရားဝင်ခွဲစိတ်ခြင်း မပြုရသေးသည့် မြေ၏ထက်ဝက်(၅၀'×၆၀')၊မြေကွက်တည်နေရာအမှတ် ၂၀၄/၃၁၂၊ ဗိုလ်ဆွန်ပက်လမ်း၊ပန်းဘဲတန်းမြို့နယ်(မြေပိုင်မြေအမျိုးအစား)အမည်ပေါက် Dr.P.Bigandet မြေအား အရောင်းအဝယ်စာချုပ် ၂၅၀/၁၉၂၄ (စာချုပ်မတင်ပြ) ပိုင်ဆိုင်စာချုပ် ၄၅၉/၁၉၇၇၊ စွန့်လွှတ်စာချုပ် ၅၃၄/၁၉၇၇ ဖြင့်ရရှိခဲ့သူ ဒေါ်ခင်လေးမော် အစုအတွက် ခင်ပွန်း ဦးသိန်းဟန်နှင့်သား ဦးသိန်းမောင်တို့မှ လည်းကောင်း၊ ဒေါ်ခင်နွဲ့ရီအစုအတွက် မြေးဒေါ်သီရိမြတ်သွယ်မှလည်းကောင်း အမွေဆက်ခံပိုင်ဆိုင်ကြောင်းကြေညာစာချုပ် ၄၂၃၂/၂၀၁၅ ၂၅-၆-၂၀၁၅ ဖြင့်ရရှိခဲ့ပြီး ဦးသိန်းဟန် ၁၂/ကမရ(နိုင်)၀၂၃၆၇၃၊ ဦးသိန်းမောင် ၁၂/ကမရ(နိုင်) ၀၄၉၇၀၈နှင့် ဒေါ်သီရိမြတ်သွယ် ၁၂/အစန(နိုင်)၂၃၈၅၅၈ တို့မှ GP လွှဲအပ်သူ ဦးစိုးတင့် ၁၂/ပဘတ (နိုင်)၀၂၄၈၁၃ မှ အမည်ပြောင်း လျှောက်ထားလာရာတရားဝင် ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## သတ္တုတွင်းဝန်ကြီးဌာန
## ဘူမိဗေဒလေ့လာရေးနှင့်ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ ဘူမိဗေဒလေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာနအတွက် အောက်ဖော်ပြပါပစ္စည်းများကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ဂိုဒေါင်အရောက် တန်ဖိုး (DDP နေပြည်တော်/ရန်ကုန်) မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

| | | |
|---|---|---|
| (က) | Digital Camera | ၃ လုံး |
| (ခ) | Pocket Scriber with Magnet | ၁၀၀ ခု |
| (ဂ) | C-Thru Scale | ၅၀ ခု |
| (ဃ) | သေလဗေဒလုပ်ငန်းသုံးပစ္စည်း | ၂ မျိုး |
| (င) | ကွင်းဆင်းဝတ်စုံနှင့်လုပ်ငန်းသုံးပစ္စည်း | ၇ မျိုး |
| (စ) | စိမ်းလန်းစိုပြေရေးလုပ်ငန်းသုံးပစ္စည်း | ၂၁ မျိုး |
| (ဆ) | ဆေးဝါးပစ္စည်း | ၂၁ မျိုး |

၂။ တင်ဒါတင်သွင်းခြင်းကို ၁၀-၇-၂၀၁၅ရက်မှ ၇-၈-၂၀၁၅ရက် ၁၆း၀၀နာရီအတွင်း မည်သူမဆို လွတ်လပ်စွာတင်သွင်းနိုင်ပါသည်။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းထုတ်ယူနိုင်ပါသည်-

**ဘူမိဗေဒလေ့လာရေးနှင့်ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာန**
**ဝယ်ယူရေးနှင့်ထောက်ပံ့ရေးဌာနစု**
**မြန်မာ့ကျောက်မျက်ရတနာပြတိုက်၊ ရာဇသင်္ဂဟလမ်း၊ နေပြည်တော်၊**
**ဖုန်း-၀၆၇-၄၁၄၀၇၉**

## ကန့်ကွက်နိုင်ပါသည်

ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့၊ ကေတုမတီမြို့သစ်၊ သဝန်ငယ်ရပ်ကွက်၊ အကွက်အမှတ် ၆၊ ဦးပိုင်အမှတ် ၂၆၇၊ မြေပေးအမိန့်ပျောက်ဆုံး၍ မိတ္တူထုတ်ယူရန် ထပ်မံလျှောက်ထားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများ ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း တောင်ငူမြို့နယ်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင် သွားရောက်ကန့်ကွက်နိုင်ပါကြောင်း အသိပေးအပ်ပါသည်။

**ဦးကျော်ကျော်ထွန်း**
**၁၂/မဘန(နိုင်)၀၀၁၉၇၄**

# အသည်းရောင်အသားဝါ "စီ" ရောဂါပိုး လုံးဝပျောက်အောင်ကုနိုင်ပါမည် (ဆောင်းပါးများ အနှစ်ချုပ်)

ပါမောက္ခ ခင်မောင်ဝင်း (အသည်း)

အသည်းရောင်အသားဝါ စီ ရောဂါပိုးရှိတဲ့ လူတိုင်းကို ခေတ်မီ နောက်ဆုံးပေါ်ဆေးများနဲ့ ကုလို့ရနေပါပြီဆိုတာနဲ့ ပတ်သက်လို့ မြန်မာ့အလင်းသတင်းစာမှာ တစ်ပတ်တစ်ခါရေးခဲ့တာ ကိုးပတ်ရှိပါပြီ။

ဒီအပတ်မှာတော့ အဲဒီဆောင်းပါးတွေမှာပါတဲ့ အသည်းရောင်အသားဝါ စီပိုးနဲ့ပတ်သက်တဲ့ အချက်အလက်တွေ စုစည်းပြီး အနှစ်ချုပ်အနေနဲ့ ရေးသားတင်ပြလိုက်ပါတယ်။

## အသည်းရောင်အသားဝါ စီရောဂါပိုး

- အသည်းရောင်အသားဝါ စီရောဂါပိုးတွေကို အေ၊ ဘီ၊ စီ၊ ဒီ၊ အီး၊ ဂျီဆိုပြီး သတ်မှတ်ထားပါတယ်။ အဲဒီလို ပိုးတွေထဲက စီအမျိုးအစားပိုးကို အသည်းရောင်အသားဝါ စီရောဂါပိုးလို့ ခေါ်ပါတယ်။
- ပြည်သူလူထုအထဲမှာတော့ စီပိုးလို့ပဲ အလွယ်တကူ ခေါ်ကြပါတယ်။

## ကူးစက်ပုံ

- စီပိုးဟာ ဘီပိုးထက် ကူးစက်မှုနှုန်း အဆ ၁၀၀ လောက်နည်းပါတယ်။
- အတူတူနေထိုင်စားသောက်လို့ မကူးပါဘူး။
- ခင်ပွန်းသည်ဆီက ဇနီးဆီ၊ မိခင်နှင့်ကလေးဆီလည်း ကူးစက်မှုမရှိသလောက် နည်းပါတယ်။
- သွေးနဲ့ တိုက်ရိုက်ထိမှ စီပိုးကူးပါတယ်။ ဥပမာပြောရရင် လူနာတစ်ယောက် သွေးဖောက်ထားတာကို လက်နဲ့သွားထိပေးတာ၊ မသန့်တဲ့သွေးသွင်းတာ၊ မသန့်တဲ့ ပစ္စည်းကိရိယာတွေနဲ့ အရေပြားကို ဖောက်ပြီး ခွဲစိတ်တာ၊ မုတ်ဆိတ်ရိတ်၊နှုတ်ခမ်းမွေးရိတ်တာကနေလည်း ကူးနိုင်ပါတယ်။

## ရောဂါဖြစ်ပုံ

- ကမ္ဘာအနှံ့အပြားမှာဖြစ်တဲ့ ရောဂါတစ်ခုပါ။
- ဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတွေမှာတော့ ရောဂါဖြစ်နှုန်းဟာ တစ်ရာခိုင်နှုန်းအောက်မှာရှိပြီး ဖွံ့ဖြိုးဆဲနိုင်ငံတွေမှာတော့ စီရောဂါဖြစ်နှုန်းဟာ လေးရာခိုင်နှုန်းကနေ ခုနစ်ရာခိုင်နှုန်းခန့်ရှိပါတယ်။
- မြန်မာနိုင်ငံမှာတော့ စီပိုးဖြစ်နှုန်းက နှစ်ရာခိုင်နှုန်းကနေ လေးရာခိုင်နှုန်းလောက်ရှိပါတယ်။

## ရောဂါလက္ခဏာတွေ

- များသောအားဖြင့် စီပိုးကူးစက်ပြီးတဲ့နောက် ဘာရောဂါလက္ခဏာမှ မပေါ်ပါဘူး။
- ဒါပေမယ့် တချို့လူနာ အနည်းစုမှာတော့ အသည်းရောင်အသားဝါ ရောဂါပိုးဝင်တဲ့ လက္ခဏာတွေဖြစ်တဲ့ အစားအသောက်ပျက်၊ ပျို့အန်၊ မျက်လုံးဝါတာ ဖြစ်တတ်ပါတယ်။

## စီပိုးဝင်ပြီးရင် ဘာဆက်ဖြစ်မှာလဲ

- စီပိုးဝင်ပြီးရင် ၈၀ ရာခိုင်နှုန်းခန့်မှာ နာတာရှည်ပိုးသယ်ဆောင်သူတွေ ဖြစ်သွားပါတယ်။
- အဲဒီလို နာတာရှည်ပိုး သယ်ဆောင်သူဖြစ်တဲ့ နှုန်းဟာ ၈၀ ရာခိုင်နှုန်းခန့်ရှိတော့ နာတာရှည် အသည်းရောဂါဖြစ်တဲ့နှုန်းဟာ များတယ်လို့ပြော ရမှာပေါ့။
- စီပိုးနာတာရှည် သယ်ဆောင်တဲ့ သူတွေဟာ စီပိုးဝင်ပြီးနောက် ၁၅ နှစ်ကနေ အနှစ် ၂၀ လောက်ကြာတော့ အသည်းခြောက်ရောဂါနဲ့ အသည်းကင်ဆာရောဂါတွေ ဖြစ်လာပါတယ်။
- ဒါကြောင့် စီပိုးဟာ အသည်းခြောက် အသည်းကင်ဆာဖြစ်နိုင်တဲ့အတွက် ကြောက်စရာကောင်းတဲ့ ရောဂါတစ်ခုပါ။

## ဘယ်လိုကာကွယ်မလဲ

- ဒီနေ့ထက်တိုင် ကမ္ဘာပေါ်မှာ စီပိုးကာကွယ်ဆေး မရှိသေးပါဘူး။
- ဒီနေ့ကနေ နောက် ၁၀နှစ်အတွင်းမှာ စီပိုးကာကွယ်ဆေးပေါ်ဖို့ အလားအလာ မရှိသေးပါ။
- ဒါကြောင့်မို့လို့ ကာကွယ်ဆေးမရှိသေးတဲ့ စီပိုးကို ကာကွယ်ဖို့ဆိုတာဟာ စီပိုးကူးစက်ထားတဲ့ မသန့်တဲ့ သွေးတွေကို မသွင်းမိဖို့၊ စီပိုးရှိတဲ့သူရဲ့သွေးနဲ့ ကိုယ့်အသားနဲ့ မထိဖို့၊ မသန့်တဲ့ ခွဲစိတ်ကိရိယာ တွေနဲ့ ကိုယ့်အသားကို မထိုးမိဖို့၊ စီပိုးဝင်ထားတဲ့ ကိရိယာတွေနဲ့ ကိုယ့်သွားတွေကို ကုသမှုမလုပ်မိဖို့ပါ။
- **ပြန်ပြီး ပြောရမယ်ဆိုရင် စီပိုးမကူးစက်အောင် ကာကွယ်ဖို့ဆိုတာ-**
  - မသန့်တဲ့သွေးမသွင်းနဲ့၊
  - မသန့်တဲ့ ကိရိယာတွေနဲ့ သွား (Dental) မလုပ်နဲ့၊
  - မသန့်တဲ့ ကိရိယာတွေနဲ့ အရေပြားမဖောက်နဲ့၊ ဆေးမင်ကြောင်မထိုးနဲ့။

## ဘယ်လိုကုမလဲ

- ယခုခေတ်မှာ စီပိုးရှိတဲ့ လူတိုင်းကို ခေတ်မီ DAA စီပိုးသေဆေးတွေနဲ့ ကုလို့ရနေပါပြီ။
- စီပိုးရှိတယ်ဆိုပြီး ကြောက်စရာ မလိုတော့ပါဘူး။
- ခေတ်မီ DAA ဆေးအသစ်တွေနဲ့ ကုမယ်ဆိုရင် စီပိုးရှိတဲ့ လူအားလုံးကို ၈၀ ရာခိုင်နှုန်းအထက် ပိုးပျောက်နှုန်းရအောင် ကုနိုင်နေပါပြီ။

## စီပိုးကို ဘယ်လို ကုမှာလဲ

### အရင်တုန်းကကုတဲ့ နည်းစနစ်

- လွန်ခဲ့တဲ့တစ်နှစ်လောက်အထိ အသည်းရောင် အသားဝါစီရောဂါပိုးကို ကုတဲ့နည်းစနစ်ကတော့ အမျိုးအစားပေါ်မူတည်ပါတယ်။
- အဓိကကုတဲ့ စီပိုးသေဆေးတွေကတော့
  - ပက်ခ်ထိုးဆေး (Pegylated Interferon) နဲ့၊
  - ရိုင်ဘာဗရင်း (Ribavirin)စားဆေးပါ၊
  - အမျိုးအစား ၁၊ ၄၊ ၅၊ ၆ PEG IFN + RIBA နဲ့ တစ်နှစ်ကု၊
  - အမျိုးအစား ၂၊ ၃ PEG IFN + RIBA နဲ့ ခြောက်လကု။

### အခုခေတ်ပေါ်နည်းစနစ် DAA စားဆေးတွေ

- ရှေ့မှာပြောခဲ့တဲ့ PEG IFN ထိုးဆေးနဲ့ Ribavirin စားဆေးတွေဟာ စီပိုးကို တိုက်ရိုက်သေစေတဲ့ ဆေးတွေ မဟုတ်ပါဘူး။
- အဲဒီဆေးတွေဟာ စီပိုးကို တိုက်ခိုက်တဲ့ လူ့ခန္ဓာ ကိုယ်ခုခံအားကို မြှင့်ပေးတဲ့ဆေး (Immuno modulator) တွေပဲဖြစ်ပါတယ်။

### Direct Acting Antivirals (DAAs)

- **DAAs ပထမဆုံး ပေါ်တဲ့ဆေးတွေ**
  - လွန်ခဲ့တဲ့ ငါးနှစ်လောက်ကစပြီး စီပိုးကို တိုက်ရိုက်တိုက်ခိုက်ပြီး စီပိုးကို သေစေနိုင်တဲ့ Direct Acting Antivirals လို့ခေါ်တဲ့ ဆေးသစ် တွေ ပေါ်လာပါတယ်။
  - ပထမဆုံးပေါ်တဲ့ DAA ဆေးသစ်နှစ်မျိုး Boceprevir နဲ့ Teleprevir ကတော့ ဘေးထွက်ဆိုးကျိုးတွေများလွန်းလို့ ဆေးတွေဈေးကွက်ထဲ ရောက်ပြီး သုံးနှစ်လောက်ပဲခံကာ အခု DAA ဆေးသစ်တွေ ပေါ်လာတဲ့အခါမှာ အဲဒီပထမဦးဆုံး ပေါ်တဲ့ DAA ဆေးသစ်နှစ်မျိုးဟာ လုံးဝ တိမ်မြုပ်ပျောက်ကွယ်သွားပါတယ်။
  - **DAA ဆေးသစ်တွေ**

၂၀၁၃မှာ အမေရိကန်အစိုးရအစားအသောက်နဲ့ ဆေးဝါးကွပ်ကဲမှုအဖွဲ့ USFDA ကနေပြီး စီပိုးသေဆေး DAA ဆေးသစ် နှစ်မျိုးကို မှတ်ပုံတင်တဲ့နေ့ကစပြီး သုံးလအတွင်းမှာ ခွင့်ပြုလိုက်ပါတယ်။

ပုံမှန်အားဖြင့် ဆိုရင် USFDA က ဆေးတစ်ခုကို မှတ်ပုံတင်ခွင့်ပြုဖို့ နှစ်နှစ်ကနေ ငါးနှစ်လောက်ကြာပါတယ်။

အခုပြောတဲ့ DAA ဆေးသစ်တွေ ရောက်တော့ စီပိုးကို တကယ်ထိရောက်စွာ သေစေနိုင်ပြီး လူသား တွေရဲ့အသက်ကို ကယ်နိုင်တဲ့ဆေးဖြစ်လို့ ပုံမှန်ကန့်သတ်ချက်တွေကို ကျော်ဖြတ်ပြီး သုံးလနဲ့ပဲ မှတ်ပုံတင်ခွင့်ပြုလိုက်ပါတယ်။

- အဲဒီဆေးတွေကတော့
  - SOFOSBUVIR (ဆိုဖော့စ်ဘူဗီယာ)

* GILEAD (ဂီလီယက်)ကုမ္ပဏီက နေပြီး SOVALDI (ဆိုဗယ်လ်ဒီ) ဆိုတဲ့ နာမည်နဲ့ထုတ်ပြီး တစ်ကမ္ဘာလုံးကို ဖြန့်ပါတယ်။

စာမျက်နှာ ၁၆ သို့




Gilead




HARVONI

**ကာကွယ်ဆေးမရှိသေးတဲ့ စီပိုးကိုကာကွယ်ဖို့ဆိုတာဟာ မသန့်တဲ့ သွေးတွေကို မသွင်းမိဖို့၊ စီပိုးရှိတဲ့သူရဲ့ သွေးနဲ့ ကိုယ့်အသားနဲ့ မထိဖို့၊ မသန့်တဲ့ ခွဲစိတ်ကိရိယာတွေနဲ့ ကိုယ့်အသားကို မထိုးမိဖို့ ၊ စီပိုးဝင်ထားတဲ့ ကိရိယာတွေနဲ့ ကိုယ့်သွားတွေကို ကုသမှု မလုပ်မိဖို့ပါ။**

---

# KNU မိသားစုဝင်များအတွက် ဆိုလာ၊ ဆေးစိမ်ခြင်ထောင်နှင့် ဆန်ရိက္ခာများထောက်ပံ့




**ဘားအံ ဇူလိုင် ၉**

ကရင်ပြည်နယ် အစိုးရအဖွဲ့က ကြီးမှူးပြီး မြန်မာနိုင်ငံ ငြိမ်းချမ်းရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်း ဌာန (MPC)နှင့် နိပ္ပွန်ဖောင်ဒေးရှင်း တို့ပူးပေါင်း၍ လူသားချင်းစာနာ ထောက်ထားမှု အကူအညီပေးသည့် အနေဖြင့် ကရင်ပြည်နယ်အတွင်း ငြိမ်းချမ်းရေးလက်မှတ်ရေးထိုးထားသော KNU/KNLA (P.C)၊ DKBA(ကလိုထူးဖော)တို့နှင့် ဆက်စပ်သည့် ဒေသခံပြည်သူများ၊ BGF သို့ အသွင်ပြောင်းရာတွင် အရပ်သားဖြစ်လာသော ဒေသခံပြည်သူများအတွက် ဆိုလာ၊ ဆေးစိမ်ခြင်ထောင်နှင့် ဆန်ရိက္ခာများထောက်ပံ့ပေးခြင်းကို ဇူလိုင် ၇ ရက် နံနက် ၇ နာရီက ပြည်နယ်အစိုးရအဖွဲ့ရုံးရှေ့ သီရိလမ်းမကြီးပေါ်တွင် ဆောင်ရွက်ကြသည်။

အဆိုပါပေးအပ်ပွဲသို့ ကရင်ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးနှင့် ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများ၊ KNU/KNLA(P.C)၊ DKBA၊ BGF အဖွဲ့များမှ တိုင်းရင်းသား ညီအစ်ကိုများ၊ နိပ္ပွန်ဖောင်ဒေးရှင်းမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မင်းနှင့် နိပ္ပွန်ဖောင်ဒေးရှင်းမှ မစ္စတာ မက်စုချီးမားတို့က KNU/KNLA (P.C) နယ်မြေ ထိုးကော်ကိုး၊ မဲလှဒေသများ အတွက် ဆန်အိတ် ၁၃၁၈ အိတ်၊ ဆိုလာမီးအိမ် ၃၉၅ လုံး၊ ဆေးစိမ်ခြင်ထောင် ၃၉၅လုံးကို လည်းကောင်း၊ DKBA (ကလိုထူးဖော) နယ်မြေ ဆုံစည်း မြိုင်၊ မဲသဝေါ၊ ကောင်းမှု၊ ဘုရားသုံးဆူ၊ ဆေးတောင်(ရေး)၊ ထီးယူးသန် (ကြာအင်းဆိပ်ကြီး) ဒေသများအတွက် ဆန်အိတ် ၁၃၁၈ အိတ်၊ ဆိုလာမီးအိမ် ၃၉၅ လုံး၊ ဆေးစိမ်ခြင်ထောင် ၃၉၅လုံးကိုလည်း ကောင်း၊ BGF နယ်မြေ မြိုင်ကြီးငူ၊ လှိုင်းဘွဲ့၊ ရွှေကုက္ကို ဒေသများအတွက် ဆန်အိတ် ၁၁၆၀၊ ဆိုလာမီးအိမ် ၁၉၈ လုံး၊ ဆေးစိမ်ခြင်ထောင် ၁၉၈ လုံးကို လည်းကောင်းပေးအပ်ရာ သက်ဆိုင်ရာအဖွဲ့အစည်း ကိုယ်စားလှယ်များက လက်ခံယူကြသည်။

**နေမျိုးလွင် (iprd)**

# သင့်ရင်သွေးငယ်များကာကွယ်ဖို့၊ ခြင်များကိုရှင်းကြစို့

ဒေါက်တာ
ခင်မောင်အေး(ဇီဝိတ)

**မြန်မာနိုင်ငံတွင်ခြင်ကြောင့်အဖြစ်အများဆုံး ငှက်ဖျား၊ သွေးလွန်တုပ်ကွေး၊ ဆင်ခြေထောက်ရောဂါများကို ခြင်လောက်လမ်းများအား ခြင်မဖြစ်ခင် ထိထိရောက်ရောက်နှိမ်နင်းခြင်းဖြင့် အလွယ်တကူကာကွယ်နိုင်ပါသည်။**

လူထုမှ အထူးသဖြင့် ယခုခေတ်ပရဟိတလူငယ်များ မိမိပတ်ဝန်းကျင်၊ မိမိရပ်ကွက်တွင်အားလပ်ချိန်များ၌ ယခုကဲ့သို့မိုးတွင်းကာလ ရေဝပ်သောနေရာများကြောင့် ခြင်များပေါက်ပွားပြီး သွေးလွန်တုပ်ကွေးရောဂါများ အဖြစ်များကာ မိမိတို့၏ရင်သွေးများသာမက အသက်ကြီးသူများပါ ခြင်ကျားကိုက်ပြီး ရောဂါဖြစ်ပွား၍ အသက်အန္တရာယ်ကြုံတွေ့နေကြရာ ကျန်းမာရေးဌာနနှင့်ပူးပေါင်းပြီး ခြင်ကျားကာကွယ်ရေး ဖုံး၊ သွန်၊ ခပ်၊ စစ်၊ လောင်း၊ ထောင်၊ လဲ၊ ဖွင့်၊ မြှုပ်၊ ရှင်း၊ မှုတ်လုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ပါသည်။

ထို့အပြင် ခြင်လောက်လမ်းနှိမ်နင်းရေးထောင်ချောက်များ အသုံးပြုပြီး ခြင်များကို ရှင်းလင်းကြပါစို့၊ ခြင်ကောင်မဖြစ်မီ ခြင်အရင်းအမြစ်ကို ရှင်းလင်းတားဆီးခြင်းဖြင့် ခြင်ကြောင့်ဖြစ်သောရောဂါများကို အလွယ်တကူ ကာကွယ်နိုင်ပါသည်။ အားလုံးပါဝင်ရန် အရေးအကြီးဆုံးဖြစ်ပါသည်။

## ခြင်လောက်လမ်းသတ်ထောင်ချောက်

ယခုဖော်ပြမည့် ခြင်လောက်လမ်းသတ်ထောင်ချောက်မှာ အကုန်အကျမများဘဲ၊ အမေရိကန်စစ်တပ်က ငှက်ဖျားထူထပ်သော နယ်မြေများတွင် အောင်မြင်စွာအသုံးချနေသော နည်းပညာဖြစ်ပါသည်။

ခြောက် ပတ်အတွင်း ခြင်လောက်လမ်း ၉၈ ရာခိုင်နှုန်းကို ခြင်မဖြစ်သေးခင်သေဆုံးစေနိုင်ပါသည်။ ခြင်များသည် ရေဝပ်သောရေသေနေရာများ၊ စွတ်စို မှောင်မိုက်သောနေရာများတွင် ၎င်းတို့၏သက်တမ်းအတွင်း ၁၀ နေရာခန့် ဥ-ဥ လေ့ရှိပါသည်။


## ထောင်ချောက်ပြုလုပ်ပုံ



ပလတ်စတစ်ရေခွက် အမည်းရပါကပိုကောင်းသည်။ တစ်ခွက်ယူပြီး ပုံပါအတိုင်း နှုတ်ခမ်းအောက်နားတွင် ခွက်ချိတ်ရန် သွပ်နန်းကြိုးချည်ရန်အပေါက်သေးနှစ်ပေါက်၊ ထိုအပေါက်များ အောက်ခွက်အမြင့်-၄/၅ တွင် ခွက်ထဲမှ ရေလျှံပေါက်-၁/၄ လက်မ နှစ်ပေါက်ဖောက်ပါ။

## ခြင်လောက်လမ်းနှိမ်နင်းရေး

ရေခွက်အောက်ခြေတွင် ဆီလီကွန်ကော်(သို့) Bonfix,TV-ရော်ဘာကော်၊ တမာစေး စသည့်ကော်တစ်ခုခုကိုထည့်ပြီး ခြေအိတ်အမည်း၏ ခြေချောင်းအပိုင်းကို ကော်ထဲနှစ်ပြီးကပ်ပါ။





ခြေအိတ်ကော်ခြောက်ရန် စောင့်နေစဉ် သံ(သို့) အလူမီနီယံ ခြင်ဆန်ခါပေါ်တွင် ရေခွက်ဝကို မှောက်တင်ပြီး မြေဖြူနှင့် မှတ်ပြီး ကတ်ကြေးဖြင့် ခြင်ဆန်ခါအဝိုင်း ပုံညှပ်ပါ။




ခြေအိတ်ကော်ခြောက်ပြီး ကပ်သွားပါက ခြေအိတ်ကိုရေခွက်အဝသို့ ညီညီညာညာဆွဲတင်ပြီး ခွက်အပြင်ဘက်ကိုအုပ်ပြီး ခွက်အောက်ခြေသို့ ပုံပါအတိုင်း အနေတော်တင်းတင်းရင်းရင်းဆွဲချပါ။

ထို့နောက် ပိုတာဖြတ်ပြီးကော်ထပ်ကပ်ပါ။ ခြေအိတ်များမှာ လို သလို ဆွဲနိုင်သော်လည်း အလွန်တင်းတင်းမဆွဲသင့်ပါ။

ခွက်အောက်ခြေကော်ခြောက်ပါက ခြင်ဆန်ခါစကို ခွက်အဝထဲသို့ ပထမအလယ်မှဖိချပြီး တစ်ဝက်စီဘေးပတ်ပတ်လည် အသာရေလျှံပေါက်အပေါ်နားထိ ခွက်အဝလုံလုံဖိချပေးပါ။ ခြင်ဆန်ခါစ ခွက်ခွက်လေးဖြစ်ရမည်။






စာမျက်နှာ ၁၇ သို့

စာမျက်နှာ ၁၅ မှ

* SOFOSBUVIR (ဆိုဖော့စ်ဘူဗီယာ)နဲ့ LADISPAVIR (လက်ဒစ်ပါဗီယာ) ဆေးနှစ်ခုလုံးကိုပေါင်းပြီး ဆေးပြား တစ်ပြားထဲကို ဂိလီယက် ကုမ္ပဏီကပဲ ဟာဗိုနီဆိုတဲ့ နာမည်နဲ့ ဆေးထုတ်ပါတယ်။

**ဆိုဖော့စ်ဘူဗီယာဆေး**

* ဒီဆေးကိုတော့ PEG IFN နဲ့ RIBA ဆေးတို့ တွဲပြီး သုံးရပါမယ်။
* PEG ထိုးဆေးနဲ့ ကုလို့ရရင်
    - PEG + RIBA + SOF သုံးမျိုးပေါင်း သုံးလ ကုပါ။
* PEG ထိုးဆေးနဲ့ ကုမရတဲ့သူတွေ (သွေးမွှား ၁၀၀ အောက်၊ နှလုံးသွေးကြောကျဉ်း၊ ဆီးချို၊ အသည်းပျက်နေတဲ့သူတွေ)
    - RIBA + SOF စားဆေးနှစ်မျိုးထဲနဲ့ ခြောက်လ ကုရမှာပါ။

**ဟာဗိုနီ စားဆေး**

* SOFOSBUVIR နဲ့ LADISPAVIR စားဆေးနှစ်မျိုးပေါင်း ဟာဗိုနီ(HARVONI) ဟာဗိုနီစားဆေးနဲ့ရောက်တော့ စီပိုးကို ကုရတာ အလွန်လွယ်ပါတယ်။
* စီပိုးရှိတဲ့သူတွေကို တစ်နေ့ ဟာဗိုနီ တစ်လုံး ၁၂ ပတ် (သုံးလ) သောက်တာနဲ့ စီပိုးကို ၉၀ ရာခိုင်နှုန်း ပျောက်ကင်းစေနိုင်ပါတယ်။

**ယနေ့လက်ရှိ မြန်မာနိုင်ငံအခြေအနေ**

ယနေ့ မြန်မာနိုင်ငံမှာ စီပိုးသေဆေး DAA ဆေးသစ် SOFOSBUVIR တစ်မျိုးပဲ ရှိပါသေးတယ်။ ဒါကြောင့် မြန်မာနိုင်ငံမှာ ယနေ့ စီပိုးသေဆေး ကုမယ်ဆိုရင်

- PEG IFN ထိုးဆေးနဲ့ ထိုးလို့ရတဲ့ သူတွေ
- PEG IFN ထိုးဆေး + RIBA + SOF သုံးမျိုးပေါင်းကို သုံးလ ကုရပါမယ်။
- PEG IFN ထိုးဆေးဒဏ်မခံနိုင်တဲ့ သူတွေ

  RIBA စားဆေးနဲ့ SOF စားဆေးနှစ်မျိုးနဲ့ ခြောက်လ ကုရမှာပါ။

**စီပိုးရှိပြီး တခြားထူးခြားတဲ့ အခြေအနေရှိတဲ့လူတွေ**

၁။ အရင်တုန်းက စီပိုးကုပြီး မပျောက်တဲ့သူတွေ၊
၂။ အသည်းခြောက်နေတဲ့သူတွေ၊
၃။ အသည်းရောင်အသားဝါ ဘီပိုးနဲ့ စီပိုး တွဲရှိတာ၊
၄။ အသည်းရောင်အသားဝါ စီပိုးနဲ့ HIV ပိုး တွဲရှိတာ၊
၅။ အသည်းအစားမထိုးခင်၊
၆။ အသည်းအစားထိုးပြီးနောက်၊
၇။ ကျောက်ကပ်ပျက်နေတဲ့သူတွေ။

အရင်တုန်းကဆို အဲဒီလူနာတွေကို စီပိုးသေဆေး PEG IFN + RIBA ကုထုံးနည်းပဲရှိတဲ့ ခေတ်ကဆိုရင် ကုလို့မရပါဘူး။ အခုခေတ် DAA တွေ ပေါ်လာတဲ့အခါမှာတော့ အထက်က ဖော်ပြထားတဲ့ လူအားလုံးကို ကုလို့ရပါပြီ။

ဆိုလိုတာက အခုခေတ်မှာ စီပိုးရှိတဲ့ လူတိုင်းကို DAA ဆေးအသစ်တွေနဲ့ ကုလို့ရပါပြီ။

**စီပိုးကို ဘာဖြစ်လို့ ကုရတာလဲ**

စီပိုးဟာ လူ့ခန္ဓာကိုယ်ထဲမှာ တစ်နေ့ ဘီလီယံ ၁၅၀ ပွားပါတယ်။

အဲဒီပိုးတွေ သေအောင်သတ်ပစ်မယ်။ စီပိုး လုံးဝမရှိအောင် စီပိုးသေဆေးတွေနဲ့ ကုမယ်ဆိုရင်-

- အသည်းခြောက်ရောဂါ၊
- အသည်းကင်ဆာရောဂါကို ကာကွယ်ပါတယ်။

**အနှစ်ချုပ်**

- စီပိုးဟာ အသည်းခြောက် အသည်းကင်ဆာဖြစ်စေနိုင်ပါတယ်။
- ဒါကြောင့် စီပိုး မကူးစက်အောင် ကာကွယ်ပါ။
- တကယ်လို့ စီပိုးရှိနေပြီဆိုရင်လည်း စီပိုးကို သေအောင် သတ်မယ်၊ လုံးဝပျောက်အောင် ကုသမယ်ဆိုရင် အသည်းခြောက် အသည်းကင်ဆာဟာ ပျောက်ပါတယ်။
- အခုခေတ်မှာ စီပိုးကို လုံးဝပျောက်စေနိုင်တဲ့ ဘေးထွက်ဆိုးကျိုးတွေမရှိတဲ့ စီပိုးသေဆေး DAA တွေ ပေါ်နေပါပြီ။
- ဒါကြောင့်မို့ လူတိုင်းဟာ

  စီပိုးရှိ မရှိစစ်ဆေးပါ၊
  စီပိုးရှိတယ်ဆိုရင် စီပိုးကို ခေတ်မီ စီပိုးသေဆေး စားဆေး DAA တွေနဲ့ ထိထိရောက်ရောက် ပျောက်ကင်းအောင်ကုပါ၊
  အဲဒီလို စီပိုးပျောက်အောင် ကုခြင်းအားဖြင့် အသည်းခြောက် အသည်းကင်ဆာကို ကာကွယ်နိုင်ပါတယ်လို့ ပြောလိုက်ပါရစေ။

စာမျက်နှာ ၁၆ မှ




သွပ်နန်းကြိုးအစနှစ်စကို အပေါ်ပေါက်နှစ်ဖက်မှထိုးကာ မပြုတ်အောင်လိမ်ပြီး ချိတ်ရန်လက်ကိုင်ကိုင်းဖန်တီးပါ။



ခြင်များသည် ကလေးများ အချိုကြိုက်သကဲ့သို့ ကန်ရေ၊ ရေဝပ်သော နေရာမှ ရေ ပန်းအိုးရေ မြောင်းရေများကိုကြိုက်၍ ပြင်ဆင်ထားသောခွက်ကို ထိုရေများထဲနှစ်ကာ ရေဖြည့်ပြီး ကိုင်းကိုဆွဲမပါ။ ရေခွက်အတွင်းမှ ပိုလျှံသောရေများ ရေလျှံပေါက်များမှလျှံထွက်သွားမည်။

ခွက်အတွင်းကျန်ခဲ့သောရေသည် ခွက်အဝရှိ ခြင်ဆန်ခါအောက်တွင်သာ ရှိရမည်။ ထိုရေများ ခြင်ဆန်ခါအောက်ခြေထက်မြင့်နေပါက ပြင်ဆင်ရန် လိုပါသည်။ ရေသန့်ကို ခြင်မကြိုက်ပါ။







ထိုခြင်လောက်လမ်းသတ် ထောင်ချောက်ကို ခြင်ကြိုက်တတ်သော နေရောင်ကွယ်လေကွယ်ပြီး အရိပ်ကျသော သစ်ပင်အောက်၊ ချုံပုတ်ကြား၊ ခြံထဲ၊ နောက်ဖေး၊ အိမ်ဘေး၊ မြောင်းဘေး၊ အိမ်တွင်းစသည့် ခြင်များ ခိုအောင်းတတ်သည့်နေရာများတွင် ချိတ်ထားပါ။

မိုးတွင်းမိုးရေကြောင့် ခွက်ရေအမြဲရှိပြီး ခြေအိတ်အမြဲရေစိုနေ၍ ကိစ္စမရှိသော်လည်း၊ လေတိုက်က၊ နေပူက၊ ခွက်တွင်းရေခန်းခြောက်ပြီး ခြေအိတ်ခြောက်ကာ ခြင်လာမဥပါက ထိုရေများဖြင့် မကြာခဏပြန်ဖြည့်ပေးရန် လိုပါသည်။ ခြေအိတ်ရေအမြဲစိုနေရန်လိုပါသည်။

### ခြင်လောက်လမ်းသတ်ထောင်ချောက်အလုပ်လုပ်ပုံ

ခြင်မများသည်မှောင်၍စွတ်စိုသောနေရာရှိ ရေဝပ်ရေများနှင့် မြောင်းရေများကို ဥ-ဥရန်အလွန်နှစ်သက်ပါသည်။ ၎င်းတို့သက်တမ်းတစ်လျှောက် ထိုရေဝပ်နေရာများတွင် နှစ်ရက် သုံးရက်တစ်ကြိမ်၊ ၁၄ရက်မှ ရက်၃၀ထိ ၁၀ကြိမ်ခန့် ဥ-ဥပွားများလေ့ရှိပါသည်။

ခြင်လောက်လမ်းသတ်ထောင်ချောက်ပြင်ပရှိ ထိုရေများနှင့် စွတ်စိုနေသော ခြေအိတ်အမည်းပေါ်တွင် ခြင်ဥများဥချလေ့ရှိပါသည်။ ထိုခြင်ဥများမှ လောက်လမ်းများ ပေါက်ဖွားလာပြီး တွားသွားကာခြင်ဆန်ခါကို ဖြတ်ပြီးအောက်ရှိ ရေထဲတွင် ဆက်လက်ကြီးထွားလာပါသည်။ ခြင်ကောင်ကြီးများဖြစ်လာသောအခါ ခြင်ဆန်ခါကို မဖြတ်နိုင်၍ ထိုရေပေါ်မှာပင် သေဆုံးကုန်လေ့ရှိပါသည်။ ထိုသို့ဖြစ်ရန်တစ်ပတ်နှစ်ပတ်ခန့်ကြာလေ့ရှိ၍ ပထမပိုင်းခွက်ထဲတွင် ပြောင်းလဲမှုမရှိသော်လည်း ခြောက်ပတ်ခန့်ကြာသော အခါ ခွက်ထဲတွင် ခြင်သေများကိုတွေ့လာပါမည်။ ရေလျော့ပါကရေအမြဲ ဖြည့်ရန်လိုပါသည်။ တစ်ဧက ခြင်လောက်လမ်းသတ်ထောင်ချောက် ခြောက်ခုလိုပြီး မြို့တွင် တောလောက်မလိုပါ။ ခြင်သေများပြည့်ပါက ခြင်ဆန်ခါ ခဏဖြုတ်၊ သွန်ပစ်၊ ရေဝပ်ရေပြန်ထည့်၊ ခြင်ဆန်ခါပြန်ထည့်၊ ထောင်ချောက် အသစ်ပြန်ထောင်ပါ။

### ခြင်လောက်လမ်းသတ်ထောင်ချောက်ပိုထိရောက်ရန်

(၁) ထိုရေထဲတွင်ခြင်သေစေနိုင်သော Boric Acid ကိုခွက်ထဲရှိရေထဲသို့ တစ်ရာခိုင်နှုန်းဖြစ်ရန်၊ ရေ ၉၉ ဆနှင့်ရောပြီးထည့်ထားပါက ဥလာဥသော ခြင်မပါ သေကျေပျက်စီးနိုင်ပါသည်။ ရေထပ် ရော၍ ရာခိုင်နှုန်း လျော့သွားသော်လည်း ခြင်မများကို မြုံစေပါသည်။ ခြင်လောက်လမ်းလေးများမှာ ဝ ဒသမ ၁ ရာခိုင်နှုန်းတွင်ပင် ဆက်လက်ကြီးထွားမှုကို ဟန့်တားနိုင်ပါသည်။

Boric Acid သည် မျက်စဉ်းတွင် ငါးရာခိုင်နှုန်းအထိသုံးနိုင်၍ လူကို အန္တရာယ်မဖြစ်စေပါ။ ပရဆေးဆိုင်များတွင် တစ်ပေါင်ငွေကျပ် ၁၀၀၀ဖြင့် လွယ်ကူစွာဝယ်ယူနိုင်ပါသည်။ လက်ချားအုပ်စုဖြစ်သော်လည်းမတူပါ။

(၂) LED မီးတိုင် လမ်းမီးတိုင်အောက်တွင် ထားပါက ညဘက် အလင်းရောင်က ခြင်များကိုဆွဲဆောင်ပြီး ဥပိုဥစေပါသည်။

(၃) တောဘက်မြေကျယ်ကျယ်နေရာများတွင် ရေပုံးဟောင်းကြီးကို အမည်းရောင်သုတ်ရေဝပ်ရေ၊ ရေကန်ရေထည့် DDT (သို့)ယခုစိုက်ပျိုးရေး သုံးပိုးသတ်ဆေးသုတ်လိမ်းထားသော သစ်ချောင်း၊ သစ်ပြား၊ ကတ်ပြား၊ ကိုရေပုံးထဲထည့်ထားပါက လာဥ-ဥသောခြင်မများသာမက ခြင်လောက်လမ်း များပါ သေစေနိုင်ပါသည်။

သို့သော်အခြားတိရစ္ဆာန်နှင့်လူများမထိခိုက်ရန်အရေးကြီးပါသည်။

### ကျောက်ချဉ်နှင့်ခြင်လောက်လမ်းနှိမ်နင်းရေး

အိမ်တွင်မိမိတို့အသုံးပြုနေသောရေအိုး၊ ရေစည်၊ ရေကန်၊ ဘုရားပန်းအိုးများတွင်လည်း ခြင်များဥ-ဥပိုးလောက်လမ်းများပေါက်ပွားနိုင်ပါသေးသည်။

ထိုသို့လှောင်ရေများကိုအောက်မြန်မာပြည် ဆေးသုတေသနဌာန၏ သုတေသနပြုချက်အရ မိရိုးဖလာသုံးစွဲလေ့ရှိသော ကျောက်ချဉ်ကိုကျောက်ချဉ်တစ်ကျပ်သားရေ ၃၅ ဂါလန်(သို့)ရေ ၁၆၀ လီတာ (ရေသန့်ပုလင်း၁၆၀) နှုန်းဖြင့် မိမိရေအိုး၊ ရေစည်၊ ရေကန်ပေါ်မူတည်တွက်ချက်ထည့်ပေးခြင်းအားဖြင့်၊

(၁) ရေနောက်ကိုလည်း လေး နာရီအတွင်း အနည်ကျသန့်ရှင်းစေခြင်း၊
(၂) ရေတွင်ရှိပြီးသားခြင်ကျားဥများ မပေါက်ပွားနိုင်ခြင်း၊
(၃) ရှိပြီးခြင်လောက်လမ်းများကို နှစ်ရက်အတွင်းသေကျေပျက်စီးစေနိုင်ခြင်း၊
(၄) ယနေ့ကြုံတွေ့နေရသော ရေတွင်းရေတွင် စိန်ခဓာတ်-အာဆင်းနစ်ပါဝင်မှုကို လျော့ကျစေပြီး စိန်ခဓာတ်အဆိပ်မိ၍ အားနည်းခြင်း၊ အစားအသောက်ပျက်ခြင်း၊ အာရုံကြောအားနည်းခြင်း၊ တံထွေးအထွက်များခြင်း၊ အရေပြားတွင် မိုးပေါက်သဏ္ဌာန်အဖြူပြောက်များပေါ်ခြင်း၊ ဗိုက်နာ၊ အန်၊ ဝမ်းလျှောခြင်းစသည့်ဝေဒနာများကို ကာကွယ်ပေးနိုင်ခြင်း၊
(၅) အန္တရာယ်မရှိခြင်း၊ ဈေးရှိ ပရဆေးဆိုင်တွင် အလွယ်တကူ ဝယ်ယူနိုင်ခြင်း၊ အကုန်အကျမများခြင်း။

ရေ၂၀၀ လီတာရေစည်တွက် ငွေကျပ် ၃၀ ခန့်သာ ကုန်ကျခြင်းစသည်တို့ကြောင့် ကျောက်ချဉ်ကို ယနေ့ဖြစ်ပွားနေသော သွေးလွန်တုပ်ကွေးကာကွယ်ရေးတွင် တွင်တွင်ကျယ်ကျယ်အသုံးချသင့်ကြောင်း တင်ပြအပ်ပါသည်။

# တာချီလိတ်မြို့၌ ဒေသညွှန်လမ်းပြ အခြေခံသင်တန်းဆင်း

**တာချီလိတ် ဇူလိုင် ၉**

လားဟူတိုင်းရင်းသားလူငယ်များ အလုပ်အကိုင်အခွင့်အလမ်းပိုမိုရရှိစေရေးနှင့် နိုင်ငံတကာအတွေ့အကြုံများ ပိုမိုရရှိစေရေးတို့ကို ရည်ရွယ်လျက် လားဟူ တိုင်းရင်းသား ရိုးရာစာပေနှင့် ယဉ်ကျေးမှုအဖွဲ့နှင့် မြန်မာနိုင်ငံ ဧည့်လမ်းညွှန်များအသင်း ရှမ်း/အရှေ့(ရွှေတြိဂံဇုန်)တို့ ပူးပေါင်းကာ ဒေသဧည့်လမ်းပြ အခြေခံသင်တန်းကို ဇွန် ၁၆ ရက်မှ စတင်ကာ စာတွေ့လက်တွေ့ သင်ကြားပေးခဲ့ရာ သင်တန်းသား သင်တန်းသူ ၈၀ တက်ရောက်ခဲ့ပြီး သင်တန်းဆင်းပွဲကို ဇူလိုင် ၇ ရက် နံနက်ပိုင်းက တာချီလိတ်မြို့ ရွှေဘူး သီးဟိုတယ်၌ ကျင်းပသည်။

သင်တန်းဆင်းပွဲတွင် ရှမ်းပြည်နယ် လားဟူတိုင်းရင်းသားရေးရာဝန်ကြီး ဦးရှာမွေလရှဲန်၊ အာခါတိုင်းရင်းသားရေးရာ ဝန်ကြီး ဦးပီတာသောင်းစိန်နှင့် တာဝန်ရှိသူများက ဂုဏ်ပြုအမှာစကားများပြောကြားကာ သင်တန်းဆင်းလက်မှတ်များကို ပေးအပ်ချီးမြှင့်ကြသည်။

သင်တန်းကာလအတွင်း လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့၊ အကောက်ခွန်ဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့တို့မှ ဥပဒေဆိုင်ရာများ၊ ခရီးသွားလုပ်ငန်းဆိုင်ရာ သိသင့်သိထိုက်သော အချက်အလက်များကို လည်းကောင်း၊ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဧည့်လမ်းညွှန်များအသင်းမှ တာဝန်ရှိသူများက ဒေသတွင်းအခြေခံခရီးသွားလုပ်ငန်းဆိုင်ရာ ပညာရပ်များကိုလည်းကောင်း သင်ကြား ပို့ချပေးကာ သင်တန်းသား သင်တန်းသူများသည် ကျိုင်းတုံနှင့် မိုင်းလား ဒေသများသို့ လက်တွေ့ကွင်းဆင်းလေ့လာသင်ယူခဲ့ကြောင်း သိရသည်။ **မောင်ယဉ်ကျေး**

# နေရေးအခက်အခဲရှိ ဝန်ထမ်းများအား နေအိမ်များချထားပေးနိုင်တော့မည်

**မုံရွာ ဇူလိုင် ၉**

၂၀၁၅-၂၀၁၆ ဘတ်ဂျက်ကာလအတွင်း စစ်ကိုင်းတိုင်းဒေသကြီးအတွင်း မြို့ ၁၁ မြို့တို့တွင် ဝန်ထမ်းအိမ်ရာ ၃၉ လုံးတည်ဆောက်မည်ဖြစ်သဖြင့် တိုင်းဒေသကြီးအတွင်း တာဝန်ထမ်းဆောင်ဆဲနေရေးအခက်အခဲရှိ ဝန်ထမ်းများအား နေအိမ်ပေးနိုင်တော့မည်ဖြစ်ကြောင်း တိုင်းဒေသကြီးမြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးရုံးမှ မြို့နယ်ဦးစီးအရာရှိ ဦးနိုင်လင်းက ပြောသည်။

မုံရွာ၊ စစ်ကိုင်း၊ ရွှေဘို၊ ကလေး၊ တမူး၊ ယင်းမာပင်၊ ကသာ၊ မော်လိုက်၊ ခန္တီး၊ လဟယ်၊ ကန့်ဘလူစသည့် မြို့ ၁၁ မြို့တို့ဖြစ်ပြီး အဆိုပါ မြို့နယ်များတွင် တာဝန်ထမ်းဆောင်ဆဲဖြစ်ပြီး နေစရာ အခက်အခဲရှိသည့် ဝန်ထမ်းများအတွက် နေရာချထားပေးမည် ဖြစ်သည်။ တည်ဆောက်မှုတွင် လေးခန်းတွဲ လေးထပ် ၃၆ လုံး၊ လေးခန်းတွဲနှစ်ထပ် တစ်လုံး၊ ရှစ်ခန်းတွဲ လေးထပ် နှစ် လုံးနှင့် လူပျိုဆောင်၊ အပျိုဆောင် အပါအဝင် ၃၉ လုံးဖြစ်သဖြင့်အိမ်ထောင်စု ၆၄၈ စုတို့အတွက် နေရာထိုင်ခင်း ရရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။

**မြတ်မွန်ထွေး(မြန်မာ့အလင်း)**

# စွန့်ဦးတီထွင်မှုနှင့်စီးပွားရေးစီမံခန့်ခွဲမှုသင်တန်းများ ဖွင့်လှစ်နိုင်ရေး GIZ-ILO ကူညီမည်

**နေပြည်တော် ဇူလိုင် ၉**

ရန်ကုန်မြို့မှအပ မြန်မာနိုင်ငံတစ်ဝန်းရှိဒေသစုံတွင် ကိုယ်ပိုင်သင်တန်းကျောင်းနှင့်ပုဂ္ဂလိကကဏ္ဍအခြေပြုအဖွဲ့အစည်းများကို ဦးဆောင်လုပ်ကိုင်နေသူများအနေဖြင့် SME လုပ်ငန်းဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ သင်တန်းများ တိုးချဲ့ ပို့ချနိုင်ရေးအတွက် အပြည်ပြည်ဆိုင်ရာအလုပ်သမားအဖွဲ့ချုပ်(ILO)နှင့် ဂျာမနီနိုင်ငံ GIZ အဖွဲ့အစည်းတို့က ကူညီသွားမည်ဖြစ်ကြောင်းသိရသည်။

အဆိုပါသင်တန်းကျောင်းနှင့် အဖွဲ့အစည်းများအနေဖြင့် အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်အောင် စွန့်ဦးတီထွင်စီးပွားရေးလုပ်ငန်းရှင် သင်တန်းနှင့်စီးပွားရေးစီမံခန့်ခွဲမှုသင်တန်းများအတွက် ဆရာဖြစ်သင်တန်းနှင့်သင်တန်းလမ်းညွှန်ပံ့ပိုးမှုများကို GIZ-ILO တို့၏ ဒေသတွင်းစီးပွားရေးဝန်ဆောင်မှုလုပ်ငန်းများဖော်ဆောင်ရေးအစီအစဉ်နှင့်ဆက်သွယ်၍ စိတ်ပါဝင်စားမှုအဆိုပြုလွှာ (Expression of Interest) တင်သွင်းရမည်ဖြစ်သည်။

ယင်းအဆိုပြုလွှာကို ဇူလိုင် ၂၉ ရက် ညနေ ၅နာရီနောက်ဆုံးထား၍ ဒေသတွင်းရှိအသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံးခွဲများနှင့် bdsprogram@gmail.com သို့ပေးပို့နိုင်ပြီး အသေးစိတ်သိရှိလိုပါက ဖုန်း-၀၉-၂၆၁၅၃၇၁၅၀၊ ၀၉-၂၆၃၄၃၂၀၇၀ သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

# ရွှေလီမြို့တွင် စာပေဟောပြောပွဲကျင်းပ

**မန္တလေး ဇူလိုင် ၈**

တရုတ်နိုင်ငံ ရွှေလီမြို့၌ နေထိုင်သော မြန်မာနိုင်ငံသားများနှင့် မြန်မာစာပေ လေ့လာသင်ယူနေသူများအတွက် ရည်ရွယ်၍ တယ်ဟုန်းပြည်နယ်ခွဲ ကုန်သည်ကြီးများအသင်း မြန်မာနိုင်ငံ ကိုယ်စားလှယ်ရုံးက ကြီးမှူးကျင်းပသော စာပေဟောပြောပွဲကို တရုတ်နိုင်ငံ ရွှေလီမြို့ မုန့်မောက်ခန်းမ၌ ဇူလိုင် ၄ ရက်နှင့် ၅ ရက်တို့တွင် ည ၇ နာရီခွဲမှ ၁၀ နာရီခွဲအထိ ကျင်းပရာ ရွှေလီမြို့မှ စာပေဝါသနာရှင် ၆၀၀ ကျော်တက်ရောက်ခဲ့ကြကြောင်း သိရသည်။

အဆိုပါ စာပေဟောပြောပွဲတွင် စာရေးဆရာ ဆရာနေဝင်းမြင့်၊ ဆရာမခင်ခင်ထူးနှင့် ဆရာညိုထွန်းလူတို့က တက်ရောက်ဟောပြောခဲ့ကြသည်။

ဇူလိုင် ၄ ရက်တွင် ဆရာနေဝင်းမြင့်က စာအလှ၊ ကဗျာအလှ၊ ဆရာမ ခင်ခင်ထူးက ပန်းတို့ပွင့်စေပျားတို့ချိုစေ၊ ဆရာညိုထွန်းလူက ပညာသာလျှင် ခေါင်းစဉ်များဖြင့် ဟောပြောခဲ့ကြပြီး ဇူလိုင် ၅ ရက်တွင် ဆရာနေဝင်းမြင့်က ကဗျာကိုချစ်ပါ၊ ဆရာမခင်ခင်ထူးက လူငယ်နှင့်စာပေ၊ ဆရာညိုထွန်းလူက အသက်ရှည်ရှည် ခင်ခင်မင်မင်စသည့် ခေါင်းစဉ်တို့ဖြင့် ဟောပြောခဲ့ကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

ဗလငါးတန်
ဖွံ့ဖြိုးဖို့
စာအုပ်စာပေ
လေ့လာစို့



# အင်းလေးကန်ထိန်းသိမ်းကာကွယ်ရေးအလုပ်ရုံဆွေးနွေး

**ညောင်ရွှေ ဇူလိုင် ၉**

မြန်မာနိုင်ငံ၏ ပထမဆုံးသော လူသားနှင့်ဇီဝအဝန်းနယ်မြေဖြစ်သည့် အင်းလေးကန်ကို ထိန်းသိမ်းကာကွယ်ခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ဇူလိုင် ၇ ရက် နံနက်ပိုင်းက အင်းလေး (ခေါင်တိုင်) ဟူပင်ဟိုတယ်တွင် ကျင်းပခဲ့သည်။

အလုပ်ရုံဆွေးနွေးပွဲတွင် အင်းလေးကန်ဆယ်ယူရေးနှင့် ထိန်းသိမ်းရေး ရေရှည်စီမံချက်၊ အင်းလေးကန်ထိန်းသိမ်းကာကွယ်ရေး ငါးနှစ်စီမံကိန်း (၂၀၁၅-၂၀၁၆ မှ ၂၀၁၉-၂၀၂၀ အထိ)၊ အင်းလေးကန်ကို ယူနက်စကို၏ ဇီဝအဝန်းနယ်မြေအဖြစ် သတ်မှတ်ထိန်းသိမ်းခြင်းနှင့်စပ်လျဉ်း၍ ရရှိလာမည့် အကျိုးကျေးဇူးများနှင့် ရလဒ်များ၊ ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များ၊ အင်းလေးကန် စီမံအုပ်ချုပ်မှုအဖွဲ့၏ လုပ်ငန်းတာဝန်ဝတ္တရားများ စသည့် အကြောင်းအရာများကို ဆွေးနွေးခဲ့ကြောင်း သိရသည်။

အင်းလေးကန်ကို ပြင်သစ်နိုင်ငံ ပါရီမြို့၌ ဇွန် ၉ ရက်က ကျင်းပခဲ့သည့် (၂၇) ကြိမ်မြောက် သဘာဝပတ်ဝန်းကျင် အစည်းအဝေးတွင် ကုလသမဂ္ဂ ယူနက်စကိုအဖွဲ့က မြန်မာနိုင်ငံ၏ ပထမဆုံး လူသားနှင့်ဇီဝအဝန်းနယ်မြေအဖြစ် အတည်ပြုသတ်မှတ်ပေးခဲ့ကြောင်း သိရသည်။

အင်းလေးကန်သည် ဒေသရင်းဇီဝမျိုးစုံမျိုးကွဲများ ကြွယ်ဝခြင်းနှင့် ထူးခြားသည့် ဘာသာရေး၊ ယဉ်ကျေးမှုနှင့် ဓလေ့ထုံးစံအမွေအနှစ်များရှိခြင်းကြောင့် ပြည်တွင်းပြည်ပခရီးသွားများ စိတ်ဝင်တစားလည်ပတ်ရာ ဒေသတစ်ခုဖြစ်ကြောင်း၊ ၁၉၈၅ ခုနှစ်မှစ၍ အင်းလေးကန်ဒေသကို ဘေးမဲ့တောအဖြစ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနက ဖွဲ့စည်းစီမံအုပ်ချုပ်ခဲ့ကြောင်း၊ ထူးခြားသည့်ဂုဏ်အင်္ဂါများကြောင့် အာဆီယံအမွေအနှစ်အဖြစ် သတ်မှတ်ခြင်းခံခဲ့ရကြောင်း၊ ထို့နောက် ဇွန်လအတွင်းတွင် အင်းလေးကန်ဒေသကို ယူနက်စကိုမှ လူသားနှင့် ဇီဝအဝန်းနယ်မြေအဖြစ် အတည်ပြုသတ်မှတ်ခဲ့ကြောင်း၊ လူသားနှင့် ၎င်းတို့၏ လူမှုစီးပွားရေးဘဝကို အထောက်အကူပြုနေသည့် သဘာဝပတ်ဝန်းကျင်တို့အကြား အပြန်အလှန် သဟဇာတမျှတစွာ ဆက်စပ်ရပ်တည်နိုင်ရေး ရည်ရွယ်ချက်ဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

လူသားနှင့် ဇီဝအဝန်းနယ်မြေအစီအစဉ်ကို ယူနက်စကိုမှ ၁၉၇၁ ခုနှစ်တွင် စတင်ခဲ့ပြီး လူသားနှင့် သဘာဝပတ်ဝန်းကျင်တို့အကြား ဆက်သွယ်မှု ပိုမိုတိုးတက်လာစေရန် သိပ္ပံသုတေသနလုပ်ငန်းများ၊ ပညာပေးရေးလုပ်ငန်းများနှင့် သဘာဝအရင်းအမြစ်များစီမံခန့်ခွဲခြင်းဆိုင်ရာ လုပ်ငန်းရပ်များကို အဆိုပါ အစီအစဉ်တွင် ဆောင်ရွက်ရမည့်လုပ်ငန်းများအဖြစ် ထည့်သွင်းထားရှိသည်။ အဖွဲ့ဝင်နိုင်ငံတိုင်းရှိ သဘာဝနယ်မြေများ၊ ဂေဟစနစ်နှင့် ဇီဝမျိုးစုံမျိုးကွဲ ထိန်းသိမ်းရေးနယ်မြေများအနက် ကမ္ဘာလုံးဆိုင်ရာ ထင်ရှားထူးခြားပြီး ထိန်းသိမ်းကာကွယ်နိုင်မည့်ဒေသများကို ဇီဝအဝန်းနယ်မြေများဟု ခေါ်ဝေါ်သတ်မှတ်ကာ စံနှုန်းများအနေဖြင့် သတ်မှတ်ချက် (၆)ချက်၊ ဖြည့်စွက်သတ်မှတ်ချက် (၁)ချက်တို့နှင့် ကိုက်ညီမှုအရ အဆိုပါ သတ်မှတ်မည့်နေရာ၊ နယ်မြေဒေသကို ဇီဝအဝန်းနယ်မြေအဖြစ် အဖွဲ့ဝင်နိုင်ငံများ၏ သဘောတူညီချက်ရယူ၍ သတ်မှတ်ထုတ်ပြန်ကြေညာပေးလျက်ရှိသည်။

ဇီဝအဝန်းနယ်မြေ၏ အဓိကရည်ရွယ်ချက်မှာ ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းခြင်း၊ ၎င်းနယ်မြေအတွင်းရှိ ပြည်သူတို့၏ လူမှုစီးပွားရေးမြှင့်တင်ခြင်း၊ ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းခြင်းနှင့် သဘာဝသယံဇာတများအပေါ် မှီခိုထုတ်ယူသုံးစွဲနေမှုတို့ကို ညီညွတ်မျှတအောင် ထိန်းညှိစီမံအုပ်ချုပ်သည့် စနစ်တစ်ခုရှိစေခြင်းတို့ဖြစ်ကြောင်း သိရသည်။

**သတင်းနှင့် ဓာတ်ပုံ-နေမျိုးသူရိန်**

## အားကစားဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်(TSDP) အရ အားကစားပြိုင်ပွဲများ ပထမအကြိမ်ကျင်းပ

**ကျောက်ပန်းတောင်း ဇူလိုင် ၉**

၂၀၁၅ ခုနှစ် ပထမအကြိမ် မြို့နယ်အားကစားဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်(TSDP)အရ ကျောက်ပန်းတောင်းမြို့နယ် အားကစားနှင့်ကာယပညာကော်မတီဥက္ကဋ္ဌဖလား ဘောလုံး၊ ဘော်လီဘောနှင့် ပိုက်ကျော်ခြင်းပြိုင်ပွဲများကို ကျောက်ပန်းတောင်းမြို့နယ်အားကစားကွင်း၌ ဇူလိုင် ၇ ရက်က ကျင်းပသည်။

အားကစားပြိုင်ပွဲများဖွင့်ပွဲသို့ အားကစားဝန်ကြီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသက်လွင်၊ မန္တလေးတိုင်းဒေသကြီး အားကစားနှင့်ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးဝေဇင်တို့ တက်ရောက်ကြသည်။

ဖွင့်ပွဲတွင် မြို့နယ်အားကစားနှင့်ကာယပညာကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူးက အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ မှာကြားချက်အရ မြို့နယ်များတွင် အားကစားဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် မြို့နယ်အားကစားဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်ကို ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း၊ မန္တလေးတိုင်းဒေသကြီးအတွင်းမှ ဦးစားပေး ငါးမြို့နယ်အဖြစ် အမရပူရ၊ မြစ်သား၊ နွားထိုးကြီး၊ မိတ္ထီလာနှင့် ကျောက်ပန်းတောင်းမြို့နယ်များကို ရွေးချယ်ထားကြောင်း၊ အားကစားပြိုင်ပွဲများကျင်းပခြင်းဖြင့် ကျောက်ပန်းတောင်းမြို့နယ်အတွင်းမှ ရွက်ပုံးသီးအားကစားသမားများ ပေါ်ထွက်လာပြီး တိုင်းဒေသကြီးအတွက်ရော နိုင်ငံအတွက်ပါထူးချွန်သော အားကစားသမားကောင်းများရရှိရေး အထောက်အကူဖြစ်နိုင်မှာဖြစ်ကြောင်း အမှာစကားပြောကြားသည်။

မြို့နယ်အားကစားဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်(TSDP)အရ ကျင်းပသည့် ဘောလုံး၊ ဘော်လီဘောနှင့် ပိုက်ကျော်ခြင်းအားကစားပြိုင်ပွဲများကို Ever Truth ကုမ္ပဏီက အဓိကပံ့ပိုးကူညီထားပြီး ပြိုင်ပွဲဝင်အသင်းများအနေဖြင့် ဘောလုံးအသင်း ရှစ်သင်း၊ ဘော်လီဘောအသင်း ရှစ်သင်းနှင့် ပိုက်ကျော်ခြင်းအသင်း ၁၃ သင်း ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း သိရသည်။

**နေအောင်(iprd)**

## ရှေးဦးပြုစုခြင်း အခြေခံ(ဆင့်ပွား)သင်တန်းဖွင့်

**ပင်လည်ဘူး ဇူလိုင် ၉**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ပင်လည်ဘူးမြို့နယ်ပညာရေးဦးစီးဌာနနှင့် မြို့နယ်ကြက်ခြေနီအသင်းတို့ပူးပေါင်း၍ ပထမအကြိမ်ဖွင့်လှစ်သော ရှေးဦးပြုစုခြင်းအခြေခံ(ဆင့်ပွား)သင်တန်းဖွင့်ပွဲကို ဇူလိုင် ၆ ရက်က ပင်လည်ဘူးမြို့ အခြေခံပညာအထက်တန်းကျောင်း ဦးအောင်မြတ်ခန်းမ၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲသို့ မြို့နယ်ကြက်ခြေနီအသင်းဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌ၊ မြို့နယ်ကြက်ခြေနီအသင်း တပ်ရင်းမှူး၊ ဒုတပ်ရင်းမှူးနှင့် တပ်ဖွဲ့ဝင်များ၊ သင်တန်းသား သင်တန်းသူများနှင့် ဆရာ ဆရာမများ တက်ရောက်ကြသည်။ သင်တန်းဖွင့်ပွဲတွင် မြို့နယ်ကြက်ခြေနီအသင်းတပ်ရင်းမှူး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်ကြက်ခြေနီအသင်း ဒုတိယဥက္ကဋ္ဌနှင့် မြို့နယ်ပညာရေးမှူးတို့က အမှာစကားပြောကြားကာ မြို့နယ်ကြက်ခြေနီအသင်းဥက္ကဋ္ဌ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာမိုးဟိန်းက သင်တန်းဖွင့်လှစ်ရခြင်းအကြောင်းကို ရှင်းလင်းပြောကြားသည်။

ထို့နောက် သင်တန်းအတွက် သင်ထောက်ကူစာရေးကိရိယာပစ္စည်းများနှင့် ရှေးဦးပြုစုမှုအတွက် အသုံးပြုသည့် ဆေးအိတ်များကို သင်တန်းသား၊ သင်တန်းသူများထံ ပေးအပ်ခဲ့သည်။ သင်တန်းကာလမှာ ငါးရက်ကြာမြင့်မည်ဖြစ်ပြီး သင်တန်းပြီးစီးပါက သင်တန်းသူဆရာ၊ ဆရာမများအနေဖြင့် မိမိတို့ ဒေသများ၌ ပညာရေးအပြင် ရှေးဦးပြုစုနည်းဖြင့် ကျန်းမာရေးကာကွယ်စောင့်ရှောက်မှုများပါ ဆောင်ရွက်သွားနိုင်မည်ဖြစ်ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

## ဒေသခံအမျိုးသမီးငယ်များ ကိုယ်ပိုင်အလုပ်အကိုင်ရရှိစေရေး စက်ချုပ်သင်တန်းများ ဖွင့်လှစ်

**မလှိုင် ဇူလိုင် ၉**

မလှိုင်မြို့နယ်အတွင်းရှိ ဒေသခံအမျိုးသမီးငယ်များ ကိုယ်ပိုင်အလုပ်အကိုင်ရရှိစေရေး၊ မိသားစုအပိုဝင်ငွေရရှိစေရေးနှင့် နိုင်ငံတော်ကဆောင်ရွက်နေသည့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းမှ အထောက်အကူဖြစ်စေရန်ရည်ရွယ်၍ အခြေခံနှင့် အဆင့်မြင့်စက်ချုပ်သင်တန်း (၂ / ၂၀၁၅) ကို မလှိုင်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးရုံး၌ ဖွင့်လှစ်သင်ကြားလျက်ရှိကြောင်း သိရသည်။

“ဒီတစ်ပတ်သင်တန်းက အခါတိုင်းလို အခြေခံတစ်မျိုးတည်းသင်တန်း မဟုတ်ပါဘူး။ တစ်ဆက်တည်း အဆင့်မြင့်ပါတွဲပြီးဖွင့်တာပါ။ အခြေခံသင်ရိုးပြီးတာနဲ့ အဆင့်မြင့်သင်ခန်းစာကို ဆက်သင်သွားမှာပါ။ ဒီသင်တန်းကဆင်းရင် ကိုယ်ပိုင်ဆိုင်ဖွင့်နိုင်သည်အထိ ရည်ရွယ်သင်ကြားပေးနေတာဖြစ်ပါတယ်”ဟု မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်ထားမူက ပြောသည်။ သင်တန်းတွင် စက်ချုပ်နည်းများကို အခြေခံအဆင့်မှစ၍ အဆင့်မြင့်နည်းများအထိ သင်ကြားသွားမည်ဖြစ်ကာ သင်တန်းတွင်လိုအပ်သော ကတ်ကြေး၊ ပေတံ၊ မှတ်စုစာအုပ် စသည့်သင်ထောက်ကူပစ္စည်း ၁၃ မျိုးကိုလည်း အခမဲ့ပေးအပ်ထားပြီး သင်တန်းကာလတွင် ရေ၊ မီး၊ အစုံနှင့် နေထိုင်နိုင်ရေးကိုလည်း စီစဉ်ပေးထားကြောင်း သိရသည်။

အဆိုပါ သင်တန်းကို မလှိုင်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့နှင့် မြို့နယ်မိခင်ကလေး စောင့်ရှောက်ရေးအသင်းတို့ ပူးပေါင်းဖွင့်လှစ်ခဲ့ခြင်းဖြစ်ကာ သင်တန်း သို့ သင်တန်းသူ ၃၆ ဦး တက်ရောက်ပြီး သင်တန်းဆရာမ သုံးဦးက ကြီးကြပ်သင်ကြားပေးလျက်ရှိသည်။

**အောင်ဌေး(မလှိုင်)**

## အမျိုးသားလူ့အခွင့်အရေးကော်မရှင်က လူ့အခွင့်အရေးအကြောင်းသိကောင်းစရာများ ရှင်းလင်းဆွေးနွေး

**မြင်းခြံ ဇူလိုင် ၉**

မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ လူ့အခွင့်အရေးအကြောင်းသိကောင်းစရာများ ရှင်းလင်းဆွေးနွေးပွဲကို မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့ အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်း ဧရာဝတီခန်းမ၌ ဇူလိုင် ၇ ရက်က ကျင်းပသည်။

ဆွေးနွေးပွဲတွင် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်လေးက လူ့အခွင့်အရေးဆိုင်ရာ အခြေခံအနှစ်သာရများနှင့် ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်းအကြောင်းကိုလည်းကောင်း၊ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်အဖွဲ့ဝင် ဦးစိုးဘုန်းမြင့်က ဖွဲ့စည်းပုံအခြေခံဥပဒေပါ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များကိုလည်းကောင်း၊ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်အဖွဲ့ဝင် ဦးယုလွင်အောင်က မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ဖွဲ့စည်းခြင်း လုပ်ငန်းဆောင်ရွက်နေမှုများနှင့် တိုင်တန်းချက်လုပ်ထုံးလုပ်နည်းများအကြောင်းတို့ကိုလည်းကောင်း ရှင်းလင်းဆွေးနွေးခဲ့သည်။

လူ့အခွင့်အရေးအကြောင်းသိကောင်းစရာများ ရှင်းလင်းဆွေးနွေးပွဲသို့ မြင်းခြံခရိုင် အုပ်ချုပ်ရေးမှူး ဦးမြင့်သင်းအောင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းသိန်းအောင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ နိုင်ငံရေးပါတီများ၊ မြင်းခြံခရိုင်နှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ အခြားလူမှုရေးအဖွဲ့အစည်းဝင်များ တက်ရောက်ကြပြီး ရှင်းလင်းဆွေးနွေးမှုအပြီးတွင် သိရှိလိုသည်များကို မေးမြန်းခဲ့ပြီး မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်အဖွဲ့ဝင်များက ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

**ဇော်မင်းနိုင်(မြင်းခြံ)**



# ရာသီသစ်မှာ စောင့်ကြည့်ရမယ့် တန်းတက်မျက်နှာသစ်တွေ

မိုးမြင့်လင်းလက်

၂၀၁၅-၂၀၁၆ ပရီမီယာလိဂ်ရာသီရဲ့ အဖွင့်ပွဲစဉ်တွေကို လာမယ့်ဩဂုတ် ၈ ရက်မှာ စတင်တော့မှာဖြစ်ပါတယ်။ ရာသီအသစ်မှာ ရလဒ်ကောင်းတွေ ပိုင်ဆိုင်နိုင်ဖို့ ကြိုတင်ပြင်ဆင်မှုတွေ၊ ဘောလုံးသမားသစ်ခေါ်ယူမှုတွေနဲ့ လှုပ်လှုပ်ရှားရှားရှိနေချိန်မှာ ဒီနှစ်ပရီမီယာလိဂ်ကို တန်းတက်လာတဲ့ မျက်နှာသစ်သုံးသင်းကလည်း ကြိုတင်ပြင်ဆင်မှုတွေပြုလုပ်နေပါတယ်။ တန်းတက်လာတဲ့ ဘုန်းမောက်၊ ဝက်ဖို့ဒ်နဲ့ နော့ဝှစ်ချ်အသင်းတွေဟာ လာမယ့်ရာသီတွေမှာ ပရီမီယာလိဂ်မှာ ဆက်လက်ယှဉ်ပြိုင်နိုင်ရေးအတွက် တန်းမဆင်းရအောင် အခုကတည်းက စနစ်တကျပြင်ဆင်နေတာမို့ သူတို့ရဲ့ လှုပ်ရှားမှုတွေက စိတ်ဝင်စားစရာကောင်းနေတာတော့ အမှန်ပါပဲ။




**ဘုန်းမောက်**

ပြီးခဲ့တဲ့ ဘောလုံးရာသီက ချန်ပီယံရှစ်မှာ အမှတ်ပေးချန်ပီယံဖြစ်ခဲ့တဲ့ ဘုန်းမောက်အသင်းဟာ အကောင်းဆုံးခြေစွမ်းပြနိုင်ခဲ့ပါတယ်။ နည်းပြ ဟိုဝီဟာ ကစားသမားတွေကို စနစ်တကျခင်းကျင်းနိုင်ပြီး ပြိုင်ဘက်တွေကို ကျော်ဖြတ်နိုင်ရေးအတွက် အသင်းနဲ့ကိုက်ညီတဲ့ ဗျူဟာကိုလည်း ချမှတ်နိုင်ပြီး ပြိုင်ဘက်တွေကို အနိုင်ရရေးအတွက် အသင်းနဲ့ ကိုက်ညီတဲ့ဗျူဟာကိုလည်း ချမှတ်နိုင်သူဖြစ်ပါတယ်။ ပွဲကစားချိန်အတွင်း အချိန်ကိုက်ကစားသမားလဲလှယ်မှုကို အကောင်အထည်ဖော်ရာမှာ ထိရောက်မှုရှိတာမို့ အသင်းလိုက်ကစားအားကို ပွဲချိန်ပြည့်သည်အထိ မကျအောင် တွန်းအားပေးနိုင်သူဖြစ်ပါတယ်။ ဘုန်းမောက်ရဲ့ ကစားသမား အနေအထားကို ကြည့်ရင် လောလောဆယ်မှာတော့ ချယ်လ်ဆီးအသင်းက အက်သူကို အငှားခေါ်ထားပြီး တိုက်စစ်ဦးစားပေးကစားဟန်ကို အကောင်အထည်ဖော်ပါလိမ့်မယ်။ ရာသီအကြိုပွဲစဉ်တွေအဖြစ် ဇူလိုင် ၁၄ ရက်မှာ ဖီလာဒဲလ်ဖီးယားအသင်း၊ ဇူလိုင် ၁၈ ရက်မှာ အစ်တာအသင်း၊ ဇူလိုင် ၂၅ ရက်မှာ နန့်တက်အသင်း၊ ဇူလိုင် ၂၈ ရက်မှာ ယိုဗီးလ်အသင်းနဲ့ ဩဂုတ် ၁ ရက်မှာတော့ ဟော့ဖန်ဟိန်းအသင်းတွေနဲ့ကစားမှာ ဖြစ်ပါတယ်။ အဲဒီခြေစမ်းပွဲတွေအပြီးမှာတော့ ပရီမီယာလိဂ်ပထမဆုံးပွဲစဉ်အဖြစ် ဩဂုတ် ၈ ရက်မှာ ဗီလာအသင်းနဲ့ ကစားရမှာဖြစ်ပါတယ်။ ဒါကြောင့် တန်းတက် ဘုန်းမောက်ရဲ့ခြေစွမ်းကို အကဲခတ်ခွင့်ရတော့မှာဖြစ်ပြီး ၂၀၁၂ ခုနှစ်ကတည်းက အသင်းကို ကိုင်တွယ်လာတဲ့ နည်းပြဟိုဝီရဲ့ စွမ်းဆောင်မှုဟာ ပရီမီယာလိဂ်မှာ ဘယ်လောက်အထိ မှတ်ကျောက်တင်ခံမလဲဆိုတာကလည်း စောင့်ကြည့်ရမှာဖြစ်ပါတယ်။

**ဝက်ဖို့ဒ်**

ပရီမီယာလိဂ်ကို တက်လိုက်ဆင်းလိုက်ဖြစ်နေတဲ့ ဝက်ဖို့ဒ်တို့က ဒီနှစ်မှာတော့ ကစားသမားအသစ် ခေါ်ယူဖြည့်ဆည်းမှုတွေ ပြုလုပ်နေတာမို့ အသင်းကောင်း တစ်သင်းအဖြစ် ရပ်တည်နိုင်ရေးကြိုးစားနေပါတယ်။ ရာသီအကြိုခြေစမ်းပွဲတွေအဖြစ် ဇူလိုင် ၁၁ ရက်မှာ ဝင်ဘယ်ဒန်အသင်း၊ ဇူလိုင် ၁၇ ရက်မှာ ဘရွန်ရှဝစ်အသင်း၊ ဇူလိုင် ၁၉ ရက်မှာ ပါဒါဘွန်အသင်း၊ ဩဂုတ် ၁ ရက်မှာ ဆီဗီလာအသင်းတွေနဲ့ ကစားဖို့ရှိပါတယ်။ ဩဂုတ် ၈ ရက်မှာတော့ ပရီမီယာလိဂ်အဖွင့်ပွဲစဉ်အဖြစ် အဝေးကွင်းမှာ အဲဗာတန်နဲ့ ယှဉ်ပြိုင်ကစားရမှာဖြစ်တာမို့ တာထွက်ကောင်းမကောင်းကြည့်ရမယ့် အနေအထားရှိနေပါတယ်။

**နော့ဝှစ်ချ်**

ချန်ပီယံရှစ်မှာ Play-off ကစားခဲ့ပြီးမှ ပရီမီယာလိဂ်ကို တန်းတက်လာတဲ့ နော့ဝှစ်ချ်တို့ကတော့ ရာသီအကြိုခြေစမ်းပွဲတွေအဖြစ် ဇူလိုင် ၁၁ ရက်မှာ ဂျော်လက်စတန်၊ ဇူလိုင် ၁၄ ရက်မှာ ဟစ်ချင်အသင်း၊ ဇူလိုင် ၁၇ ရက်မှာ ကိန်းဘရစ်အသင်း၊ ဇူလိုင် ၂၈ ရက်မှာ ဝက်စ်ဟမ်းအသင်း၊ ဩဂုတ် ၁ ရက်မှာတော့ ဖရန့်ဖို့ဒ်အသင်းတွေနဲ့ ခြေစမ်းပွဲတွေ ကစားပါလိမ့်မယ်။ ဩဂုတ် ၈ ရက်မှာ စတင်မယ့် ပရီမီယာလိဂ်မှာတော့ နော့ဝှစ်ချ်ဟာ အိမ်ကွင်းမှာ ခရစ္စတယ်ပဲလေ့စ်အသင်းနဲ့ ကစားရမှာမို့ အဖွင့်ပွဲစဉ်တွေမှာ အမှတ်ပြည့် ရယူနိုင်လားကြည့်ရမှာဖြစ်ပါတယ်။ ကစားသမား အသစ်ခေါ်ယူမှုမှာတော့ ဝက်စ်ဘရွန်းက ကွင်းလယ် ကစားသမား မူလမ်ဘူကို ခေါ်ယူထားတာမို့ ရာသီသစ်မှာတော့ စောင့်ကြည့် ရမယ့်အသင်း ဖြစ်ပါတယ်။



## ဘင်တလက်ကို စပါးက ငါးနှစ်စာချုပ်

ကွင်းလယ်ကစားသမား နဘီးလ်ဘင်တလက်ကို စပါးက ငါးနှစ်ထပ်မံစာချုပ်လိုက်ပါပြီ။ အသက် ၂၀ အရွယ်သာရှိသေးတဲ့ အယ်လ်ဂျီးရီးယားလက်ရွေးစင် ဘင်တလက်ဟာ ၂၀၁၂ ခုနှစ် စမ်းသပ်ကာလအပြီး ခေါ်ယူခဲ့တာဖြစ်ပါတယ်။ သူဟာ ပထမသက်တမ်းမှာ ပုံမှန်ကစားသမားဖြစ်လာပြီးနောက် ၂၀၁၃ ခုနှစ် ဒီဇင်ဘာလက ဆောက်သမ်တန်ကို အနိုင်ရတဲ့ပွဲမှစပြီး စတင်ပါဝင်ကစားခဲ့တာဖြစ်ပါတယ်။ ဘင်တလက်ဟာ ၂၀၁၄ ခုနှစ် ကမ္ဘာ့ဖလားမှာ အယ်လ်ဂျီးရီးယားအသင်းနဲ့အတူ ပါဝင်ကစားခဲ့ပါတယ်။

ပြီးခဲ့တဲ့ နှစ်က စပါးအသင်းအတွက် ၃၅ ပွဲ ပါဝင်ကစားရာမှာ တစ်ဂိုးသွင်းယူပေးနိုင်ခဲ့ပါတယ်။ ပုံမှန်ပွဲထွက်ကစားခွင့်ရလာတဲ့ ဘင်တလက်ဟာ လာမယ့် ပရီမီယာလိဂ်မှာလည်း စပါးအသင်းနဲ့အတူ ပွဲထွက်လာမှာ ဖြစ်ပါတယ်။

## အက်ဖ်စီတွမ်တီး နောက်တန်းလူကို ဆောက်သမ်တန် ခေါ်ယူ

ဆောက်သမ်တန်အသင်းက အက်ဖ်စီတွမ်တီးနောက်တန်းကစားသမား ကူကိုမာတီနာကို နှစ်နှစ်စာချုပ်နဲ့ ခေါ်ယူလိုက်ပါပြီ။ အသက် ၂၅ နှစ်အရွယ်ရှိတဲ့ ကူကိုမာတီနာက ယခုသီတင်းပတ်တွင်း ဆောက်သမ်တန်အသင်းနဲ့ လာရောက်ဆက်သွယ်မယ်လို့ ဆိုပါတယ်။ မာတီနာဟာ နောက်တန်းအကောင်းဆုံးကစားသမားတွေထဲက တစ်ဦးပါလို့ ဆောက်သမ်တန်ဘောလုံးဒါရိုက်တာ လက်စ်ရိဒ်ကဆိုပါတယ်။ လက်ရှိ ဆောက်သမ်တန်ကစားသမားတွေ ဖြစ်တဲ့ ဘတ်ထရန်းနဲ့ မူဂါဘီတို့ ဒဏ်ရာရထားတဲ့အတွက် အခြားနောက်တန်းကစားသမားတစ်ဦးကို အမြန်ဆုံးခေါ်ယူလိုက်ရတာလို့ လက်စ်ရိဒ်က ဆိုပါတယ်။ မာတီနာဟာ ဆောက်သမ်တန်အသင်းနည်းပြ ရော်နယ်ကိုးမန်းရဲ့ အစ်ကိုဖြစ်သူ အာဝင်ရဲ့ဒတ်ချ်ကလပ် အက်ဖ်စီတွမ်တီးမှာ နှစ်နှစ်ကြာကစားခဲ့သူဖြစ်ပါတယ်။ ဆောက်သမ်တန်အသင်းအနေနဲ့ ကလိုင်နီကို လီဗာပူးသို့ ရောင်းထုတ်ခဲ့ပါတယ်။ ပြင်သစ်ကွင်းလယ်ကစားသမား စနိုင်ဒါလင်းကိုလည်း မန်ယူသို့ ရောင်းချမယ့်အနေအထား ရှိနေပါတယ်။ ဒီအတွက် ဆောက်သမ်တန်က လူသစ်ပြန်လည်စုဆောင်းနေရပြီဖြစ်ပါတယ်။ သို့ပေမယ့် ဆောက်သမ်တန်အသင်းဟာ ကစားသမားသစ်တွေကို ခေါ်ယူပြီး ပြန်လည်ရောင်းချခြင်းဖြင့် အကျိုးအမြတ်ရအောင် လုပ်ဆောင်တဲ့အသင်းဖြစ်ပါတယ်။



## ဘာရာဇီးနည်းပြဖြစ်လိုတဲ့ ဂွါဒီယိုလာ

ဘိုင်ယန်မြူးနစ်နည်းပြ ဂွါဒီယိုလာက သူ့အနေနဲ့ ပြီးခဲ့တဲ့နှစ် ကမ္ဘာ့ဖလားမှာ ဘရာဇီးနည်းပြဖြစ်ဖို့ ဆန္ဒရှိခဲ့တယ်လို့ နောက်တန်းကစားသမား ဒန်နီအယ်လ်ဗက်က ပြောဆိုလိုက်ပါတယ်။ နူးကင့်မ်နည်းပြဟောင်း ဂွါဒီယိုလာဟာ ဘရာဇီးအသင်း ချန်ပီယံဖြစ်ဖို့ အစီအစဉ်ရှိခဲ့တယ်လို့ ဘာစီလိုနာ နောက်တန်းကစားသမား ဒန်နီအယ်လ်ဗက်က ဆိုပါတယ်။ သို့ပေမယ့် ဘရာဇီးဘောလုံး တာဝန်ရှိသူတွေက နိုင်ငံခြားသား နည်းပြတွေကို ကြောက်ရွံ့နေတယ်လို့ အယ်လ်ဗက်က ဆိုပါတယ်။ ဂွါဒီယိုလာဟာ ဘရာဇီးအသင်း ချန်ပီယံဖြစ်ဖို့ နည်းဗျူဟာတွေရှိထားတယ်လို့ အသက် ၃၂ နှစ်အရွယ် ဘရာဇီးနောက်တန်းကစားသမား အယ်လ်ဗက်က ထပ်လောင်းပြောဆိုလိုက်ပါတယ်။ ဂွါဒီယိုလာရဲ့ လက်ထက်မှာ ဘာစီလိုနာအသင်းဟာ လေးနှစ်တာအတွင်း ဖလား ၁၄ လုံး ဆွတ်ခူးပေးနိုင်ခဲ့ပါတယ်။ ဒီအထဲမှာ ချန်ပီယံလိဂ်ဖလား နှစ်လုံးလည်း အပါအဝင် ဖြစ်ပါတယ်။



သူဟာ ၂၀၁၂ ခုနှစ် ဇွန်လက ဘိုင်ယန်မြူးနစ်ကို ပြောင်းရွှေ့သွားခဲ့ပါတယ်။ ဂျာမနီမှာလည်း နှစ်နှစ်ဆက်တိုက် ဖလားဆွတ်ခူးပေးနိုင်ခဲ့ပါတယ်။ အသက် ၄၄ နှစ်အရွယ်ရှိပြီဖြစ်တဲ့ ဂွါဒီယိုလာဟာ ကမ္ဘာမှာ အကောင်းဆုံးနည်းပြလို့ အယ်လ်ဗက်က ဆိုပါတယ်။

ကောင်းမြတ်သူ - စုစည်းသည်

## "မြတ်ဆရာကန်တော့ပွဲ"

ကျောက်ပန်းတောင်း စက်မှုလက်မှုသိပ္ပံ တွင် ၁၉၉၈ ခုနှစ် ( AGTI )နှင့် ၁၉၉၉ ခုနှစ် (EGTI )တွင် စတင်တက်ရောက်ပညာသင်ကြားခဲ့ကြသည့် မြို့ပြ နှင့်စက်မှုကျောင်းသား/သူ ဟောင်းများ၏ ဒုတိယအကြိမ်မြောက် မြတ်ဆရာပူဇော်ကန်တော့ပွဲ ကို အောက်ပါအစီအစဉ်အတိုင်းကျင်းပပြုလုပ်မည်ဖြစ်ကြောင်း ရဝ်နီးရပ်ဝေးမှ သူငယ်ချင်းများအားအသိပေး အကြောင်းကြားအပ်ပါသည်။

အလှူငွေများအား အောက်ဖော်ပြပါ ဆရာ/ဆရာမ များနှင့် သူငယ်ချင်းများထံတွင် ဆက်သွယ်လှူဒါန်းကြပါရန် ခင်မင်ရင်းနှီးစွာ တိုက်တွန်းနှိုးဆော်အပ်ပါသည်။

-အလှူငွေများကို (၁၅.၉.၂၀၁၅)ရက်နေ့နောက်ဆုံးထား၍ ထည့်ဝင်ပေးပါရန်မေတ္တာရပ်ခံအပ်ပါသည်။

နေရာ / ရက်နေ့ ။ ။ စက်မှုလက်မှုသိပ္ပံ ၊ ကျောက်ပန်းတောင်း (GTI)
၃.၁၀.၂၀၁၅ (စနေနေ့)

အာစရိယပူဇော်ပွဲဖြစ်မြောက်ရေးအဖွဲ့ (ယာယီ)
ဆက်သွယ်လှူဒါန်းရန်

| | | |
|---|---|---|
| ၁။ ဆရာမဒေါ်သန်းသန်းနု | (ကျောက်ပန်းတောင်း) | ၀၉-၃၃၀၃၁၅၇၅ |
| ၂။ ဆရာမဒေါ်နီလာတင့် | (ရန်ကုန်) | ၀၉-၅၁၉၁၃၆၉ ၊ ၀၉-၇၉၉၆၅၇၉၂၉ |
| ၃။ ကိုသိန်းထွန်းတင် | (ရန်ကုန်) | ၀၉-၀၉-၃၁၆၃၅၉၇၇ |
| ၄။ ကိုရဲထွန်း | (ရန်ကုန်) | ၀၉-၇၉၄၉၅၃၅၁ |
| ၅။ ကိုအုံကျော် | (နေပြည်တော်) | ၀၉- ၄၃၀၂၁၄၇၆ |
| ၆။ ကိုကိုဝင်း | (နေပြည်တော်) | ၀၉-၄၂၈၃၂၂၅၃၃ |
| ၇။ ကိုမင်းမင်း | (တောင်သာ) | ၀၉-၄၇၂၂၈၀၁၄ |
| ၈။ မရောသိန်းထွန်း | (ရန်ကုန်) | ၀၉-၇၉၇၅၀၅၉၄၆၊၀၉-၄၂၀၀၁၅၂၉၁ |
| ၉။ မသန့်သန့်ထွေး | (ရန်ကုန်) | ၀၉-၂၅၀၀၂၂၇၂၄ |
| ၁၀။ ကမ္ဘောဇဘဏ် | Account | 0011110035060 |


FAME **DiabeHerb®**
Natural hypoglycemic agent
ဆီးချိုကျဆေး
TMR 006219 (0717)
၂/၂၀၁၂ တဆထလ/တိုး(၀၆၅၇)
ISO 9001 : 2008
ISO 14001 : 2004
OHSAS 18001 : 2007
GMP Certified
Organic Certified

FAME **JavaHerb®**
Anti-diabetic
သကြားမကိုင်ဆေး
TMR 008205 (1115)
၂/၂၀၁၂ တဆထလ/တိုး(၀၆၅၇)
ISO 9001 : 2008
ISO 14001 : 2004
OHSAS 18001 : 2007
GMP Certified
Organic Certified


## Lecturer Positions for American College Program

**English Teacher Position (Freelance - Part-time)** (2) Posts

**Job Description**

- Deliver Foundation English (FE) program according to curriculum (Student Manual, Facilitator Guide & Assessment Folders provided)
- Deliver IELTS preparation classes
- Conduct assessments and carry out record keeping for FE program
- Facilitate interactive and student-centered learning

**Requirements**

- Experience in teaching English (including IELTS)
- Exceptional English
- Bachelor Degree

**If interested, please send your CV and Cover Letter to Ms. Pwint Nee Aung (p.n.aung@crown-education.com)**


Microsoft ၏ ဖခင်ကြီး Billgate လျှို့ဝှက်အသုံးပြုခဲ့သော




ရဲမင်းအောင် (Ray Electronic)

**Computer Windows လျှို့ဝှက်အသုံးပြုနည်းများ**

Documents လမ်းကြောင်းကို မပြောင်းလဲနိုင်စေရန် ပြုလုပ်ခြင်း။
Taskbar ကို Lock ချ၍ မည်သူမျှ မပြောင်းလဲနိုင်စေရန် ပြုလုပ်ခြင်း။
Pin ပြုလုပ်ထားသော Program များကို ဖယ်ရှားခြင်း။
Command Prompt 'CMD' သို့ဝင်ရောက်ခွင့်ကို ကန့်သတ်ခြင်း။
Removable Disks အားလုံးအား Read/Write Access ပိတ်ပင်ခြင်း။
Keyboard လုပ်ဆောင်ချက်ကို ပိတ်ထားခြင်း။
USB Stick ကို သော့သဖွယ်အသုံးပြု၍ ကွန်ပျူတာကို ဖွင့်စေခြင်း။

ထွက်ပြီ

မျက်ပွင့်စာပေ - ဖုန်း - 09 7300 2965 ၊ 09 7300 5882


**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် 6F-8112၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ (ရှာသာကြီး)





**အာရုံခံစားမှု ပိုကောင်းလေ..... လေ့လာသင်ယူမှု ပိုကောင်းလေ.....**



ကလေးငယ်များဟာ အရုပ်များနှင့်ဆော့ကစားခြင်း (သို့) မိခင်နှင့်ရင်းနှီးနွေးထွေးစွာ နေထိုင်ခြင်းစသည့်အာရုံခံစားမှုများမှတစ်ဆင့်လေ့လာသင်ယူကြပါတယ်။ ဒါ့အပြင် သင်ယူလေ့လာမှုပိုမိုကောင်းမွန်စေရန်အတွက်အာဟာရပြည့်ဝစွာရရှိရန်လည်းလိုအပ်ပါတယ်။ Similac Gain IQ ရဲ့ IQ PLUS System ကြောင့်အာဟာရစုပ်ယူမှုကို အားကောင်းစေပြီး Lutein နှင့် DHA ပိုမိုပါဝင်လို့ကလေးငယ်များရဲ့ဦးနှောက်နှင့်အမြင်အာရုံဖွံ့ဖြိုးမှုကိုတိုးတက်စေပါတယ်။

GIQ140515M

PAHTAMA GROUP

Abbott Nutrition Careline 01-8551428 09 260 35 62 62
Feel free to contact our nutrition advisors for enquiry or advice.

Abbott

စက်မှုဝန်ကြီးဌာန

အမှတ်(၂)အကြီးစားစက်မှုလုပ်ငန်း

## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ စက်မှုဝန်ကြီးဌာန၊ အမှတ်(၂)အကြီးစားစက်မှုလုပ်ငန်းကြီးကြပ်မှုအောက်ရှိ အမှတ်(၂၄) အကြီးစားစက်ရုံ(ဒဂုံ)၊ ဘက်ထရီထုတ်လုပ်မှုအလုပ်ရုံ(ထုံးဘို)တွင် ဘက်ထရီများထုတ်လုပ်ရန်အတွက် လိုအပ်သောခဲစင်(Pure Lead) (၅၀၅)တန်ကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါ၍ အိတ်ဖွင့်တင်ဒါပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ **တင်ဒါစည်းကမ်းနှင့်လျှောက်လွှာပုံစံ ရောင်းချမည့်ရက်** - ၁၀-၇-၂၀၁၅ ရက်မှ ၂၃-၇-၂၀၁၅ ရက်အထိ

၃။ **တင်ဒါပုံစံရောင်းချမည့်နေရာနှင့် တင်သွင်းရမည့်နေရာ** - ထုတ်လုပ်ရေးဌာန၊ အမှတ်(၂)အကြီးစားစက်မှုလုပ်ငန်း၊ ရုံးအမှတ်(၄၁)၊ နေပြည်တော်

၄။ **တင်ဒါပိတ်မည့်ရက်** - ၂၄-၇-၂၀၁၅ ရက် ၁၆း၀၀ နာရီ

၅။ တင်ဒါစည်းကမ်းနှင့်ပတ်သက်၍ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက အောက်ပါလိပ်စာများသို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**ထုတ်လုပ်ရေးဌာန၊ အမှတ်(၂)အကြီးစားစက်မှုလုပ်ငန်း**

**ရုံးအမှတ်(၄၁)၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၀၈၁၄၅၊ ၀၆၇-၄၀၈၂၀၄**

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

ကျန်းမာရေးဝန်ကြီးဌာန

ကုသရေးဦးစီးဌာန

ခုတင်(၅၀၀)ဆံ့အထူးကုဆေးရုံကြီး

ရန်ကုန်မြို့

## အိတ်ဖွင့်လေလံခေါ်ယူခြင်း

၁။ ရန်ကုန်မြို့၊ ခုတင်(၅၀၀)ဆံ့အထူးကုဆေးရုံကြီးမှ အသုံးမပြုတော့သည့် အဆောက်အအုံဟောင်းတစ်လုံးအား မျက်မြင်အခြေအနေအတိုင်း အိတ်ဖွင့်လေလံစနစ်ဖြင့် ရောင်းချမည်ဖြစ်ရာ အဆိုပြုလွှာများကို ၂၀-၇-၂၀၁၅ ရက် ညနေ ၄း၀၀နာရီ နောက်ဆုံးထား၍ ပေးသွင်းနိုင်ကြောင်းကြေညာအပ်ပါသည်။

၂။ အဆိုပြုလွှာပုံစံနှင့်စည်းကမ်းချက်များကို ၈-၇-၂၀၁၅ ရက်မှစတင်၍ ဆေးရုံအုပ်ကြီးရုံးတွင် ဝယ်ယူရရှိနိုင်ပြီး အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ရုံးချိန်အတွင်း ဖုန်း-၀၁-၂၃၀၁၆၂၀နှင့် ၀၁-၂၃၀၁၆၂၄ လိုင်းခွဲ(၁၀၉)သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**လေလံစိစစ်ရောင်းချရေးကော်မတီ**

**ခုတင်(၅၀၀)ဆံ့အထူးကုဆေးရုံကြီး**

**ရန်ကုန်မြို့**

---

အလှကုန် ကုန်ကြမ်းနှင့်ထုပ်ပိုးပစ္စည်းများရောင်းချရန်

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ **ရောင်းချမည့်ပစ္စည်းအမည်** - မြန်မာ့ဆေးဝါးလုပ်ငန်း၊ ဆေးဝါးစက်ရုံ(အင်းစိန်) ကြီးကြပ်မှုအောက်ရှိ အလှကုန် ကုန်ကြမ်းပစ္စည်း(၂၄)မျိုးနှင့် ထုပ်ပိုးပစ္စည်း(၆၆)မျိုး

၂။ **တင်ဒါပိတ်ရက်နှင့်အချိန်** - ၂၀-၇-၂၀၁၅ ရက်၊ ၁၆း၀၀နာရီ

၃။ **ဈေးနှုန်းတင်သွင်းရမည့်နေရာ** - စက်မှုဝန်ကြီးဌာန၊ ရုံးအမှတ် ၃၇ နေပြည်တော်

တင်ဒါပုံစံ၊ တင်ဒါစည်းကမ်းချက်များနှင့် ပစ္စည်းစာရင်းအသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါဌာနတွင် စုံစမ်းမေးမြန်းနိုင်ပါသည်။

**မြန်မာ့ဆေးဝါးလုပ်ငန်း(ရုံးချုပ်)- ဖုန်း-၀၆၇-၄၀၈၀၆၈၊ ၀၆၇-၄၀၈၃၅၉**

**ဆေးဝါးစက်ရုံ(အင်းစိန်) - ဖုန်း-၀၁-၆၄၆၂၇၃**

---

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ကျန်းမာရေးဝန်ကြီးဌာန ကုသရေးဦးစီးဌာန ဗဟိုဆေးသိုလှောင်ရေးဌာနသည် သစ်သားသေတ္တာနှင့်စက္ကူသေတ္တာများကို ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါများပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

ဈေးနှုန်းလွှာများကို ညွှန်ကြားရေးမှူး (ဆေးနှင့်ဆေးပစ္စည်း၊ ဖြန့်ဖြူးရေး)၊ ဗဟိုဆေးသိုလှောင်ရေးဌာနရုံးခန်း၊ အမှတ် ၅၇၊ စကားဝါလမ်း၊ ဒဂုံမြို့နယ်သို့ တင်သွင်းနိုင်ပါသည်။ အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

**ဈေးနှုန်းတင်သွင်းလွှာပုံစံများ စတင်ရောင်းချမည့်ရက်** - ၆-၇-၂၀၁၅ ရက်

**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၂၃-၇-၂၀၁၅ရက် မွန်းလွဲ ၂း၀၀ နာရီ

**ဆက်သွယ်ရန် ဖုန်း-၀၁-၃၇၁၂၈၄၊ ၀၁-၃၇၂၃၆၂**

**ဗဟိုဆေးသိုလှောင်ရေးဌာန၊ ကုသရေးဦးစီးဌာန**

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

ကျန်းမာရေးဝန်ကြီးဌာန

ကုသရေးဦးစီးဌာန

ရန်ကုန်ကလေးဆေးရုံကြီး (ဒဂုံမြို့နယ်)

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

(၁) ရန်ကုန်ကလေးဆေးရုံကြီးတွင် အောက်ဖော်ပြပါလုပ်ငန်းအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် လုပ်ငန်းအပ်နှံလိုပါသဖြင့် ဈေးနှုန်းအဆိုပြုလွှာတင်သွင်းမည့် ကုမ္ပဏီများအား တင်ဒါများတင်သွင်းရန် ခေါ်ယူအပ်ပါသည်။

(က) အဝတ်လျှော်ဌာနပြုပြင်မွမ်းမံခြင်းလုပ်ငန်း

(ခ) တိုးချဲ့ဆောင်(၂) ခေါင်မိုးပြုပြင်ခြင်းလုပ်ငန်း

(ဂ) လူနာစောင့်နားနေဆောင်ပြုပြင်ခြင်းလုပ်ငန်း

(ဃ) ဆေးရုံပတ်လည်ခြံစည်းရိုးများပြုပြင်ခြင်း၊ ဆေးသုတ်ခြင်းလုပ်ငန်း

(င) (၁၆)ခန်းတွဲနှင့် (၆)ခန်းတွဲ အရာထမ်းအိမ်ရာပြုပြင်ခြင်း၊ ဆေးသုတ်ခြင်းလုပ်ငန်း

(၂) **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၁၀-၇-၂၀၁၅ ရက် (သောကြာနေ့)

**တင်ဒါပိတ်ရက်** - ၂၇-၇-၂၀၁၅ ရက် (တနင်္လာနေ့)

**တင်ဒါပိတ်မည့်အချိန်** - ညနေ ၄း၀၀ နာရီ

(၃) တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက နေ့စဉ်ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းနိုင်ပါသည်။

**ဆေးရုံအုပ်ကြီးရုံး၊ ရန်ကုန်ကလေးဆေးရုံကြီး**

**အမှတ်(၂)ပြည်ထောင်စုရိပ်သာလမ်း၊**

**ဒဂုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**

---

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပို့ဆောင်ရေးဝန်ကြီးဌာန၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မွန်ပြည်နယ်ရုံးမှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် မွန်ပြည်နယ်အတွင်း ဆောင်ရွက်မည့် ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများအတွက် လိုအပ်သော လုပ်ငန်းသုံးပစ္စည်းများကို (မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူလိုပါသည်။

| စဉ် | မြို့နယ်/ကျေးရွာ | ပစ္စည်းအမျိုးအစား |
|---|---|---|
| (က) | ရေးမြို့ | ကျောက်ကြီး၊ ကျောက်စရစ်၊ ဘိလပ်မြေ၊ သံချောင်း၊ သစ်ခွဲသား |

၂။ **တင်ဒါပုံစံရောင်းချခြင်းနှင့် ဖွင့်လှစ်မည့်နေရာ** - ရေအရင်းအမြစ်နှင့်မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မွန်ပြည်နယ်ရုံး၊ မော်လမြိုင်မြို့

**တင်ဒါလျှောက်လွှာရောင်းချမည့်ရက်** - ၁၄-၇-၂၀၁၅ ရက်

**တင်ဒါလျှောက်လွှာပိတ်မည့်ရက်/အချိန်** - ၁၈-၈-၂၀၁၅ ရက် ၁၂း၀၀နာရီ

**တင်ဒါဖွင့်လှစ်မည့်ရက်/အချိန်** - ၁၈-၈-၂၀၁၅ ရက် ၁၅း၀၀နာရီ

၃။ အိတ်ဖွင့်တင်ဒါပုံစံ၊ တင်ဒါစည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒေသ ၈၊ မွန်ပြည်နယ်ရုံး ဖုန်း-၀၅၇-၂၄၆၅၉ သို့ ရုံးချိန်အတိုင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

---

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန

မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ဓာတ်ငွေ့/ရေနွေးငွေ့ စက်ရုံများဌာန၊ ရွာမ ၂၄၀ ဓာတ်အားပေးစက်ရုံ Station Auxiliary Power အတွက် 33/6.9kV, 10 MVA X'mer တစ်ခု တည်ဆောက်ရာတွင် လိုအပ်သောပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

၂။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**တင်ဒါပုံစံရောင်းချမည့်ရက်** - ၁၀-၇-၂၀၁၅ ရက်

**တင်ဒါပိတ်မည့်ရက်** - ၇-၈-၂၀၁၅ ရက်

**တင်ဒါပိတ်မည့်အချိန်** - ၁၄း၀၀နာရီ

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**

**မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း**

**ပစ္စည်းစီမံရေးဌာန**

**ရုံးအမှတ် ၂၇၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၁၀၂၈၂**

---

ကျန်းမာရေးဝန်ကြီးဌာန

ပဲခူးတိုင်းဒေသကြီး၊ ဆေးဘက်ဆိုင်ရာလူ့စွမ်းအားအရင်းအမြစ်

ဖွံ့ဖြိုးတိုးတက်ရေးနှင့်စီမံခန့်ခွဲရေးဦးစီးဌာန

တောင်ငူမြို့နှင့်ပြည်မြို့တို့ရှိ သူနာပြု/သားဖွားသင်တန်းကျောင်းများ

အဆောက်အအုံဆောက်လုပ်ရေးအတွက်

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ တောင်ငူမြို့သူနာပြုသင်တန်းကျောင်းတွင် Stage ခုံတစ်ခုပြုလုပ်ခြင်း (၂၀×၁၀×၂)ပေ အမှိုက်ကန်တစ်ခုပြုလုပ်ခြင်း၊ (၈×၆×၂)ပေ၊ ထရန်စဖော်မာတစ်ခုပြုလုပ်ခြင်း (၁၁ KV လိုင်း) (၂၈၀)ပေနှင့် ၁၁/၀.၄ KV (၂၀၀ KV)၊ သိပ္ပံမီးဖို (၂) ဖိုပြုလုပ်ခြင်း။

၂။ တောင်ငူမြို့သားဖွားသင်တန်းကျောင်းတွင် RC နှစ်ခန်းတွဲ လေးထပ်ဝန်ထမ်းအိမ်ဆောက်လုပ်ခြင်း (၅၇×၂၅×၄၀)ပေ၊ ဘရိုတ်ဒါးသံဆူးကြိုးခွေကာရံခြင်း (၉၀×၃၈×၁၈၀×၈၅)ပေ၊ နှစ်ထပ်အိပ်ဆောင် အထွေထွေအကြီးစားမွမ်းမံခြင်း (ထမင်းစားခန်း)၊ (၁၃၈×၃၀×၂၈)ပေ၊ သုံးထပ်ကျောင်းဆောင်၊ မီးဖိုချောင်နှင့်ထမင်းစားခန်းသံပန်းသံတံခါးတပ်ဆင်ခြင်း (၃၀×၄၀×၃၀)ပေ။

၃။ ပြည်မြို့သူနာပြု/သားဖွားသင်တန်းကျောင်းတွင် RC ကျောင်းသူ (၁၀၀)ဆံ့ နှစ်ထပ်တည်ဆောက်ခြင်း၊ (၁၉၂×၃၀)ပေ၊ လေးခန်းတွဲဝန်ထမ်းအိမ်ရာပြုပြင်ခြင်းလုပ်ငန်း၊ (၄၄×၂၇)ပေ၊ မြေအောက်ရေကန် ၃ လက်မပန့်/ရေစက်နှင့်ရေစင် တစ်လုံးဆောက်လုပ်ခြင်း၊ (၁၀၀ KVA) ထရန်စဖော်မာအသစ်တစ်လုံးတပ်ဆင်ခြင်းဆိုင်ရာလုပ်ငန်းများအား အိတ်ဖွင့်တင်ဒါဖြင့် လုပ်ငန်းအပ်နှံလိုပါသဖြင့် ဈေးနှုန်းအဆိုပြုလွှာများတင်သွင်းမည့်ကုမ္ပဏီများအား အိတ်ဖွင့်တင်ဒါကျောင်း တင်ဒါခေါ်ယူရေးအဖွဲ့နှင့် တင်ဒါခေါ်ယူရေးအဖွဲ့ အတွင်းရေးမှူးထံ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

၄။ **တင်ဒါလျှောက်လွှာပုံစံရောင်းချမည့်ရက်** - ၁-၇-၂၀၁၅ ရက်

**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၃၀-၇-၂၀၁၅ ရက် ညနေ ၄နာရီ

၅။ တင်ဒါလျှောက်လွှာပုံစံကို ပဲခူးတိုင်းဒေသကြီး၊ ဆေးဘက်ဆိုင်ရာလူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် စီမံခန့်ခွဲရေးဦးစီးဌာန

သူနာပြု/သားဖွားသင်တန်းကျောင်း၊ ပြည်မြို့၊ ဖုန်း-၀၅၃-၂၇၁၈၃၊ ၀၉-၅၃၆၈၅၀၄

သူနာပြုသင်တန်းကျောင်း၊ တောင်ငူမြို့ ဖုန်း-၀၅၄-၂၃၇၉၃၊ ၀၉-၅၃၅၂၅၃၄

သားဖွားသင်တန်းကျောင်း၊ တောင်ငူမြို့ ဖုန်း-၀၅၄-၂၅၇၆၈၊ ၀၉-၄၂၈၁၁၂၉၇၇

တို့တွင်ရုံးချိန်အတွင်းလာရောက်ဝယ်ယူနိုင်ပါကြောင်းနှင့် အသေးစိတ်အချက်အလက်များသိရှိလိုပါက ဖော်ပြပါဖုန်းနံပါတ်များသို့ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးအဖွဲ့**

**သူနာပြုသင်တန်းကျောင်း၊ တောင်ငူမြို့**

---

## ရောင်းလိုသည်

ဗိုလ်မှူးဗထူး တန်ဖိုးနည်းအိမ်ရာ

ဗိုလ်မင်းရောင် တန်ဖိုးနည်းအိမ်ရာ

**ဖုန်း-၀၉-၂၅၃၃၉၃၁၀၄၊**

**၀၉-၉၇၇၃၁၁၆၄၉**

---

## စိတ်ပါဝင်စားသူများ ဆက်သွယ်နိုင်ပါသည်

Spa & Foot Treatment

အလုပ်သင်ဝန်ထမ်းအလိုရှိသည်

**ဖုန်း-၀၉-၂၅၃၃၉၃၁၀၄**

---

## ကန့်ကွက်ရန်ကြော်ငြာ

ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၊ ပြည်မြို့နယ်၊ နဝင်းရပ်ကွက် မိုးခေါင်ကွင်း၊ ကွင်းအမှတ်(၃)၊ အမှတ်(၁၈၂)၊ အကွက်ကြီး(၂)၊ မြေကွက်အကျယ်အဝန်း(၄၀×၆၀)ပေ၏ မြေပေးမိန့်ပျောက်ဆုံးခဲ့ခြင်းအား မိတ္တူလျှောက်ထားပြီး မြေငှားဂရန်လျှောက်ထားဆောင်ရွက်မည်ဖြစ်ပါသဖြင့် မည်သူမဆို ခိုင်လုံသောအထောက်အထားဖြင့် ကြေညာသည့်ရက်မှစ၍ ၁၅ရက်အတွင်း လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်ရန်ကာလကျော်လွန်ပါက မြေငှားဂရန်လျှောက်ထားခြင်းအား လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ဦးအောင်မိုး ၁၄/ကခန(နိုင်)၀၁၄၀၀၂**

**အမှတ်(၁၆၇၂)၊ အနပ(၄)လမ်း**

**ခေတ္တရာမြို့သစ်၊ ပြည်မြို့**

---

## Aluminium Top Seal အဝယ်တင်ဒါ

၁။ **ဝယ်ယူမည့်ပစ္စည်းအမည်** - Aluminium Top Seal

၂။ **ဝယ်ယူမည့်အရေအတွက်** - ၅,၁၀၀,၀၀၀ ခု

၃။ **တင်ဒါပိတ်ရက်နှင့်အချိန်** - ၂၉-၇-၂၀၁၅ ညနေ ၄း၀၀နာရီ

၄။ **တင်ဒါပေးသွင်းရမည့်စက်ရုံ** - ဆေးဝါးစက်ရုံ(အင်းစိန်)

တင်ဒါပုံစံနှင့် တင်ဒါစည်းကမ်းအသေးစိတ်အချက်အလက်များကို အောက်ဖော်ပြပါဌာနတွင် စုံစမ်းမေးမြန်းနိုင်ပါသည်။

**မြန်မာ့ဆေးဝါးလုပ်ငန်း(ရုံးချုပ်) ဖုန်း- ၀၆၇-၄၀၈၃၈၈**

**ရုံးအမှတ်(၃၇)၊ စက်မှုဝန်ကြီးဌာန**

**နေပြည်တော်**

---

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးဝန်ကြီးဌာန၊ ဆေးဘက်ဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် စီမံခန့်ခွဲရေးဦးစီးဌာန၊ လားရှိုးသူနာပြုနှင့် သားဖွားသင်တန်းကျောင်းတွင် တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ရန်ရှိပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ သတ်မှတ်ချက်နှင့်အညီ အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

**သူနာပြုနှင့် သားဖွားသင်တန်းကျောင်း၏ တင်ဒါခေါ်ယူလိုသည့်စာရင်းများ**

၁။ RC သင်တန်းသူ အိပ်ဆောင်လေးထပ်ဆောင်(၇၀×၃၆×၄၄)ပေ တစ်လုံးဆောက်လုပ်ခြင်း

၂။ RC လေးထပ်သင်တန်းသူအိပ်ဆောင် အောက်ဆုံးထပ်(ထမင်းစားဆောင်)နှင့်တွဲလျက် ပေါင်းကူး(၁၀ပေ)အပါအဝင် မီးဖိုချောင်(၂၅×၂၇×၁၅)ပေ တစ်လုံးဆောက်လုပ်ခြင်း။

၃။ RC နှစ်ခန်းတွဲ လေးထပ်ဝန်ထမ်းအိမ်ရာ (၆၀×၂၆×၄၄)ပေ တစ်လုံးဆောက်လုပ်ခြင်း။

၄။ RC လေးထပ်အုပ်ချုပ်ရေးဆောင်နှင့် စာသင်ဆောင် (၇၀×၅၄×၄၄)ပေ တစ်လုံးဆောက်လုပ်ခြင်း။

၅။ မြေထိန်းကျောက်နံရံတည်ဆောက်ခြင်း(၆၀×၅×၁၅)ပေ (၈၀×၅×၁၅)ပေ။

၆။ မြေညှိခြင်းလုပ်ငန်း(၁၁၅×၆၁×၁၂)ပေ

၇။ လေးလက်မအဝီစိတွင်း တစ်တွင်းတူးဖော်ခြင်းလုပ်ငန်း

၈။ RC သုံးထပ်ကျောင်းအုပ်နှင့်ဆရာမများအိမ်ရာ သံပန်းတပ်ဆင်ခြင်းလုပ်ငန်း

၉။ သောက်ရေသန့်စက်တပ်ဆင်ခြင်းလုပ်ငန်း(လူ၃၀၀ခန့် နေ့စဉ်သောက်သုံးနိုင်ရန်)

၁၀။ 11/0.4 kV (200) kVA Transformer တစ်လုံးတပ်ဆင်သည့်လုပ်ငန်း

၁၁။ လူ ၁၀ ဦးဆံ့ဓာတ်လှေကားတစ်စင်းတည်ဆောက်ခြင်း။

၂။ တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ၇-၇-၂၀၁၅ ရက်မှ စတင်ရောင်းချမည်။ တင်ဒါများကို ၂၅-၇-၂၀၁၅ ရက် ညနေ ၄း၀၀နာရီနောက်ဆုံးထားတင်သွင်းရန်ဖြစ်သည်။

၃။ အသေးစိတ်သိလိုသော အချက်အလက်များကို ဖုန်း-၀၈၂-၂၃၇၄၃သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

၄။ တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို အောက်ပါလိပ်စာ၌ ဝယ်ယူနိုင်ပါသည်။

**သူနာပြုနှင့်သားဖွားသင်တန်းကျောင်း**

**လားရှိုးမြို့**

**ဆေးဘက်ဆိုင်ရာလူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးနှင့်**

**စီမံခန့်ခွဲရေးဦးစီးဌာန**

---

## ရောင်းမည်

၁။ သဃ်န်းကျွန်းမြို့နယ်၊ စံပြရပ်ကွက်၊ စံပြ(၅)လမ်း၊ အမှတ်(၁၁၄)ဒုတိယထပ် (၃-လွှာ) (၁၂½×၅၀)ပေ (တစ်ခန်း)မှတ်တိုင်အနီး၊ ငမိုးရိပ်-စံပြဈေးနီး လမ်းကျယ်(ကားပါကင်အဆင်ပြေ)၊ ဘောစင်၊ မီးဖိုခုံ၊ အိမ်သာ၊ ရေချိုးခန်း၊ မီးဖိုခန်း အားလုံးကြွေပြားကပ်ပြီး လူနေရန်အသင့်( BCC ကျပြီး) ခေါ်ဈေး သိန်း(၂၇၀)(ဈေးနှုန်း အဆင်ပြေအောင် ညှိနှိုင်းပေးမည်) ကန်ထရိုက်တာ ကိုယ်တိုင်ရောင်းမည်။ အကျိုးဆောင်များလည်း ဆက်သွယ်နိုင်ပါသည်။

**ဖုန်း-၀၉-၄၂၀၂၅၀၅၁၆**

၂။ သဃ်န်းကျွန်းမြို့နယ်၊ ငမိုးရိပ်ရပ်ကွက်၊ ငမိုးရိပ်(၈)လမ်း၊ အပိုင်း(၃)၊ အမှတ်(၁၉၀)မြေညီထပ်(၁)ခန်း ၁၂½ ပေ×၅၀ပေ သံသုမာလမ်းမကြီး (ကညနနှင့်နီးသည်)၊ ရပ်ကွက်အတွင်းရှိ (ရွှေရည်လမ်းမကြီး ဂုတ်ကွက်)လေးဒေါင့်ကန်လမ်းမကြီး ရွှေရည်မှတ်တိုင် တိုက်ရိုက်ပေါက်သည်။ ဘောစင်၊ မီးဖိုခုံ၊ အိမ်သာ၊ ရေချိုးခန်း၊ မီးဖိုခန်း၊ ကြွေပြားခင်းပြီ၊ ရှေ့အပြည့်ကြွေပြားခင်းပြီး၊ BCC ကျပြီး လူနေရန်အသင့် ဆိုင်ဖွင့်ရန်ကောင်း၊ ခေါ်ဈေး သိန်း(၄၃၀)၊ ဈေးနှုန်း အဆင်ပြေအောင်ညှိနှိုင်းပေးမည်။ အကျိုးဆောင်များလည်း ဆက်သွယ်နိုင်ပါသည်။

**ဖုန်း-၀၉-၄၂၀၂၅၀၅၁၆**

---

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၁ နှင့် ၅)**

**ပြည်ခရိုင်တရားရုံး**

**၂၀၁၅ခုနှစ် တရားမကြီးမှုအမှတ်-၂၂**

ဦးအောင်ကျော်လွင် နှင့် ၁။ ဦးဝင်းငွေ

၂။ ဒေါ်အေးအေးနိုင်

**တရားလို** **တရားပြိုင်များ**

ပြည်မြို့၊ ဆံတော်ရပ်ကွက်၊ ညောင်စဉ်တန်းလမ်း၊ အမှတ် ၇၃၀နေ ဦးဝင်းငွေ၊ ဒေါ်အေးအေးနိုင် (ယခုနေရပ်လိပ်စာမသိသူများ) သိစေရမည်။

သင်တို့အပေါ်၌ တရားလို ဦးအောင်ကျော်လွင်က "မြန်မာရွှေ" ရွှေထည်လုပ်ငန်းတွင် ရင်းနှီးအပ်နှံငွေ ကျပ်သိန်း ၁၁၅၀၀၀၀၀ိ/-(ကျပ်သိန်းတစ်ထောင့်တစ်ရာ့ငါးဆယ်)နှင့် အကျိုးအမြတ်ငွေ ကျပ်သိန်း၂၀၈၇၅၀ိ/-(ကျပ်နှစ်ဆယ်သိန်းရှစ်သောင်းခုနစ်ထောင်ငါးရာ)၊ စုစုပေါင်းငွေကျပ်သိန်း ၁၁၇၀၈၇၅၀ိ/-(ကျပ်သိန်းတစ်ထောင့်တစ်ရာခုနစ်ဆယ်သိန်းရှစ်သောင်း ခုနစ်ထောင့်ငါးရာ) ပြန်လည်ရလိုကြောင်း လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၅ ခုနှစ် ဇူလိုင် ၃၀ရက် (၁၃၇၇ခုနှစ် ဒုတိယဝါဆိုလဆန်း ၁၄ ရက်) မွန်းမတည့်မီ ၁၀း၀၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၅ခုနှစ် ဇွန် ၂၃ ရက်တွင် ဤရုံးတံဆိပ်ခပ်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုးပေးလိုက်သည်။

**(အေးသိန်း)**

**ခရိုင်တရားသူကြီး**

**ပြည်ခရိုင်တရားရုံး**

## အိတ်ပိတ်တင်ဒါခေါ်ယူခြင်း

၁။ စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်၌ အသုံးပြုရန်အတွက် အောက်ပါပစ္စည်းများအား ကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

| စဉ် | ပစ္စည်းအမျိုးအစား | အရေအတွက် |
| --- | --- | --- |
| ၁။ | စွမ်းအားမြှင့်အေဝမ်းမီးဖို | ၁၀၀၀၀ လုံး |
| ၂။ | စွမ်းအားမြှင့် ထင်းတစ်ချောင်းသုံးမီးဖို | ၅၀၀၀ လုံး |

၂။ တင်ဒါလျှောက်လွှာပုံစံများကို ၁၀-၇-၂၀၁၅ရက်မှ ၉-၈-၂၀၁၅ရက်အထိ တိုင်းဒေသကြီး၊ သစ်တောဦးစီးဌာန၊ မုံရွာမြို့၌ ရုံးချိန်အတွင်းဝယ်ယူနိုင်ပြီး ၁၀-၈-၂၀၁၅ရက် နောက်ဆုံးထားတင်သွင်းရန်ဖြစ်ပါသည်။

**တင်ဒါခေါ်ယူရေးကော်မတီ**

**ဖုန်း-၀၇၁-၂၃၈၈၄၊ ၀၇၁-၂၁၄၅၁၊ ၀၇၁-၂၄၃၁၁**

## ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ မြန်မာ့မီးရထား
## အိတ်ဖွင့်တင်ဒါ(Open Tender) ခေါ်ယူခြင်း

၁။ အောက်ပါ ပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်

| စဉ် | တင်ဒါအမှတ် | ပစ္စည်းအမျိုးအမည် |
| --- | --- | --- |
| ၁ | 12(T)14/MR(ML) 2015-2016 | စက်ပစ္စည်း (၄)မျိုး ဝယ်ယူရန် (Lathe Machine, Argon Gas Welding Machine, Hydraulic Table Lifter, Hack Sawing Machine) |

တင်ဒါပိတ်မည့် နေ့/အချိန် - ၁၀.၈.၂၀၁၅ ( တနင်္လာနေ့) (၁၂.၃၀)နာရီ

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင်( ၁၀.၇.၂၀၁၅)ရက်နေ့မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင် ကြောင်းနှင့်အသေးစိတ်သိရှိလိုပါက ၎င်းဌာနသို့ မေးမြန်းနိုင်ပါသည်။ ထောက်ပံ့ဌာန၊ မြန်မာ့မီးရထား ကုန်သည်လမ်းနှင့် သိမ်ဖြူလမ်းထောင့်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-291985, 291994

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးဝန်ကြီးဌာန
## ဆေးဘက်ဆိုင်ရာလူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးနှင့်စီမံခန့်ခွဲရေးဦးစီးဌာန
## ဆေးတက္ကသိုလ်(၁)၊ ရန်ကုန်

ရက်စွဲ ၂၀၁၅ခုနှစ် ဇူလိုင် ၇ရက်

## ဆေးပညာဒီပလိုမာဘွဲ့ လွန်သင်တန်းများ ဝင်ခွင့်လျှောက်လွှာပိတ်မည့်ရက်တိုးမြှင့်သတ်မှတ်ခြင်း

၁။ ၂၀၁၅-၂၀၁၆ ပညာသင်နှစ်အတွက် ဆေးတက္ကသိုလ်(၁)၊ ရန်ကုန်တွင် ဖွင့်လှစ်သင်ကြားမည့် သားဖွားနှင့်မီးယပ်ပညာဒီပလိုမာ၊ ကလေးကျန်းမာပညာဒီပလိုမာ၊ ရောဂါဗေဒဒီပလိုမာ၊ မေ့ဆေးပညာဒီပလိုမာ၊ ဓာတ်မှန်ပညာဒီပလိုမာနှင့် အခြေခံအရေးပေါ်ကုသမှုဆေးပညာဒီပလိုမာသင်တန်းများသို့ သတ်မှတ်အရည်အချင်းနှင့်ပြည့်စုံသူ အမြဲတမ်းဝန်ထမ်း ဆရာဝန်များနှင့် ပြင်ပဆရာဝန်များအား ၂၆-၆-၂၀၁၅ရက် နေ့စဉ်ထုတ်သတင်းစာများတွင် လျှောက်လွှာခေါ်ယူထားခြင်းအပေါ် လျှောက်လွှာပိတ်မည့်ရက်ကို မူလသတ်မှတ်ထားသည့် ၁၀-၇-၂၀၁၅ရက် (သောကြာနေ့)အစား ၂၀-၇-၂၀၁၅ရက် (တနင်္လာနေ့)သို့ ရက်တိုးမြှင့်သတ်မှတ်၍ လျှောက်လွှာများ လက်ခံမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်-

**မှတ်ချက်။** စာမေးပွဲဖြေဆိုမည့်ရက် ပြောင်းလဲမည်မဟုတ်ကြောင်း တစ်ပါတည်း ကြေညာအပ်ပါသည်။

၂။ မေးမြန်းစုံစမ်းလိုပါက ဆေးတက္ကသိုလ်(၁)၊ ရန်ကုန်၊ ဘွဲ့လွန်/စာမေးပွဲဌာနစု၊ ဖုန်း-၀၁-၂၅၁၀၃၂၊ ၀၁-၂၅၁၀၃၇၊ ၀၁-၂၅၁၅၉၆၊ လိုင်းခွဲ-၂၃ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**ဆေးတက္ကသိုလ်(၁)၊ ရန်ကုန်**

## ဝယ်လိုသည်

တက္ကသိုလ်ရိပ်သာလမ်းမ၊
အင်းလျားလမ်းမ၊
**ဖုန်း-၀၉-၂၅၆၃၇၇၈၄၁**

## ပိုင်ရှင်ကိုယ်တိုင် ရောင်းမည်

တာမွေမြို့နယ်၊ ကျောက်မြောင်း၊ ဣန္ဒာသယလမ်း၊ ဒုတိယထပ် ပေ (၁၅×၆၀) RC ကြမ်းခင်းအပေါ် လျှာထိုးခင်း၊ အိပ်ခန်းတစ်ခန်းပါ၊ ကိုယ်ပိုင် မီး၊ ရေ ရောင်းမည်။

**(ဈေးနှုန်း ၃၈၀ သိန်း)**

**ဖုန်း-၀၉-၄၂၂၄၅၉၅၇၉၊**
**၀၉-၄၉၂၈၃၅၅၉**

## ကန့်ကွက်နိုင်ပါကြောင်း

တောင်ကြီးမြို့၊ ကျောင်းကြီးစုရပ်ကွက်၊ နယ်မြေ(၁)၊ ဇီဇဝါလမ်း၊ အမှတ် ၁၄၀၊ မြို့ပတ်အထက်လမ်း၊ မြေကွက်နံပါတ် ၂၆၊ ဦးပိုင်နံပါတ်(၉၂ 96/144)၊ မြေကွက် စတုရန်းပေ(၄၈၃၅)၊ မြေကွက်ဧရိယာ ဝဒသမ ၁၁၁ဧကေကို ဦးတင်အောင် ၁၃/တကန(နိုင်)၀၉၉၀၁၁ ထံမှ ဒေါ်ခင်ဝင်းမော် ၁၃/တကန(နိုင်)၀၉၉၀၁၅ က ဝယ်ယူခဲ့ပြီး လက်ဝယ်ထားရှိနေထိုင်လျက်ရှိပါသည်။ အဆိုပါမြေကွက်နှင့်စပ်လျဉ်း၍ ဒေါ်ခင်ဝင်းမော်၏ပိုင်ရေးပိုင်ခွင့်အတွက် မြေဂရန်ပြုလုပ်မည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှုစာချုပ်စာတမ်း အထောက်အထား(မူရင်း)များနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှ ၁၀ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်းလာရောက်ဖြေရှင်းခြင်းမပြုပါက တရားဥပဒေအရ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ-**

**ဒေါ်ဇင်ဇာလှိုင်**
**အထက်တန်းရှေ့နေ (စဉ်-၂၉၃၅၆)**
**၁၃/တကန(နိုင်)၁၄၄၆၁၅**
**ဖုန်း-၀၉-၅၂၁၅၂၂၉**
**၁၂၂၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊**
**မြို့မရပ်ကွက်၊ တောင်ကြီးမြို့**

## ဦးကြည်ယျအောင်(အမျိုးသားမှတ်ပုံတင်အမှတ် ၁၂/ကမရ(နိုင်)၀၅၀၉၉၄)နှင့် အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ အမှတ်(၄၅/၄၆)၊ ဗဟိုစည်အိမ်ရာ၊ ဝါးတန်းလမ်း၊ လမ်းမတော်မြို့နယ်ရှိ Green Luck Trading Co.,Ltd ဦးခင်မောင်သိန်း(ရုံးအဖွဲ့မှူး) အမျိုးသားမှတ်ပုံတင်အမှတ် ၁၃/တကန(နိုင်)၀၉၆၇၂၆ ၏လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေငြာလိုက်သည်။

မန်နေဂျာ ဦးကြည်ယျအောင် အသက်(၃၅)နှစ်၊ အဖအမည် ဦးဗစ်တာမြအောင်၊ အမျိုးသား မှတ်ပုံတင်အမှတ် (၁၂/ကမရ(နိုင်)၀၅၀၉၉၄)နိုင်ငံကူးလက်မှတ် MA - 487929 ကိုင်ဆောင်သူသည် ကုမ္ပဏီပိုင်ငွေကျပ် သိန်း(၂၀၀၀၀၀၀၀/) (ကျပ်သိန်းနှစ်ရာ တိတိ)အလွဲသုံးစားပြုလုပ် ထွက်ပြေးတိမ်းရှောင်နေပါသည်။ ယခုသတင်းစာကြော်ငြာပါသည့်နေ့မှ စ၍ (၇)ရက်အတွင်း ကုမ္ပဏီသို့လာ ရောက်ဆက်သွယ်ဖြေရှင်းပါရန်နှင့် လိုက်နာဆောင်ရွက်ခြင်းမရှိပါက တည်ဆဲဥပဒေအရ ထိရောက်စွာအရေးယူတော့မည်ဖြစ်ကြောင်း ကြေငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ကြည်ကြည်ခိုင် (LL.B)
တရားလွှတ်တော်ရှေ့နေ (စဉ် - ၄၆၀၆)
အမှတ်(၉၆၈)၊ အေးသိဒ္ဓိကျောင်းလမ်း၊ ရွာမအရှေ့၊ အင်းစိန်။

## မြန်မာနိုင်ငံပုံနှိပ်နှင့်ထုတ်ဝေသူလုပ်ငန်းရှင်များအသင်း (MPPA)

မြန်မာနိုင်ငံ ပုံနှိပ်နှင့်ထုတ်ဝေသူလုပ်ငန်းရှင်များအသင်း အနေဖြင့် ၂၀၁၅ခုနှစ်၊ ဩဂုတ်လ (၂၆) ရက်မှ (၂၉)ရက်နေ့ထိ ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့တွင် ကျင်းပပြုလုပ်မည့် Pack Print International သို့ အသင်းသား ပုံနှိပ်လုပ်ငန်းရှင်များ သွားရောက်လေ့လာနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။ လိုက်ပါရန်စိတ်ပါဝင်စားသော ပုံနှိပ်သူလုပ်ငန်းရှင်များသည် အသင်းရုံးခန်းသို့ အမြန်ဆက်သွယ်စုံစမ်း၍ (၁၇-၇-၂၀၁၅) ရက်နေ့ နောက်ဆုံးထားလျက် စာရင်းပေးသွင်းကြပါရန် အသိပေးအပ်ပါသည်။

(ဖူးခက်ကမ်းခြေသို့ အလည်အပတ်ခရီးစဉ်လည်း ပါဝင်မည်ဖြစ်ပါသည်။)

**ဆက်သွယ်စုံစမ်းရန်**

**ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI)၊ အခန်း(၆၀၁)၊ ၆-လွှာ၊ မင်းရဲကျော်စွာလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း - ၀၁-၂၃၀၀၁၉၇၊ ၂၃၀၀၁၉၈၊ ၀၉ ၂၅၄၈၅၅၃၉၂၊ ၀၉ ၂၅၂၈၅၆၃၈၆**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၃ယ/၆၇၃၃၈ ယာဉ်လက်ဝယ်ရှိသူ ဦးရဲရင့် ၁၀/ပမန(နိုင်)၁၇၅၂၉၅က (ကမ-၃)ပျောက် မိတ္တူလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(သထုံ)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၉ယ/၃၇၈၇၂ ယာဉ်လက်ဝယ်ရှိသူ ဦးရဲပြည့်မောင် ၁၀/သထန(နိုင်) ၁၄၉၅၉၆က (ကမ-၃)ပျောက် မိတ္တူလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(သထုံ)**

## ဝန်ထမ်းအလိုရှိသည်

ဇမ္ဗူသီရိအထူးကုဆေးရုံကြီး(နေပြည်တော်)၊ ဓာတ်ရောင်ခြည်ကင်ဆာရောဂါကုသမှုဌာနတွင် လစ်လပ်လျက်ရှိသော ဆေးဘက်ကျွမ်းကျင်(၃) ရူပဗေဒ (လစာနှုန်း ၁၆၅၀၀၀-၂၀၀၀-၁၇၅၀၀၀)ရာထူးအတွက် အောက်ပါအရည်အချင်းနှင့်ပြည့်စုံသူများ လျှောက်ထားနိုင်ပါသည်-

(၁) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
(၂) B.Sc (Physics) (သို့မဟုတ်) M.Sc (Physics) ဘွဲ့ရရှိပြီးသူဖြစ်ရမည်။
(၃) အင်္ဂလိပ်စာ (4 Skills)ကျွမ်းကျင်၍ ကွန်ပျူတာကျွမ်းကျင်စွာကိုင်တွယ်အသုံးပြုနိုင်သူ ဖြစ်ရမည်။

ရွေးချယ်ခံရသူအား နိုင်ငံရပ်ခြားသို့ (၆)လ ပညာတော်သင်စေလွှတ်မည်ဖြစ်ပြီး သင်တန်းအောင်မြင်ပါက Diploma in Clinical Physics ရရှိမည်ဖြစ်ပါသည်။

စိတ်ပါဝင်စားသူများအနေဖြင့် ၁၇-၇-၂၀၁၅ရက် နောက်ဆုံးထား၍ ဇမ္ဗူသီရိအထူးကုဆေးရုံကြီး၊ အုပ်ချုပ်မှုဌာနသို့ ရုံးချိန်အတွင်း လူကိုယ်တိုင်လာရောက်လျှောက်ထားရမည်။ အသေးစိတ်သိလိုပါက ဖုန်း-၀၆၇-၅၅၀၁၅၁၊ ၅၅၀၁၅၃ သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**ဆေးရုံဝန်ထမ်းရွေးချယ်ရေးအဖွဲ့**
**ဇမ္ဗူသီရိအထူးကုဆေးရုံကြီး**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 6H/7166 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 4H/7429 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

## ပျောက်ဆုံးကြောင်း

ကျွန်တော်များ Summer Breeze Co., Ltd. ၏ အရေးကြီးသော လုပ်ငန်းကိစ္စများတွင် အသုံးပြုနေသော ထုတ်ကုန်/သွင်းကုန် လက်မှတ်(ထသက-35177)၊ Start Date 28-11-2014၊ End Date 18-03-2015 ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဆက်သွယ်ရန် ဖုန်း-၀၉-၉၇၃၂၄၅၃၉၉**

## ဥတုရာသီ တောကိုမှီ

## ကန့်ကွက်နိုင်ပါကြောင်း

အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၇/F (နံ့သာကုန်း)၊ မြေကွက်အမှတ် ၂၊ မြေကွက်တည်နေရာအမှတ် ၃၁၊ မင်္ဂလာလမ်း၊ နံ့သာကုန်းရပ်ကွက်၊ အင်းစိန်၊ ကာနယ်ကြည်မောင်အမည်ပေါက် မြေပိုင်မြေ၊ လ/န ၄၀၅ အိမ်တွင်းစက်မှုလက်မှုအလုပ်ရုံမြေ သတ်မှတ်မြေအား အင်းစိန်မြို့နယ်၊ တရားရုံး တရားမကြီးမှုအမှတ် ၇၆/၂၀၁၂၊ တရားမဇာရီမှုအမှတ် ၅၀/၂၀၁၂ အရ အရောင်းအဝယ်စာချုပ် ၁၉၄/၂၀၁၄ (၁၇-၁-၂၀၁၄)နှင့် အရောင်းအဝယ်စာချုပ် ၂၁၆၃/၂၀၁၅ (၁၁-၃-၂၀၁၅) တို့ဖြင့် မြေကွက်၏ ဧရိယာ ဝဒသမ ၅၈၈ ဧကေအနက်မှ Portion ၁၀၀'×၉၀'/၄၅' ကို ဝယ်ယူပိုင်ဆိုင်လာသူ ဒေါ်သဲနီးအိမ် ၉/မဟမ (နိုင်)၀၃၃၈၈၂ ထံမှ ကိုယ်စားလှယ်လွှဲစာ ၁၇၁၉၂ (၂၄-၆-၂၀၁၄) ဖြင့် GP ရသူ ဒေါ်ဝေဝေမွန် ၁/ရကန(နိုင်)၀၁၀၂၂၈ က မိမိပိုင်သည့်အစိတ်အပိုင်းကိုသာ တစ်ဖက်သတ်ခွဲစိတ်တိုင်းတာမည်ဖြစ်ကြောင်း ဝန်ခံကတိနှင့် အရောင်းမှတ်ပုံတင်စာချုပ်များတင်ပြ၍ မြေကွက်ခွဲစိတ်ရန်မြေပုံ၊ မြေရာဇဝင်နှင့်မြေတိုင်းမြေပုံ လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါ ကြောင်းနှင့်ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန်ကြေညာခြင်း

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ၃၁×၃၂လမ်းကြားတွင်နေထိုင်သူ ဦးမြင့်လွင် ၉/မခန(နိုင်)၀၂၁၂၅၄၏ လွှဲအပ်ချက်အရ အများသိစေရန် အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

**မှတ်ပုံတင်စာချုပ်အမှတ် (၁၀၅/၂၀၀၇)** **မှတ်ပုံတင်စာချုပ်အမှတ် (၃၅၁/၂၀၀၇)**

**LUCKY honey** အမည်စာတမ်းပါ ကုန်အမှတ်တံဆိပ်တို့မှာ ကျွန်ုပ်တို့မိတ်ဆွေ၏ လူမျိုးဘာသာမရွေး အသင့်သုံးဆောင်နိုင်သော ဂျယ်လီအမျိုးမျိုး၊ သကြားလုံးအမျိုးမျိုး ထုတ်လုပ်ဖြန့်ဖြူးရောင်းချရေးလုပ်ငန်းတွင် အသုံးပြုလျက်ရှိသော ကျွန်ုပ်တို့မိတ်ဆွေ၏ တစ်ဦးတည်းမူပိုင် ကုန်အမှတ်တံဆိပ်များဖြစ်ပါသည်။ အဆိုပါကုန်အမှတ်တံဆိပ်များအား မန္တလေးမြို့တော် စာချုပ်စာတမ်းမှတ်ပုံတင်ဌာနမှူးရုံးတွင် မှတ်ပုံတင်စာချုပ်အမှတ်(၁၀၅/၂၀၀၇)နှင့် (၃၅၁/၂၀၀၇)တို့အရ တရားဝင် မှတ်ပုံတင်သွင်းပြီးဖြစ်ပါသည်။ **LUCKY honey** အမည်စာတမ်းပါ ဂျယ်လီအမျိုးမျိုး၊ သကြားလုံးအမျိုးမျိုးတို့ကို ဒီဇိုင်းအမျိုးမျိုး၊ အရွယ်အစားအမျိုးမျိုး၊ ဆေးရောင်အမျိုးမျိုးတို့ဖြင့် ထုတ်လုပ်လျက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတစ်ဝန်းလုံးသို့ လက်လီ/လက်ကား ဖြန့်ဖြူးရောင်းချလျက်ရှိပါသည်။ **LUCKY honey** အမည်စာတမ်းပါ လူမျိုးဘာသာမရွေး အသင့်သုံးဆောင်နိုင်သော ဂျယ်လီအမျိုးမျိုး၊ သကြားလုံးအမျိုးမျိုးတို့မှာ စားသုံးသူတို့အကြားတွင် နှစ်ခြိုက်၍ ဈေးကွက်တွင် ထင်ရှားကျော်ကြား လူသိများပြီး အမည်ကောင်းသတင်းရရှိလျက်ရှိပါသည်။ ကျွန်ုပ်တို့၏မိတ်ဆွေ အသုံးပြုလျက်ရှိသော **LUCKY honey** ကုန်အမှတ်တံဆိပ်တို့ကို သယ်ပို့ယာဉ်ကားအမှတ်(၃ခ/၁၂၀၂)မှ တုပပြီး ကုန်အမှတ်တံဆိပ်များတပ်ဆင်၍ အသုံးပြုနေကြောင်းတွေ့ရှိရပါသည်။ တုပပြီး အသုံးပြုနေသော သယ်ပို့ယာဉ်ကား အမှတ်(၃ခ/၁၂၀၂)သည် ကျွန်ုပ်တို့ထံတွင်ဖြစ်စေ၊ ကျွန်ုပ်တို့၏မိတ်ဆွေထံတွင်ဖြစ်စေ ခုနစ်ရက်အတွင်း လာရောက်ဆက်သွယ်ရန်နှင့် အကယ်၍ ဆက်သွယ်ရန်ပျက်ကွက်ခဲ့ပါက ဥပဒေနှင့်အညီ တရားစွဲဆိုဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ချက်အရ-**

| ဦးလူမိုး (ဥပဒေဘွဲ့) | ဒေါ်ဝေဝေအောင် (ဥပဒေဘွဲ့) |
| --- | --- |
| အထက်တန်းရှေ့နေ | အထက်တန်းရှေ့နေ |

**အကွက်(ခ-၃/၄၆)၊ ပတ္တမြားလမ်းသွယ်၊ ၄၀×၄၁ လမ်းကြား၊ ၆၅×၆၆ လမ်းကြား၊**
**မဟာမြိုင်(၁)ရပ်ကွက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့၊**
**ဖုန်း-၀၉-၂၀၇၀၀၀၇၊ ၀၉-၉၇၂၀၇၀၀၀၇၊ ၀၉-၆၈၅၀၀၀၀၊ ၀၉-၉၁၀၅၀၀၀၅၊ ၀၉-၄၃၂၅၀၀၀၀၊ ၀၉-၉၁၀၀၆၄၇၄**

TOSHIBA
Leading Innovation

Personal Video Recording ပါဝင်သော
မြန်မာဘာသာနှင့် ဒစ်ဂျစ်တယ်တီဗီ



L2550 Digital SERIES PERSONAL Video RECording

ပထမဆုံးအကြိမ် ထွက်ပေါ်လာသော L 25 Digital TV ၏ မျက်နှာပြင်ဖန်သားပေါ်တွင် မြန်မာဘာသာ Menu ဖြင့် ကြည့်ရှုနိုင်ပါပြီ။ မိမိ၏ မိခင်ဘာသာ စကားဖြင့် TV တွင် ပါရှိသောအချက်အလက်များကို အသေးစိတ်လေ့လာနိုင်ပြီး၊ Setting ထဲသို့ ဝင်ရောက်ကာ လိုအပ်သလို အသုံးပြုနိုင်ပါသည်။ ထို့အပြင် အလုပ်များနေသောအချိန်များတွင် အရေးကြီးသည့် လုပ်ဆောင်ဖွယ်ရာ ကိစ္စအဝဝကို ရွှေ့ဆိုင်းစရာမလိုဘဲ သင်ကြိုက်နှစ်သက်ရာ TV အစီအစဉ်များအား Personal Video Recording လုပ်ဆောင်ချက်ဖြင့် မိမိအဆင်ပြေသည့်အချိန်တွင် ပြန်လည်ကြည့်ရှုနိုင်ရန် သိမ်းဆည်းထားနိုင်ပါသည်။

တီဗီကြည့်ခြင်းသည် အထူးတလည်စောင့်ကြည့်ရသည့် ဖျော်ဖြေရေးမဟုတ်တော့ပါ။ L25 Digital TV တွင်ပါဝင်သော ထူးခြားသည့် အချက်အလက်များကို ကောင်းမွန်စွာ အသုံးချပြီး ရုပ်သံကြည့်ရှုမှု အတွေ့အကြုံကို မြှင့်တင်လိုက်ပါ။

Pro Theatre
Toshiba's professional theatre quality
JP Engineered in JAPAN

အသေးစိတ်ကို TOSHIBA SHOWROOM အမှတ် ၁၄၆/၁၅၂၊ ပန်းဆိုးတန်းလမ်း(အလယ်ဘလောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း– ၀၁ ၂၅၂၉၉၀၊ ၀၁ ၂၅၂၉၉၁ သို့ လာရောက်ကြည့်ရှုဆက်သွယ်စုံစမ်းနိုင်ပါသည်။


## ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၀/မြို့မမြောက်ရပ်၊ သုခဒီပ ရပ်ကွက်ရှိ မြေကွက်အမှတ်(ပ-၂၁၆၇၆)၊ ဧရိယာ ၀.၁၁၁၀ ဧက၊ ဒုရဲမှူးမြတ်ကြည်(ကွယ်လွန်)အမည်ပေါက်မြေကွက်အား ၎င်း၏တရားဝင် အမွေခံဇနီး ဒေါ်ဌေးဌေးဝင်း ၁၂/ကမတ(နိုင်)၀၀၃၂၁၀ (ဘ) ဦးစိုးထွန်းမှ တရားဝင်အမွေခံဇနီးဖြစ်ကြောင်း တရားရုံးကျမ်းကျိန်လွှာ၊ သေဆုံးကြောင်း အထောက်အထားများတင်ပြပြီး မြေကွက်အမည်ပေါက်ပြောင်းလဲ၍ မြေငှားစာချုပ်ထုတ်ယူခွင့်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း ကြော်ငြာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**

**ကျောက်မဲခရိုင်နယ်တရားမရုံး၌**

**၂၀၁၅ခုနှစ် တရားမကြီးအမှုအမှတ်-၅**

ဦးမောင်မောင် **နှင့်** ၁။ ဒေါ်စန်းရီ
၂။ မောင်ဆန်းဝင်း

**တရားလို** **တရားပြိုင်များ**

စဉ့်ကိုင်မြို့ မောင်ဆန်းဝင်း (ဘ) ဦးမြင့်အောင်(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ ဦးမောင်မောင်က မှတ်ပုံတင်အရောင်းစာချုပ်ချုပ်ပေးစေလိုမှုရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့် ပါစေ၍ဖြစ်စေ ၂၀၁၅ခုနှစ် ဇူလိုင် ၂၁ရက် (၁၃၇၇ခုနှစ် ဒုတိယဝါဆိုလဆန်း ၅ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၅ခုနှစ် ဇွန် ၃၀ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ခင်စန်းမြင့်)**
**ခရိုင်တရားသူကြီး**
**ကျောက်မဲခရိုင်တရားရုံး**

## ဖခင်အမည်မှန်

နေပြည်တော်၊ ပျဉ်းမနားမြို့၊ အထက(၃) တက္ကသိုလ်ဝင်တန်း(E)တွင် ပညာသင်ကြားနေသော မရတနာဦး၏ ဖခင်အမည်မှန်မှာ ဦးမောင်အေး ၉/တကန(နိုင်)၀၈၁၆၀၉ ဖြစ်ပါကြောင်း။ **ဦးမောင်အေး**

## ဖခင်အမည်မှန်

မြစ်ကြီးနားမြို့၊ လေ့ကျင့်ရေးအလယ်တန်းကျောင်း၊ အဌမတန်း(A)မှ မဆိုင်းမွန်းရော်၏ ဖခင်အမည်မှန်မှာ ဦးအင်ဘရန်အောင်ထွန်း ဖြစ်ပါသည်။

## ဖခင်အမည်မှန်

မြစ်ကြီးနားမြို့၊ လေ့ကျင့်ရေးအလယ်တန်းကျောင်း၊ အဌမတန်း(A)မှ မောင်ဆွတ်ထိန်နော်၏ ဖခင်အမည်မှန်မှာ ဦးရှိန်နန်ဂမ် ဖြစ်ပါသည်။

## အမည်ပြောင်း

မအင်ကြင်းဖူး ၁/မကန(နိုင်) ၁၇၈၀၇၇၀ အား မအင်ကြင်းမေဟု ပြောင်းလဲခေါ်ဆိုပါရန်။

## အရွယ်မရောက်သေးသူအတွက် အုပ်ထိန်းသူအဖြစ် ခန့်ထားရန်လျှောက်ထားကြောင်း

## အကြောင်းကြားစာ

**(အုပ်ထိန်းသူနှင့် အုပ်ထိန်းခံရသူတို့၏အက်ဥပဒေပုဒ်မ-၁၁)**

**မန္တလေးခရိုင်တရားရုံးတော်**

**၂၀၁၃ ခုနှစ် တရားမအထွေထွေမှုအမှတ်-၄၇**

ဒေါ်ထက်မျိုးမြတ် **လျှောက်ထားသူ**

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ဥပုသ်တော်ရပ်ကွက်၊ အကွက်(၃၆)၊ လှေတန်း၊ သူရဲတပ်ရပ်နေ အရွယ်မရောက်သေးသူ မသီရိထက်ထက်စံနှင့် ၎င်းပိုင်သောပစ္စည်းအကြောင်း မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ဥပုသ်တော်ရပ်ကွက်၊ အကွက်(၃၆)၊ လှေတန်း၊ သူရဲတပ်ရပ်နေ ဒေါ်ထက်မျိုးမြတ် ၉/မနမ(နိုင်)၀၂၃၀၇၁က အထက်အမည်ပါရှိသော အရွယ်မရောက်သေးသူ မသီရိထက်ထက်စံ၏ မိခင်အရင်းဖြစ်သည်ဟူ၍ ၎င်း၏ကိုယ်နှင့်ပစ္စည်းကို အုပ်ထိန်းသူအဖြစ် ခန့်ထားပါမည့်အကြောင်း လျှောက်ထားသည်ဖြစ်၍ ထိုသို့လျှောက်ထားခြင်းကို လူအများသိရှိစေရန် အလို့ငှာ ဤကြော်ငြာစာကို ထုတ်ဆင့်လိုက်သည်။ ထိုလျှောက်ထားချက်ကို ၂၀၁၅ခုနှစ် ဇူလိုင် ၂၇ရက် (၁၃၇၇ခုနှစ် ဒုတိယဝါဆိုလဆန်း ၁၁ရက်) တွင် ဆင့်ဆိုရန်ချိန်းဆိုသည်။

၂၀၁၅ခုနှစ် ဇူလိုင် ၆ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ထွန်းထွန်းအောင်)**
**ဒုတိယခရိုင်တရားသူကြီး(၃)**
**မန္တလေးခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ရန်ကုန်မြို့၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၃၊ မြေကွက်အမှတ် (၁၁၁၁)၊ ဧရိယာ (၄၅'×၆၀')ပေကျော်ရှိ နှစ် (၆၀) ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိရန်ကုန်မြို့၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ်၊ (၁၃)ရပ်ကွက်၊ ကျွန်စစ်သားလမ်း၊ အမှတ် (၁၁၁၁)ဟုခေါ်တွင်သည့် နေအိမ်အဆောက်အဦးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို လက်ရှိထား၊ အမည်ပေါက်ပိုင်ဆိုင်လျက်ရှိသူ ဦးအောင်မိုးချို (၈/ဆပဝ (နိုင်) ၀၅၂၃၅၈)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်အတွက် စရံငွေပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော စာချုပ်စာတမ်းများနှင့်တကွ ကျွန်ုပ်ထံတွင် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -
ဦးဇော်လတ် (LL.B)
တရားလွှတ်တော်ရှေ့နေ (စဉ် - ၉၀၃၈)
အမှတ် (၅၆၅/၅၆၇)၊ MAC TOWER ၊ အခန်းအမှတ် (၄၀၃)၊ ကုန်သည်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း ၀၉-၂၅၄၁၁၇၈၅၄

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**တရားမကျင့်ထုံးကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀**

**သင်္ဃန်းကျွန်းမြို့နယ်တရားမရုံးတော်၌**

**၂၀၁၅ခုနှစ် တရားမကြီးမှုအမှတ်-၃၁**

၁။ ဒေါ်ငွေလင်း **နှင့်** ၁။ ဒေါ်ငွေကြိုင်
၂။ ဒေါ်နီလာအောင် ၂။ မစ္စတာမူရာလီဒါ

**တရားလိုများ** **တရားပြိုင်များ**

အမှတ်(၁၀၄၆)၊ ပိတောက်လမ်း၊ (၁၈)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် ရပ်နေ (၁) တရားပြိုင် ဒေါ်ငွေကြိုင် (ယခုနေရပ်လိပ်စာမသိ)နှင့် အမှတ်(၅၂)၊ သဇင်ပန်းလမ်း၊ နှင်းဆီကုန်း(က)ရပ်ကွက်၊ သင်္ဃန်းကျွန်းမြို့နယ် ရပ်နေ(၂)တရားပြိုင် မစ္စတာမူရာလီဒါ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်ငွေလင်း ပါ(၂)က ကတိပဋိညာဉ်အတိုင်း မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးစေလိုမှုရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရ ကိုယ်စားလှယ်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့် ပါစေ၍ဖြစ်စေ ၂၀၁၅ခုနှစ် ဇူလိုင် ၂၁ရက် (၁၃၇၇ခုနှစ် သီတင်းကျွတ်လဆန်း ၁၀ရက်) မွန်းမတည့်မီ ၉:၃၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ထို့အပြင် တရားလိုက ကြည့်ရှုလိုသည့်စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၅ခုနှစ် ဇူလိုင် ၇ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ဆွေဆွေဝင်း)**
**မြို့နယ်တရားသူကြီး**
**သင်္ဃန်းကျွန်းမြို့နယ်တရားရုံး**

# ဦးအောင်ဝင်း
(ရှေ့တက်ဆိပ်ဆုရှင်-လန်ဒန်)

LCCI Level - I&II, III စာရင်းကိုင် သင်တန်းများ
ခုံနံပါတ်ယူထားနိုင်သည်။ Aircon စာသင်ခန်းမ

LCCI
အနှစ်(၂၀)အတွေ့အကြုံကြောင့်
သင်ကြားမှုပြီးပြည့်စုံစေသည်။

အမှတ်(၂၉၀)၊ တထပ်၊ ပန်းဆိုးတန်းလမ်း(အထက်ဘလောက်)။
☎-01-371741, 240824, 381350


## ကျောင်းအလှူဒါန ပါဝင်လှူဒါန်းနိုင်

ရန်ကုန်မြို့၊လမ်းမတော်မြို့နယ်၊သရက်တောကျောင်းတိုက်၊ ဓမ္မာရုံ ကျောင်း ပရိယတ္တိစာသင်တိုက်၌ စာချ/စာသင်သံဃာတော် အရှင်သူမြတ်များ သီတင်းသုံးရန်အတွက် ပေ(၇၀×၆၇)အကျယ်အဝန်းရှိ ကျောင်းဆောင်သစ် ဆောက်လုပ်နေပြီဖြစ်ပါ၍ ကျောင်းအလှူဒါန ပါဝင်လှူဒါန်းနိုင်ကြပါရန် နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်အပ်ပါသည်။

| | | |
|---|---|---|
| ၁။ | ပြတင်းတံခါးတစ်ပေါက် | ၁သိန်း |
| ၂။ | အခန်းတံခါး | ၂သိန်း |
| ၃။ | ရေချိုးခန်း | ၃သိန်း |
| ၄။ | ကုဋီတစ်ခန်း | ၅သိန်း |
| ၅။ | အဝင်တံခါးမကြီးတစ်စုံ | ၇သိန်း |
| ၆။ | သံကူကွန်ကရစ် လှေကားတစ်စုံ | ၉သိန်း |
| ၇။ | သံဃာနှစ်ပါးနေ တစ်ခန်း | ၁၀သိန်း |
| ၈။ | ရေတိုင်ကီတစ်လုံး | ၁၂သိန်း |
| ၉။ | သံဃာလေးပါးနေတစ်ခန်း | ၂၀သိန်း |
| ၁၀။ | မုခ်ဦး | ၃၀သိန်း |
| ၁၁။ | ဘုရားခန်း | ၅၀သိန်း |
| ၁၂။ | စာသင်ခန်းမဆောင် | ၁၀၀သိန်း |
| ၁၃။ | ဆွမ်းစားဆောင် | ၃၅၀သိန်း |
| ၁၄။ | ကျောင်းဆောင်တစ်ထပ် | ၁၀၀၀သိန်း |
| ၁၅။ | ကွန်ကရစ်တိုင်တစ်လုံး | ၃သိန်း |
| ၁၆။ | စာချဆရာတော်များနေ တစ်ခန်း | ၂၅သိန်း |
| ၁၇။ | စာကြည့်တိုက် (စာကြည့်ခန်း) | ၁၀၀သိန်း |
| ၁၈။ | သံဃာတစ်ပါးနေရန် တစ်နေရာ | ၅သိန်း |

အလှူရှင်များ ကမ္ပည်းထိုးပေးပါမည်။
ကျောင်းဆောင်သစ်ဆောက်လုပ်ရေးကော်မတီ
ဓမ္မာရုံကျောင်းပရိယတ္တိစာသင်တိုက်
ဖုန်း - ၀၁-၇၀၈၈၇၄၊ ၀၉-၈၆၃၀၅၁၆၊ ၀၉-၂၆၃၆၂၉၃၂၆

ဦးတေဇိန္ဒ - ကမ္ဘောဇဘဏ်၊ ဗဟိုစည်းလမ်းမတော်
(Account No.061-301-06100921001)
ရိုးမဘဏ်၊ ဘုန်းကြီးလမ်း၊ လမ်းမတော်
(Account no.021-31-501798-9) ဘဏ်စာရင်းသို့ နီးရာဘဏ်၌ ထည့်သွင်း၍လည်းကောင်း ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

## ဝမ်းမြောက်ဂုဏ်ယူခြင်း

၂၀၁၅ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲတွင် ဘာသာစုံဂုဏ်ထူးရှင်(၁၃)ဦးဖြစ်ကြသော **မအိမ့်မှူးဟန်ကျော်** (ဆဗဟ-၇၃)၊ **မောင်မင်းခန့်** (ဆဗဟ-၁၀၆)၊ **မဟေမာန်ထက်** (ဆဗဟ-၁၈၃)၊ **မောင်တင်ဦးလွင်** (ဆသက-၁၈၅)၊ **မောင်နေသွေးနိုင်** (ဆရက-၂၃၀)၊ **မရှင်မိုးအိ** (ဆဗထ-၂၉၈)၊ **မပန်းဖြူဖြူမွေး** (ဆကရ-၃၀၀)၊ **မယမင်းအဥ္စလီ** (ဆဗဟ-၃၃၃)၊ **မခင်နံ့သာဝေ** (ဆကရ-၃၅၆)၊ **မမြတ်မိုမိုအောင်** (ဆရက-၃၆၀)၊ **မကြည်ဇာသင်း** (ဆဗဟ-၃၇၅)၊ **မမိုးစင်ကြယ်** (ဆကရ-၆၁၄)၊ **မအေးချမ်းဖြူ** (ဆကရ-၇၁၂) အပါအဝင် ငါးဘာသာဂုဏ်ထူးရှင်(၁၇)ဦး၊ လေးဘာသာဂုဏ်ထူးရှင်(၁၁)ဦး၊ သုံးဘာသာဂုဏ်ထူးရှင်(၁၄)ဦး၊ နှစ်ဘာသာဂုဏ်ထူးရှင်(၈)ဦး၊ တစ်ဘာသာဂုဏ်ထူးရှင်(၁၃)ဦးတို့အတွက် သက်ဆိုင်ရာမိဘများနှင့်ထပ်တူ ဝမ်းမြောက်ဂုဏ်ယူမိပါသည်။

**ကျောက်ကုန်းစာသင်ဝိုင်း**
**အမှတ်-၆(က)၊ ကျောက်ကုန်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၉-၂၅၄၀၆၄၄၂၇၊ ၀၉-၅၁၁၆၂၃၀၊ ၀၉-၅၁၁၆၂၃၂**


BBS U HLA BU'S TOEFL
တန်းသစ် Juy 13 စမည်။ ph - 9252633064/01220403
၁၈ (A) ဦးလူနီလမ်း ၊ ကြည့်မြင်တိုင် ။ ( သိတာရုံအနီး )


## ကြေညာချက်

မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီမှ ပြုလုပ်ပေးသော PDP/EDP သင်တန်းအမှတ်စဉ် Course IV ကို (၁၁-၇-၂၀၁၅) စနေနေ့ နှင့် (၁၂-၇-၂၀၁၅) တနင်္ဂနွေနေ့များတွင် ရန်ကုန်နည်းပညာတက္ကသိုလ် YTU ကြို့ကုန်းတွင် ဖွင့်လှစ်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ
အမှတ် (၂၂၈/၂၃၄)၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း။
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
Phone : 01 251213 , 01 250987 , 703276
Website : www.myanmarengcouncil.org
E.mail : mengc.office@myanmarengcouncil.org
: myanmarengineeringcouncil.ho@gmail.com


ပျိုမေတို့တစ်တွေ
အသားအရေဝါဝါဝင်း နဂိုရည်ထက် စိုပြည်ကာ
သွေးသားသန့်ရှင်းရောဂါကင်းစေဖို့
ကေမ္ဘာမှ
နနွင်းလုံးကို အစဉ်သုံးပါ



တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ်
1010YR001475
နနွင်းတွင်ပါဝင်သော အဝါရောင်ခြည်တတ်ပစ္စည်းဖြစ်သော (Curcumin)သည်လူတို့၏ ကျန်းမာရေးနှင့်ပတ်သက်၍ အမျိုးအမျိုးအပုံပုံ အကျိုးပြုနေသောကြောင့် (အမျိုးသားများနှင့် မီးနေသည်များပါ သုံးနိုင်ပါသည်။)
ကေမ္ဘာ မြန်မာ့ဆေးထုတ်လုပ်ဖြန့်ချိရေး
ဗိုလ်ချုပ်ဈေး(အပေါ်ထပ်)၊ အမှတ်(၂၈)၊ မြောက်ဘက်တန်း၊ ရန်ကုန်မြို့။
အမှတ်(၁၃၄)၊ တက္ကသိုလ်ရိပ်သာလမ်းသစ်၊ ကုတ္တိုင်း၊ ဗဟန်း၊ ရန်ကုန်မြို့။
ဖုန်း-၅၄၉၁၆၆၊ ၅၄၃၁၁၃၊ ၅၉၅၂၃၇


## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 1G/7855 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 4F/6504 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး (ရန်ကုန်မြောက်ပိုင်း)**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
**(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**
**အင်းစိန်မြို့နယ်တရားရုံးတော်၌**
**၂၀၁၅ခုနှစ် တရားမကြီးမှုအမှတ်-၅၇**

ဒေါ်ခင်ညို — နှင့် — ၁။ ဦးထွန်းရှန်
၂။ ဒေါ်ချစ်ချစ်

**တရားလို** — **တရားပြိုင်များ**

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ပေါက်တောရပ်ကွက်၊ ဘုရင့်နောင်လမ်းမကြီး၊ အမှတ် (၄၈၅)နေ တရားပြိုင်များ ဦးထွန်းရှန်နှင့် ဒေါ်ချစ်ချစ် (ယခုနေရပ်လိပ်စာမသိ)တို့ သိစေရမည်။

သင်တို့အပေါ်၌ တရားလိုက ပဋိညာဉ်အတိုင်း မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၅ ခုနှစ် ဇူလိုင် ၁၇ ရက် (၁၃၇၇ ခုနှစ် ဒုတိယဝါဆိုလဆန်း ၁ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူများ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်တို့သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်တို့မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်တို့ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်တို့ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၅ခုနှစ် ဇူလိုင် ၃ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ငြိမ်းလဲ့ဝေ)**
**ဒုတိယမြို့နယ်တရားသူကြီး(၂)**
**အင်းစိန်မြို့နယ်တရားရုံး**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၄ယ/၂၅၀၆၂ DAYANG DX 110 M/C ယာဉ်လက်ဝယ်ရှိသူ KHINE MYAE THITSA R CO., LTD က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါ သည်။

**ကညန၊ ခရိုင်ရုံး (ရန်ကုန်တောင်ပိုင်း) သန်လျင်မြို့**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
**တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀**
**စမ်းချောင်းမြို့နယ်တရားရုံး၌**
**၂၀၁၅ ခုနှစ် တရားမကြီးအမှုအမှတ်-၁၅**

ဦးသောင်းကြည် — နှင့် — ဦးကျော်ခိုင်
အမှတ်(၅၅/၅၇)ဇလွန်လမ်း၊ — အမှတ် (၄၃၁)ကမ်းနားလမ်း၊
လင်းမြောက်ရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ — သရက်တောရပ်ကွက်၊ ကြည့်မြင်တိုင်မြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး — ရန်ကုန်တိုင်းဒေသကြီး

**တရားလို** — **တရားပြိုင်**

ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ သရက်တောရပ်ကွက်၊ ကမ်းနားလမ်း၊ အမှတ် (၄၃၁)နေ ဦးကျော်ခိုင် သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးသောင်းကြည်က သီးခြားသက်သာခွင့်အက်ဥပဒေပုဒ်မ-၁၂ အရ ကတိပဋိညာဉ်အတိုင်း အိမ်နှင့်မြေအရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ဆိုရန် အမည်ပေါက်သည်အထိ ဆောင်ရွက်ပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၅ ခုနှစ် ဇူလိုင် ၂၀ ရက် (၁၃၇၇ခုနှစ် ဒုတိယဝါဆိုလဆန်း ၄ ရက်) ၁၁ နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလို၏တရားစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ဤရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၅ခုနှစ် ဇူလိုင် ၇ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ပေးလိုက်သည်။

**(ရီရီဆွေ)**
**မြို့နယ်တရားသူကြီး**
**စမ်းချောင်းမြို့နယ်တရားရုံး**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
**(တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**
**ရန်ကုန်အနောက်ပိုင်းခရိုင်၊ ဒုတိယခရိုင်တရားသူကြီး(၅)ရုံးတော်၌**
**၂၀၁၅ခုနှစ် တရားမကြီးမှုအမှတ်-၁၆၀**

ဦးစိုးဝင်း — နှင့် — ဒေါ်ခင်ခင်ထွေး(ခ)ကွာစိုက်လန်

**တရားလို** — **တရားပြိုင်**

အထက်ပါအမှုမှ တရားပြိုင် ဒေါ်ခင်ခင်ထွေး(ခ)ကွာစိုက်လန် (ဘ)ဦးထွန်းစိန်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပန်းဘဲတန်းမြို့နယ် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးစိုးဝင်းမှ လင်မယားနှစ်ဦးပိုင် ပစ္စည်းခွဲဝေပေးစေလိုမှုရလိုကြောင်း လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်အသီးသီးတို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ ၂၀၁၅ ခုနှစ် ဇူလိုင် ၂၁ ရက် (၁၃၇၇ ခုနှစ် ဒုတိယဝါဆိုလဆန်း ၅ရက်) နံနက် ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်တို့ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၅ ခုနှစ် ဇူလိုင် ၇ ရက်တွင် ဤရုံးတံဆိပ်ခတ်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ခင်လေးမြင့်)**
**ဒုတိယခရိုင်တရားသူကြီး (၅)**
**ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး**

## အထွေထွေကိုယ်စားလှယ်လွှဲစာ ရုပ်သိမ်းခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၁) ရပ်ကွက်၊ (၇)လမ်း၊ အမှတ်(၅၃၂)နေ ဦးစိန်ထွန်း(ခ)ဦးငပြူး ၁၂/မရက(နိုင်)၁၀၂၀၆၉ က ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၁)ရပ်ကွက်၊ (၇)လမ်း၊ အမှတ်(၅၃၂)နေ ဦးအောင်ဝင်းနိုင် ၁၂/မရက(နိုင်)၁၂၃၄၈၀ အား ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် လွှဲအပ်ထားသော အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် ၂၄၂၃/၂၀၁၃အား ယနေ့မှစ၍ ပြန်လည်ရုပ်သိမ်းပြီးဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးစိန်ထွန်း**
**ဖုန်း-၀၉-၃၀၀၉၇၂၂၉**

# ဝမ်းနည်းကြေကွဲခြင်း

## ဦးထင်အောင် (ကာယပညာတက္ကသိုလ်)

## အသက် (၉၆)နှစ်

ဝါရင့်အားကစားကလောင်ရှင်နှင့် လက်ဝှေ့အားကစား နည်းစနစ်မှူးဟောင်း ဦးထင်အောင် (ကာယပညာတက္ကသိုလ်) အသက် (၉၆)နှစ်သည် ၂၀၁၅ ခုနှစ် ဇူလိုင် ၆ ရက်တွင် ကွယ်လွန်သွားကြောင်းသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။ ဆရာဦးထင်အောင် ကောင်းရာသုဂတိလားပါစေကြောင်း ဆုတောင်းအပ်ပါသည်။

**မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်**

# ဝမ်းနည်းကြေကွဲခြင်း

## ဦးထင်အောင် (ကာယပညာတက္ကသိုလ်)

## အသက် (၉၆)နှစ်

ဝါရင့်အားကစားကလောင်ရှင်နှင့် လက်ဝှေ့အားကစား နည်းစနစ်မှူးဟောင်း ဦးထင်အောင် (ကာယပညာတက္ကသိုလ်) အသက် (၉၆)နှစ်သည် ၂၀၁၅ ခုနှစ် ဇူလိုင် ၆ ရက်တွင် ကွယ်လွန်သွားကြောင်းသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။ ဆရာဦးထင်အောင် ကောင်းရာသုဂတိလားပါစေကြောင်း ဆုတောင်းအပ်ပါသည်။

**ဦးဇော်ဇော် (ဥက္ကဋ္ဌ)**
**မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ စော်ဘွားကြီးကုန်းရပ်ကွက်၊ ကွင်းအမှတ်(၃၉၈)၊ ဦးပိုင်အမှတ်(၈၈/၃၀)၊ အကျယ်အဝန်း(၄၀×၆၀)ပေရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ် ၁၇၊ စပယ်လမ်း၊ စော်ဘွားကြီးကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ်ဟုခေါ်တွင်သည့် နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ရောင်းချပိုင်ခွင့်ရှိဟု ဝန်ခံကတိပြုဆိုသူ ဦးနန္ဒကျော် ၁၂/သဃက(နိုင်)၁၁၉၀၀၂ ထံမှ အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေမှ ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုပါက တရားဝင်ခိုင်လုံသောအထောက်အထား စာရွက်စာတမ်းမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့် ရက်မှစ၍ ၁၄ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကိုပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်စန္ဒာမွေး (စဉ်-၇၁၄၈)**
**LL.B, M.P.A, B.L,D.M.L, D.I.L,D.A Psy, D.I.R.D.G.I**
**အမှတ် ၅၈ (ပထမထပ်)၊ မဟာဗန္ဓုလပန်းခြံလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း-၀၉-၇၃၀၇၇၇၃၇၊ ၀၁-၅၇၈၀၄၈၊ ၀၉-၄၂၀၀၂၂၂၅၀**

## ကုန်အမှတ်တံဆိပ်သတိပေးကြေညာချက်

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး၊ လသာမြို့နယ်၊ ၁၇-လမ်း၊ အမှတ်-၇၆/၇၄ နေ ဒေါ်ငယ် (၁၃/လလန(ပြု)၀၀၀၁၇၅)သည် အောက်ပါကုန်အမှတ်တံဆိပ်ကို ရန်ကုန်မြို့စာချုပ်စာတမ်းများ မှတ်ပုံတင်ရုံးတွင် တစ်ဦးတည်းမူပိုင်အဖြစ် မှတ်ပုံတင်သွင်းထားပြီးဖြစ်ကြောင်းအသိပေးကြေညာအပ်ပါသည်။

၄/၈၀၅၅/၂၀၁၅

အထက်ပါ ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားဖြင့် စားသောက်ဆိုင်လုပ်ငန်း၊ စားသောက်ကုန်နှင့်ကုန်ကြမ်းပစ္စည်းများ ထုပ်ပိုးရောင်းချခြင်းလုပ်ငန်း၊ ထမင်းဘူး အိမ်အရောက်ဝန်ဆောင်မှုလုပ်ငန်းအမျိုးမျိုး အစရှိသည်တို့ကို မြန်မာနိုင်ငံ တစ်ဝှမ်းလုံးတွင် ထုတ်လုပ်ဖြန့်ချိရောင်းချကြော်ငြာသွားမည်ဖြစ်ပါသည်။

အထက်ပါကုန်အမှတ်တံဆိပ်တို့ကို ထင်ယောင်ထင်မှား မိုဘြမ်း တုပပြုလုပ်သုံးစွဲသူများကို ဥပဒေအရထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

ဦးစိုးပိုင် (LL.B., D.B.L., D.M.L) **တရားလွှတ်တော်ရှေ့နေ(စဉ်-၅၆၈၈)**
အမှတ်-၁၀/၁၂၊ ပထမထပ်၊ အခန်း-၁၀၄(အီး)၊ ၃၅-လမ်းတို(အောက်)၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း ၀၉ ၅၁၅၉၆၃၉၊ ၀၉ ၇၉၆၈၆၈၂၆၆

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၀)၊ မြေကွက်အမှတ်(၂၂၂)၊ မြေအကျယ်အဝန်း (အလျား ×အနံ) (၄၀ပေ×၆၀ပေ)ရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ်(၂၇၀)၊ ပင်လုံလမ်းမကြီး၊ (၃၀)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်ဟု ခေါ်တွင်သည့် တစ်ထပ်ဘိအင်န် နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အမည်ပေါက်ပိုင်ဆိုင်ပြီး လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံသူ **ဦးထွန်းလှိုင် (၁၃/တပန(နိုင်)၀၁၅၈၈၉)** ထံမှကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါပစ္စည်းနှင့်ပတ်သက်၍ အပြီးသတ်ငွေအပြေ အကျေပေးချေ၍ တရားဝင်ပိုင်ဆိုင်ရေး ကိစ္စရပ်များကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသောကြောင့် ကန့်ကွက်လိုသူရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသည့် အထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက တရားဝင်ပိုင်ဆိုင်ရေးကိစ္စရပ်များကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ် ဆုမြတ်စံ (စဉ်-၃၇၆၉၆)**
**LL.B, D.B.L, D.M.L.**
**WIPO (Switzerland)|**
**အထက်တန်းရှေ့နေ**

**ကန့်ကွက်လိုပါက ဆက်သွယ်ရန်လိပ်စာ**
**ဒေါ် အိအိဖြိုး (စဉ်-၄၆၀၇၅)**
**LL.B, B.D.S (MOFA),WIPO(Switzerland)**
**အထက်တန်းရှေ့နေ**
**အမှတ်-၇၊ဈေးချိုလမ်း၊မြို့မတောင်ရပ်ကွက်၊ သန်လျင်မြို့နယ်၊ ဖုန်း-၀၉-၄၂၁၁၀၆၂၂၆**

## ဦးတင်ညွှန့် (လဝက၊ ငြိမ်း)

### အသက် (၈၂)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၆) ရပ်ကွက်၊ မဟာဗန္ဓုလလမ်း၊ အမှတ် ၅၀၇နေ ဒေါ်စီစီလယား၏ခင်ပွန်း၊ ဦးနော်ထွဲ-ဒေါ်သန်းသန်းအေး၊ ဦးကျော်သီဟ- ဒေါ်ခင်မြတ်သူ၊ ဦးခင်မောင်ထွေး-ဒေါ်မင်းမင်းတင်၊ ဒေါ်ခင်မြတ်နွယ်၊ ဦးထွန်းညွှန့်၊ ဦးဇော်မင်းနောင်-ဒေါ်သင်းသင်းအောင်တို့၏ဖခင်၊ မြေးခုနစ်ယောက်တို့၏အဘိုးသည် ၈-၇-၂၀၁၅ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၅း၀၅ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၂-၇-၂၀၁၅ရက် (တနင်္ဂနွေနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

## ဒေါ်ခင်အေး

### အသက်(၇၈)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ၉၄ လမ်း၊ အမှတ် ၁၂၃(မြေညီထပ်)နေ ဦးအောင်စိုး၏ဇနီး၊ ဦးမောင်မောင်ညွှန့်-ဒေါ်စုစုညွှန့်၊ ဦးအောင်ဇော်မြင့်-ဒေါ်ကြည်ကြည်စိန်တို့၏မိခင်၊ မဇင်မေဇော်၏အဘွားသည် ၈-၇-၂၀၁၅ရက်(ဗုဒ္ဓဟူးနေ့)နံနက်တွင် ကွယ်လွန်သွားပါသဖြင့် ၁၀-၇-၂၀၁၅ရက်(သောကြာနေ့)မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများနံနက် ၁၁း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၁၄-၇-၂၀၁၅ရက် နံနက် ၇ နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ဒေါ်ခင်အုန်း

### အသက်(၇၆)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဗိုလ်မင်းရောင်လမ်း၊ အမှတ် ၁၅၄နေ ဦးမြမောင် (မုံရွာ) (မြန်မာ့သစ်လုပ်ငန်း၊ငြိမ်း)၏ဇနီး၊ ဒေါက်တာမိုးညွှန့်(ဆရာမိုး Follow me)-ဒေါ်သိန်းသိန်းအေး၊ ဦးခင်မောင်သန်း၊ ဒေါ်ဝင်းဝင်းမြ၊ ဦးအောင်သန်းမြ-ဒေါ်စန်းစန်းဝင်း(ခေတ္တစင်ကာပူ)၊ ဦးတိုးဝင်း(အထွေထွေမန်နေဂျာ၊ ငွေဆင် ကုမ္ပဏီလီမိတက်)-ဒေါ်အေးအေးဝင်းတို့၏ချစ်လှစွာသောမိခင်၊ မြေးငါးယောက်တို့၏အဘွားသည် ၈-၇-၂၀၁၅ရက် (ဗုဒ္ဓဟူးနေ့)နံနက် ၂နာရီတွင် SSC ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၀-၇-၂၀၁၅ရက်(သောကြာနေ့)ညနေ ၃နာရီတွင် ရေဝေးသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါသည်။

(နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

**မင်္ဂလာတောင်ညွန့်မြို့နယ်၊ စက်ဆန်းရပ်ကွက်၊ အထက်ပုဇွန်တောင်လမ်းမကြီး၊ အမှတ် ၃၂၁၊ မြေညီထပ်၊ ခေါင်းရင်းခန်းနှင့်ပတ်သက်၍ ဒေါ်စိုးစိုးသိန်း၏ အထက်တန်းရှေ့နေ ဒေါ်ငြိမ်းငြိမ်း၏ ကြေညာချက်နှင့်စပ်လျဉ်း၍**

## ပြန်လည်တုံ့ပြန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ စက်ဆန်းရပ်ကွက်၊ အထက်ပုဇွန်တောင်လမ်းမကြီး၊ တိုက်အမှတ် ၃၂၁၊ အခန်းအမှတ် (5-A)နေ ဒေါ်မြင့်မြင့်စိုး ၁၂/သကတ(နိုင်)၀၀၈၂၈၄ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ပြန်လည်တုံ့ပြန် သတိပေးကြေညာအပ်ပါသည်။

၂၀၁၅ ခုနှစ် ဇွန် ၃၀ရက်စွဲပါ မြန်မာ့အလင်းသတင်းစာ၊ စာမျက်နှာ(၂၉)ပါ လူကြီးမင်းတို့၏ ကြေညာချက်မှာ မှန်ကန်မှုမရှိပါ။ ဒေါ်မြင့်မြင့်စိုးသည် ဒေါ်သိန်းရင်၏သမီးရင်းဖြစ်ပြီး ဒေါ်စိုးစိုးသိန်းမှာ ကွယ်လွန်သူ ဦးဟန်စိန်နှင့် ဒေါ်ညိုတို့၏ သမီး၊ ဒေါ်သိန်းရင်၏ အမွေမမီမြေးသာဖြစ်ပါသည်။ လွန်ခဲ့သော (၂၅)နှစ်ခန့်က ဒေါ်သိန်းရင်သည် ဒေါ်စိုးစိုးသိန်းအား အမွေပြတ်စွန့်လွှတ်ခဲ့ပြီး ဒေါ်မြင့်မြင့်စိုးက မိခင်ဒေါ်သိန်းရင်အား ဖျောင်းဖျနားချပြီး ဒေါ်စိုးစိုးသိန်းအား ခေါ်လာခဲ့ခြင်းသာဖြစ်ပါသည်။ ဒေါ်စိုးစိုးသိန်းအား ဒေါ်သိန်းရင်က အထွေထွေကိုယ်စားလှယ်လွှဲစာလွှဲအပ်ခဲ့ခြင်းမှာ ပြည်မြန်မာဆောက်လုပ်ရေးနှင့် အဆောက်အအုံဆောက်လုပ်ရန်အတွက်သာဖြစ်ပါသည်။ ဒေါ်စိုးစိုးသိန်းသည် ၎င်းအား ဒေါ်သိန်းရင်ပေးခဲ့သည့် အထက်ပါတိုက်၏ အခန်းအမှတ်(2-A)အား ရောင်းချပြီး ဒေါ်သိန်းရင်အခန်းတွင် ဝင်ရောက်နေထိုင်ခြင်းဖြစ်ပါသည်။ ဒေါ်သိန်းရင်အား ပြုစုရန်၊ ကျွေးမွေးရန်၊ စောင့်ရှောက်ရန်မှာ အမွေရခဲ့သူ သားသမီး၊ မြေးများ၏ တာဝန်သာဖြစ်ပါသည်။ ယခုအခါ ဒေါ်သိန်းရင်သည် အသိနှင့်သတိကင်းလွတ်ပြီး ၎င်း၏အမည်ကိုပင် မမှတ်မိတော့သည့် သက်ကြီးရွယ်အို လူမမာတစ်ဦးဖြစ်နေပါသည်။ နောက်ဆုံးသတိရှိစဉ်က အထက်ပါ မြေညီထပ်၊ (ခေါင်းရင်းခန်း)ကို မည်သူ့အားမျှ ရောင်းမထားကြောင်း၊ ရောင်းမည်လည်းမဟုတ်ကြောင်း သက်သေများရှေ့တွင်ပြောကြားခဲ့ပြီးဖြစ်ရာ ဒေါ်စိုးစိုးသိန်း အနေဖြင့် အထက်ပါတိုက်ခန်းကို ရောင်းချခွင့်လည်းမရှိ၊ စီမံခန့်ခွဲခွင့်လည်းမရှိသည့်အတွက် အကယ်၍ ဖွတ်အတင်းဆောင်ရွက်ခဲ့လျှင် နောက်ထပ်တစ်စုံတစ်ရာ ရှင်းလင်းသတိပေး ကြေညာတော့မည်မဟုတ်ဘဲ ရောင်းသူဒေါ်စိုးစိုးသိန်းနှင့် ဝယ်သူတို့ကိုပါ တရားမကြောင်း၊ ရာဇဝတ်ကြောင်းအရ တရားစွဲဆိုတော့မည်ဖြစ်ကြောင်း ပြန်လည်တုံ့ပြန်ကြေညာအပ်ပါသည်။ **အမှုသည်၏ လွှဲအပ်ညွှန်ကြားချက်အရ-**

**ရှေ့နေ ဇလွန်ဦးလှဖေ (စဉ်-၅၈၉၄)**
**အမှတ် ၁၇၊ ဒုတိယထပ်(ယာ)၊ ၅၄လမ်း၊ (အလယ်လမ်း)၊ ပုဇွန်တောင်မြို့နယ်၊**
**ဖုန်း-၀၉-၅၁၂၁၆၆၇**

# အထူးကျေးဇူးတင်ရှိခြင်း

## ဒေါ်တင်တင်နွယ် (ခ) ဒေါ်တင်တင်နွဲ့

## အသက် (၈၂)နှစ်

၂၄-၆-၂၀၁၅ ရက်တွင် ဗဟိုစည်အထူးကုဆေးရုံကြီးတွင် ကွယ်လွန်၍ ၂၈-၆-၂၀၁၅ ရက်တွင် ရေဝေး၌ အုတ်ဂူသွင်းခဲ့သော (တိုင်းတရားရေးဦးစီးမှူး-ငြိမ်း ဦးစိန်ဖေ)၏ဇနီး၊ ကျွန်တော် ကျွန်မတို့၏ ချစ်ခင်မြတ်နိုးတန်ဖိုးထားရပါသော မိခင်ကြီးဒေါ်တင်တင်နွယ်(ခ)ဒေါ်တင်တင်နွဲ့ အသက် (၈၂)နှစ်၏ နာရေးကိစ္စအဝဝတွင် ဝမ်းနည်းသဝဏ်လွှာပေးပို့ခဲ့ကြပါသော နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်နှင့်ဇနီး၊ စက်မှုဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်နှင့်ဇနီးအားလည်းကောင်း၊ မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီဥက္ကဋ္ဌ (ယာယီ) အန်ကယ်ဦးခင်မောင်အေးနှင့်ဇနီး အန်တီဒေါ်ခင်နီတို့အားလည်းကောင်း၊ သမဝါယမဘဏ်လီမိတက်ဥက္ကဋ္ဌ ဦးခင်မောင်အေးနှင့်ဇနီးအားလည်းကောင်း၊ နာမကျန်းဖြစ်စဉ် ဂရုတစိုက်ကုသစောင့်ရှောက်ပေးခဲ့သော ဗဟိုစည်ဆေးရုံမှ အထူးကုဆရာဝန်ကြီး Prof Dr ဒေါ်သန်းသန်းအေး၊ Prof Dr ဦးတင်လတ်၊ Prof Dr ဒေါ်ရတနာကျော်နှင့် ဗဟိုစည် ICU မှ MO များ၊ ဆရာဝန် ဆရာမများ၊ ဝန်ထမ်းများအားလုံးအားလည်းကောင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ အခြေခံပညာဦးစီးဌာနမှ မိတ်ဆွေများ၊ ဆရာ၊ ဆရာမများ၊ ဂျပန်နိုင်ငံ၊ ကိုရီးယားနိုင်ငံ ရပ်ဝေး၊ ရပ်နီးမှ လူကိုယ်တိုင်သော်လည်းကောင်း၊ စာများ၊ ဖုန်းများဖြင့်လည်းကောင်း၊ နှစ်သိမ့်အားပေးကူညီပံ့ပိုးပေးကြသော မိတ်ဆွေသင်္ဂဟများအားလည်းကောင်း ကျေးဇူးတင်ထိုက်သူအားလုံးကို ကျန်ရစ်သူမိသားစုမှ ကျေးဇူးတင်ရှိပါသည်။

**ကျန်ရစ်သူမိသားစု**

# အထူးဝမ်းနည်းကြေကွဲခြင်း

## ဒေါ်လက်ချမ်း

## အသက်(၆၃)နှစ်

မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ စစ်ကဲကုန်းရပ်ကွက်၊ သာယာဝတီလမ်း၊အမှတ်(၅၀)နေ ဦးမောင်သိန်း+ဒေါ်ကလာဝသီ @ဒေါ်အေးသန်း၏ချစ်လှစွာသော မွေးသမိခင်ကျေးဇူးရှင်သည် (၆-၇-၂၀၁၅)ရက်နေ့တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**Office Staff**
**19 Construction Co.Ltd.**
**Million Star Construction Co.Ltd.**
**Banana Leaf Indian Restaurent**

## ခရစ်တော်၌အိပ်ပျော်ခြင်း

**Sm Cing Lam Dim (a) Dim Kham, BA, MCM**
**Instructor, Grace Music Institute**
**အသက် (၄၂)နှစ်**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ သတိပဋ္ဌာန်လမ်း၊ ဖလွှာ(ခြေရင်းခန်း)၊ အမှတ် ၁၉နေ (Rev Hau Lian Kham- Rev Mary Hau Lun Cing)တို့၏သမီး၊ Daw Man San Lun (a) Lun Kham Pieper - Mr Michael Pieper (USA), Sm Cing Lian Ciin (a) Ciin Kham (အမှုတော်ဆောင် Grace AG)တို့၏အစ်မ၊ Louis Kham Lap Lian Pieper, Nichole Cing Zo Siang (Grade- III, YAS)တို့၏ ကြီးကြီး၊ ကျေးဇူးတော်တေးဂီတကျောင်း၏ နည်းပြဆရာမသည် ၈-၇-၂၀၁၅ရက် နံနက် ၁း၃၀ နာရီတွင် အထက်ပါနေအိမ်တွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၁၂-၇-၂၀၁၅ရက် ညနေ ၃နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံ ဥယျာဉ်တော်၌ ဝတ်ပြုဆုတောင်းပြီး ဂူသွင်းသင်္ဂြိုဟ်ပါမည်။ (ဓမ္မနွေလသာဘုရား ကျောင်းရှေ့၊ Grace AG ဘုရားကျောင်းရှေ့၊ ယုဇနပိတောက်ကွေ့နှင့် အထက်ပါနေအိမ်တို့မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။) **ကျန်ရစ်သူမိသားစု**

**မွေးသက္ကရာဇ် အမှန်**

ဦးအောင်မြင့်၏သား ကျိုးသဲမြို့ စံပြလမ်းနေ မောင်ချမ်းငြိမ်းဇော် ၇/ရတန(နိုင်)၁၀၃၁၉၉၏ မွေးသက္ကရာဇ်အမှန်မှာ ၁၀-၅-၁၉၈၈ ခုနှစ် ဖြစ်ပါကြောင်း။

# ဓာတုလက်နက်တားဆီးပိတ်ပင်ရေးစာချုပ်သို့ မြန်မာနိုင်ငံမှ အတည်ပြုပါဝင်

စာမျက်နှာ-၃

## ကွန်ကာကပ်ဖ်ရွှေဖလား အုပ်စု(ခ)ပွဲစဉ်များ သရေကျ

ကွန်ကာကပ်ဖ်ရွှေဖလား အုပ်စု (ခ)ပွဲစဉ်များကို ကြာသပတေးနေ့ နံနက်ပိုင်းက ယှဉ်ပြိုင်ကစားခဲ့ရာ ကော်စတာရီကာနှင့် ဂျမေကာပွဲစဉ် တွင် တစ်ဖက်နှစ်ဂိုးစီ သရေရလဒ် ဖြင့် ပြီးဆုံးခဲ့သည်။

ပွဲချိန် ၁၃ မိနစ်တွင် ဂျမေကာအတွက် အဖွင့်ဂိုးကို ဂါရတ်မက်ကလေယာရီက သွင်းယူပေးခဲ့သည်။ ကော်စတာရီကာ အသင်းသည် ချေပ ဂိုးရရန် ပြန်လည် တိုက်စစ်ဆင်ခဲ့ရာ ပွဲချိန် ၃၃ မိနစ်တွင် ရှိုင်းမီလ်လာက ချေပဂိုးသွင်းယူခဲ့ပြီး ပွဲချိန် ၃၇ မိနစ်တွင် ဒေးဗစ်ရာ မီရက်ဇ်က ကော်စတာ ရီကာအတွက် ထပ်မံဂိုးသွင်းယူ ခဲ့သည်။

ပထမပိုင်းပြီးချိန်တွင် ကော်စတာရီကာအသင်း နှစ်ဂိုး-တစ်ဂိုးဖြင့် ဦးဆောင်ထားသည်။ ဒုတိယပိုင်းပွဲစပြီး ပွဲချိန် ၄၈ မိနစ်တွင် ဂျမေကာအတွက် ပြန်လည်ချေပဂိုးကို ဂျိုဘီမက်အန်နပ်ဖ်က သွင်းယူပေးခဲ့သည်။ နှစ်သင်းစလုံး လူစားလဲမှုများ ပြုလုပ်ခဲ့သော်လည်း အနိုင်ဂိုးမရရှိဘဲ ပွဲပြီးချိန်တွင် တစ်ဖက်နှစ်ဂိုးစီ သရေရလဒ်ဖြင့် ပြီးဆုံး ခဲ့သည်။ ကော်စတာရီကာအသင်းသည် ၂၀၀၂ ခုနှစ် တွင် ဗိုလ်လုပွဲသို့ တစ်ကြိမ်တက်ရောက်ခဲ့ပြီး အမေရိကန် အသင်းနှင့် တွေ့ဆုံကာ နှစ်ဂိုးပြတ်ဖြင့် ရှုံးနိမ့်ခဲ့သည်။ တတိယနေရာကို ၁၉၉၃ နှင့် ၂၀၀၉ ခုနှစ်တို့တွင် ရရှိထား သည်။ ဂျမေကာအသင်းမှာ ဗိုလ်လုပွဲသို့ တက်ရောက်ခဲ့ခြင်း မရှိသေးဘဲ တတိယနေရာကို တစ်ကြိမ်သာရရှိခဲ့ပြီး ၁၉၉၃ ခုနှစ်တွင် *စာမျက်နှာ ၁၃ ကော်လံ ၄* ❍



ကော်စတာရီကာမှ ဒေးဗစ်ရာမီရက်ဇ် ဂျမေကာဘက်သို့ ဒုတိယမြောက်ဂိုး သွင်းယူစဉ်။

## ယနေ့ မာတိကာ

ကမ္ဘာ့ရှေးဟောင်းအမွေအနှစ် ၂၄ ခု ထပ်မံတိုးလာ စာမျက်နှာ » ၄
ဒုတိယအကြိမ် ထူးချွန်ဆရာဆု ရွေးချယ်ချီးမြှင့်ရေး ဆောင်ရွက်မည် စာမျက်နှာ » ၅
အနိမ့်ဆုံးအခကြေးငွေနှုန်းထား သတ်မှတ်ဖို့အချိန်သင့်ပြီလား ဆောင်းပါး စာမျက်နှာ » ၆
စစ်ကိုင်းမြို့၌ ခိုးဆိုးနှိုက်သူများ လက်နက်များနှင့်အတူ ဖမ်းဆီးရမိ စာမျက်နှာ » ၁၂
မြဝတီ-ကော့ကရိတ် အာရှလမ်းသစ် ဖွင့်လှစ်နိုင်ရေး တပ်မတော်က နယ်မြေရှင်းလင်း စာမျက်နှာ » ၁၃

## ရန်ကုန်မြို့တွင်း လူစည်ကားရာနေရာများရှိ ကြီးမားသောကြော်ငြာဆိုင်းဘုတ်များကြောင့် ဘေးအန္တရာယ်စိုးရိမ်ရ

သတင်းဆောင်းပါး-ဇော်မင်းလတ်၊ ဓာတ်ပုံ-ကိုကိုဇော်(ဒလ)

**ရန်ကုန် ဇူလိုင် ၉**

ရန်ကုန်မြို့သည် မြန်မာနိုင်ငံ၏ စီးပွားရေးမြို့တော်ဖြစ်သည့်အလျောက် စီးပွားရေးလုပ်ငန်းများ၊ ကုမ္ပဏီများအများဆုံး စုဝေးရာနေရာတစ်ခုဖြစ်သည်။ မိမိတို့၏ ကုမ္ပဏီမှ ထုတ်လုပ်သည့်ပစ္စည်းများကို ဈေးကွက်တင်ရောင်းချ ရန်အတွက် နည်းအမျိုးမျိုးဖြင့် ကြော်ငြာကြရာတွင် အလျား ၄၅ ပေ၊ အနံ ၁၅ ပေ၊ အမြင့်ပေ ၄၀ ရှိသည့် ဆိုင်းဘုတ်ကြီးများဖြင့်လည်း စိုက်ထူကြော်ငြာ ကြသည်ကို တွေ့ရသည်။

အရွယ်အစားကြီးမားသည့် ကြော်ငြာဆိုင်းဘုတ်များကို လူစည်ကားရာ နေရာများ၊ လမ်းဆုံလမ်းခွများနှင့် ဈေးများတွင် အများဆုံး စိုက်ထူကြော်ငြာ ကြရာ အချို့ကြော်ငြာဆိုင်းဘုတ်များသည် အချိန်ကာလကြာမြင့်လာပြီဖြစ်သည့် အလျောက် ကြံ့ခိုင်မှုအားနည်းလာကာ လေပြင်း၊ မြေငလျင် စသည့် သဘာဝ ဘေးအန္တရာယ်များ ဖြစ်ပေါ်ပါက အချိန်မရွေးပြိုလဲနိုင်သည့် အခြေအနေများ ကိုလည်း တွေ့မြင်ရသည်။

ယခုအချိန်အခါသည် မိုးရာသီကာလဖြစ်၍ မြန်မာနိုင်ငံအနှံ့အပြားတွင် ရေကြီးခြင်း၊ လေပြင်းများ တိုက်ခတ်ခြင်း စသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ကြောင်း မိုးလေဝသသတင်းများအရ သိရသည်။

ဇူလိုင် ၆ ရက် ညနေ ၃ နာရီကျော်ခန့်က လေပြင်းတိုက်ခတ်မှုကြောင့် ကြော်ငြာ ဆိုင်းဘုတ်ကြီးတစ်ခု *စာမျက်နှာ ၁၃ ကော်လံ ၅* ❄







မြန်မာ့အလင်း
mmalin.npt@gmail.com, www.facebook.com/MYANMAALINNEWS
R/488

# မူပိုင်ခွင့်ဥပဒေကြမ်း

## ပြည်သူအများ သိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။

**ယမန်နေ့မှအဆက်**

(ဂ) ဖျော်ဖြေသူ၊ ဖိုနိုဂရမ်ထုတ်လုပ်သူနှင့် ထုတ်လွှင့်သည့် အဖွဲ့အစည်းတို့၏ မူပိုင်ခွင့်နှင့်ဆက်နွှယ်သည့် အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်နိုင်ရန်၊

(ဃ) ရိုးရာယဉ်ကျေးမှုဖော်ပြချက်များနှင့် ရိုးရာဓလေ့အမွေအနှစ်များကို မြှင့်တင်ရန်နှင့် ကာကွယ်ရန်အတွက် အထောက်အကူဖြစ်စေရန်။

**အခန်း(၃)**

**သက်ဆိုင်သည့်နယ်ပယ်**

၄။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များသည် အောက်ပါ စာပေအနုပညာလက်ရာများကိုလည်းကောင်း၊ ဖျော်ဖြေသူနှင့် ဖျော်ဖြေတင်ဆက်မှု၊ ဖိုနိုဂရမ်၊ ထုတ်လွှင့်ခြင်းနှင့် ထုတ်လွှင့်သည့် အဖွဲ့အစည်းတို့ကိုလည်းကောင်း အကာအကွယ်ပေးခြင်းနှင့် သက်ဆိုင်ရမည်-

(က) စာပေအနုပညာလက်ရာဖြစ်ပါက-

(၁) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ သို့မဟုတ် အဖွဲ့ဝင်နိုင်ငံတစ်ခုခု၏ နိုင်ငံသားဖြစ်သော သို့မဟုတ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ သို့မဟုတ် အဖွဲ့ဝင်နိုင်ငံတစ်ခုခုတွင် အခြေပြုနေထိုင်သော မူလလက်ရာရှင်၏ လက်ရာဖြစ်ခြင်း၊

(၂) ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံသားဖြစ်သော သို့မဟုတ် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတွင် အခြေပြုနေထိုင်သော သို့မဟုတ် အဖွဲ့ဝင်နိုင်ငံတစ်ခုခု၏ နိုင်ငံသားဖြစ်သော မူလလက်ရာရှင် မဟုတ်စေကာမူ မူလလက်ရာရှင်၏ စာပေအနုပညာလက်ရာကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ သို့မဟုတ် အဖွဲ့ဝင်နိုင်ငံတစ်ခုခုတွင် ပထမအကြိမ်ထုတ်ဝေခြင်း သို့မဟုတ် စာပေအနုပညာလက်ရာကို အခြားအဖွဲ့ဝင်မဟုတ်သည့် နိုင်ငံတွင် ပထမအကြိမ်ထုတ်ဝေပြီး ရက်ပေါင်း ၃၀ အတွင်း ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ သို့မဟုတ် အဖွဲ့ဝင်နိုင်ငံ တစ်ခုခုတွင် ထုတ်ဝေခြင်း၊

(၃) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ သို့မဟုတ် အဖွဲ့ဝင်နိုင်ငံတစ်ခုခု၌ ရုံးစိုက်သော သို့မဟုတ် အခြေပြုနေထိုင်သော အရုပ်အသံလက်ရာ ထုတ်လုပ်သူ၏ လက်ရာဖြစ်ခြင်း၊

(၄) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ သို့မဟုတ် အဖွဲ့ဝင်နိုင်ငံတစ်ခုခုတွင် ဆောက်လုပ်ထားသည့် ဗိသုကာလက်ရာနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ သို့မဟုတ် အဖွဲ့ဝင်နိုင်ငံတစ်ခုခုတွင် တည်ရှိသော အဆောက်အအုံ သို့မဟုတ် အခြားအဆောက်အအုံပုံစံတွင် ပါဝင်ပေါင်းစပ်ထားသည့် အနုပညာလက်ရာဖြစ်ခြင်း။

(ခ) ဖျော်ဖြေသူဖြစ်ပါက-

(၁) ဖျော်ဖြေသူသည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံသားဖြစ်ခြင်း၊

(၂) ဖျော်ဖြေသူသည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံသား မဟုတ်စေကာမူ-

(ကက) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ သို့မဟုတ် အခြားစာချုပ်ဝင်နိုင်ငံအတွင်း ဖျော်ဖြေမှုဖြစ်ခြင်း၊

(ခခ) ဖျော်ဖြေမှုကို ပုဒ်မခွဲ(ဂ)အရ အကာအကွယ်ပေးရမည့် ဖိုနိုဂရမ်တွင် ပါဝင်ပေါင်းစပ်ထားခြင်း၊

(ဂဂ) ဖျော်ဖြေမှုကို ဖိုနိုဂရမ်တွင် အရုပ်အသံပေါင်းစပ်ထည့်သွင်းခြင်း မပြုရသေးသော်လည်း ပုဒ်မခွဲ(ဃ) အရ အကာအကွယ်ပေးရေးအတွက် အရည်အချင်းပြည့်မီသည့် ထုတ်လွှင့်မှုတွင်ပါဝင်ခြင်း။

(ဂ) ဖိုနိုဂရမ်ဖြစ်ပါက-

(၁) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားက ထုတ်လုပ်သည့် ဖိုနိုဂရမ်ဖြစ်ခြင်း၊

(၂) ထုတ်လုပ်သူသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား မဟုတ်စေကာမူ-

(ကက) အခြားစာချုပ်ဝင်နိုင်ငံတစ်ခုခု၏ နိုင်ငံသားဖြစ်ခြင်း၊

(ခခ) အခြားစာချုပ်ဝင်နိုင်ငံ၌ ပထမဦးစွာ ဖိုနိုဂရမ်အား အရုပ်အသံ ပေါင်းစပ်ထည့်သွင်းခြင်း၊

(ဂဂ) အခြားစာချုပ်ဝင်နိုင်ငံ၌ ပထမဦးစွာ ဖိုနိုဂရမ်ကို ထုတ်ဝေခြင်း။

(၃) ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံသားဖြစ်သော သို့မဟုတ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတွင် အခြေပြုနေထိုင်သော သို့မဟုတ် အခြား စာချုပ်ဝင် နိုင်ငံတစ်ခုခု၏ နိုင်ငံသားဖြစ်သော ဖိုနိုဂရမ်ထုတ်လုပ်သူ မဟုတ်စေကာမူ ဖိုနိုဂရမ်ကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ သို့မဟုတ် စာချုပ်ဝင်နိုင်ငံတစ်ခုခုတွင် ပထမအကြိမ်ထုတ်ဝေခြင်း သို့မဟုတ် အခြား စာချုပ်ဝင် မဟုတ်သော နိုင်ငံတွင် ပထမအကြိမ်ထုတ်ဝေပြီး ရက်ပေါင်း ၃၀ အတွင်း ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ သို့မဟုတ် စာချုပ်ဝင်နိုင်ငံ တစ်ခုခုတွင် ထုတ်ဝေခြင်း။

(ဃ) ထုတ်လွှင့်ခြင်းဖြစ်ပါက-

(၁) ထုတ်လွှင့်သည့် အဖွဲ့အစည်း၏ ရုံးချုပ်သည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ သို့မဟုတ် အခြားစာချုပ်ဝင်နိုင်ငံတစ်ခုခု၌ တည်ရှိခြင်း၊

(၂) ပို့လွှင့်စက်သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ သို့မဟုတ် အခြား စာချုပ်ဝင်နိုင်ငံတစ်ခုခု၌ တည်ရှိခြင်း။

**အခန်း(၄)**

**တာဝန်ခံဝန်ကြီးဌာန၏ လုပ်ငန်းတာဝန်များ**

၅။ တာဝန်ခံဝန်ကြီးဌာနသည် ဤဥပဒေ၏ ရည်ရွယ်ချက်များကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရန် အောက်ပါလုပ်ငန်းတာဝန်များကို ဆောင်ရွက်ရမည်-

(က) မူပိုင်ခွင့်မှတ်ပုံတင်ခြင်းဆိုင်ရာ လုပ်ငန်းများကို လမ်းညွှန်မှုပေးခြင်းနှင့် ကြီးကြပ်ကွပ်ကဲခြင်း၊

(ခ) မူပိုင်ခွင့်နှင့်စပ်လျဉ်း၍ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ အဖွဲ့ဝင်နိုင်ငံများနှင့် ဆက်သွယ်ဆောင်ရွက်ခြင်း၊

(ဂ) နိုင်ငံတော်က အဖွဲ့ဝင်နိုင်ငံအဖြစ်ပါဝင်သော အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာ ကွန်ဗင်းရှင်းများ၊ စာချုပ်များနှင့် သဘောတူညီချက်များပါ မူပိုင်ခွင့်နှင့်သက်ဆိုင်သည့် ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် လမ်းညွှန်မှုပေးခြင်းနှင့် ကြီးကြပ်ကွပ်ကဲခြင်း၊

(ဃ) မူပိုင်ခွင့်မှတ်ပုံတင်ခြင်းဆိုင်ရာ လုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ရုံး၏ ဖွဲ့စည်းပုံနှင့်အညီ မှတ်ပုံတင်အရာရှိတစ်ဦးနှင့် အခြားလိုအပ်သော ဝန်ထမ်းများကို ခန့်အပ်တာဝန်ပေးအပ်ခြင်း၊ လိုအပ်ပါက ဒုတိယမှတ်ပုံတင်အရာရှိများနှင့် လက်ထောက်မှတ်ပုံတင်အရာရှိတို့ကို ခန့်အပ်တာဝန်ပေးအပ်ခြင်းနှင့် လုပ်ငန်းတာဝန်များ သတ်မှတ်ခြင်း၊

(င) အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ရုံး၏ အသိဉာဏ်ပစ္စည်းမူပိုင်ခွင့် မှတ်ပုံတင်ခြင်းများကို ခွင့်ပြုရာတွင် အသုံးပြုမည့်တံဆိပ်တုံးကို အတည်ပြုသတ်မှတ်ခြင်း၊

(စ) မူပိုင်ခွင့်မှတ်ပုံတင်ခြင်းဆိုင်ရာကိစ္စများကို ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သော လုပ်ငန်းအဖွဲ့များကိုဖွဲ့စည်းပြီး ယင်းတို့၏လုပ်ငန်းတာဝန်များ သတ်မှတ်ပေးခြင်း၊

(ဆ) ဤဥပဒေပါ အခကြေးငွေများကို သတ်မှတ်ပေးခြင်း၊

(ဇ) သတ်မှတ်ထားသည့် မူပိုင်ခွင့်ကဏ္ဍအလိုက် စုပေါင်းစီမံခန့်ခွဲသည့် အဖွဲ့အစည်းများအား ဖွဲ့စည်းခွင့်ပြုခြင်းနှင့် ယင်းအဖွဲ့အစည်းများ၏ လုပ်ငန်းတာဝန်များ သတ်မှတ်ရာတွင် လမ်းညွှန်ခြင်းနှင့် လိုအပ်ပါက ညှိနှိုင်းပေါင်းစပ်ပေးခြင်း၊

(ဈ) တာဝန်ရှိအဖွဲ့အစည်းများကို ဖွဲ့စည်းခန့်အပ်ခြင်း၊ ယင်းတို့၏ ဆောင်ရွက်ချက်များကို စောင့်ကြည့်စစ်ဆေးခြင်းနှင့် လုပ်ငန်းတာဝန်များအတွက် စည်းမျဉ်းစည်းကမ်းများကို သတ်မှတ်ခြင်း၊

(ည) မူပိုင်ခွင့်နှင့်စပ်လျဉ်း၍ ပြည်ထောင်စုအစိုးရက အခါအားလျော်စွာ ပေးအပ်သော အခြားလုပ်ငန်းတာဝန်များကို ထမ်းဆောင်ခြင်း။

**အခန်း(၅)**

**မှတ်ပုံတင်အရာရှိ၏ လုပ်ငန်းတာဝန်များ**

၆။ မှတ်ပုံတင်အရာရှိသည် ဤဥပဒေနှင့်အညီ အောက်ပါလုပ်ငန်းများကို တာဝန်ယူဆောင်ရွက်ရမည်-

(က) မူပိုင်ခွင့် မှတ်ပုံတင်ခြင်းဆိုင်ရာ လုပ်ငန်းများကို ကြီးကြပ်ကွပ်ကဲခြင်း၊

(ခ) မူပိုင်ခွင့် မှတ်ပုံတင်လျှောက်ထားချက်များကို စစ်ဆေးခြင်း၊

(ဂ) မူပိုင်ခွင့်မှတ်ပုံတင်ခြင်းကို ခွင့်ပြုကြောင်း သို့မဟုတ် ငြင်းပယ်ကြောင်း ဆုံးဖြတ်ခြင်း၊

(ဃ) မူပိုင်ခွင့်မှတ်ပုံတင်ခြင်းဆိုင်ရာ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရာတွင် လိုအပ်ပါက သက်သေများအား ခေါ်ယူခြင်း၊ စစ်ဆေးခြင်းနှင့် စာရွက်စာတမ်း အထောက်အထားများကို တောင်းခံခြင်း၊

(င) မူပိုင်ခွင့်မှတ်ပုံတင်စာရင်းကို ထိန်းသိမ်းထားရှိခြင်း၊

(စ) မူပိုင်ခွင့်မှတ်ပုံတင်ခြင်းနှင့်စပ်လျဉ်း၍ လျှောက်ထားသူထံ အသိပေးအကြောင်းကြားခြင်း၊ ထုတ်ပြန်ကြေညာခြင်း၊

(ဆ) မူပိုင်ခွင့် မှတ်ပုံတင်လက်မှတ်ထုတ်ပေးခြင်း၊

(ဇ) မှတ်ပုံတင်ထားသော မူပိုင်ခွင့်အား ပယ်ဖျက်ခြင်း၊ ရပ်စဲခြင်း၊ ရုပ်သိမ်းခြင်း၊

(ဈ) မှတ်ပုံတင်ထားသော မူပိုင်ခွင့်အား လွှဲပြောင်းခြင်းကို မှတ်တမ်းတင်ထားရှိခြင်း၊

(ည) တာဝန်ခံဝန်ကြီးဌာနနှင့် ညွှန်ကြားရေးမှူးချုပ်တို့က ပေးအပ်သော အခြား လုပ်ငန်းတာဝန်များကို ထမ်းဆောင်ခြင်း။

**အခန်း (၆)**

**အကာအကွယ်ပေးခြင်းခံရသည့် စာပေအနုပညာလက်ရာများနှင့် အကာအကွယ်ပေးခြင်းမခံရသည့် စာပေအနုပညာဆိုင်ရာ ကိစ္စရပ်များ**

၇။ အသိဉာဏ်ဆိုင်ရာ မူလဖန်တီးမှုများဖြစ်သော အောက်ပါစာပေအနုပညာလက်ရာများကို အကာအကွယ်ပေးရမည်-

(က) စာအုပ်၊ လက်ကမ်းစာစောင်၊ ကဗျာ၊ ဝတ္ထု၊ ဆောင်းပါး၊ ကွန်ပျူတာပရိုဂရမ်နှင့် အခြားရေးသားချက်များ၊

(ခ) ပြောကြားချက်၊ ပို့ချချက်၊ မိန့်ခွန်း၊ တရားဓမ္မဟောကြားချက်နှင့် အခြားဟောပြောချက်များ၊

(ဂ) ပြဇာတ်နှင့် ပြဇာတ်ဂီတလက်ရာ၊ ကိုယ်ဟန်အမူအရာဖြင့်သာ သရုပ်ဆောင်ချက်၊ ကကွက်စီစဉ်မှုလက်ရာနှင့် စင်မြင့်ပေါ်တွင် တင်ဆက်သည့် အခြား စာပေအနုပညာလက်ရာများ၊

(ဃ) စာသားပါသည်ဖြစ်စေ၊ မပါသည်ဖြစ်စေ တေးဂီတလက်ရာ၊

(င) ရုပ်ရှင်ဖန်တီးမှုလက်ရာ အပါအဝင် အရုပ်အသံလက်ရာ၊

(စ) ဗိသုကာလက်ရာ၊

(ဆ) ရေးဆွဲခြင်း၊ ရေးခြစ်ခြင်း၊ ဆေးခြယ်ခြင်း၊ ပန်းပုထုခြင်း၊ ထုဆစ်သွန်းလုပ်ခြင်း၊ ထွင်းထုခြင်း၊ ရောင်စုံဖန်မှန် ကျောက်မျက်ရတနာစသည်တို့ဖြင့် စီခြယ်ခြင်း ပြုထားသည့်လက်ရာ၊ သစ်သားဖြင့်ပြုလုပ်သည့်လက်ရာ၊ အိုးထိန်းအတတ်ပညာဖြင့် ပြုလုပ်သည့်လက်ရာ၊ သတ္တုထည်၊ မြေထည်၊ လက်ဝတ်ရတနာ၊ လက်မှုပစ္စည်း၊ ရွှေခေတ်ဝတ်စုံ၊ တိုင်းရင်းသားရိုးရာအဝတ်အထည်၊

(ဇ) ကျောက်ပုံနှိပ်ခြင်း၊ ရက်လုပ်ခြင်းပြုထားသည့်လက်ရာ၊ ရွှေချည်ထိုးနှင့် အနုစိတ်သည့် အခြားအနုပညာလက်ရာများ၊

(ဈ) ဓာတ်ပုံလက်ရာ၊

(ည) အသုံးချအနုပညာလက်ရာ၊

(ဋ) အထည်အလိပ်ဒီဇိုင်း၊

(ဌ) ပထဝီအနေအထားနှင့်ဖြစ်စေ၊ မျက်နှာသွင်ပြင်ဖော်ပြချက်နှင့်ဖြစ်စေ၊ ဗိသုကာလက်ရာနှင့်ဖြစ်စေ၊ သိပ္ပံပညာနှင့်ဖြစ်စေ သက်ဆိုင်သည့် ရုပ်ပြနမူနာ၊ မြေပုံ၊ စီမံချက်၊ ပုံကြမ်းနှင့် သုံးဖက်မြင်လက်ရာ၊

(ဍ) ရိုးရာယဉ်ကျေးမှုဖော်ပြချက်နှင့် ရိုးရာဓလေ့အမွေအနှစ် ဖော်ပြချက်များ။

၈။ ပုဒ်မ ၇ ပါ စာပေအနုပညာလက်ရာများ၏ ဖော်ပြချက်နည်းလမ်း သို့မဟုတ် ပုံသဏ္ဌာန်၊ ယင်းတို့၏ပါရှိမှု၊ အရည်အသွေးနှင့် ရည်ရွယ်ချက်တို့ မည်သို့ပင်ရှိစေကာမူ ဖန်တီးမှုပါရှိပါက ယင်းစာပေအနုပညာလက်ရာကို အကာအကွယ်ပေးရမည်။

၉။ ပုဒ်မ ၇ ပါ မူလရှိပြီး စာပေအနုပညာလက်ရာများကို မထိခိုက်စေဘဲ အောက်ဖော်ပြပါ ဆင့်ပွားလက်ရာများ၏ မူပိုင်ခွင့်ကို အကာအကွယ်ပေးရမည်-

(က) စာပေအနုပညာလက်ရာများကို ဘာသာပြန်ဆိုခြင်း၊ မှီငြမ်းခြင်း၊ စီစဉ်ခြင်းနှင့် အခြားနည်းဖြင့် ပြောင်းလဲခြင်း သို့မဟုတ် ပြုပြင်ခြင်း၊

(ခ) ရွေးချယ်ခြင်း သို့မဟုတ် စီစဉ်ခြင်းဖြင့် စာပေအနုပညာလက်ရာများကို စုပေါင်းခြင်း၊ စာပေအနုပညာလက်ရာများပါဝင်သည့် မူရင်းအချက်အလက်အစုအဝေးကို ဖတ်၍ရသည့်စက်ဖြင့်ဖြစ်စေ၊ အခြားနည်းဖြင့်ဖြစ်စေ စုပေါင်းခြင်းနှင့် မူရင်းရိုးရာဓလေ့အမွေအနှစ် ဖော်ပြချက်များကို စုပေါင်းခြင်း။

၁၀။ ပုဒ်မ ၇၊ ၈ နှင့် ၉ တို့တွင် မည်သို့ပင်ပါရှိစေကာမူ စာပေအနုပညာလက်ရာသည် အောက်ပါအချက်တစ်ရပ်ရပ်နှင့် ငြိစွန်းနေလျှင် မူပိုင်ခွင့်အတွက် အကာအကွယ် မရရှိစေရ-

(က) စိတ်ကူးစိတ်သန်း၊ လုပ်ထုံးလုပ်နည်း၊ လုပ်ကိုင်ဆောင်ရွက်ပုံနည်းလမ်း၊ သင်္ချာအတွေးအခေါ် အယူအဆ၊ အခြေခံမူ၊ ရှာဖွေတွေ့ရှိချက် သို့မဟုတ် အချက်အလက်များ၊

(ခ) သက်ဆိုင်ရာနေ့၏ သတင်း သို့မဟုတ် ပုံနှိပ်ဖော်ပြထားသော သတင်းအချက်အလက်ဟု သတ်မှတ်နိုင်သော လက္ခဏာရှိသည့် အမျိုးမျိုးသော အချက်အလက်များ၊

(ဂ) ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ဥပဒေများ၊

(ဃ) လုပ်ထုံးလုပ်နည်းများ၊ နည်းဥပဒေများ၊ ညွှန်ကြားလွှာများ၊ အမိန့်ကြော်ငြာစာများ၊ ရှင်းလင်းချက်များနှင့် ဝန်ကြီးဌာနများမှ ဌာနဆိုင်ရာ ညွှန်ကြားလွှာများ၊ ဦးစီးဌာန သို့မဟုတ် အခြားသော အစိုးရအဖွဲ့အစည်းများ သို့မဟုတ် ဒေသဆိုင်ရာအဖွဲ့အစည်းများမှ ထုတ်ပြန်စာများ၊

(င) တရားရုံးစီရင်ချက်များ၊ အမိန့်စာများ၊ စီရင်ချက်များနှင့် ဌာနဆိုင်ရာ ထုတ်ပြန် ကြေညာချက်များ၊

(စ) ပုဒ်မခွဲ (ဂ)မှ (င)ပါ အချက်အလက်များအား ဘာသာပြန်ဆိုခြင်းနှင့် စုပေါင်းခြင်း။

**အခန်း (၇)**

**မူပိုင်ခွင့်သက်တမ်း**

၁၁။ စာပေအနုပညာလက်ရာများနှင့်စပ်လျဉ်း၍ ဤဥပဒေအရ မှတ်ပုံတင်ခြင်း မရှိစေကာမူ-

(က) စီးပွားရေးဆိုင်ရာ အခွင့်အရေးအတွက် အကာအကွယ်ပေးမှုသက်တမ်းသည် အောက်ပါအတိုင်းဖြစ်သည်-

(၁) မူလလက်ရာရှင် သက်ရှိထင်ရှားရှိစဉ်ကာလအပြင် ကွယ်လွန်ပြီးသည့် နေ့ရက်မှ နှစ် ၅၀၊

(၂) ပူးတွဲမူလလက်ရာရှင်၏ စာပေအနုပညာလက်ရာဖြစ်ပါက နောက်ဆုံး မူလလက်ရာရှင် သက်ရှိထင်ရှားရှိစဉ်ကာလအပြင် ၎င်းကွယ်လွန်ပြီးသည့် နေ့ရက်မှ နှစ် ၅၀၊

(၃) အသုံးချအနုပညာလက်ရာမှတစ်ပါး အခြားစုပေါင်းလက်ရာနှင့် အရုပ်အသံလက်ရာတို့ဖြစ်ပါက စတင်ဖန်တီးခြင်း၊ အများပြည်သူသို့ သိရှိစေရန် ပထမအကြိမ် စတင်ဆောင်ရွက်ခြင်း သို့မဟုတ် ပထမအကြိမ်ထုတ်ဝေခြင်း တစ်ရပ်ရပ်အနက် နောက်ကျရာ နေ့ရက်မှ နှစ် ၅၀၊

(၄) အမည်မဖော်ပြဘဲဖြစ်စေ၊ အမည်ဝှက်၊ အမည်ပွားဖြင့်ဖြစ်စေ ထုတ်ဝေပြီးဖြစ်သည့် စာပေအနုပညာလက်ရာဖြစ်ပါက စတင်ဖန်တီးခြင်း၊ အများပြည်သူသို့ သိရှိစေရန် ပထမအကြိမ် စတင်ဆောင်ရွက်ခြင်း သို့မဟုတ် ပထမအကြိမ်ထုတ်ဝေခြင်း တစ်ရပ်ရပ်အနက် နောက်ကျရာနေ့ရက်မှ နှစ် ၅၀၊ သို့ရာတွင် အဆိုပါသက်တမ်းမကုန်ဆုံးမီ မူလလက်ရာရှင်သည် မည်သူမည်ဝါဖြစ်ကြောင်း ထင်ရှားခဲ့ပြီးဖြစ်ပါက ဤပုဒ်မခွဲ၏ ပုဒ်မခွဲငယ် (၁) နှင့် (၂)တို့တွင် ဖော်ပြသည့်ကာလ၊

(၅) အစိုးရဌာန၊ အဖွဲ့အစည်း၏ စာပေအနုပညာလက်ရာဖြစ်ပါက ယင်းအစိုးရဌာန၊ အဖွဲ့အစည်းသည် ပထမမူပိုင်ခွင့်ပိုင်ရှင်အဖြစ် စာပေအနုပညာလက်ရာကို စတင်ဖန်တီးသည့်နှစ်၊ အများပြည်သူသို့ သိရှိစေရန် ပထမအကြိမ် စတင်ဆောင်ရွက်သည့်နှစ် သို့မဟုတ် ပထမအကြိမ် ထုတ်ဝေသည့်နှစ် တစ်ရပ်ရပ်အနက် နောက်ကျသောနှစ် ကုန်ဆုံးပြီးနောက် တစ်ဆက်တည်းဖြစ်သော ပြက္ခဒိန်နှစ်မှ နှစ် ၅၀၊

(၆) အသုံးချအနုပညာလက်ရာဖြစ်ပါက ယင်းလက်ရာ ပြုလုပ်သည့်နေ့မှ ၂၅ နှစ်၊

(ခ) ကိုယ်ကျင့်သိက္ခာဆိုင်ရာ အခွင့်အရေးအတွက် အကာအကွယ်ပေးမှုသက်တမ်းသည် မူလလက်ရာရှင် သက်ရှိထင်ရှားရှိစဉ်ကာလအပြင် ကွယ်လွန်ပြီးသည့်နေ့ရက်မှ အကန့်အသတ်မရှိ ကာလအထိဖြစ်သည်။

(ဂ) အထက်ဖော်ပြပါ ပုဒ်မခွဲ(က)နှင့် (ခ)တို့ပါ ကုန်ဆုံးမည့် ကာလသက်တမ်းကို အခြားနည်းဖြင့် ဖော်ပြထားခြင်းမရှိပါက ထိုသက်တမ်းကုန်ဆုံးမည့် ပြက္ခဒိန်နှစ်၏ နောက်ဆုံးနေ့ရက်အထိ ဖြစ်သည်။

**အခန်း (၈)**

**စီးပွားရေးဆိုင်ရာ အခွင့်အရေးများနှင့် ကိုယ်ကျင့်သိက္ခာဆိုင်ရာ အခွင့်အရေးများ**

၁၂။ ဤဥပဒေ၏ အခန်း(၁၀)ပါ ပြဋ္ဌာန်းချက်များကို မဆန့်ကျင်စေဘဲ မူလလက်ရာရှင် သို့မဟုတ် မူပိုင်ခွင့်ပိုင်ရှင်သည် အောက်ဖော်ပြပါ ပြုလုပ်မှုများကို ကိုယ်တိုင်ဆောင်ရွက်ရန် သို့မဟုတ် အခြားပုဂ္ဂိုလ်တစ်ဦးဦးအား ဆောင်ရွက်ခွင့်ပြုရန် စီးပွားရေးဆိုင်ရာ သီးသန့်အခွင့်အရေးကို ရရှိစေရမည်-

(က) မူပွားခြင်း၊

(ခ) ဘာသာပြန်ဆိုခြင်း၊ မှီငြမ်းခြင်း၊ စီစဉ်ခြင်း၊ အခြားနည်းဖြင့်ပြောင်းလဲခြင်း သို့မဟုတ် ပြုပြင်မွမ်းမံခြင်း၊

(ဂ) မူရင်း သို့မဟုတ် မိတ္တူကို ရောင်းချခြင်း သို့မဟုတ် အခြားတစ်နည်းနည်းဖြင့် ပိုင်ဆိုင်မှုကို လွှဲပြောင်းခြင်းဖြင့် အများပြည်သူသို့ ဖြန့်ချိခြင်း၊

ခြွင်းချက်။ မူပိုင်ခွင့်ပိုင်ရှင် သို့မဟုတ် မူလလက်ရာရှင်သည် ၎င်း၏ ခွင့်ပြုချက်ဖြင့် မည်သည့်နိုင်ငံတွင်မဆို ရောင်းချပြီးသော သို့မဟုတ် ပိုင်ဆိုင်ခွင့်ကို လွှဲပြောင်းထားပြီးသော အနုပညာလက်ရာ မူရင်း သို့မဟုတ် မိတ္တူအပေါ်တွင် ဖြန့်ချိသည့် အခွင့်အရေးကို မရရှိစေရ။

*စာမျက်နှာ (ခ) သို့*

*စာမျက်နှာ (က) မှ*

(ဃ) ကွန်ပျူတာပရိုဂရမ်၊ အရုပ်အသံလက်ရာ၊ ဖိုနိုဂရမ်တွင် ထည့်သွင်းထားသည့် စာပေအနုပညာလက်ရာ၊ အချက်အလက်အစုအဝေး သို့မဟုတ် သင်္ကေတပုံစံဖြစ်သည့် ဂီတလက်ရာမူရင်း သို့မဟုတ် မိတ္တူကို ယင်း၏ ပိုင်ဆိုင်မှု မည်သို့ပင်ရှိစေကာမူ အခကြေးငွေဖြင့် ငှားရမ်းခြင်း၊

ခြွင်းချက်။ သို့ရာတွင် ကွန်ပျူတာပရိုဂရမ်သည်ပင်လျှင် ငှားရမ်းခြင်း၏ အဓိကအချက်မဟုတ်လျှင် အခကြေးငွေဖြင့် ငှားရမ်းခြင်း၏ အခွင့်အရေးနှင့် သက်ဆိုင်ခြင်း မရှိစေရ။

(င) အများပြည်သူအား ဖျော်ဖြေခြင်း၊

(စ) ထုတ်လွှင့်ခြင်း၊

(ဆ) အခြားတစ်နည်းနည်းဖြင့် အများပြည်သူသို့ ဆက်သွယ်ပို့လွှင့်ခြင်း။

၁၃။ မူလလက်ရာရှင် သို့မဟုတ် မူပိုင်ခွင့်ပိုင်ရှင်သည် ယင်း၏ စီးပွားရေးဆိုင်ရာ အခွင့်အရေးများကို ပုဂ္ဂိုလ်တစ်ဦးဦးအား ဤဥပဒေ အခန်း(၁၁)ပါ ပြဋ္ဌာန်းချက်များနှင့်အညီ လွှဲပြောင်းခြင်း ပြုနိုင်သည်။

၁၄။ မူလလက်ရာရှင်သည် စာပေအနုပညာလက်ရာနှင့် စပ်လျဉ်း၍ ပုဒ်မ ၁၂ ပါ အခွင့်အရေးများကို ပိုင်ဆိုင်ခြင်းမရှိစေကာမူ အောက်ဖော်ပြပါ ကိုယ်ကျင့်သိက္ခာဆိုင်ရာ အခွင့်အရေးများကို သီးသန့်အခွင့်အရေးအဖြစ် ရရှိစေရမည်-

(က) အများပြည်သူအသုံးပြုသည့် စာပေအနုပညာလက်ရာ မိတ္တူများပေါ်တွင် မိမိ၏အမည်ကို ထင်ရှားပေါ်လွင်စွာ ဖော်ပြခွင့်အခွင့်အရေး၊

(ခ) အများပြည်သူအသုံးပြုသည့် စာပေအနုပညာလက်ရာမိတ္တူများပေါ်တွင် မူလက အမည်ဝှက်၊ အမည်ပွားဖြင့် ဖော်ပြထားလျှင် ယင်းအမည်ဝှက်၊ အမည်ပွားဖော်ပြခွင့် အခွင့်အရေး၊

(ဂ) စာပေအနုပညာလက်ရာနှင့်စပ်လျဉ်း၍ မိမိ၏ဂုဏ်သိက္ခာနှင့် ထင်ရှားကျော်ကြားမှုကိုထိခိုက်စေရန် တစ်နည်းနည်းဖြင့် မူလပုံပန်းသဏ္ဌာန်နှင့် အနှစ်သာရပျက်စေခြင်း၊ ချို့ယွင်းစေခြင်း သို့မဟုတ် ပြုပြင်ခြင်းကိုသော်လည်းကောင်း၊ ယုတ်လျော့သေးသိမ်စေရန် အခြားတစ်နည်းနည်းဖြင့် ပြုလုပ်ခြင်းကိုသော်လည်းကောင်း ကန့်ကွက်ပိုင်ခွင့် အခွင့်အရေး။

၁၅။ မူလလက်ရာရှင်သည်-

(က) သက်ရှိထင်ရှားရှိပါက ပုဒ်မ ၁၄ ပါ ကိုယ်ကျင့်သိက္ခာဆိုင်ရာ အခွင့်အရေးတစ်ရပ်ရပ်ကို လွှဲပြောင်းခွင့် မရှိစေရ။

(ခ) ကွယ်လွန်ပြီးဖြစ်ပါက သေတမ်းစာဖြင့် တရားဝင် အမွေဆက်ခံသူကဖြစ်စေ၊ မူလလက်ရာရှင်နှင့် သက်ဆိုင်သည့် ဥပဒေအရ အမွေဆက်ခံသူကဖြစ်စေ အရေးဆိုပိုင်ခွင့်ရှိသည်။

(ဂ) မူလလက်ရာရှင်သည် သီးသန့်အသုံးပြုမှုများအတွက် ကိုယ်ကျင့်သိက္ခာဆိုင်ရာ အခွင့်အရေးကို သက်ညှာခွင့်ပေးနိုင်သည်။

## အခန်း (၉)
## စီးပွားရေးဆိုင်ရာ အခွင့်အရေးများကို မူလပိုင်ရှင်အဖြစ် ရရှိသူ

၁၆။ စာပေအနုပညာလက်ရာကို ဖန်တီးသည့် မူလလက်ရာရှင်သည် စီးပွားရေးဆိုင်ရာ အခွင့်အရေးများ၏ မူလပိုင်ရှင်ဖြစ်ရမည်။ သို့ရာတွင်-

(က) ပူးတွဲမူလလက်ရာရှင်များ၏ စာပေအနုပညာလက်ရာဖြစ်ပါက-

(၁) ပူးတွဲမူလလက်ရာရှင်များသည် စီးပွားရေးဆိုင်ရာအခွင့်အရေး၏ မူလပိုင်ရှင်များ ဖြစ်ရမည်။

(၂) ပူးတွဲမူလလက်ရာရှင်၏ လက်ရာတစ်ခုတွင် သီးခြားစီ အသုံးပြုနိုင်သည့် အပိုင်းများပါဝင်ပြီး အပိုင်းတစ်ခုချင်းစီ၏ မူလလက်ရာရှင်ကို ခွဲခြားသတ်မှတ်နိုင်ပါက ထိုသူဖန်တီးသည့် အပိုင်းအတွက် စီးပွားရေးဆိုင်ရာ အခွင့်အရေး၏ မူလပိုင်ရှင်ဖြစ်ရမည်။

(ခ) အရုပ်အသံလက်ရာဖြစ်ပါက-

(၁) ထုတ်လုပ်သူသည် အခြားနည်းဖြင့် သဘောတူညီချက်မရှိလျှင် စီးပွားရေးဆိုင်ရာ အခွင့်အရေးများ၏ မူလပိုင်ရှင် ဖြစ်ရမည်။

(၂) အရုပ်အသံလက်ရာ၏ ပူးတွဲမူလလက်ရာရှင်များနှင့် အရုပ်အသံလက်ရာ ပြုလုပ်ရေးအတွက် မူလကပင်ရှိထားပြီးဖြစ်သော အရုပ်အသံဆိုင်ရာ လက်ရာများပါဝင်သည့် သို့မဟုတ် မှီငြမ်းပြုခြင်းခံထားရသည့် မူလလက်ရာရှင်များသည် ၎င်းတို့၏ ပါဝင်ဆောင်ရွက်မှုများအတွက်သော်လည်းကောင်း၊ အသုံးပြုထားသည့် မူလကပင်ရှိထားပြီးဖြစ်သော အရုပ် အသံလက်ရာများအတွက်သော်လည်းကောင်း အရုပ်အသံလက်ရာမှ စီးပွားရေးဆိုင်ရာ အခွင့်အရေးများကို သီးခြားစီ ရရှိရမည်။

(၃) ပုဒ်မခွဲငယ်(၂)အရ ရရှိသော စီးပွားရေးဆိုင်ရာ အခွင့်အရေးများသည် အရုပ်အသံလက်ရာတွင် ယင်းတို့၏ပါဝင်ဆောင်ရွက်ထားသမျှ သို့မဟုတ် မူလကပင်ရှိထားပြီးဖြစ်သော အရုပ်အသံဆိုင်ရာလက်ရာ ပါရှိသမျှသာ ရရှိရမည်။

(ဂ) စုပေါင်းလက်ရာဖြစ်ပါက စာပေအနုပညာလက်ရာကို ဦးစီးဦးဆောင်ပြုသည့် လူပုဂ္ဂိုလ် သို့မဟုတ် တရားဝင်ရပ်တည်သော ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းသည် စီးပွားရေးဆိုင်ရာ အခွင့်အရေး၏ မူလပိုင်ရှင်ဖြစ်ရမည်။

(ဃ) ဓာတ်ပုံလက်ရာဖြစ်ပါက-

(၁) မူလဖန်တီးရိုက်ကူးသည့် ဓာတ်ပုံဆရာသည် စီးပွားရေးဆိုင်ရာ အခွင့်အရေးများ၏ မူလပိုင်ရှင် ဖြစ်ရမည်။

(၂) ဓာတ်ပုံဆရာသည် အခြားတစ်စုံတစ်ယောက်၏စာဖြင့်ရေးသားထားသော သီးခြားသဘောတူညီချက်ဖြင့် အဖိုးအခယူ၍ ဆောင်ရွက်ခြင်းဖြစ်ပြီး အဆိုပါသဘောတူညီချက်မှာ ဆန့်ကျင်ကွဲလွဲမှုမရှိခဲ့လျှင် ဓာတ်ပုံလက်ရာကို ဖန်တီးရန်စေခိုင်းသူမှာ စီးပွားရေးဆိုင်ရာအခွင့်အရေးများ၏ မူလပိုင်ရှင် ဖြစ်ရမည်။

(င) စာပေအနုပညာလက်ရာကို ဖန်တီးရန် အလုပ်ရှင်နှင့် အလုပ်သမားတို့၏ သဘော တူညီချက်အရဖြစ်စေ၊ ထိုသဘောတူညီချက်၏ အကျိုးဆက်အရဖြစ်စေ လုပ်ခလစာဖြင့် အလုပ်ခန့်ထားသော အလုပ်သမားဖြစ်သူက အလုပ်ချိန်အတွင်း စာပေအနုပညာလက်ရာကို ဖန်တီးခြင်းဖြစ်ပါက အခြားနည်းဖြင့် သဘောတူညီချက်မရှိလျှင် အလုပ်ရှင်သည် စီးပွားရေးဆိုင်ရာအခွင့်အရေး၏ မူလပိုင်ရှင်ဖြစ်ရမည်။

ရှင်းလင်းချက်။ အလုပ်ရှင်ဆိုရာတွင်အလုပ်ရှင်၏ တရားဝင်စီမံခန့်ခွဲမှုဆိုင်ရာကိုယ်စားလှယ်၊ ပုဂ္ဂလိကပိုင်လုပ်ငန်းတွင် အလုပ်ရှင်ကွယ်လွန်ပါက ယင်း၏ အမွေဆက်ခံသူနှင့် အစုရှယ်ယာ တရားဝင်လက်ခံရရှိသူတို့လည်း ပါဝင်သည်။

၁၇။ မူလလက်ရာရှင်နှင့် ၎င်းကို ကိုယ်စားပြုသူနှင့် စပ်လျဉ်း၍-

(က) စာပေအနုပညာလက်ရာတစ်ရပ်ရပ်တွင် မူလလက်ရာရှင်က အသုံးပြုနေကျ အမည်ဖြင့်ဖြစ်စေ၊ အမည်ဝှက်၊ အမည်ပွားဖြင့်ဖြစ်စေ ဖော်ပြချက်နှင့်စပ်လျဉ်း၍ ဆန့်ကျင်ကွဲလွဲသည့် အထောက်အထား မရှိလျှင် သို့မဟုတ် သံသယဖြစ်ဖွယ်ရာ မရှိလျှင် ယင်းပုဂ္ဂိုလ်ကို စာပေအနုပညာလက်ရာ၏ မူလလက်ရာရှင်ဖြစ်သည်ဟု မှတ်ယူရမည်။

(ခ) အမည်ဝှက်၊ အမည်ပွား သို့မဟုတ် အမည်မဖော်ပြသည့် စာပေအနုပညာလက်ရာတွင် -

(၁) ထုတ်ဝေသူ၏အမည်ပေါ်လွင်သည့်အပြင် ဆန့်ကျင်ကွဲလွဲသည့် အထောက်အထားမရှိပါက ထုတ်ဝေသူသည် မူလလက်ရာရှင်ကို ကိုယ်စားပြုသည်ဟု မှတ်ယူရမည်ဖြစ်ပြီး မူလလက်ရာရှင်၏ စီးပွားရေးဆိုင်ရာ အခွင့်အရေးနှင့် ကိုယ်ကျင့်သိက္ခာဆိုင်ရာ အခွင့်အရေးများ ရရှိရမည်။

(၂) မူလလက်ရာရှင် မည်သူမည်ဝါဟု ထင်ရှားပေါ်ပေါက်လာပါက ဤပုဒ်မခွဲ၏ ပုဒ်မခွဲငယ် (၁)ပါ အခွင့်အရေးသည် ရပ်စဲပြီးဖြစ်ရမည်။

## အခန်း (၁၀)
## စီးပွားရေးဆိုင်ရာ အခွင့်အရေးများ၏ ကန့်သတ်ချက်နှင့် ကင်းလွတ်ချက်များ

၁၈။ မည်သည့်စာပေအနုပညာလက်ရာကိုမဆို ကိုယ်တိုင်အသုံးပြုရန် ရည်ရွယ်၍ လေ့လာမှု ပြုလုပ်ခြင်း၊ သုတေသနပြုလုပ်ခြင်း၊ ဝေဖန်ရေးသားခြင်း၊ ပြန်လည်ဆန်းစစ်ခြင်း သို့မဟုတ် သတင်းစာအနှစ်ချုပ်များ အစရှိသည်တို့ကို မျှတစွာ အသုံးပြုလျှင် မူပိုင်ခွင့်ချိုးဖောက်သည်ဟု မှတ်ယူခြင်းမပြုရ။ သို့ရာတွင် ဤကင်းလွတ်ချက်သည် အောက်ပါအချက်တစ်ရပ်ရပ်နှင့် သက်ဆိုင်ခြင်း မရှိစေရ-

(က) အဆောက်အအုံ သို့မဟုတ် အခြားဆောက်လုပ်မှုပုံစံ ဗိသုကာလက်ရာကို မူပွားခြင်း၊

(ခ) စာအုပ် သို့မဟုတ် သင်္ကေတပုံစံဖြစ်သည့် ဂီတလက်ရာ၏ တစ်ခုလုံးကိုဖြစ်စေ၊ အဓိကအပိုင်းကိုဖြစ်စေ မူပွားခြင်း၊

(ဂ) အချက်အလက်အစုအဝေး တစ်ခုလုံးကိုဖြစ်စေ၊ အဓိကအစိတ်အပိုင်းကိုဖြစ်စေ ဒီဂျစ်တယ်ပုံစံဖြင့် မူပွားခြင်း၊

(ဃ) ပုဒ်မ ၂၄ တွင် ဖော်ပြပါရှိသည့် ပြဋ္ဌာန်းချက်နှင့် ညီညွတ်ခြင်းမရှိသော ကွန်ပျူတာ ပရိုဂရမ်ကိုမူပွားခြင်း။

၁၉။ ပုဒ်မ ၁၂ ပုဒ်မခွဲ(က)တွင် မည်သို့ပင်ပါရှိစေကာမူ အောက်ပါအချက်များနှင့် ညီညွတ်ပါက စာပေအနုပညာလက်ရာအား ယာယီမူပွားခြင်းကို ခွင့်ပြုရမည်-

(က) ဒီဂျစ်တယ်ပို့လွှင့်မှု နည်းစနစ်ဖြင့်ဖြစ်စေ၊ ဒီဂျစ်တယ်နည်းဖြင့် သိမ်းဆည်း၍ဖြစ်စေ၊ ထင်ရှားစွာ သိမြင်နိုင်ရန်ပြုလုပ်၍ စာပေအနုပညာလက်ရာကို ယာယီ မူပွားခြင်း၊

(ခ) ပုဂ္ဂိုလ်တစ်ဦးဦးက စာပေအနုပညာလက်ရာကို ပို့လွှင့်ခြင်း သို့မဟုတ် ထင်ရှားစွာ သိမြင်နိုင်ရန် ပြုလုပ်ခြင်း။

၂၀။ (က) ပုဒ်မ ၁၂ ပုဒ်မခွဲ(က)တွင် မည်သို့ပင်ပါရှိစေကာမူ ထုတ်ဝေသည့် စာပေအနုပညာ လက်ရာ၏ တစ်စိတ်တစ်ဒေသကို ကိုးကားသည့်အနေဖြင့် မူလလက်ရာရှင် သို့မဟုတ် မူပိုင်ခွင့်ပိုင်ရှင်၏ ခွင့်ပြုချက်ရယူရန် မလိုဘဲ မူပွားခြင်းပြုနိုင်သည်။

(ခ) ပုဒ်မခွဲ(က)အရ မူပွားခြင်းသည် သင့်လျော်မျှတသည့် လက်တွေ့အသုံးပြုမှုနှင့် ကိုက်ညီရမည့်အပြင် မိမိအသုံးပြုလိုသည့် သင့်လျော်သော အရေအတွက်ထက် ကျော်လွန်ခြင်းမရှိစေရ။

(ဂ) ကောက်နုတ်ကိုးကားသည့် စာပေအနုပညာလက်ရာတွင် မူလလက်ရာရှင်၏ အမည်ဖော်ပြပါရှိပါက ထိုမူလလက်ရာရှင်၏အမည်နှင့် ရည်ညွှန်းသည့် အချက်အလက် အထောက်အထားတို့ကို ကိုးကားချက်တွင် ဖော်ပြရမည်။

၂၁။ ပုဒ်မ ၁၂ ပုဒ်မခွဲ(က)တွင် မည်သို့ပင်ပါရှိစေကာမူ တစ်ဖက်ဖော်ပြပါ အချက်များနှင့် ညီညွတ်သော မူပွားခြင်းကို မူလလက်ရာရှင် သို့မဟုတ် မူပိုင်ခွင့်ပိုင်ရှင်၏ ခွင့်ပြုချက်ရယူရန်မလိုဘဲ ပြုလုပ်ခွင့်ရှိသည်။ သို့ရာတွင် ထိုသို့ မူပွားခြင်းသည် သင့်လျော်မျှတသည့် လက်တွေ့အသုံးပြုမှုနှင့် ကိုက်ညီသည့်အပြင် မိမိအသုံးပြုလိုသည့် သင့်လျော်သော အရေအတွက်ထက် ကျော်လွန်မှုမရှိစေရ။ ထို့ပြင်မိတ္တူများပေါ်တွင် မူလလက်ရာရှင်၏ အမည်နှင့် မူပွားခြင်းပြုသော စာပေအနုပညာလက်ရာအား ရည်ညွှန်းသည့် အချက်အလက် အထောက်အထားတို့ကို ဖြစ်နိုင်သမျှဖော်ပြရမည် -

(က) ထုတ်ဝေသည့်လက်ရာ သို့မဟုတ် သတင်းစာ၊ မဂ္ဂဇင်း၊ ဂျာနယ်တို့တွင် ပါဝင်သောဆောင်းပါး၏ တစ်စိတ်တစ်ဒေသကို ပညာသင်ကြားရန် ရည်ရွယ်ချက်အတွက် စာအရေးအသားဖြင့်ဖြစ်စေ၊ အသံ သို့မဟုတ် မြင်နိုင်သည့် မှတ်တမ်းဖြင့်ဖြစ်စေ ရုပ်ပြနမူနာဖြင့် မူပွားခြင်း၊

(ခ) တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ စီးပွားရေးအတွက် အကျိုးအမြတ်မဖြစ်စေဘဲ ထုတ်ဝေပြီးဆောင်းပါး၊ စာပေအနုပညာလက်ရာ၏ တစ်စိတ်တစ်ဒေသ သို့မဟုတ် ကောက်နုတ်ချက်ကို ပညာသင်ကြားရေးအတွက် မိမိအသုံးပြုလိုသည့် အရေအတွက်နှင့် အတိုင်းအတာအထိ မူပွားခြင်း၊

(ဂ) ပုဒ်မခွဲ(ခ)အရ မူပွားခြင်းပြုရာတွင် ထုတ်ဝေပြီး ဆောင်းပါး၊ စာပေအနုပညာ လက်ရာ၏ တစ်စိတ်တစ်ဒေသ သို့မဟုတ် ကောက်နုတ်ချက်သည် တစ်ခုနှင့် တစ်ခုကွဲပြားပြီး ဆက်စပ်မှုမရှိပါက သီးခြားစီမူပွားခြင်း။

၂၂။ ပုဒ်မ ၁၂ ပုဒ်မခွဲ(က)တွင် မည်သို့ပင်ပါရှိစေကာမူ စာကြည့်တိုက်နှင့် မော်ကွန်းတိုက်တစ်ခုခုသည် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ စီးပွားရေးအကျိုးအမြတ်မဖြစ်စေဘဲ စာပေအနုပညာလက်ရာ တစ်ရပ်ရပ်အား မူလလက်ရာရှင် သို့မဟုတ် မူပိုင်ခွင့်ပိုင်ရှင်၏ ခွင့်ပြုချက်ရယူရန်မလိုဘဲ အောက်ပါတို့အတွက် မူပွား၍ မိတ္တူတစ်ခုကို ပြုလုပ်နိုင်သည် -

(က) မူပွားခြင်းသည် စာပေအနုပညာလက်ရာဖြစ်လျှင် ထုတ်ဝေပြီးသော ဆောင်းပါး၊ အခြားစာပေအနုပညာလက်ရာ၏ တစ်စိတ်တစ်ဒေသ သို့မဟုတ် ကောက်နုတ်ချက်ဖြစ်ရမည်ဖြစ်ပြီး မူပွားခြင်း၏ ရည်ရွယ်ချက်မှာ ပုဂ္ဂိုလ်တစ်ဦးဦး၏ တောင်းဆိုချက်အရဖြစ်ခြင်း။

(ခ) ပုဒ်မခွဲ (က)အရ မူပွားခြင်းသည်-

(၁) လေ့လာရေး၊ ပညာသင်ကြားရေး သို့မဟုတ် ပုဂ္ဂိုလ်ရေးဆိုင်ရာ သုတေသနပြုလုပ်ရေးအတွက်သာဖြစ်ကြောင်း စာကြည့်တိုက် သို့မဟုတ် မော်ကွန်းတိုက်က ကျေနပ်လက်ခံမှုရှိခြင်း၊

(၂) တစ်ခုနှင့်တစ်ခုကွဲပြားပြီး ဆက်စပ်မှုမရှိပါက သီးခြားစီမူပွားခြင်း။

(ဂ) မိတ္တူတစ်ခုကို ထိန်းသိမ်းထားရန်နှင့် လိုအပ်ပါက အစားထိုးရန် ပြုလုပ်ခြင်း ဖြစ်လျှင်သော်လည်းကောင်း၊ မိတ္တူတစ်ခုမှာ အခြားအလားတူ စာကြည့်တိုက် သို့မဟုတ် မော်ကွန်းတိုက်က စုဆောင်းရှာဖွေထိန်းသိမ်းရာ၌ ပျောက်ဆုံးခြင်း၊ ပျက်စီးခြင်း၊ ငှားရမ်းခြင်းပြုရန် အသုံးမပြုနိုင်ခြင်းကြောင့် မိတ္တူတစ်ခုကို အစားထိုးရန်အတွက်သော်လည်းကောင်း မူပွားခြင်း၊

(ဃ) ပုဒ်မခွဲ (ဂ)အရ မူပွားခြင်းသည် အဆိုပါ မိတ္တူတစ်ခုကိုရရှိရန် ကြိုးစားရှာဖွေသော်လည်းမရရှိနိုင်ကြောင်း ခိုင်လုံသော အခြေအနေရှိခြင်း။

၂၃။ ပုဒ်မ ၁၂ ပုဒ်မခွဲ(က)၊ (စ)နှင့် (ဆ)တို့တွင် မည်သို့ပင်ပါရှိစေကာမူ မူလလက်ရာရှင်၏ အမည်နှင့် အချက်အလက်အထောက်အထားတို့ကို ရနိုင်သမျှ ရည်ညွှန်းဖော်ပြပါက မူလလက်ရာရှင် သို့မဟုတ် မူပိုင်ခွင့်ပိုင်ရှင်၏ ခွင့်ပြုချက်ကို ရယူရန်မလိုဘဲ အောက်ပါတို့ကို ပြုလုပ်နိုင်သည် -

(က) ထုတ်ဝေပြီးသည့် သတင်းစာတွင်ဖြစ်စေ၊ ပုံမှန်ထုတ်ဝေသည့် စာစောင်တွင်ဖြစ်စေ၊ ပါရှိသည့် မျက်မှောက်ကာလ နိုင်ငံရေး၊ စီးပွားရေး၊ ဘာသာရေးဆိုင်ရာ သတင်းဆောင်းပါးများ သို့မဟုတ် အလားတူ သတင်းဆောင်းပါး ထုတ်လွှင့်ချက်များကို သတင်းစာနှင့် ပုံမှန်ထုတ်ဝေသည့်စာစောင်တွင် မူပွားခြင်း သို့မဟုတ် ထုတ်လွှင့်ခြင်း၊ အများပြည်သူသို့ ဆက်သွယ်ပို့လွှင့်ခြင်း။

ခြွင်းချက်။ ဤသို့ပြုလုပ်ပိုင်ခွင့်သည် မူလလက်ရာရှင် သို့မဟုတ် မူပိုင်ခွင့်ပိုင်ရှင်က မူပွားခြင်းအတွက်သော်လည်းကောင်း၊ စာပေအနုပညာလက်ရာကို သက်ဆိုင်ရာအဖွဲ့အစည်းက ထုတ်လွှင့်ခြင်း သို့မဟုတ် အခြားနည်းဖြင့် အများပြည်သူသို့ ဆက်သွယ်ပို့လွှင့်ခြင်းအတွက် သော်လည်းကောင်း အတိအလင်း တားမြစ်ထားပါက ထိုသို့ မူပွားခြင်း မပြုရ။

(ခ) လတ်တလော အဖြစ်အပျက်များကို တင်ပြရန်အလို့ငှာ ထုတ်လွှင့်ဖြန့်ချိပြီးဖြစ်သော စာပေအနုပညာလက်ရာများ၏ ကောက်နုတ်ချက် တစ်စိတ်တစ်ဒေသကို သင့်လျော်စွာ မူပွားခြင်းနှင့် ထုတ်လွှင့်ခြင်း သို့မဟုတ် အခြားနည်းဖြင့် အများပြည်သူသို့ ဆက်သွယ်ပို့လွှင့်ခြင်း။

(ဂ) လတ်တလော သတင်းအချက်အလက်များကို ဖော်ပြရန် ရည်ရွယ်ချက်ဖြင့် အများပြည်သူသို့ ဟောကြားခဲ့သည့် နိုင်ငံရေးပြောကြားချက်၊ ပို့ချချက်၊ မိန့်ခွန်းပြောကြားချက်၊ တရားဓမ္မဟောကြားချက် သို့မဟုတ် အခြားအလားတူ စာပေအနုပညာဆိုင်ရာ ဇာတ်လမ်းဇာတ်ကွက် သုတရသဟောပြောချက်များကို သတင်းစာတွင်ဖြစ်စေ၊ ပုံမှန်ထုတ်ဝေသည့် စာစောင်တွင်ဖြစ်စေ၊ အခြားနည်းဖြင့်ဖြစ်စေ ပုံနှိပ်ထုတ်ဝေခြင်း၊ မူပွားခြင်း သို့မဟုတ် ထုတ်လွှင့်ခြင်း၊ အခြားနည်းဖြင့် အများပြည်သူသို့ ဆက်သွယ်ပို့လွှင့်ခြင်း။ သို့ရာတွင် ဤသို့ပြုလုပ်ခြင်းသည် စီးပွားရေးအလို့ငှာမဟုတ်ဘဲ လိုအပ်သမျှအတိုင်းအတာထိသာ ဖြစ်ရမည်။

၂၄။ ကွန်ပျူတာပရိုဂရမ်နှင့် စပ်လျဉ်း၍ -

(က) ပုဒ်မ ၁၂ ပုဒ်မခွဲ(က)နှင့် (ခ)တို့တွင် မည်သို့ပင်ပါရှိစေကာမူ ကွန်ပျူတာပရိုဂရမ်မိတ္တူ၏ တရားဝင်ပိုင်ရှင်သည် တစ်ဖက်ပါအချက်တစ်ခုခုနှင့် ညီညွတ်ပါက မူလလက်ရာရှင် သို့မဟုတ် မူပိုင်ခွင့်ပိုင်ရှင်၏ခွင့်ပြုချက်မရှိဘဲ ကွန်ပျူတာပရိုဂရမ်၏ မိတ္တူတစ်ခုကို မူပွားခြင်း သို့မဟုတ် မှီငြမ်းခြင်းပြုနိုင်သည်။

(၁) ကွန်ပျူတာပရိုဂရမ် ရယူခဲ့သည့် ရည်ရွယ်ချက်အတိုင်း ကွန်ပျူတာပရိုဂရမ်ကို အသုံးပြုခြင်း၊

(၂) ကွန်ပျူတာပရိုဂရမ်မိတ္တူမှာ ပျောက်ဆုံးခြင်း၊ ပျက်စီးခြင်း၊ အသုံးမပြုနိုင်သည့် အခြေအနေရောက်ရှိခြင်းတို့ ဖြစ်ပေါ်သည့်အခါ မော်ကွန်းအဖြစ်ထားရှိအသုံးပြုရန် လိုအပ်ခြင်းနှင့် တရားဝင်ပိုင်ဆိုင်သည့် ကွန်ပျူတာပရိုဂရမ်မိတ္တူကို ပြန်လည်အစားထိုးရန် လိုအပ်ခြင်း၊

(၃) ကွန်ပျူတာပရိုဂရမ်ပိုင်ရှင်က မိမိကိုယ်တိုင် အရန်အဖြစ် အသုံးပြုရန် ကွန်ပျူတာပရိုဂရမ်ကို မူပွားခြင်း၊

(ခ) ပုဒ်မခွဲ(က)တွင် ဖော်ပြထားသည့်ကိစ္စများမှအပ အခြားရည်ရွယ်ချက်တစ်ခုခုအတွက် ကွန်ပျူတာပရိုဂရမ်၏ မည်သည့်မိတ္တူ သို့မဟုတ် မူရင်းလက်ရာကိုမျှ မှီငြမ်းခြင်းမပြုရ။ ထို့ပြင် ယင်းကွန်ပျူတာပရိုဂရမ်၏ မိတ္တူကို ဆက်လက်၍ တရားဝင်လက်ဝယ်ထားပိုင်ခွင့် ရပ်စဲသည့်အခါ အဆိုပါမိတ္တူကိုဖြစ်စေ၊ မှီငြမ်းထားသည့် ကွန်ပျူတာပရိုဂရမ်ကိုဖြစ်စေ ဖျက်ဆီးရမည်။

၂၅။ လူပုဂ္ဂိုလ်တစ်ဦးဦးသည် ၎င်းကိုယ်တိုင် အသုံးပြုရန် မူလလက်ရာရှင် သို့မဟုတ် မူပိုင်ခွင့်ပိုင်ရှင်၏ ခွင့်ပြုချက်ရယူရန်မလိုဘဲ စာပေအနုပညာလက်ရာ၏မိတ္တူကို ပြည်တွင်းသို့တင်သွင်းခြင်း ပြုနိုင်သည်။

၂၆။ ပုဒ်မ ၁၂ ပုဒ်မခွဲ(က)တွင် မည်သို့ပင်ပါရှိစေကာမူ ထုတ်လွှင့်သည့်အဖွဲ့အစည်းသည် ကိုယ်ပိုင်အထောက်အကူပစ္စည်းကိရိယာများဖြင့် ကိုယ်ပိုင်ထုတ်လွှင့်ခြင်းအတွက် ခွင့်ပြုထားသည့် စာပေအနုပညာလက်ရာတစ်ခုခု၏ ယာယီမှတ်တမ်းတင်ခြင်းကို ပြုလုပ်နိုင်သည်။ ထိုသို့ ယာယီမှတ်တမ်းပြုလုပ်ထားသည့် မိတ္တူအားလုံးကို ပြုလုပ်သည့်နေ့မှ ၆ လအတွင်း သို့မဟုတ် မူလလက်ရာရှင်နှင့် သဘောတူထားသော ၆ လထက်ပိုသည့် ကာလအတွင်း ဖျက်ဆီးရမည်။ သို့ရာတွင် အဆိုပါမှတ်တမ်းမှာ ထူးခြားသောလက္ခဏာရှိသည့် မှတ်တမ်းဖြစ်ပါက ပုဒ်မ ၉၅ ပုဒ်မခွဲ(က)အရ ထုတ်ပြန်ထားသော နည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများနှင့်ကိုက်ညီလျှင် ထိုမိတ္တူတစ်ခုကို အစိုးရမော်ကွန်းတိုက်တွင် တရားဝင်ထိန်းသိမ်းထားနိုင်သည်။ အဆိုပါ ထူးခြားသည့်မှတ်တမ်းအား ထုတ်လွှင့်နိုင်သည့် အခွင့်အရေးသည် ပုဒ်မ ၃၄ ပါ ပြဋ္ဌာန်းချက်ပေါ်မူတည်သည်။

၂၇။ (က) ပုဒ်မ ၁၂ ပုဒ်မခွဲ (က)၊(ဂ)၊(င)၊(ဆ)ပါ ပြဋ္ဌာန်းချက်များတွင် မည်သို့ပင်ပါရှိစေကာမူ အခွင့်အရေးရရှိသူ၏ ခွင့်ပြုချက်မရှိဘဲ စာပေအနုပညာလက်ရာကို အသုံးပြု၍ရသော ပုံစံမိတ္တူပြုလုပ်ရန်၊ အခြားတာဝန်ရှိအဖွဲ့အစည်းထံမှ ယင်း ပုံစံမိတ္တူကိုရရှိရန်နှင့် စီးပွားရေးအလို့ငှာမဟုတ်ဘဲ ငှားရမ်းခြင်း၊ ဝိုင်ယာ သို့မဟုတ် ဝိုင်ယာကြိုးမဲ့နည်းဖြင့် ဆက်သွယ်ခြင်းအပါအဝင် မည်သည့်နည်းလမ်းဖြင့်မဆို အမြင်အာရုံချို့တဲ့သော ပုဂ္ဂိုလ်များအား အဆိုပါမိတ္တူများကို ထောက်ပံ့နိုင်ရေးအတွက် အောက်ဖော်ပြပါအချက်များနှင့် ကိုက်ညီပါက တာဝန်ရှိအဖွဲ့အစည်းအား ခွင့်ပြုရမည်-

(၁) အထက်ဖော်ပြပါလုပ်ငန်းများကို ဆောင်ရွက်ရန် ဆန္ဒရှိသော တာဝန်ရှိအဖွဲ့အစည်းသည် ယင်းစာပေအနုပညာလက်ရာ သို့မဟုတ် မိတ္တူကိုတရားဝင် အသုံးပြုခွင့်ရှိခြင်း၊

(၂) စာပေအနုပညာလက်ရာများကို အသုံးပြု၍ရသော ပုံစံမိတ္တူသို့ ပြောင်းလဲရာတွင် အမြင်အာရုံချို့တဲ့သောပုဂ္ဂိုလ် နားလည်စေရန် ဆောင်ရွက်ခြင်းမှတစ်ပါး အခြားပြောင်းလဲခြင်းများ မပါဝင်ဘဲ အသုံးပြု၍ရသောပုံစံတွင် ပါဝင်သည့် အချက်အလက်များကို လမ်းညွှန်ပေးခြင်း၊

(၃) ယင်းပုံစံမိတ္တူများကို အမြင်အာရုံချို့တဲ့သူများ သီးသန့်အသုံးပြုနိုင်စေရန် ထောက်ပံ့ပေးခြင်း၊

(၄) အကျိုးအမြတ်မပါဘဲ လှုပ်ရှားဆောင်ရွက်ခြင်း။

(ခ) အမြင်အာရုံချို့တဲ့သော ပုဂ္ဂိုလ်ကိုယ်တိုင်ကဖြစ်စေ၊ အုပ်ထိန်းသူ သို့မဟုတ် ပြုစုစောင့်ရှောက်သူအပါအဝင် ကိုယ်စားဆောင်ရွက်ပေးနေသော ပုဂ္ဂိုလ်တစ်ဦးဦးကဖြစ်စေ ၎င်းပုဂ္ဂိုလ်များ ကိုယ်ပိုင်အသုံးပြုရေးအတွက် ပုံစံမိတ္တူကို ပြုလုပ်နိုင်သည့်အပြင် တရားဝင်အသုံးပြု

*စာမျက်နှာ ဂ သို့*

စာမျက်နှာ (ခ) မှ

ခွင့်ရှိသည့် လက်ရာကိုလည်းကောင်း၊ လက်ရာ၏ မိတ္တူကိုလည်းကောင်း အသုံးပြု၍ရသော ပုံစံမိတ္တူပြုလုပ်ရန်နှင့် အသုံးပြုရန်တို့ကို ကူညီနိုင်သည်။

(ဂ) ထုတ်ဝေပြီးသည့် လက်ရာများကို အမြင်အာရုံချို့တဲ့သော ပုဂ္ဂိုလ်များ ရယူသုံးစွဲနိုင်စေရန် အခွင့်အရေးပေးသည့် မာရာကရှ် သဘောတူစာချုပ်၏ အဖွဲ့ဝင်ဖြစ်သော အခြားနိုင်ငံတစ်ခုရှိ တာဝန်ရှိအဖွဲ့အစည်းထံ ၎င်းပုဂ္ဂိုလ်များ အသုံးပြု၍ရသော ပုံစံမိတ္တူများကို ဖြန့်ချိရန် သို့မဟုတ် ၎င်းပုဂ္ဂိုလ်များ သီးသန့်အသုံးပြုခွင့်ရရန် အခွင့်အရေးရရှိသူ၏ ခွင့်ပြုချက်မပါဘဲ တာဝန်ရှိအဖွဲ့အစည်းအား ခွင့်ပြုရမည်။

(ဃ) ထုတ်ဝေပြီးသည့် လက်ရာများကို အမြင်အာရုံချို့တဲ့သော ပုဂ္ဂိုလ်များ ရယူသုံးစွဲနိုင်စေရန် အခွင့်အရေးပေးသည့် မာရာကရှ် သဘောတူစာချုပ်၏ အဖွဲ့ဝင်ဖြစ်သော အခြားနိုင်ငံတစ်ခုရှိ အမြင်အာရုံချို့တဲ့သော ပုဂ္ဂိုလ်များထံ အသုံးပြု၍ရသော ပုံစံမိတ္တူများကို ဖြန့်ချိရန် သို့မဟုတ် အဆိုပါပုံစံမိတ္တူများကို သီးသန့်အသုံးပြုခွင့်ရရန် အခွင့်အရေးရရှိသူ၏ ခွင့်ပြုချက်မပါဘဲ တာဝန်ရှိအဖွဲ့အစည်းအား ခွင့်ပြုရမည်။

(င) အမြင်အာရုံချို့တဲ့သော ပုဂ္ဂိုလ်များမှအပ အခြားသူများအတွက် အသုံးပြု၍ရသော ပုံစံမိတ္တူကို အသုံးပြုနိုင်ရန် မသိ၍ဖြစ်စေ၊ သိရန်အကြောင်း တစ်စုံတစ်ရာမရှိ၍ဖြစ်စေ ကြိုတင်ဖြန့်ချိခြင်း သို့မဟုတ် အသုံးပြုနိုင်ရန် ပြုလုပ်ခြင်းတို့ကို စတင်ဆောင်ရွက်သော တာဝန်ရှိအဖွဲ့အစည်း၏ ဆောင်ရွက်ချက်အပေါ် ပုဒ်မခွဲ (ဂ) နှင့် (ဃ) အရ ခွင့်ပြုထားသောအချက်များ သက်ရောက်မှုရှိသည်။

## အခန်း(၁၁)
## စီးပွားရေးဆိုင်ရာ အခွင့်အရေးများကို လွှဲပြောင်းခြင်း

၂၈။ မူပိုင်ခွင့်ပိုင်ရှင်သည် စီးပွားရေးဆိုင်ရာ အခွင့်အရေးတစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ် တစ်ဒေသကိုဖြစ်စေ အခြားပုဂ္ဂိုလ်တစ်ဦးဦးအား လွှဲပြောင်းခြင်းပြုနိုင်သည်။ လွှဲပြောင်းခြင်းတွင် လွှဲအပ်လုပ်ကိုင်ခွင့်ပေးခြင်းနှင့် လိုင်စင်ဖြင့်လုပ်ကိုင်ခွင့်ပေးခြင်းတို့ ပါဝင်သည်။

၂၉။ မှတ်ပုံတင်ထားသော မူပိုင်ခွင့်အား လွှဲပြောင်းခြင်းကို ပြုလုပ်သည့်အခါ-

(က) လွှဲပြောင်းပေးခြင်းခံရသူသည် ထိုသို့လွှဲပြောင်းခြင်းကို မှတ်တမ်းတင်ပေးရန် သတ်မှတ်ထားသော အခကြေးငွေပေးသွင်းပြီး အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ရုံးသို့ လျှောက်ထားနိုင်သည်။

(ခ) လွှဲပြောင်းခြင်းပြုသည့် မှတ်တမ်းများအား ပြင်ဆင်ရန် သို့မဟုတ် ပယ်ဖျက်ရန် ရှိသည့်အခါ နှစ်ဦးနှစ်ဖက်က အထောက်အထား စာရွက်စာတမ်းများနှင့်အတူ သတ်မှတ်ချက်များနှင့်အညီ အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ရုံးသို့ လျှောက်ထားနိုင်သည်။

၃၀။ မှတ်ပုံတင်အရာရှိသည် ပုဒ်မ ၂၉ အရ မှတ်တမ်းတင်ပေးရန် လျှောက်ထားခြင်းနှင့် စပ်လျဉ်း၍ အဆိုပါ လွှဲပြောင်းခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းကို မှတ်တမ်းတင်ပြီး သတ်မှတ်ထားသော နည်းလမ်းနှင့်အညီ ထုတ်ပြန်ကြေညာရမည်။

## အခန်း(၁၂)
## ဖျော်ဖြေသူ၊ ဖိုနိုဂရမ်ထုတ်လုပ်သူနှင့် ထုတ်လွှင့်သည့် အဖွဲ့အစည်းများ၏ မူပိုင်ခွင့်နှင့်ဆက်နွှယ်သည့် အခွင့်အရေးများကို အကာအကွယ်ပေးခြင်း

၃၁။ ဖျော်ဖြေသူသည် ပုဒ်မ ၃၅ ပါ ပြဋ္ဌာန်းချက်များကို ထည့်သွင်းစဉ်းစားပြီး အောက်ပါပြုလုပ်မှုတစ်ခုခုကို ကိုယ်တိုင်ဆောင်ရွက်ရန် သို့မဟုတ် အခြားပုဂ္ဂိုလ်တစ်ဦးဦးအား ဆောင်ရွက်ခွင့်ပြုရန် သီးသန့်အခွင့်အရေးကို ရရှိစေရမည်-

(က) မိမိ၏ ဖျော်ဖြေတင်ဆက်မှုကို ထုတ်လွှင့်ခြင်း သို့မဟုတ် အများပြည်သူသို့ ဆက်သွယ်ပို့လွှင့်ခြင်း၊ သို့ရာတွင် အောက်ပါတစ်ရပ်ရပ်ကို ပြုလုပ်၍ ထုတ်လွှင့်ခြင်း သို့မဟုတ် အခြားနည်းဖြင့် ဆက်သွယ်ပို့လွှင့်ခြင်းနှင့် သက်ဆိုင်ခြင်းမရှိစေရ -

(၁) ဖျော်ဖြေသူ၏ အခွင့်အမိန့်အရ ဖျော်ဖြေတင်ဆက်မှုကို အရုပ်အသံပေါင်းစပ်ထည့်သွင်းခြင်းဖြင့် ပြုလုပ်ထားခြင်း သို့မဟုတ် သက်ဆိုင်ရာ ဖျော်ဖြေသူ၏ အခွင့်အမိန့်မရဘဲ ပုဒ်မ ၃၅ ပါ ကိစ္စရပ်များကို ပြုလုပ်ခြင်း၊

(၂) ဖျော်ဖြေတင်ဆက်မှုကို စတင်ထုတ်လွှင့်သည့်အဖွဲ့အစည်းက ကိုယ်တိုင်ဖြစ်စေ၊ ၎င်း၏ခွင့်ပြုချက်ဖြင့်ဖြစ်စေ ထပ်မံထုတ်လွှင့်ခြင်း။

(ခ) အရုပ်အသံ ပေါင်းစပ်ထည့်သွင်းခြင်း မပြုရသေးသည့် မိမိ၏ ဖျော်ဖြေတင်ဆက်မှုကို အရုပ်အသံ ပေါင်းစပ်ထည့်သွင်းခြင်း၊

(ဂ) မိမိ၏ဖျော်ဖြေတင်ဆက်မှုအား အရုပ်အသံပေါင်းစပ်ထည့်သွင်းခြင်းကို နည်းလမ်း သို့မဟုတ် ပုံစံတစ်မျိုးမျိုးဖြင့် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ မူပွားခြင်း၊

(ဃ) ဖျော်ဖြေသူက မိမိ၏ ဖျော်ဖြေတင်ဆက်မှုအား အရုပ်အသံ ပေါင်းစပ်ထည့်သွင်းခြင်းကိုဖြစ်စေ၊ ၎င်း၏ မိတ္တူများကိုဖြစ်စေ အများပြည်သူသို့ ဖြန့်ချိခြင်း။

ခြွင်းချက်။ ဖျော်ဖြေသူသည် မိမိ၏ဖျော်ဖြေတင်ဆက်မှုအား အရုပ်အသံ ပေါင်းစပ်ထည့်သွင်းထားသည့် မိတ္တူကို ၎င်း၏ ခွင့်ပြုချက်ဖြင့် မည်သည့်နိုင်ငံတွင်မဆို ရောင်းချခြင်း သို့မဟုတ် ပိုင်ဆိုင်ခွင့်ကို လွှဲပြောင်းခြင်းပြုလုပ်ထားပါက ၎င်းမိတ္တူများနှင့် သက်ဆိုင်ခြင်းမရှိစေရ။

(င) အခကြေးငွေဖြင့် ငှားရမ်းထားသည့် မိတ္တူ၏ ပိုင်ဆိုင်မှုသည် မည်သို့ပင်ပါရှိစေကာမူ မိမိ၏ဖျော်ဖြေတင်ဆက်မှုအား အရုပ်အသံပေါင်းစပ်ထည့်သွင်းခြင်းကိုဖြစ်စေ၊ ၎င်း၏မိတ္တူများကိုဖြစ်စေ အများပြည်သူသို့ အခကြေးငွေဖြင့်ငှားရမ်းခြင်း၊

(စ) အရုပ်အသံပေါင်းစပ်ထည့်သွင်းခြင်း ပြုထားသည့် မိမိ၏ဖျော်ဖြေတင်ဆက်မှုကို အများပြည်သူတစ်ဦးချင်းစီက ရွေးချယ်သည့်နေရာမှဖြစ်စေ၊ ရွေးချယ်သည့် အချိန်၌ဖြစ်စေ ဝိုင်ယာကြိုးဖြင့် သို့မဟုတ် ဝိုင်ယာကြိုးမဲ့နည်းဖြင့် သို့မဟုတ် အခြားဆက်သွယ်မှု နည်းစနစ်တစ်ခုခုဖြင့် အများပြည်သူသို့ ရရှိခံစားနိုင်စေရန် ပြုလုပ်ခြင်း။

၃၂။ ဖျော်ဖြေသူ၏ အခွင့်အရေးများနှင့် စပ်လျဉ်း၍-

(က) ပုဒ်မ ၃၅ ပါ ပြဋ္ဌာန်းချက်များကို ထည့်သွင်းစဉ်းစားပြီး-

(၁) အရုပ်အသံပေါင်းစပ်ထည့်သွင်းခြင်းပြုရာတွင် ဖျော်ဖြေသူက မိမိ၏ ဖျော်ဖြေတင်ဆက်မှုကို ပါဝင်ထည့်သွင်းရန် တစ်ကြိမ်ခွင့်ပြုခဲ့ပြီးဖြစ်ပါက ပုဒ်မ ၃၁ ပါ ပြဋ္ဌာန်းချက်များနှင့် ထပ်မံ၍ သက်ဆိုင်ခြင်း မရှိစေရ။

(၂) ဖျော်ဖြေသူသည် မိမိ၏ စီးပွားရေးဆိုင်ရာ အခွင့်အရေးများကို လွှဲပြောင်းပြီးစေကာမူ မိမိ၏ တိုက်ရိုက်သီဆိုဖျော်ဖြေတင်ဆက်မှုနှင့် ဖိုနိုဂရမ်တွင် အရုပ်အသံ ပေါင်းစပ်ထည့်သွင်းခြင်းပြုသည့် သီဆိုဖျော်ဖြေတင်ဆက်မှု နှင့်စပ်လျဉ်း၍ အသုံးပြုသည့်နည်းလမ်းအရ စည်းကမ်းချက်ဖြင့် ချန်လှပ်ထားချက်မှအပ မိမိမှာ ဖျော်ဖြေသူဖြစ်ကြောင်း တောင်းဆိုခွင့်ရှိသည်။ ထို့ပြင် မိမိ၏ ထင်ပေါ်ကျော်ကြားမှုကို ထိခိုက်နိုင်သည့် ဖျော်ဖြေသူ၏ မူလပုံပန်းသဏ္ဌာန်နှင့် အနှစ်သာရပျက်ယွင်းစေခြင်း၊ ချို့ယွင်းစေခြင်း သို့မဟုတ် အခြားတစ်နည်းနည်းဖြင့် ပြုပြင်ခြင်းကိုလည်း ကန့်ကွက်ပိုင်ခွင့်ရှိသည်။

(၃) ဤပုဒ်မပါပြဋ္ဌာန်းချက်များသည် ဖျော်ဖြေသူများအား ၎င်းတို့၏ ဖျော်ဖြေမှုနှင့်စပ်လျဉ်း၍ ပိုမိုဦးစားပေးသည့် စည်းကမ်းချက်များ သတ်မှတ်ပြီး ပဋိညာဉ်စာချုပ် ချုပ်ဆိုခြင်းအပေါ်တွင် သက်ရောက်မှုမရှိစေရ။

(ခ) ဤပုဒ်မအရ ဖျော်ဖြေသူများ၏ အခွင့်အရေးများအား အကာအကွယ်ပေးရမည့် ကာလသည် ဖျော်ဖြေတင်ဆက်မှုကို ဖိုနိုဂရမ်တွင် အရုပ်အသံပေါင်းစပ်ထည့်သွင်းခြင်းပြုသည့်နှစ်နှင့် တစ်ဆက်တည်းဖြစ်သော ပြက္ခဒိန်နှစ်ပေါင်း ၅၀ ကုန်ဆုံးသည့် နေ့ရက်အထိသော်လည်းကောင်း၊ ထိုသို့ အရုပ်အသံပေါင်းစပ်ထည့်သွင်းခြင်း မပြုသည့်ကိစ္စတွင် ဖျော်ဖြေသည့်နှစ် ကုန်ဆုံးသည့်အချိန်မှစ၍ ပြက္ခဒိန်နှစ်ပေါင်း ၅၀ ကုန်ဆုံးသည့် နေ့ရက်အထိသော်လည်းကောင်း ဖြစ်ရမည်။

၃၃။ ဖိုနိုဂရမ်ထုတ်လုပ်သူ၏ အခွင့်အရေးများနှင့်စပ်လျဉ်း၍-

(က) ထုတ်လုပ်သူသည် ပုဒ်မ ၃၅ ပါ ပြဋ္ဌာန်းချက်များကို ထည့်သွင်းစဉ်းစားပြီး တစ်ဖက်ဖော်ပြပါပြုလုပ်မှုတစ်ခုခုကို ကိုယ်တိုင်ဆောင်ရွက်ရန် သို့မဟုတ် အခြားသူတစ်ဦးဦးအား ဆောင်ရွက်ခွင့်ပြုရန် သီးသန့်အခွင့်အရေးများ ရရှိရမည်-

(၁) ဖိုနိုဂရမ်ကို မည်သည့်နည်းလမ်း သို့မဟုတ် ပုံစံနှင့်မဆို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ မူပွားခြင်း၊

(၂) ဖိုနိုဂရမ်မိတ္တူများကို ပြည်တွင်းသို့ တင်သွင်းခြင်း၊

(၃) ဖိုနိုဂရမ်၏ မူရင်း သို့မဟုတ် မိတ္တူများကို အများပြည်သူသို့ ဖြန့်ချိခြင်း။

ခြွင်းချက်။ ထုတ်လုပ်သူသည် မိမိ၏ခွင့်ပြုချက်ဖြင့် မည်သည့်နိုင်ငံတွင်မဆို ရောင်းချပြီးသော သို့မဟုတ် ပိုင်ဆိုင်ခွင့်ကို လွှဲပြောင်းထားပြီးဖြစ်သော ဖိုနိုဂရမ်မူရင်း သို့မဟုတ် မိတ္တူကို ဖြန့်ချိခွင့် အခွင့်အရေးကို မရရှိစေရ။

(၄) အခကြေးငွေဖြင့် ငှားရမ်းထားသည့် ဖိုနိုဂရမ်မိတ္တူ၏ ပိုင်ဆိုင်မှုသည် မည်သို့ပင်ရှိစေကာမူ ၎င်းမိတ္တူများကို အများပြည်သူသို့ အခကြေးငွေဖြင့် ငှားရမ်းခြင်း၊

(၅) ဖိုနိုဂရမ်ကို အများပြည်သူ တစ်ဦးချင်းစီက ရွေးချယ်သည့်နေရာမှဖြစ်စေ၊ ရွေးချယ်သည့်အချိန်၌ဖြစ်စေ ဝိုင်ယာကြိုးဖြင့် သို့မဟုတ် ဝိုင်ယာကြိုးမဲ့နည်းဖြင့် အများပြည်သူသို့ ရရှိခံစားနိုင်စေရန် ပြုလုပ်ခြင်း။

(ခ) ဖိုနိုဂရမ်ကို ထုတ်ဝေသည့် အချိန်မှစတင်၍ ထိုသို့ထုတ်ဝေသည့်နှစ်နှင့် တစ်ဆက်တည်းဖြစ်သော ပြက္ခဒိန်နှစ်ပေါင်း ၅၀ ကုန်ဆုံးသည့် နေ့ရက်အထိသော်လည်းကောင်း၊ ဖိုနိုဂရမ်ကို ထုတ်ဝေခြင်းမပြုရသေးလျှင် ဖိုနိုဂရမ်ကို အရုပ်အသံ ပေါင်းစပ်ထည့်သွင်းခြင်းပြုသည့်နှစ်နှင့် တစ်ဆက်တည်းဖြစ်သော ပြက္ခဒိန် နှစ်ပေါင်း ၅၀ ကုန်ဆုံးသည့် နေ့ရက်အထိသော်လည်းကောင်း ဤဥပဒေအရ ဖိုနိုဂရမ် ထုတ်လုပ်သူများ၏ အခွင့်အရေးများကို အကာအကွယ်ပေးရမည်။

၃၄။ ထုတ်လွှင့်သည့် အဖွဲ့အစည်း၏ အခွင့်အရေးများနှင့်စပ်လျဉ်း၍ -

(က) ထုတ်လွှင့်သည့် အဖွဲ့အစည်းသည် ပုဒ်မ ၃၅ ပါ ပြဋ္ဌာန်းချက်များကို ထည့်သွင်းစဉ်းစားပြီး အောက်ပါပြုလုပ်မှုတစ်ခုခုကို ကိုယ်တိုင်ဆောင်ရွက်ရန် သို့မဟုတ် အခြားသူတစ်ဦးဦးအား ဆောင်ရွက်ခွင့်ပြုရန် သီးသန့်အခွင့်အရေးများကို ရရှိစေရမည်-

(၁) ထုတ်လွှင့်ချက်ကို ထပ်မံထုတ်လွှင့်ခြင်း၊

(၂) ထုတ်လွှင့်ချက်ကို အများပြည်သူသို့ ဆက်သွယ်ပို့လွှင့်ခြင်း၊

(၃) ထုတ်လွှင့်ချက်ကို အရုပ်အသံ ပေါင်းစပ်ထည့်သွင်းခြင်း၊

(၄) ထုတ်လွှင့်ချက်ကို အရုပ်အသံ ပေါင်းစပ်ထည့်သွင်းခြင်းအား မူပွားခြင်း။

(ခ) အများပြည်သူမှ တိုက်ရိုက်ဖမ်းယူကြည့်ရှုနိုင်ရန် မရည်ရွယ်သည့် ဂြိုဟ်တုမှ ထုတ်လွှင့်ချက်ကို တရားဝင်ရပ်တည်သောပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းတစ်ခုခုကသာ ဖမ်းယူပြီး ကေဘယ်လ်ကြိုးဖြင့်ဖြစ်စေ၊ ဆက်သွယ်ပို့လွှင့်ခြင်းဖြင့်ဖြစ်စေ ဆက်သွယ်ပို့လွှင့်နိုင်သည်။ ထိုသို့ ဆက်သွယ်ပို့လွှင့်ခြင်းကို အဆိုပါ အဖွဲ့အစည်း၏ ခွင့်ပြုချက်ဖြင့်သာ ဆောင်ရွက်နိုင်သည်။

(ဂ) ဤပုဒ်မအရ ထုတ်လွှင့်သည့်အဖွဲ့အစည်းများ၏ အခွင့်အရေးများကို စတင်ထုတ်လွှင့်သည့်အချိန်မှစ၍ ထိုနှစ်နှင့် တစ်ဆက်တည်းဖြစ်သော ပြက္ခဒိန် နှစ်ပေါင်း ၅၀ ကုန်ဆုံးသည့် နေ့ရက်အထိ အကာအကွယ်ပေးရမည်။

၃၅။ ပုဒ်မ ၃၁၊ ၃၂၊ ၃၃၊ ၃၄ နှင့် ၃၆ တို့ပါ အကာအကွယ်ပေးခြင်းနှင့်စပ်လျဉ်းသည့် ပြဋ္ဌာန်းချက်များသည် အောက်ပါပြုလုပ်မှုများနှင့် သက်ဆိုင်ခြင်း မရှိစေရ -

(က) လတ်တလော သတင်းအချက်အလက်များကို သတင်းအဖြစ်ပေးပို့ရန် သင့်လျော်မျှတသည့် ကောက်နုတ်ချက် တစ်စိတ်တစ်ဒေသကို အသုံးပြုခြင်း၊

(ခ) သိပ္ပံပညာရပ်ဆိုင်ရာ သုတေသနပြုလုပ်ရန်အတွက်သာ မူပွားခြင်း၊

(ဂ) ပညာသင်ကြားရေးနှင့် သင်ကြားမှု အထောက်အကူပစ္စည်းအဖြစ် ထုတ်ဝေပြီးဖြစ်သော ဖျော်ဖြေတင်ဆက်မှုနှင့် ဖိုနိုဂရမ်တို့အတွက်မှ တစ်ပါး မျက်နှာချင်းဆိုင် ပညာသင်ကြားရေးအတွက်သာ ရည်ရွယ်လျက် မူပွားခြင်း၊

(ဃ) ဤဥပဒေ အခန်း(၁၀)ပါ ပြဋ္ဌာန်းချက်များအရ မူလလက်ရာရှင် သို့မဟုတ် မူပိုင်ခွင့်ပိုင်ရှင်၏ ခွင့်ပြုချက်မရှိဘဲ အသုံးပြုသည့် စာပေအနုပညာလက်ရာများတွင် ဖျော်ဖြေတင်ဆက်မှုများ၊ ဖိုနိုဂရမ် သို့မဟုတ် ထုတ်လွှင့်ချက်များကို ထည့်သွင်းအသုံးပြုခြင်း။

၃၆။ (က) စီးပွားရေးအလို့ငှာ ရည်ရွယ်၍ ဖြန့်ချိထားသော သို့မဟုတ် ပြန်လည်ထုတ်လုပ်ထားသော ဖိုနိုဂရမ်တစ်ခုကို အသံလွှင့်ခြင်း သို့မဟုတ် အများပြည်သူသို့ ဆက်သွယ်ပို့လွှင့်ခြင်း သို့မဟုတ် အများပြည်သူကို ဖျော်ဖြေတင်ဆက်ခြင်းတို့တွင် အသုံးပြုပြီးပါက ဖျော်ဖြေသူ သို့မဟုတ် ဖျော်ဖြေသူများနှင့် ဖိုနိုဂရမ် ထုတ်လုပ်သူတို့အား မျှတသည့်အခကြေးငွေကို အသုံးပြုသူက တစ်ကြိမ်ပေးဆောင်ရမည်။

(ခ) ဖျော်ဖြေသူများနှင့် ဖိုနိုဂရမ်ထုတ်လုပ်သူတို့ အချင်းချင်း အခြားနည်းဖြင့် သဘောတူညီမှုမရှိလျှင် ပုဒ်မခွဲ(က)အရ အသုံးပြုမှုအတွက်ရရှိသည့် အခကြေးငွေအား ထုတ်လုပ်သူမှ ဖျော်ဖြေသူများအား တစ်ဝက်ပေးရမည်။

(ဂ) ဤပုဒ်မအရ ဖိုနိုဂရမ် အသုံးပြုမှုအတွက် ရရှိမည့်အခကြေးငွေဆိုင်ရာ အခွင့်အရေးများကို ဖိုနိုဂရမ်စတင်ထုတ်ဝေသည့် အချိန်မှစ၍ ထိုနှစ်နှင့်တစ်ဆက်တည်းဖြစ်သော ပြက္ခဒိန်နှစ်ပေါင်း ၅၀ ကုန်ဆုံးသည့် နေ့ရက်အထိ အကာအကွယ်ပေးရမည်။ အဆိုပါဖိုနိုဂရမ်ကိုမူ ပုဒ်မ၃၂ (ခ)အရ ဆက်လက်ကာကွယ်မှုပေးမည်။

(ဃ) ဤပုဒ်မအရ ဝိုင်ယာဖြင့်ဖြစ်စေ၊ ဝိုင်ယာကြိုးမဲ့နည်းဖြင့်ဖြစ်စေ အများပြည်သူရရှိခံစားနိုင်စေရန် ပြုလုပ်ထားသော ဖိုနိုဂရမ်များကို အဖွဲ့ဝင်ဖြစ်သော အများပြည်သူတစ်ဦးချင်းစီမှ ရွေးချယ်သည့်နေရာနှင့် အချိန်တို့၌ ရယူသုံးစွဲနိုင်ရန် ပြုလုပ်ခြင်းအား စီးပွားရေးအလို့ငှာ ထုတ်ဝေခြင်းဟု မှတ်ယူရမည်။

(င) ပုဒ်မ ၃၁ ပုဒ်မခွဲ(စ) အရ ဖိုနိုဂရမ် အသုံးပြုမှုအတွက် အကာအကွယ်ပေးထားသော သီးသန့်အခွင့်အရေးသည် ဤပုဒ်မ၏ ပုဒ်မခွဲ(က)နှင့် မသက်ဆိုင်စေရ။

## အခန်း(၁၃)
## မူပိုင်ခွင့်ကိုထိန်းသိမ်းသည့် သတင်းအချက်အလက်များနှင့် နည်းပညာဆိုင်ရာ အစီအမံများအား အကာအကွယ်ပေးခြင်း

၃၇။ (က) မူပိုင်ခွင့်ကိုထိန်းသိမ်းသည့် သတင်းအချက်အလက်များနှင့် စပ်လျဉ်း၍ အောက်ပါ ပြုလုပ်မှုများကို တားမြစ်သည်-

(၁) အီလက်ထရောနစ်ဆိုင်ရာ မူပိုင်ခွင့်ကိုထိန်းသိမ်းသည့် သတင်းအချက်အလက်တစ်ရပ်ရပ်ကို အခွင့်အရေးရရှိသူ၏ သဘောတူညီချက်မပါဘဲ ဖယ်ရှားခြင်း သို့မဟုတ် ပြောင်းလဲခြင်း၊

(၂) ဤဥပဒေအရ အကာအကွယ်ပေးထားသည့် မူပိုင်ခွင့်လက်ရာများ သို့မဟုတ် အခြားကိစ္စရပ်များအပေါ် ပုဒ်မခွဲ(က) ပုဒ်မခွဲငယ်(၁) အရ ပြုလုပ်ပြီးနောက် ဖြန့်ချိခြင်း၊ ဖြန့်ချိရန် တင်သွင်းခြင်း၊ ထုတ်လွှင့်ခြင်း သို့မဟုတ် အများပြည်သူသို့ ဆက်သွယ်ပို့လွှင့်ခြင်း။

(ခ) ပုဒ်မခွဲ(က)ပါ တားမြစ်ချက်များသည် ပြည်သူလူထုနှင့် သက်ဆိုင်သော မူဝါဒ သို့မဟုတ် လုံခြုံမှုအတွက် ဥပဒေအရ ခွင့်ပြုထားသော အစိုးရ၏ မည်သည့်ဆောင်ရွက်မှုကိုမျှ မသက်ဆိုင်စေရ။

၃၈။ (က) နည်းပညာဖြင့် ကာကွယ်ထားသော အစီအမံများနှင့်စပ်လျဉ်း၍ အောက်ပါပြုလုပ်မှုများကို တားမြစ်သည်-

(၁) ထိရောက်သောနည်းပညာဖြင့် ကာကွယ်ထားသော အစီအမံများမှ ရှောင်လွှဲခြင်း၊ ရှောင်ရှားခြင်း၊ ဖယ်ရှားခြင်း၊ သက်ရောက်မှုမရှိစေခြင်း၊ ပျက်စီးစေခြင်း၊

ရှင်းလင်းချက်။ နည်းပညာဖြင့် ကာကွယ်ထားသော အစီအမံများမှ ရှောင်လွှဲခြင်းဆိုရာတွင် ပုံစံဖျက်ထားသော သို့မဟုတ် ပုံစံပျက်နေသော မူပိုင်ခွင့်လက်ရာများ၊ မူပိုင်ခွင့်နှင့် ဆက်စပ်သည့် အခွင့်အရေးဆိုင်ရာလက်ရာများအား မူရင်းပုံစံ ပြန်လည်ရရှိစေရန် ပြုလုပ်ခြင်းတို့ ပါဝင်သည်။

(၂) ထိရောက်သောနည်းပညာဖြင့် ကာကွယ်ထားသော အစီအမံများမှ ရှောင်လွှဲရန်၊ ရှောင်လွှဲမှုကို ဖြစ်မြောက်စေရန် သို့မဟုတ် ပံ့ပိုးနိုင်ရန် ရည်ရွယ်၍ စီးပွားရေးအလို့ငှာ ပြုလုပ်ထားသည့် ပစ္စည်းကိရိယာများ၊ ထုတ်ကုန်များ၊ ပစ္စည်းအစိတ်အပိုင်းများ သို့မဟုတ် ဝန်ဆောင်မှုများအား ထုတ်လုပ်ခြင်း၊ တင်သွင်းခြင်း၊ ဖြန့်ချိခြင်း၊ ရောင်းချခြင်း၊ ငှားရမ်းခြင်း၊ ရောင်းချရန် သို့မဟုတ် ငှားရမ်းရန်အတွက် ကြော်ငြာခြင်း သို့မဟုတ် လက်ဝယ်ထားရှိခြင်း။

(ခ) ပုဒ်မခွဲ(က)တွင် မည်သို့ပင်ပါရှိစေကာမူ ပုဒ်မ ၁၉ ပုဒ်မခွဲ(က)၊ ပုဒ်မ ၂၁ ပုဒ်မခွဲ (ခ)နှင့် ပုဒ်မ ၂၆ အရ ကန့်သတ်ချက် သို့မဟုတ် ကင်းလွတ်ချက်များ၏ အကျိုးခံစားခွင့်ရရှိသူမှ တောင်းဆိုပါက တရားရုံးသည် အတိအကျသတ်မှတ်ထားသော အတိုင်းအတာအထိ လိုအပ်သောနည်းလမ်းများအသုံးပြု၍ အကျိုးခံစားခွင့်ရရှိစေရန် အမိန့်ထုတ်ပြန်နိုင်သည်။

(ဂ) ပုဒ်မခွဲ(ခ)ပါ ပြဋ္ဌာန်းချက်များသည် အဖွဲ့ဝင်ဖြစ်သော အများပြည်သူတစ်ဦးချင်းစီက ရွေးချယ်သည့်နေရာနှင့်အချိန်၌ သဘောတူစာချုပ်ပါ စည်းကမ်းချက်များအရ ရယူသုံးစွဲနိုင်ရန် ပြုလုပ်ထားသော စာပေအနုပညာလက်ရာများ သို့မဟုတ် အခြားစာပေအနုပညာကိစ္စရပ်များအပေါ် သက်ဆိုင်ခြင်းမရှိစေရ။

## အခန်း(၁၄)
## မူပိုင်ခွင့်ကို မှတ်ပုံတင်ခြင်း

၃၉။ မူလလက်ရာရှင် သို့မဟုတ် မူပိုင်ခွင့်ပိုင်ရှင်တစ်ဦးဦးသည် မူပိုင်ခွင့်လက်ရာကို မှတ်ပုံတင်လိုပါက သတ်မှတ်ချက်များနှင့်အညီ အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ရုံးသို့ လျှောက်ထားနိုင်သည်။

၄၀။ မှတ်ပုံတင်အရာရှိသည် မူပိုင်ခွင့်လက်ရာကို မှတ်ပုံတင်ပေးရန် လျှောက်ထားချက်ကို စိစစ်ပြီး သတ်မှတ်ချက်များနှင့် ညီညွတ်ခြင်းမရှိသော လျှောက်ထားချက်နှင့်စပ်လျဉ်း၍ အကြောင်းကြားစာ လက်ခံရရှိသည့်နေ့ရက်မှ ရက်ပေါင်း ၃၀ အတွင်း လိုအပ်သလို ပြင်ဆင်ဖြည့်စွက်ပြီး ပြန်လည်တင်ပြရန် လျှောက်ထားသူထံ အကြောင်းကြားရမည်။

၄၁။ လျှောက်ထားသူသည် စာပေအနုပညာလက်ရာ မှတ်ပုံတင်ခြင်းနှင့်စပ်လျဉ်း၍ မှတ်ပုံတင်အရာရှိက ဆုံးဖြတ်ချက် မချမှတ်မီဖြစ်စေ၊ မှတ်ပုံတင်အရာရှိ၏ ဆုံးဖြတ်ချက်အပေါ် အယူခံသည့်ကာလအတွင်း၌ ဖြစ်စေ-

(က) လျှောက်ထားချက် သို့မဟုတ် စာရွက်စာတမ်းအထောက်အထား တစ်ခုခုတွင်ပါရှိသည့် စာအရေးအသားအမှား သို့မဟုတ် အခြား မှားယွင်းမှုကိုဖြစ်စေ၊ ဘာသာပြန်ဆိုချက်တွင်ပါရှိသည့် သိသာထင်ရှားသောအမှား သို့မဟုတ် အခြား မှားယွင်းမှုကိုဖြစ်စေ သတ်မှတ်ထားသော အခကြေးငွေပေးသွင်းပြီး ပြင်ဆင်ပေးရန် လျှောက်ထားနိုင်သည်။

(ခ) စာပေအနုပညာလက်ရာကို မှတ်ပုံတင်ပေးရန် လျှောက်ထားချက်ကို ရုပ်သိမ်းနိုင်သည်။

၄၂။ ပုဒ်မ ၄၀ အရ အကြောင်းကြားစာ လက်ခံရရှိသော်လည်း လျှောက်ထားသူက လိုအပ်ချက်များကို ဆောင်ရွက်တင်ပြခြင်းမရှိလျှင် စာပေအနုပညာလက်ရာကို မှတ်ပုံတင်ပေးရန် လျှောက်ထားချက်ကို ရုပ်သိမ်းပြီးဖြစ်သည်ဟု မှတ်ယူရမည်။

၄၃။ သတ်မှတ်ချက်များနှင့်ညီညွတ်သော စာပေအနုပညာလက်ရာ လျှောက်ထားချက်နှင့် စပ်လျဉ်း၍-

(က) ပုဒ်မ ၁၀ တွင်ပါရှိသည့် အချက်တစ်ရပ်ရပ်နှင့် ငြိစွန်းခြင်းမရှိပါက မှတ်ပုံတင်အရာရှိသည် စာပေအနုပညာလက်ရာကို မှတ်ပုံတင်ရန် ခွင့်ပြုနိုင်သည်။

(ခ) ပုဒ်မခွဲ(က)အရ ၎င်းသို့ ခွင့်ပြုခြင်းကို မူပိုင်ခွင့်မှတ်ပုံတင်စာရင်း

စာမျက်နှာ (ဃ) သို့

စာမျက်နှာ (ဂ) မှ

တွင် မှတ်တမ်းတင်ပြီး လျှောက်ထားသူထံ အကြောင်းကြားရမည့်အပြင် သတ်မှတ်ထားသည့် နည်းလမ်းနှင့်အညီ ထုတ်ပြန်ကြေညာရမည်။

(ဂ) မှတ်ပုံတင်ရန်ခွင့်ပြုပါက မူပိုင်ခွင့်မှတ်ပုံတင်လက်မှတ်ကို လျှောက်ထားသူအား ထုတ်ပေးရမည်။

၄၄။ ညွှန်ကြားရေးမှူးချုပ်သည် မူပိုင်ခွင့်လက်ရာကို မှတ်ပုံတင်ပေးရန် လျှောက်ထားချက်နှင့်စပ်လျဉ်း၍ တာဝန်ခံဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် ကမ္ဘာ့အသိဉာဏ်ပစ္စည်း မူပိုင်ခွင့်အဖွဲ့၊ ဒေသဆိုင်ရာအဖွဲ့အစည်းများနှင့် ပြည်ပအဖွဲ့ဝင်နိုင်ငံများထံ လိုအပ်သလို ဆက်သွယ်ဆောင်ရွက်ခြင်းနှင့် အကူအညီတောင်းခံခြင်းတို့ ပြုနိုင်သည်။

၄၅။ (က) စာပေအနုပညာလက်ရာ မှတ်ပုံတင်ပိုင်ရှင်သည် သတ်မှတ်ထားသော အခကြေးငွေ ပေးသွင်းပြီး စာပေအနုပညာလက်ရာ မှတ်ပုံတင်လက်မှတ်မိတ္တူမှန် ထုတ်ပေးရန် အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ရုံးသို့ လျှောက်ထားနိုင်သည်။

(ခ) မှတ်ပုံတင်အရာရှိသည် စစ်ဆေး၍ မူပိုင်ခွင့်မှတ်ပုံတင် လက်မှတ်မိတ္တူမှန်ကို ထုတ်ပေးရမည်။

၄၆။ လျှောက်ထားသူသည် စာပေအနုပညာလက်ရာကို မှတ်ပုံတင်ပေးရန် လျှောက်ထားချက်နှင့်စပ်လျဉ်း၍ ရုပ်သိမ်းခြင်းပြုလျှင်သော်လည်းကောင်း၊ မှတ်ပုံတင်ရန် ငြင်းပယ်ခြင်းခံရလျှင်သော်လည်းကောင်း ပေးသွင်းထားသည့် မှတ်ပုံတင်ကြေးကို ပြန်လည်ရထိုက်ခွင့် မရှိစေရ။

၄၇။ ဖျော်ဖြေတင်ဆက်မှုနှင့် ဖိုနိုဂရမ်များကို မှတ်ပုံတင်လိုပါက ဤအခန်းပါ မူပိုင်ခွင့်မှတ်ပုံတင်ခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ လျှောက်ထားနိုင်သည်။

၄၈။ စာပေအနုပညာဆိုင်ရာ မူပိုင်ခွင့်သည်လည်းကောင်း၊ ဖျော်ဖြေသူ၊ ဖိုနိုဂရမ်ထုတ်လုပ်သူနှင့် ထုတ်လွှင့်သည့်အဖွဲ့အစည်းများ၏ မူပိုင်ခွင့်နှင့်ဆက်နွှယ်သည့် အခွင့်အရေးများသည်လည်းကောင်း ဤဥပဒေအရ မှတ်ပုံတင်သည်ဖြစ်စေ၊ မတင်သည်ဖြစ်စေ ဤဥပဒေပါ အခွင့်အရေးများကို ရရှိရမည်။

## အခန်း (၁၅)
## မူပိုင်ခွင့်မှတ်ပုံတင်ခြင်းကို ပယ်ဖျက်ခြင်း

၄၉။ မှတ်ပုံတင်ထားသော စာပေအနုပညာလက်ရာနှင့် မူပိုင်ခွင့်နှင့်ဆက်နွှယ်သည့် အခွင့် အရေးတစ်ခုခုသည် ပုဒ်မ ၁၀ ပါ အချက်တစ်ရပ်ရပ်နှင့် ငြိစွန်းသဖြင့် မိမိ သို့မဟုတ် အများအကျိုးကိုထိခိုက်ကြောင်း တွေ့ရှိပါက သက်ဆိုင်ရာပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းသည် အဆိုပါ မှတ်ပုံတင်ထားခြင်း တစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ ပယ်ဖျက်ရန် မှတ်ပုံတင်အရာရှိထံ လျှောက်ထားနိုင်သည်။

၅၀။ မှတ်ပုံတင်အရာရှိသည် မိမိတွေ့ရှိချက်အရဖြစ်စေ၊ သက်ဆိုင်ရာပုဂ္ဂိုလ်၏ လျှောက်ထားချက်အရဖြစ်စေ အောက်ပါအချက်တစ်ရပ်ရပ်နှင့် ငြိစွန်းကြောင်း တွေ့ရှိပါက မူပိုင်ခွင့်မှတ်ပုံတင်ထားခြင်း တစ်ခုလုံးကိုသော်လည်းကောင်း၊ တစ်စိတ်တစ်ဒေသကိုသော်လည်းကောင်း ပယ်ဖျက်နိုင်သည် -

(က) ပုဒ်မ ၁၀ ပါ အကာအကွယ်ပေးခြင်းမခံရသည့် စာပေအနုပညာလက်ရာဖြစ်ကြောင်း ပေါ်ပေါက်လာခြင်း၊

(ခ) မူလလက်ရာရှင် သို့မဟုတ် မူပိုင်ခွင့်ပိုင်ရှင်သည် မှတ်ပုံတင်ခွင့်ရထိုက်သူ မဟုတ်ကြောင်း ပေါ်ပေါက်လာခြင်း၊

(ဂ) မူပိုင်ခွင့် မှတ်ပုံတင်လက်မှတ်ကို လိမ်လည်လှည့်ဖြား၍ဖြစ်စေ၊ မမှန်မကန်တင်ပြ၍ဖြစ်စေ၊ သတ်မှတ်ထားသော အရေးပါသည့် အချက်အလက်တစ်ရပ်ရပ်ကို ထိမ်ချန်၍ဖြစ်စေ ရယူထားကြောင်း ပေါ်ပေါက်လာခြင်း၊

(ဃ) တရားရုံးက မူပိုင်ခွင့်မှတ်ပုံတင် ပျက်ပြယ်ခြင်းနှင့် စပ်လျဉ်းသည့် အပြီးသတ်ဆုံးဖြတ်ချက် သို့မဟုတ် စီရင်ချက်၊ အမိန့်နှင့် ဒီကရီ ချမှတ်ခြင်း။

၅၁။ မူပိုင်ခွင့်မှတ်ပုံတင်ခြင်းနှင့်စပ်လျဉ်း၍ အငြင်းပွားမှုအပေါ် ပြစ်မှုကြောင်းဖြင့်ဖြစ်စေ၊ တရားမကြောင်းဖြင့်ဖြစ်စေ၊ ပြစ်မှုကြောင်းနှင့် တရားမကြောင်း နှစ်ရပ်လုံးဖြင့်ဖြစ်စေ တရားစွဲဆိုထားကြောင်း သက်ဆိုင်သူက တင်ပြလာသည့်အခါ မှတ်ပုံတင်အရာရှိသည် အဆိုပါအမှု မပြီးပြတ်မီကာလအတွင်း၌ မူပိုင်ခွင့်မှတ်ပုံတင်စာရင်းမှ ပယ်ဖျက်ခြင်းကို ဆိုင်းငံ့ထားရမည်။

၅၂။ မှတ်ပုံတင်အရာရှိသည် မူပိုင်ခွင့်မှတ်ပုံတင်စာရင်းမှ ပယ်ဖျက်ပြီးပါက သို့မဟုတ် ဖယ်ရှားပြီးပါက အဆိုပါ ပယ်ဖျက်ခြင်း သို့မဟုတ် ဖယ်ရှားခြင်းကို မှတ်တမ်းတင်၍ မူပိုင်ခွင့်မှတ်ပုံတင်ပိုင်ရှင်ထံ အကြောင်းကြားပြီး သတ်မှတ်ထားသော နည်းလမ်းနှင့်အညီ ထုတ်ပြန်ကြေညာရမည်။

## အခန်း (၁၆)
## အယူခံခြင်း

၅၃။ (က) မှတ်ပုံတင်အရာရှိက ဤဥပဒေအရချမှတ်သော ဆုံးဖြတ်ချက်တစ်ရပ်ရပ်ကို မကျေနပ်သူသည် ယင်းဆုံးဖြတ်ချက်ချမှတ်ကြောင်း အကြောင်းကြားစာကို ထုတ်ပြန်ကြေညာသည့် နေ့ရက်မှ ရက်ပေါင်း ၆၀ အတွင်း ညွှန်ကြားရေးမှူးချုပ်ထံ အယူခံနိုင်သည်။

(ခ) ပုဒ်မခွဲ(က)အရ အယူခံမှုတွင် ညွှန်ကြားရေးမှူးချုပ်သည် မှတ်ပုံတင်အရာရှိ၏ ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပယ်ဖျက်ခြင်း၊ ပြင်ဆင်ပြောင်းလဲခြင်း သို့မဟုတ် သက်သေခံချက်များ ထပ်မံရယူရန် ညွှန်ကြားခြင်း ပြုနိုင်သည်။

၅၄။ ညွှန်ကြားရေးမှူးချုပ်က ချမှတ်သော ဆုံးဖြတ်ချက်ကို မကျေနပ်သူသည် ဥပဒေရေးရာ ပြဿနာနှင့်စပ်လျဉ်း၍ ယင်းဆုံးဖြတ်ချက်ချမှတ်ကြောင်း အကြောင်းကြားစာကို လက်ခံရရှိသည့်နေ့ရက်မှ ရက်ပေါင်း ၉၀ အတွင်း အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာ ဥပဒေတစ်ရပ်ရပ်အရ ဖွဲ့စည်းထားသည့် မူပိုင်ခွင့်ဆိုင်ရာတရားရုံးများသို့ အယူခံနိုင်သည်။

## အခန်း (၁၇)
## မူပိုင်ခွင့်ဆိုင်ရာ စုပေါင်းစီမံခန့်ခွဲသည့် အဖွဲ့အစည်းများကို ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ

၅၅။ မူပိုင်ခွင့်ပိုင်ရှင်သည် -

(က) သတ်မှတ်ထားသည့် မူပိုင်ခွင့်ကဏ္ဍအလိုက် စုပေါင်းစီမံခန့်ခွဲသည့် မူပိုင်ခွင့်ဆိုင်ရာ အဖွဲ့အစည်းကို တည်ထောင်ခွင့်ပြုရန် တာဝန်ခံဝန်ကြီးဌာနသို့ မိမိတို့ အဖွဲ့အစည်း၏ ဖွဲ့စည်းပုံစည်းမျဉ်းနှင့်အတူ လျှောက်ထားနိုင်သည်။

(ခ) ပုဒ်မခွဲ(က)အရ မူပိုင်ခွင့်ဆိုင်ရာ အဖွဲ့အစည်းများကို ဖွဲ့စည်းရေးအတွက် လျှောက်ထားရာတွင် မူပိုင်ခွင့်ကဏ္ဍအလိုက် မူလလက်ရာရှင်များ၊ မူပိုင်ခွင့်ပိုင်ရှင်များ၊ ဖျော်ဖြေသူများ၊ ဖိုနိုဂရမ်ထုတ်လုပ်သူများ၊ ထုတ်ဝေသူများ၊ ဖြန့်ချိသူများနှင့် သက်ဆိုင်ရာ ကျွမ်းကျင်သော ပညာရှင်များအား အဖွဲ့ဝင်များအဖြစ် ပါဝင်လျက် ဖွဲ့စည်းနိုင်သည်။

၅၆။ တာဝန်ခံဝန်ကြီးဌာနသည် -

(က) ပုဒ်မ ၅၅ အရ လျှောက်ထားချက်ကို စိစစ်ပြီး စည်းကမ်းချက်များ သတ်မှတ်၍ ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်သည်။

(ခ) သတ်မှတ်ထားသည့် မူပိုင်ခွင့်ကဏ္ဍအလိုက် ဖွဲ့စည်းခွင့်ပြုထားသော မူပိုင်ခွင့်ဆိုင်ရာ အဖွဲ့အစည်းများ၏ လုပ်ငန်းတာဝန်များနှင့်စပ်လျဉ်း၍ လမ်းညွှန်ခြင်း၊ လိုအပ်ပါက ညှိနှိုင်းပေါင်းစပ်ပေးခြင်း ပြုနိုင်သည်။

၅၇။ မူပိုင်ခွင့်ဆိုင်ရာ အဖွဲ့အစည်းများသည် သက်ဆိုင်ရာ မူပိုင်ခွင့်ကဏ္ဍအလိုက်-

(က) စာပေအနုပညာလက်ရာများ၊ ဖျော်ဖြေတင်ဆက်မှုများနှင့် ဖိုနိုဂရမ်များ၏ အရည်အသွေးမြင့်မားလာစေရေးအတွက် စည်းရုံးရေးလုပ်ငန်းတာဝန်များကို ဆောင်ရွက်ရမည်။

(ခ) မူလလက်ရာရှင်များနှင့် မူပိုင်ခွင့်ပိုင်ရှင်များ၏ အခွင့်အရေးများရရှိရေးအတွက်လည်းကောင်း၊ ယင်းအခွင့်အရေးများ ထိပါးချိုးဖောက်ခြင်းနှင့်စပ်လျဉ်း၍ အကာအကွယ်ပေးရေးအတွက်လည်းကောင်း စေ့စပ်ညှိနှိုင်းဖြေရှင်းပေးခြင်း ပြုနိုင်သည်။

(ဂ) မူလလက်ရာရှင်နှင့် မူပိုင်ခွင့်ပိုင်ရှင်တို့က အပ်နှံသည့် စာပေအနုပညာလက်ရာများ၊ ဖျော်ဖြေတင်ဆက်မှုများ၊ ဖိုနိုဂရမ်များကို လက်ခံခြင်းနှင့် အသုံးပြုသူများထံမှ သင့်တင့်မျှတသော အခကြေးငွေကောက်ခံပြီး ထိုသူတို့အား ပြန်လည်ခွဲဝေပေးခြင်း ပြုနိုင်သည်။

(ဃ) သက်ဆိုင်ရာ မူပိုင်ခွင့်ကဏ္ဍအလိုက် လိုအပ်သော စာပေအနုပညာလက်ရာများ၊ ဖျော်ဖြေတင်ဆက်မှုများ၊ ဖိုနိုဂရမ်များကို မပျောက်ပျက်စေရေးအတွက် မူလလက်ရာရှင် သို့မဟုတ် မူပိုင်ခွင့်ပိုင်ရှင်၏ ဆန္ဒအရသော်လည်းကောင်း၊ ဝယ်ယူခြင်းဖြင့်သော်လည်းကောင်း စုဆောင်းခြင်းနှင့် ထိန်းသိမ်းခြင်းပြုနိုင်သည်။

(င) တာဝန်ခံဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် ပြည်ပရှိ မူပိုင်ခွင့်ဆိုင်ရာ စုပေါင်းစီမံခန့်ခွဲသည့် အဖွဲ့အစည်းများ၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၊ ဒေသဆိုင်ရာ အဖွဲ့အစည်းများနှင့်ဆက်သွယ်၍ အကူအညီများရယူခြင်းနှင့် အကူအညီပေးခြင်း တို့ ပြုနိုင်သည်။

(စ) တာဝန်ခံဝန်ကြီးဌာနမှ သတ်မှတ်ထားသော စည်းကမ်းချက်များကို လိုက်နာရမည်။

## အခန်း (၁၈)
## မူပိုင်ခွင့်ဆိုင်ရာ အခွင့်အရေးကို အကောက်ခွန်ရုံးက အကာအကွယ်ပေးခြင်း

၅၈။ အခွင့်အရေးရရှိသူသည် မူပိုင်ခွင့်အခွင့်အရေး ချိုးဖောက်ထားသည်ဟု စွပ်စွဲခံရသောပစ္စည်းကို မြန်မာနိုင်ငံနယ်နိမိတ်အတွင်းသို့ တင်သွင်းထားကြောင်း သို့မဟုတ် တင်သွင်းလျက်ရှိကြောင်း သို့မဟုတ် တင်သွင်းရန်ရှိကြောင်း သံသယဖြစ်ဖွယ်ရာ ခိုင်လုံသောအထောက်အထားရှိပါက အဆိုပါပစ္စည်းများ လွတ်လပ်စွာစီးဆင်းမှုခွင့်ပြုခြင်းကို ဆိုင်းငံ့မိန့်ထုတ်ပေးရန် သတ်မှတ်ချက်များနှင့်အညီ အကောက်ခွန်အာဏာပိုင်များထံ လျှောက်ထားနိုင်သည်။

၅၉။ (က) အကောက်ခွန်အာဏာပိုင်များသည်-

(၁) ပုဒ်မခွဲငယ်(၂)ပါ သတ်မှတ်ချက်အား ထိခိုက်စေခြင်းမရှိဘဲ ပုဒ်မ ၅၈ အရ လျှောက်ထားချက်ကို လက်ခံရရှိသည့်နေ့ရက်မှ ရုံးဖွင့်ရက် ၃၀ ရက်ထက်မကျော်လွန်သော သင့်လျော်သည့် အချိန်ကာလတစ်ခုအတွင်း ယင်းလျှောက်လွှာအား လက်ခံကြောင်း သို့မဟုတ် ငြင်းပယ်ကြောင်း လျှောက်ထားသူထံ အကြောင်းကြားရမည်။

(၂) လျှောက်ထားချက်အား စိစစ်ရန်လိုအပ်သော အချက်အလက်များ မပြည့်စုံခဲ့လျှင် လျှောက်ထားသူမှ ရုံးဖွင့်ရက် ၁၀ ရက်ထက် မကျော်လွန်သော သင့်လျော်သည့် အချိန်ကာလတစ်ခုအတွင်း၌ သတင်းအချက် အလက်များ ထပ်မံဖြည့်စွက်ပေးပို့နိုင်စေရန်အလို့ငှာ ၎င်း၏ဆုံးဖြတ်ချက်ကို လျှောက်ထားသူထံ အကြောင်းကြားစာပေးပို့၍ ရွှေ့ဆိုင်းရမည်။

(၃) လျှောက်ထားချက်ကိုလက်ခံရာတွင် အာမခံချက်တစ်ရပ်ကို လျှောက်ထားသူမှပေးရန် သတ်မှတ်နိုင်သည်။

(၄) လျှောက်ထားချက်အား ငြင်းပယ်ခဲ့လျှင် အကြောင်းပြချက်ကို ရှင်းလင်းစွာ ဖော်ပြရမည်။

(ခ) အခွင့်အရေးရရှိသူသည် ပိုမိုတိုတောင်းသော အချိန်ကာလတစ်ခုကို တောင်းဆိုခြင်းမပြုလျှင် ယင်းလုပ်ဆောင်မှုသည် ၆ လအထိ သက်ရောက်မှု ရှိရမည်။

၆၀။ (က) အကောက်ခွန်အာဏာပိုင်များသည် ပုဒ်မ ၅၈ အရ လျှောက်ထားချက်အား လက်ခံပြီးနောက် တင်သွင်းသောပစ္စည်းအား မူပိုင်ခွင့်ချိုးဖောက်ထားသောပစ္စည်းဖြစ်သည်ဟု ယူဆနိုင်သော သေချာသည့် အဆိုပါ ပစ္စည်းများ လွတ်လပ်စွာစီးဆင်းခွင့်ပြုခြင်းကို ဆိုင်းငံ့ထားရမည်။ ယင်းသို့ ဆိုင်းငံ့ထားခြင်းကို အခွင့်အရေးရရှိသူနှင့် တင်သွင်းသူတို့အား ချက်ချင်းအကြောင်းကြားရမည်။

(ခ) အဆိုပါပစ္စည်းသည် မူပိုင်ခွင့်ချိုးဖောက်ထားသော ပစ္စည်းဖြစ်ကြောင်း အခွင့်အရေးရရှိသူ၏ တောင်းဆိုချက်မှန်ကန်ကြောင်း သက်သေပြရန် အလို့ငှာ အကောက်ခွန်အာဏာပိုင်များသည် လျှို့ဝှက်သတင်းအချက်အလက်များအား မပေါက်ကြားစေဘဲ ဆိုင်းငံ့ထားသော ပစ္စည်းများကို အခွင့်အရေးရရှိသူနှင့် တင်သွင်းသူတို့အား လုံလောက်သော စစ်ဆေးခွင့်ပြုရမည်။

၆၁။ (က) လျှောက်ထားသူထံ ဆိုင်းငံ့မိန့်ကို အသိပေးအကြောင်းကြားပြီးနောက် ရုံးဖွင့်ရက် ၁၀ ရက်ထက် မကျော်လွန်သော အချိန်ကာလအတွင်း အခွင့်အရေးရရှိသူမှ အမှုကိစ္စအများအမှန်အပေါ် ဆုံးဖြတ်နိုင်ရန် အရေးယူဆောင်ရွက်ခြင်းကို စတင်ဆောင်ရွက်နေကြောင်း သို့မဟုတ် တရားရုံးမှ ပစ္စည်းစီးဆင်းမှုဆိုင်းငံ့သည့် ယာယီအရေးယူ ဆောင်ရွက်ချက်များသည် ကြန့်ကြာနေကြောင်း အကောက်ခွန်အာဏာပိုင်များထံ အကြောင်းကြားခဲ့ခြင်းမရှိလျှင် ယင်းပစ္စည်းကို ကင်းလွတ်ခွင့်ပြုရမည်။ အချို့သောကိစ္စရပ်များတွင် ထိုသတ်မှတ်ထားသော အချိန်ကာလကို ပထမရုံးဖွင့်ရက် ၁၀ ရက်မကုန်ဆုံးမီ အကောက်ခွန်အာဏာပိုင်များ၏ ဆုံးဖြတ်ချက်ဖြင့် နောက်ထပ်ရုံးဖွင့်ရက် ၁၀ ရက် ထပ်မံတိုးချဲ့နိုင်သည်။

(ခ) ပျက်စီးလွယ်သောပစ္စည်းဖြစ်ပါက သတ်မှတ်ထားသော အချိန်ကာလကို ရုံးဖွင့် ရက် ၁၀ ရက်မှ ၃ ရက်သို့ လျှော့ချရမည်။ အဆိုပါအချိန်ကာလ ၃ ရက်အား ထပ်မံတိုးချဲ့ခြင်း မပြုနိုင်။

၆၂။ ဆိုင်းငံ့မိန့်အကြောင်းကြားစာကို လက်ခံရရှိပြီးနောက် တင်သွင်းသူသည် ဆိုင်းငံ့မိန့်အား ပြန်လည်စိစစ်ရန်နှင့် ကြားနာခွင့်ပြုရန် တရားရုံးသို့ လျှောက်ထားနိုင်သည်။ တရားရုံးသည် ပြန်လည်စိစစ်ရန် အခွင့်အရေးတောင်းဆိုသည့်ရက်မှ ရုံးဖွင့်ရက် ၂၀ ရက်ထက် မကျော်လွန်သည့် သင့်လျော်သော အချိန်ကာလတစ်ခုအတွင်း ဆိုင်းငံ့ကာလကို ပြင်ဆင်ခြင်း၊ ပြန်လည်ရုပ်သိမ်းခြင်း သို့မဟုတ် အတည်ပြုခြင်း ပြုလုပ်ရမည်။

၆၃။ တရားရုံးက မူပိုင်ခွင့်ချိုးဖောက်ထားသော ပစ္စည်းဖြစ်ကြောင်း ဆုံးဖြတ်ခဲ့လျှင် တင်သွင်းသူသည် ချိုးဖောက်သောပစ္စည်းများအား ထိန်းသိမ်းခြင်း၊ ဖျက်ဆီးခြင်း၊ ဖယ်ရှားခြင်းတို့အတွက် ကုန်ကျစရိတ်များကို အကောက်ခွန်ရုံးသို့ ပေးဆောင်ရမည်။ အကောက်ခွန်အာဏာပိုင်များအနေဖြင့် တင်သွင်းသူထံမှ အဆိုပါ ကုန်ကျစရိတ်များကို မရရှိခဲ့လျှင် အခွင့်အရေးရရှိသူသည် အဆိုပါ ကုန်ကျစရိတ်များအား ပေးဆောင်ရန် တာဝန်ရှိပြီး တင်သွင်းသူထံမှ ထိုသို့ ပေးဆောင်ရမည့် မည်သည့်စရိတ်ကိုမဆို ပြန်လည်ရပိုင်ခွင့် ရှိရမည်။

၆၄။ တရားရုံးက မူပိုင်ခွင့်ချိုးဖောက်ထားသော ပစ္စည်းမဟုတ်ကြောင်း ဆုံးဖြတ်ခဲ့လျှင် အဆိုပါပစ္စည်းများအား မှားယွင်းစွာဆိုင်းငံ့ခြင်းနှင့် ယာယီထိန်းသိမ်းခြင်းတို့ကြောင့် နစ်နာကြေးကို တရားရုံးမှ သတ်မှတ်ဆုံးဖြတ်သည့် ပမာဏအတိုင်း လျှောက်ထားသူမှ တင်သွင်းသူထံ ပေးဆောင်ရမည်။

၆၅။ ဤအခန်းပါ ပြဋ္ဌာန်းချက်များသည် မူပိုင်ခွင့်ချိုးဖောက်ထားသော ပစ္စည်းများကို စီးပွားရေးအလို့ငှာမဟုတ်ဘဲ ပစ္စည်းတင်သွင်းသူက ကိုယ်ပိုင်သုံးရန် ရည်ရွယ်၍ ခရီးသည်ဝန်စည်အနေဖြင့် ယူဆောင်လာသော ပစ္စည်းများနှင့်သော်လည်းကောင်း၊ အနည်းငယ်မျှသာ တင်သွင်းတင်ပို့လာသော ပစ္စည်းများနှင့်သော်လည်းကောင်း သက်ဆိုင်ခြင်းမရှိစေရ။

၆၆။ အကောက်ခွန်အာဏာပိုင်များသည် မူပိုင်ခွင့်ချိုးဖောက်ထားသော ပစ္စည်းနှင့်စပ်လျဉ်း၍ ကမ္ဘာ့အကောက်ခွန်အဖွဲ့နှင့်သော်လည်းကောင်း၊ အခြားသော နိုင်ငံများမှ အကောက်ခွန်အာဏာပိုင်များနှင့်သော်လည်းကောင်း သတင်းအချက်အလက်များဖလှယ်ပြီး ပူးပေါင်းဆောင်ရွက်နိုင်သည်။

## အခန်း (၁၉)
## မူပိုင်ခွင့်အခွင့်အရေးကို ထိပါးချိုးဖောက်မှုများအတွက် တရားရုံးက ဆောင်ရွက်နိုင်သော လုပ်ထုံးလုပ်နည်းများ

၆၇။ မူပိုင်ခွင့်အခွင့်အရေးကို ထိပါးချိုးဖောက်ခြင်းနှင့်စပ်လျဉ်း၍ ထိခိုက်နစ်နာသူ မည်သူမဆို ပြစ်မှုကြောင်းဖြင့်ဖြစ်စေ၊ တရားမကြောင်းဖြင့်ဖြစ်စေ၊ နှစ်ရပ်လုံးဖြင့်ဖြစ်စေ တရားရုံးသို့ စွဲဆိုလျှောက်ထားနိုင်သည်။

၆၈။ (က) တရားရုံးသည် မူပိုင်ခွင့်အခွင့်အရေးကို ထိပါးချိုးဖောက်မှုများနှင့် စပ်လျဉ်း၍ အောက်ပါယာယီအရေးယူဆောင်ရွက်သည့် အမိန့်များကို ချမှတ်ရမည်-

(၁) မူပိုင်ခွင့်ချိုးဖောက်ခြင်းအား ကာကွယ်တားဆီးရန်နှင့် အကောက်ခွန်ကင်းလွတ်ခွင့် ရပြီးလျှင်ပြီးချင်း တင်သွင်းသော ပစ္စည်းများ အပါအဝင် မူပိုင်ခွင့်ချိုးဖောက်သည့်ပစ္စည်းများ မြန်မာနိုင်ငံ၏ ကူးသန်းရောင်းဝယ်ရေး နယ်ပယ်အတွင်း ဝင်ရောက်လာခြင်းကို ကာကွယ်တားဆီးရန်၊

(၂) မူပိုင်ခွင့်ချိုးဖောက်ထားသည်ဟု စွပ်စွဲခံရသော ပစ္စည်းများနှင့် သက်ဆိုင်သည့် သက်သေခံအထောက်အထားများအား မူလအခြေအနေမပျက် ထိန်းသိမ်းထားရန်၊

(၃) သက်ဆိုင်ရာအကောက်ခွန်ရုံးက ထုတ်ထားသည့် ဆိုင်းငံ့မိန့်ကို ပြင်ဆင်ရန်၊ ပယ်ဖျက်ရန် သို့မဟုတ် အတည်ပြုရန်။

(ခ) တရားရုံးသည် တစ်ဖက်အမှုသည်၏ မျက်ကွယ်တွင်ဖြစ်စေကာမူ အောက်ပါအခြေအနေတစ်ရပ်ရပ်တွင် ယာယီအရေးယူ ဆောင်ရွက်ချက်များကို အမိန့်ချမှတ်ရမည်-

(၁) အခွင့်အရေးရရှိသူကို ပြင်ဆင်၍မရသော ထိခိုက်နစ်နာစေနိုင်သည့် နှောင့်နှေးကြန့်ကြာမှု တစ်စုံတစ်ရာရှိခြင်း၊

(၂) သက်သေခံအထောက်အထားများကို ဖျက်ဆီးခံရမည့်အန္တရာယ် အမှန်တကယ်ကျရောက်နေခြင်း။

(ဂ) တရားရုံးသည်-

(၁) လျှောက်ထားသူမှာ အခွင့်အရေးရရှိသူဖြစ်ကြောင်း၊ ၎င်း၏ မူပိုင်ခွင့်ကို ချိုးဖောက်နေကြောင်း သို့မဟုတ် ချိုးဖောက်ရန် အလားအလာရှိကြောင်း ခိုင်လုံ၍ ကျေနပ်စေလောက်သော အထောက်အထားဖြစ်စေရန်အလို့ငှာ လျှောက်ထားသူအား လိုအပ်သည့် သက်သေခံအထောက်အထားနှင့် အခြားသတင်း အချက်အလက်များကို တင်ပြရန် တောင်းဆိုရမည်။

(၂) အလွဲသုံးစားပြုလုပ်ခြင်းမှ ကာကွယ်တားဆီးရန်နှင့် တရားပြိုင်အားကာကွယ်ရန် အာမခံချက်ပေးရန် လျှောက်ထားသူအား သတ်မှတ်တောင်း ဆိုရမည်။

(ဃ) တရားရုံးသည် တစ်ဖက်အမှုသည်၏ မျက်ကွယ်၌ချမှတ်သော ယာယီအရေးယူဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ ဆောင်ရွက်ပြီးလျှင်ပြီးချင်း နှောင့်နှေးကြန့်ကြာမှုမရှိစေဘဲ ထိခိုက်နစ်နာသူများထံ အသိပေး အကြောင်းကြားရမည်။ အဆိုပါ အရေးယူဆောင်ရွက်ချက်များကို တရားရုံးမှသတ်မှတ်သည့် သင့်လျော်သော အချိန်ကာလအတွင်း သို့မဟုတ် ယင်းကဲ့သို့ သတ်မှတ်ချက်မရှိခဲ့ပါက ရုံးဖွင့်ရက် ၂၀ ရက်အတွင်း ပြီးမြောက်အောင်ဆောင်ရွက်ရမည်။ ယင်းအရေးယူ ဆောင်ရွက်ချက်များအပေါ် ပြင်ဆင်ခြင်း၊ ရုပ်သိမ်းခြင်း သို့မဟုတ် အတည်ပြုခြင်းတို့အား ဆုံးဖြတ်ပေးရန် တရားပြိုင်၏ တောင်းဆိုချက်အရ ကြားနာခွင့်အပါအဝင် ပြန်လည်စစ်ဆေးခြင်းတစ်ရပ်ကို ရုံးဖွင့်ရက် ၂၀ ရက်အတွင်း ဆောင်ရွက်ရမည်။

(င) တရားရုံးသည် မူပိုင်ခွင့်ချိုးဖောက်သည်ဟု စွပ်စွဲခံရသော ပစ္စည်းများအား ခွဲခြားသတ်မှတ်ရန်လိုအပ်သော အခြားအချက်အလက်များကို တင်ပြရန် လျှောက်ထားသူထံ တောင်းဆိုနိုင်သည်။

(စ) တောင်းဆိုထားသည့် ယာယီအရေးယူဆောင်ရွက်ချက်များအား ဆောင်ရွက်သည့်နေ့မှ တရားရုံးမှသတ်မှတ်ထားသည့် သင့်လျော်သော ကာလအတွင်း သို့မဟုတ် ယင်းကဲ့သို့ သတ်မှတ်ချက်မရှိခဲ့လျှင် ရုံးဖွင့်ရက် ၂၀ ရက် သို့မဟုတ် ပြက္ခဒိန် ရက်ပေါင်း ၃၁ ရက်တို့အနက် ပိုမိုကြာမြင့်သည့် အချိန်ကာလအတွင်း တရားစွဲဆိုမှုအပေါ် ဆောင်ရွက်ချက်များကို စတင်ခဲ့ခြင်းမရှိလျှင် ပုဒ်မခွဲ(ဃ)ကို မထိခိုက်စေဘဲ ပုဒ်မခွဲ(က)နှင့်(ခ)အရ ချမှတ်ထားသော ယာယီအရေးယူ ဆောင်ရွက်ချက်များကို တစ်ဖက်အမှုသည်၏ တောင်းဆိုချက်အရ ရုပ်သိမ်းရမည် သို့မဟုတ် အကျိုးသက်ရောက်မှုကို ရပ်စဲရမည်။

(ဆ) တရားရုံးသည် ယာယီအရေးယူဆောင်ရွက်ချက်များအား ရုပ်သိမ်းလျှင်ဖြစ်စေ၊ လျှောက်ထားသူ၏ ပျက်ကွက်မှု သို့မဟုတ် ပြုလုပ်မှု တစ်ရပ်ရပ်ကြောင့် ဆိုင်းငံ့လျှင်ဖြစ်စေ၊ မူပိုင်ခွင့်ချိုးဖောက်ခြင်းမရှိကြောင်း သို့မဟုတ် ချိုးဖောက်ရန် အလားအလာမရှိကြောင်း တွေ့ရှိလျှင်ဖြစ်စေ တရားပြိုင်၏ တောင်းဆိုချက်အရ အဆိုပါ အရေးယူဆောင်ရွက်ချက်များကြောင့် ပေါ်ပေါက်သော ထိခိုက်နစ်နာမှုများအတွက် နစ်နာမှုနှင့်ညီမျှသည့် သင့်လျော်သောလျော်ကြေးကို ပေးဆောင်ရန် လျှောက်ထားသူကို အမိန့်ချမှတ်ရမည်။

၆၉။ (က) တရားရုံးသည် မူပိုင်ခွင့်ချိုးဖောက်ခြင်းနှင့်စပ်လျဉ်း၍ တရားမဆိုင်ရာ ဥပဒေများနှင့် တရားမကျင့်ထုံးဥပဒေတို့ကို မထိခိုက်စေဘဲ အောက်ပါ အမိန့်တစ်ရပ်ရပ် ချမှတ်ရမည်-

(၁) အကောက်ခွန်ကင်းလွတ်ခွင့်ရပြီးလျှင်ပြီးချင်း တင်သွင်းလာသော မူပိုင်ခွင့် ချိုးဖောက်ထားသည့်ပစ္စည်းများ မြန်မာနိုင်ငံ၏

စာမျက်နှာ (င) သို့

# ကိုယ်အင်္ဂါအစိတ်အပိုင်းလှူဒါန်းခြင်းဆိုင်ရာဥပဒေကြမ်း

## ပြည်သူအများ သိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။

**ကိုယ်အင်္ဂါအစိတ်အပိုင်းလှူဒါန်းခြင်းဆိုင်ရာဥပဒေကြမ်း**

(၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် --- )

၁၃၇၇ ခုနှစ် ၊ --- လ --- ရက်

(၂၀၁၅ ခုနှစ်၊ --- လ --- ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

**အခန်း (၁)**

**အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်**

၁။ ဤဥပဒေကို **ကိုယ်အင်္ဂါအစိတ်အပိုင်းလှူဒါန်းခြင်းဆိုင်ရာဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **ကိုယ်အင်္ဂါအစိတ်အပိုင်း**ဆိုသည်မှာ လူ၏ခန္ဓာကိုယ်နှင့် ယင်းခန္ဓာကိုယ်ဖွဲ့စည်းမှုတွင် ပါဝင်သော ကိုယ်အင်္ဂါအစိတ်အပိုင်း တစ်ခုခုကိုဆိုသည်။

(ခ) **သေဆုံးသူ**ဆိုသည်မှာ အကြောင်းတစ်ခုခုကြောင့် လူ၏ဦးနှောက်လုပ်ငန်းများအားလုံး ရပ်စဲ၍ သက်ဆိုင်ရာဆရာဝန်များက သေဆုံးကြောင်း အတည်ပြုခြင်းခံရသူကို ဆိုသည်။

(ဂ) **ကိုယ်အင်္ဂါအစိတ်အပိုင်းလှူဒါန်းသူ**ဆိုရာတွင် ဆန္ဒအလျောက် အခမဲ့ ခွင့်ပြုလှူဒါန်းသည့် အောက်ပါပုဂ္ဂိုလ်တို့ ပါဝင်သည်-

(၁) မိမိ၏ ကိုယ်အင်္ဂါအစိတ်အပိုင်းတစ်ခုခုကို အခြားသူ တစ်ဦးတစ်ယောက်၏ ခန္ဓာတွင် အစားထိုးအသုံးပြုနိုင်ရေးအတွက် ထုတ်ယူရန်ခွင့်ပြုသော အသက် (၁၈)နှစ် ပြည့်ပြီး စိတ်ကျန်းမာရေးကောင်းမွန်သည့် သက်ရှိထင်ရှားရှိသူ၊

(၂) မိမိသေဆုံးပြီးနောက် မိမိ၏ကိုယ်အင်္ဂါအစိတ်အပိုင်းတစ်ခုခုကို ထုတ်ယူ၍ လိုအပ်သလို အသုံးပြုနိုင်ရေးအတွက် သက်ရှိထင်ရှားရှိစဉ်ကတည်းက ကြိုတင်ဆန္ဒပြုသူ၊

(၃) ပုဒ်မခွဲငယ် (၂) အရ ကြိုတင်ဆန္ဒပြုခြင်းမရှိသည့် သေဆုံးသူ၏ ကိုယ်အင်္ဂါအစိတ်အပိုင်း တစ်ခုခုကိုထုတ်ယူ၍ လိုအပ်သလို အသုံးပြုရန် ခွင့်ပြုသည့်ကျန်ရစ်သူ ဇနီး၊ ခင်ပွန်း၊ သားသမီး၊ မိဘ၊ ညီအစ်ကို မောင်နှမ သို့မဟုတ် ယင်းတို့၏ သဘောတူညီချက်ဖြင့်ဖြစ်စေ၊ ယင်းတို့တစ်ဦး တစ်ယောက်မျှမရှိ၍ ဖြစ်စေ၊ ယင်းတို့၏ ကိုယ်စားဖြစ်စေ ခွင့်ပြုသော ဆွေမျိုးသားချင်း တစ်ဦးဦး။

(ဃ) **အရည်အသွေးစစ်ဆေးခြင်း** ဆိုသည်မှာ ကိုယ်အင်္ဂါအစိတ်အပိုင်း လှူဒါန်းသူ၏ ကိုယ်အင်္ဂါအစိတ်အပိုင်းသည် အစားထိုးကုသခြင်းပြုနိုင်သည့် အရည်အသွေးရှိမရှိ သတ်မှတ်ချက်များနှင့်အညီ စစ်ဆေးခြင်းကို ဆိုသည်။

(င) **သိုလှောင်ခြင်း** ဆိုသည်မှာ ကိုယ်အင်္ဂါအစိတ်အပိုင်းလှူဒါန်းသူ၏ ကိုယ်အင်္ဂါအစိတ်အပိုင်းကို ထုတ်ယူပြီး အစားထိုးကုသရန်ဖြစ်စေ၊ ပညာသင်ကြားရန်ဖြစ်စေ၊ သုတေသနပြုရန်ဖြစ်စေ လိုအပ်သည့် အချိန်တွင် အသင့်ရှိစေရေးအတွက် သတ်မှတ်ချက်များနှင့်အညီ လက်ခံရေးဌာနက ထိန်းသိမ်းထားခြင်းကို ဆိုသည်။

(စ) **ထုတ်ပေးခြင်း** ဆိုသည်မှာ သိုလှောင်ထားသော ကိုယ်အင်္ဂါအစိတ်အပိုင်းကို အစားထိုးကုသရန်ဖြစ်စေ၊ ပညာသင်ကြားရန်ဖြစ်စေ၊ သုတေသနပြုရန်ဖြစ်စေ သတ်မှတ်ချက်များနှင့်အညီ လက်ခံရေးဌာနက ထုတ်ပေးခြင်းကို ဆိုသည်။

*စာမျက်နှာ (စ) သို့*

*စာမျက်နှာ (ဃ) မှ*

ကူးသန်းရောင်းဝယ်ရေး နယ်ပယ်အတွင်းသို့ ဝင်ရောက်လာခြင်းအား ကာကွယ်တားဆီးခြင်း အပါအဝင် မူပိုင်ခွင့်ချိုးဖောက်မှုကို ရပ်ဆိုင်းရန် ချမှတ်သည့်အမိန့်၊

(၂) (ကက) မူပိုင်ခွင့်ချိုးဖောက်ခြင်းကြောင့် အခွင့်အရေးရရှိ သူ၏ ထိခိုက်နစ်နာမှုများအတွက်ပေးလျော်ရန် လုံလောက်သော နစ်နာကြေးအား ချိုးဖောက်သူမှ အခွင့်အရေးရရှိသူထံ ပေးဆောင်ရန် ချမှတ်သည့် အမိန့်၊ အချို့သောကိစ္စရပ်များတွင် တရားရုံးသည် မူလရင်းနှီးမြှုပ်နှံထားသော နစ်နာကြေးကိုဖြစ်စေ၊ အကျိုးအမြတ်ကိုဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးကိုဖြစ်စေ ပြန်လည်ရရှိရန် အစားထိုးအမိန့်၊

(ခခ) အခွင့်အရေးရရှိသူ၏ တရားစရိတ်နှင့် ရှေ့နေစရိတ်တို့ အပါအဝင် ကျသင့်သောကုန်ကျစရိတ်များအား ပေးဆောင်ရန်အမိန့်။

(၃) အခွင့်အရေးရရှိသူကို ထိခိုက်နစ်နာမှုမရှိစေရန် အလို့ငှာ လျော်ကြေးတစ်စုံတစ်ရာ ပေးဆောင်စေခြင်းမရှိဘဲ မူပိုင်ခွင့် ချိုးဖောက်သောပစ္စည်းများအား ကူးသန်းရောင်းဝယ်ရေးနယ်ပယ်၏ ပြင်ပသို့ ဖယ်ရှားရန် သို့မဟုတ် ဖျက်ဆီးရန် ချမှတ်သည့်အမိန့်၊

(၄) မူပိုင်ခွင့်ချိုးဖောက်သော ပစ္စည်းများဖန်တီးရာတွင် အဓိက အသုံးပြုသော ပစ္စည်းကိရိယာတန်ဆာပလာများအား ကူးသန်းရောင်းဝယ်ရေး နယ်ပယ်ပြင်ပသို့ ဖယ်ရှားရန် သို့မဟုတ် ဖျက်ဆီးရန် ချမှတ်သည့်အမိန့်။

(ခ) တရားရုံးသည် ပုဒ်မခွဲ(က) ပုဒ်မခွဲငယ် (၃)နှင့်(၄)အရ အမိန့်တစ်ခုခုကို ချမှတ်ရန် စဉ်းစားရာတွင် အဆိုပါအမိန့်နှင့် မူပိုင်ခွင့်ချိုးဖောက်မှု ပမာဏတို့အကြား အချိုးညီစွာ ချင့်ချိန်ဆုံးဖြတ်ရမည်ဖြစ်ပြီး အခြားပုဂ္ဂိုလ်များ၏ အကျိုးစီးပွားကိုလည်း ထည့်သွင်းစဉ်းစားရမည်။

၇၀။ အရေးယူမှုဆိုင်ရာလုပ်ထုံးလုပ်နည်းများကို အလွဲသုံးစားပြုလုပ်သော အခွင့်အရေးရရှိသူသည် ထိုကဲ့သို့ အလွဲသုံးစားပြုလုပ်ခြင်းကြောင့် နစ်နာမှုအတွက် မှားယွင်းစွာ ဟန့်တားခံရသည့် တရားပြိုင်အား လျော်ကြေးပေးဆောင်ရန် တာဝန်ရှိသည်။ ထို့ပြင် တရားရုံးသည် တရားပြိုင်၏ ကျသင့်သော ရှေ့နေစရိတ်အပါအဝင်ဖြစ်သော တရားစရိတ်နှင့် အခြားကုန်ကျစရိတ်များအား အခွင့်အရေးရရှိသူက ပေးဆောင်ရန် အမိန့်ချမှတ်နိုင်သည်။

၇၁။ (က) တရားရုံးသည် တစ်ဖက်ဖော်ပြပါ အခြေအနေများတွင် တရားမကျင့်ထုံးဥပဒေပါ ပြဋ္ဌာန်းချက်များကို မထိခိုက်စေဘဲ အချို့သောကိစ္စရပ်များတွင် လျှို့ဝှက်သတင်း အချက်အလက်များအား အကာအကွယ်ပေးလျက် သက်သေခံအထောက်အထားများကို တရားပြိုင်မှတင်ပြရန် အမိန့်ချမှတ်နိုင်သည်-

(၁) အခွင့်အရေးရရှိသူက ၎င်း၏တောင်းဆိုချက်များကို လုံလောက်စွာ အထောက်အကူပြုနိုင်မည့် ခိုင်လုံသော သက်သေခံအထောက်အထားကို တင်ပြထားသောအခါ၊

(၂) အခွင့်အရေးရရှိသူက ၎င်း၏တောင်းဆိုချက်များနှင့် ဆီလျော်သည့် ခိုင်လုံသော သက်သေခံအထောက်အထားများသည် တရားပြိုင်၏ လက်ဝယ်တွင်ရှိကြောင်း တိကျစွာဖော်ပြထားသောအခါ။

(ခ) ခိုင်လုံသောအကြောင်းပြချက်မရှိဘဲ မိမိသဘောဆန္ဒအလျောက် ထိပါးချိုးဖောက်မှုတွင် တရားရုံးသည် အောက်ပါအခြေအနေများ၌ ထိခိုက်နစ်နာသူနှင့် ထိပါးချိုးဖောက်သူတို့၏ စွပ်စွဲချက်များ သို့မဟုတ် သက်သေခံအထောက်အထားများအရ ကြားနာခွင့်ပေးပြီး ၎င်းတို့၏ အပြန်အလှန် စွပ်စွဲငြင်းဆိုသည့်အချက်များ အပါအဝင် သတင်းအချက်အလက်များအပေါ် အခြေခံ၍ အတည်ပြုခြင်း သို့မဟုတ် ငြင်းဆိုခြင်းစသည့် ပဏာမနှင့် အပြီးသတ်ဆုံးဖြတ်ချက်များကို ချမှတ်နိုင်သည်-

(၁) လိုအပ်သော သတင်းအချက်အလက်များကို ရယူရာတွင် ငြင်းဆိုလျှင်၊

(၂) သင့်လျော်သော အချိန်ကာလအတွင်း လိုအပ်သော သတင်းအချက်အလက်များ မပေးပို့နိုင်လျှင်၊

(၃) အရေးယူဆောင်ရွက်မှုနှင့်စပ်လျဉ်းသော လုပ်ထုံးလုပ်နည်းများကို သိသာစွာဟန့်တားလျှင်။

၇၂။ တရားရုံးသည် ဤဥပဒေအရ တရားစွဲဆိုတင်ပို့သော ပြစ်မှုတစ်ရပ်ရပ်တွင် ငွေဒဏ်ချမှတ်ခဲ့ပါက ယင်းချမှတ်သော ငွေဒဏ်အားလုံးကိုသော်လည်းကောင်း၊ တစ်စိတ်တစ်ဒေသကိုသော်လည်းကောင်း နစ်နာကြေးအဖြစ် နစ်နာသူအားပေးစေရန် အမိန့်ချမှတ်နိုင်သည်။

၇၃။ တရားစွဲဆိုရန် အကြောင်းတစ်ရပ်တည်းကို အခြေပြု၍ ပြစ်မှုကြောင်းနှင့် တရားမကြောင်း နှစ်ရပ်လုံးဖြင့်စွဲဆိုပါက တရားရုံးသည် တရားမမှုတွင် ထိခိုက်နစ်နာမှုအတွက် နစ်နာကြေးပေးစေရန် စီရင်ချက်၊ အမိန့်နှင့် ဒီကရီချမှတ်သည့်အခါ ပုဒ်မ ၇၂ အရ ချမှတ်သည့် ငွေဒဏ်မှ နစ်နာကြေးအဖြစ် ပေးခဲ့သောငွေကြေးကို ထည့်သွင်းခုနှိမ်ပေးရမည်။

၇၄။ တရားရုံးသည် မူပိုင်ခွင့်ပိုင်ရှင် သို့မဟုတ် အခွင့်အရေးရရှိသူအား မူပိုင်ခွင့်နှင့် စပ်လျဉ်း၍ ချိုးဖောက်သော ပစ္စည်းများကို ဖြန့်ဖြူးခြင်း သို့မဟုတ် ထုတ်လုပ်ခြင်းတွင် ပါဝင်ပတ်သက်သော အခြားသူများမှာ မည်သူမည်ဝါဖြစ်ကြောင်း အသိပေးစေရန် ချိုးဖောက်သူကို အမိန့်ချမှတ်နိုင်သည်။

၇၅။ မူပိုင်ခွင့်ချိုးဖောက်ခြင်းအတွက် တရားရုံးသည် ယာယီအရေးယူဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ အမိန့်ချမှတ်ရာ၌ ဤဥပဒေတွင် အတိအလင်း ပြဋ္ဌာန်းထားခြင်းမရှိလျှင် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေနှင့် တရားမကျင့်ထုံး ဥပဒေတို့ပါ ပြဋ္ဌာန်းချက်များကို ကျင့်သုံးဆောင်ရွက်နိုင်သည်။

**အခန်း (၂၀)**

**ပြစ်မှုနှင့် ပြစ်ဒဏ်**

၇၆။ (က) သက်ဆိုင်ရာပုဂ္ဂိုလ်၏ ကိုယ်ပိုင်သုံးရန်နှင့် အိမ်တွင်းအသုံးပြုရန် ဆောင်ရွက်ခြင်းမှအပ အောက်ပါအပြုအမူတစ်ရပ်ရပ်ကို အခွင့်အရေးရရှိသူ၏ သဘောတူခွင့်ပြုချက်မပါဘဲ ပြုလုပ်ပါက ဤဥပဒေပါ ပြဋ္ဌာန်းချက်များအား ချိုးဖောက်သည်မည်၏-

(၁) မူပိုင်ခွင့်အကာအကွယ်ပေးခြင်းခံရသည့် လက်ရာကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ မိတ္တူပွားခြင်း၊

(၂) မူပိုင်ခွင့်ချိုးဖောက်ထားသောပစ္စည်းကို လက်ဝယ်ပိုင်ဆိုင်ခြင်း သို့မဟုတ် ရောင်းဝယ်ဖောက်ကားခြင်း၊

(၃) မူပိုင်ခွင့်ချိုးဖောက်ထားသော ပစ္စည်းများထုတ်လုပ်ရာတွင် သို့မဟုတ် ထုတ်လုပ်ရန် အဓိကအသုံးပြုလျက်ရှိသော ပစ္စည်းကိရိယာတန်ဆာပလာ တစ်ခုခုကို လက်ဝယ်ပိုင်ဆိုင်ခြင်း၊

(၄) မူပိုင်ခွင့်ချိုးဖောက်ထားသော ပစ္စည်းကို မြန်မာနိုင်ငံအတွင်းသို့ တင်သွင်းခြင်း၊

(၅) ပုဒ်မ ၃၇နှင့် ၃၈ ပါ တားမြစ်ထားသော အပြုအမူတစ်ရပ်ရပ်ကို ပြုလုပ်ခြင်း၊

(ခ) ဤဥပဒေနှင့်အညီ မူပိုင်ခွင့်အကာအကွယ်ရရှိသော လက်ရာ၏ မူပိုင်ခွင့်တည်ရှိဆဲကာလအတွင်း သိလျက်နှင့် စီးပွားရေးအလို့ငှာ ချိုးဖောက်သောအပြုအမူကို ကျူးလွန်သည့် မည်သူမဆို ပြစ်မှုကျူးလွန်သည်မည်၏။

(ဂ) ဤပုဒ်မအရ ပြစ်မှုကျူးလွန်သော ပုဂ္ဂိုလ်အား ၃ နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သိန်းငါးဆယ်ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးကိုဖြစ်စေ ချမှတ်နိုင်သည်။

(ဃ) အချို့သောကိစ္စရပ်များတွင် ဤပုဒ်မအရ ပြစ်မှုထင်ရှား စီရင်ခြင်းခံရပါက တရားရုံးသည် မူပိုင်ခွင့်ချိုးဖောက်ထားသော ပစ္စည်းများနှင့် ပြစ်မှုကျူးလွန်ရာတွင် အဓိကအသုံးပြုလျက်ရှိသော ပစ္စည်းကိရိယာတန်ဆာပလာများကိုဖမ်းဆီး၍ အခွင့်အရေးရရှိသူ သို့မဟုတ် တရားစွဲဆိုတင်ပြသူအား နစ်နာကြေး ပေးဆောင်ရန် သို့မဟုတ် ဖျက်ဆီးရန် သို့မဟုတ် ကူးသန်းရောင်းဝယ်ရေး နယ်ပယ်၏ပြင်ပသို့ တစ်နည်းနည်းဖြင့် ဖယ်ရှားရန် အမိန့်ချမှတ်နိုင်သည်။

၇၇။ မည်သူမဆို ပုဒ်မ ၇၆ ပါ ပြုလုပ်မှုတစ်ခုခုကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရပြီးနောက် ယင်းပြစ်မှုကိုကျူးလွန်သည့်နေ့မှ ၅ နှစ်အတွင်း ယခင်ကျူးလွန်ခဲ့သည့် ပြစ်မှုမျိုးကို ထပ်မံကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား အနည်းဆုံး ၃ နှစ်မှ အများဆုံး ၁၀ နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သိန်း တစ်ရာထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးကိုဖြစ်စေ ချမှတ်ရမည်။

၇၈။ မည်သူမဆို ပုဒ်မ ၇၄ ပါ အမိန့်ကို လိုက်နာရန်ပျက်ကွက်လျှင် ထိုသူအား ၁ နှစ်ထက် မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ သို့မဟုတ် ဒဏ်နှစ်ရပ်လုံးကိုဖြစ်စေ ချမှတ်ရမည်။

၇၉။ မည်သူမဆို မူပိုင်ခွင့်မှတ်ပုံတင်စာရင်း၌ မမှန်မကန်ရေးသွင်းခြင်း၊ ပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်း သို့မဟုတ် မှတ်ပုံတင်လက်မှတ်ကို မမှန်မကန်ပြုလုပ်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက ၁ နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးကိုဖြစ်စေ ချမှတ်ရမည်။

၈၀။ မည်သူမဆို ဤဥပဒေပါ ပြစ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ရန် အားထုတ်လျှင်ဖြစ်စေ၊ ပူးပေါင်းကြံစည်၍ ပြစ်မှုမြောက်သောအပြုအမူကို ပြုလုပ်လျှင်ဖြစ်စေ၊ ပြစ်မှုကျူးလွန်ရာ၌ အားပေးကူညီလျှင်ဖြစ်စေ ယင်းပြစ်မှုအတွက် ပြဋ္ဌာန်းထားသည့် ပြစ်ဒဏ်ချမှတ်ခြင်းခံရမည်။

**အခန်း (၂၁)**

**အထွေထွေ**

၈၁။ ဤဥပဒေအရ ပြစ်မှုကြောင်းဖြင့်ဖြစ်စေ၊ တရားမကြောင်းဖြင့်ဖြစ်စေ၊ ပြစ်မှုကြောင်းနှင့် တရားမကြောင်းနှစ်ရပ်လုံးဖြင့်ဖြစ်စေ စွဲဆိုသောအမှုများနှင့်စပ်လျဉ်း၍ အသိဉာဏ်ပစ္စည်း မူပိုင်ခွင့်ဆိုင်ရာတရားရုံး၊ တရားရုံးနှင့် တရားရုံးချုပ်တို့၏ စီရင်ပိုင်ခွင့်အာဏာနှင့် လုပ်ပိုင်ခွင့်များသည် စက်မှုဒီဇိုင်းမူပိုင်ခွင့်ဥပဒေတွင် ပြဋ္ဌာန်းထားသော စီရင်ပိုင်ခွင့်အာဏာနှင့် လုပ်ပိုင်ခွင့်များအတိုင်း ဖြစ်သည်။

၈၂။ ဤဥပဒေအရ မူပိုင်ခွင့်အတွက် အကာအကွယ်ပေးသည့် သက်တမ်းကုန်ဆုံးလျှင် ထိုမူပိုင်ခွင့်သည် အများပြည်သူပိုင်ဟု မှတ်ယူရမည်။ ထိုအများပြည်သူပိုင် မူပိုင်ခွင့်ကို မည်သူမဆို မူလလက်ရာရှင် သို့မဟုတ် မူပိုင်ခွင့်ပိုင်ရှင်၏ ခွင့်ပြုချက်မလိုဘဲ လွတ်လပ်စွာအသုံးပြုနိုင်သော်လည်း အသုံးပြုသူသည် မူလလက်ရာရှင်၏ အမည်နှင့် ဂုဏ်သိက္ခာဆိုင်ရာ အခွင့်အရေးကို ထိခိုက်ခြင်း မရှိစေရ။

၈၃။ ဤဥပဒေဖြင့် ရုပ်သိမ်းသည့် The Burma Copyright Act, 1914 အရ မူပိုင်ခွင့် သက်တမ်းမကုန်ဆုံးသေးသော မူပိုင်ခွင့်သည် ဤဥပဒေတွင် သတ်မှတ်ထားသည့် မူပိုင်ခွင့်သက်တမ်းနှင့်အညီ မူပိုင်ခွင့်ဆိုင်ရာ အခွင့်အရေးများ ဆက်လက်ခံစားခွင့်ရှိရမည်။

၈၄။ ဤဥပဒေအာဏာမတည်မီက ဖျော်ဖြေသူ၊ ဖိုနိုဂရမ် ထုတ်လုပ်သူနှင့် ထုတ်လွှင့်သည့် အဖွဲ့အစည်းများ၏ မူပိုင်ခွင့်နှင့်ဆက်နွှယ်သည့် အခွင့်အရေးသည် ဤဥပဒေ အခန်း(၁၂)တွင် သတ်မှတ်ထားသည့် သက်တမ်းနှင့်အညီ ခံစားခွင့်ရှိရမည်။

၈၅။ ဤဥပဒေပြဋ္ဌာန်းချက်များသည် ဥပဒေအာဏာ စတင်သက်ရောက်မည့်နေ့ရက်မတိုင်မီက စာချုပ်ချုပ်ဆိုခဲ့သော လက်ရာများ၊ ဖျော်ဖြေတင်ဆက်မှုများ၊ ဖိုနိုဂရမ်များနှင့် ထုတ်လွှင့်ခြင်းတို့အတွက် စာချုပ်စာတမ်းအပေါ်တွင် သက်ရောက်မှု မရှိစေရ။

၈၆။ ဤဥပဒေအာဏာသက်ရောက်သည့် နေ့ရက်မတိုင်မီ မူပိုင်ခွင့်ပိုင်ရှင်၏အခွင့်အမိန့်မပါဘဲ ဥပဒေနှင့်အညီပြုလုပ်ထားသော မိတ္တူများကို ဥပဒေအာဏာ သက်ရောက်သည့် နေ့ရက်မှ ၂ နှစ်အတွင်း မူပိုင်ခွင့်ပိုင်ရှင်၏ ခွင့်ပြုချက်မပါဘဲ ပြည်သူလူထုသို့ ဖြန့်ချိခွင့်ပြုနိုင်သည်။

၈၇။ အခြားတည်ဆဲဥပဒေတစ်ရပ်ရပ်တွင် မည်သို့ပင်ပါရှိစေကာမူ ဤဥပဒေပါ မူပိုင်ခွင့်နှင့် စပ်လျဉ်းသည့် ပြစ်မှုတစ်ရပ်ရပ်ကို ဤဥပဒေဖြင့်သာ အရေးယူရမည်။

၈၈။ သက်သေခံအက်ဥပဒေတွင် မည်သို့ပင်ပါရှိစေကာမူ မှတ်ပုံတင်အရာရှိ၏ မှန်ကန်ကြောင်း တာဝန်ခံလက်မှတ်ရေးထိုးပြီး တံဆိပ်ရိုက်နှိပ်ထားသော မူပိုင်ခွင့်လက်မှတ်မိတ္တူ၊ အထောက်အထားနှင့် စာရွက်စာတမ်းများကို သက်ဆိုင်ရာတရားရုံးတွင် သက်သေခံအဖြစ် တင်ပြခွင့်ရှိသည်။

၈၉။ ဤဥပဒေအရ တရားစွဲဆိုတင်ပို့သော ပြစ်မှုတစ်ရပ်ရပ်နှင့်သက်ဆိုင်သည့် သက်သေခံပစ္စည်းသည် တရားရုံးရှေ့မှောက်သို့တင်ပို့ရန် မလွယ်ကူပါက ယင်းသက်သေခံပစ္စည်းကို တရားရုံးရှေ့မှောက်သို့ တင်ပို့ခြင်းမပြုဘဲ မည်ကဲ့သို့ ထိန်းသိမ်းထားကြောင်း အစီရင်ခံစာ သို့မဟုတ် သက်ဆိုင်ရာ အခြားစာရွက်စာတမ်း အထောက်အထားများဖြင့် တင်ပြနိုင်သည်။ ယင်းသို့တင်ပြခြင်းကို တရားရုံးရှေ့မှောက်သို့ သက်သေခံပစ္စည်းတင်ပြဘိသကဲ့သို့ မှတ်ယူကာ သက်ဆိုင်ရာတရားရုံးက ဤဥပဒေနှင့်အညီ စီမံခန့်ခွဲသည့် အမိန့်ချမှတ်ရမည်။

၉၀။ တာဝန်ခံဝန်ကြီးဌာနသည် မူပိုင်ခွင့်နှင့်စပ်လျဉ်း၍ ဤဥပဒေအာဏာတည်ပြီးနောက် အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာ ကွန်ဗင်းရှင်းများ၊ စာချုပ်များနှင့် သဘောတူညီချက်များကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံက အဖွဲ့ဝင်အဖြစ် လက်ခံသည့်အခါ ထိုကွန်ဗင်းရှင်းများ၊ စာချုပ်များနှင့် သဘောတူညီချက်များပါ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံက အကောင်အထည်ဖော်ဆောင်ရွက်ရန် တာဝန်ရှိသော ပြဋ္ဌာန်းချက်များကို ပြည်ထောင်စုအစိုးရ၏ သဘောတူညီချက်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နိုင်သည်။

၉၁။ ပုဒ်မ ၁၂ ပုဒ်မခွဲ(က)တွင် မည်သို့ပင်ပါရှိစေကာမူ စာပေအနုပညာလက်ရာကို ပြည်သူလူထု၏ လုံခြုံရေးနှင့် အုပ်ချုပ်ရေး၊ ဥပဒေပြုရေး သို့မဟုတ် တရားစီရင်ရေးဆိုင်ရာ စာအုပ်စာတမ်းများ သို့မဟုတ် သင့်လျော်သော ဆောင်ရွက်ချက်များအတွက် အသုံးပြုနိုင်သည်။

၉၂။ ဤဥပဒေပါ ပြစ်မှုများကို ရဲအရေးယူပိုင်ခွင့်ရှိသောပြစ်မှုများဟု သတ်မှတ်ရမည်။

၉၃။ နိုင်ငံတော်၌ လက်ရှိအသက်ဝင်ကျင့်သုံးနေသော အသိဉာဏ်ပစ္စည်းဆိုင်ရာ ဥပဒေ သို့မဟုတ် နှီးနွှောဆက်စပ်ရာ ဥပဒေ၊ အမိန့်၊ ညွှန်ကြားချက်များသည် နောက်ထပ် အသစ်ထုတ်ပြန်ပြင်ဆင်ခြင်းမရှိသမျှ ဆက်လက်အတည်ဖြစ်စေရမည်။

၉၄။ မူပိုင်ခွင့်အခွင့်အရေးအငြင်းပွားသူပုဂ္ဂိုလ်များအကြား ပေါ်ပေါက်လာသည့် အငြင်းပွားမှုများကို တရားရေးအရဖြစ်စေ၊ နှစ်ဦးနှစ်ဖက်ညှိနှိုင်း၍ ချစ်ကြည်ရင်းနှီးစွာဖြေရှင်းသည့် နည်းလမ်းဖြင့်ဖြစ်စေ ဖြေရှင်းနိုင်သည်။

၉၅။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်-

(က) တာဝန်ခံဝန်ကြီးဌာနသည် နည်းဥပဒေနှင့် စည်းမျဉ်း၊ စည်းကမ်းများကို ပြည်ထောင်စုအစိုးရ၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) တာဝန်ခံဝန်ကြီးဌာန၊ သက်ဆိုင်ရာဝန်ကြီးဌာနများ၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်တို့သည် အမိန့်ကြော်ငြာစာ၊ အမိန့်နှင့် ညွှန်ကြားချက်များကိုလည်းကောင်း၊ အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ရုံးသည် အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကိုလည်းကောင်း ထုတ်ပြန်နိုင်သည်။

၉၆။ The Burma Copyright Act, 1914 ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

*စာမျက်နှာ (၄) မှ*

(ဆ) **အစားထိုးကုသခြင်း** ဆိုသည်မှာ အကြောင်းတစ်ရပ်ရပ်ကြောင့် ကိုယ်အင်္ဂါအစိတ်အပိုင်းတစ်ခုခု ပျက်စီးဆုံးရှုံးရသူ၏ ပျက်စီးဆုံးရှုံးသွားသော ကိုယ်အင်္ဂါအစိတ်အပိုင်းကို ကိုယ်အင်္ဂါအစိတ်အပိုင်းလှူဒါန်းသူ၏ ကိုယ်အင်္ဂါအစိတ်အပိုင်းဖြင့် **အစားထိုးရန် ခွဲစိတ်ခြင်းဖြင့်သော်လည်းကောင်း**၊ အခြားတစ်နည်းနည်းဖြင့် သော်လည်းကောင်း ကုသခြင်းကိုဆိုသည်။

(ဇ) **လက်ခံရေးဌာန** ဆိုသည်မှာ ကိုယ်အင်္ဂါအစိတ်အပိုင်းလှူဒါန်းသူ၏ ကိုယ်အင်္ဂါအစိတ်အပိုင်းများကို သတ်မှတ်ချက်နှင့်အညီ **အရည်အသွေးစစ်ဆေး၍** လက်ခံခြင်း၊ သိုလှောင်ခြင်းနှင့် ထုတ်ပေးခြင်းပြုသည့်ဌာနကို ဆိုသည်။

(ဈ) **အသိအမှတ်ပြုလွှာ** ဆိုသည်မှာ ကိုယ်အင်္ဂါအစိတ်အပိုင်းလှူဒါန်းသူအား လက်ခံရေးဌာနက ထုတ်ပေးသည့် ကိုယ်အင်္ဂါအစိတ်အပိုင်း လှူဒါန်းခြင်းဆိုင်ရာ အသိအမှတ်ပြုလက်မှတ်ကို ဆိုသည်။

(ည) **ကိုယ်အင်္ဂါအစိတ်အပိုင်းထုတ်ယူခွင့်ရှိသူ** ဆိုသည်မှာ ကိုယ်အင်္ဂါအစိတ်အပိုင်းလှူဒါန်းသူထံမှ ကိုယ်အင်္ဂါအစိတ်အပိုင်းကို ထုတ်ယူရန် **ကျန်းမာရေးဝန်ကြီးဌာနက အခွင့်အာဏာအပ်နှင်းခြင်းခံရသူကို** ဆိုသည်။

(ဋ) **ကိုယ်အင်္ဂါအစိတ်အပိုင်းထုတ်ယူခြင်း** ဆိုသည်မှာ ကိုယ်အင်္ဂါအစိတ်အပိုင်းထုတ်ယူခွင့်ရှိသူက သတ်မှတ်ချက်များနှင့်အညီ ထုတ်ယူခြင်းကို ဆိုသည်။

(ဌ) **ကော်မတီ** ဆိုသည်မှာ ဤဥပဒေပုဒ်မ ၄ အရ ဖွဲ့စည်းသည့် ကိုယ်အင်္ဂါအစိတ်အပိုင်း လှူဒါန်းခြင်းဆိုင်ရာ ကြီးကြပ်မှုကော်မတီကို ဆိုသည်။

**အခန်း (၂)**

**ရည်ရွယ်ချက်များ**

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ကိုယ်အင်္ဂါအစိတ်အပိုင်းအစားထိုးကုသမှုကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နိုင်ခြင်းဖြင့် ကိုယ်အင်္ဂါအစိတ်အပိုင်း အစားထိုးကုသမှုခံယူရမည့်သူများ၏ အသက်ကို ကယ်တင်နိုင်ရန်၊

(ခ) ကိုယ်အင်္ဂါအစိတ်အပိုင်းချို့ယွင်း၍ မသန်မစွမ်းဖြစ်သူများအား ကိုယ်အင်္ဂါအစိတ်အပိုင်း အစားထိုးကုသပေးနိုင်ခြင်းဖြင့် ပြန်လည်သန်စွမ်းလာစေရန်၊

(ဂ) ကိုယ်အင်္ဂါအစိတ်အပိုင်း အစားထိုးကုသရေးလုပ်ငန်းများနှင့် သက်ဆိုင်သော သုတေသနလုပ်ငန်းနှင့် ပညာသင်ကြားရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန်၊

(ဃ) ကိုယ်အင်္ဂါအစိတ်အပိုင်းလှူဒါန်းသူများ တိုးပွားလာစေရေးအတွက် ဆောင်ရွက်နိုင်ရန်၊

(င) ကိုယ်အင်္ဂါအစိတ်အပိုင်း အစားထိုးကုသရေးတွင် အစိုးရဌာန၊ အဖွဲ့အစည်းများ၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၊ ပြည်တွင်းပြည်ပမှ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ ကုမ္ပဏီများ၊ ပုဂ္ဂိုလ်များ၏ အကူအညီရယူ၍ ပူးပေါင်းဆောင်ရွက်နိုင်ရန်။

**အခန်း (၃)**

**ကော်မတီဖွဲ့စည်းခြင်းနှင့် ယင်းကော်မတီ၏ လုပ်ငန်းတာဝန်များ**

၄။ ပြည်ထောင်စုအစိုးရအဖွဲ့သည်-

(က) ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက တာဝန်ပေးအပ်သူက အတွင်းရေးမှူးအဖြစ်လည်းကောင်း၊ သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်းများ၏ အကြီးအကဲနှင့် ကိုယ်စားလှယ် (၅) ဦး၊ သင့်လျော်သော ကျွမ်းကျင်သူပညာရှင် (၁၇) ဦးတို့က အဖွဲ့ဝင်များအဖြစ်လည်းကောင်း ပါဝင်သော ကိုယ်အင်္ဂါအစိတ်အပိုင်းလှူဒါန်းခြင်းဆိုင်ရာ ကြီးကြပ်မှုကော်မတီကို ဖွဲ့စည်းရမည်။

(ခ) ပုဒ်မခွဲ (က) အရ ဖွဲ့စည်းရာတွင် လိုအပ်ပါက အဖွဲ့ဝင်များအနက်မှ သင့်လျော်သည့် ပုဂ္ဂိုလ်များကို ဒုတိယဥက္ကဋ္ဌနှင့် တွဲဖက်အတွင်းရေးမှူးများအဖြစ် သတ်မှတ်တာဝန်ပေးအပ်နိုင်သည်။

၅။ ကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ကိုယ်အင်္ဂါအစိတ်အပိုင်း လှူဒါန်းခြင်းဆိုင်ရာလုပ်ငန်းများကို ထိရောက်အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် မူဝါဒများ ချမှတ်ခြင်း၊

(ခ) ကိုယ်အင်္ဂါအစိတ်အပိုင်းလှူဒါန်းသူများ တိုးတက်များပြားလာရေးအတွက် ပညာပေးအစီအစဉ်များ ချမှတ်လမ်းညွှန်ခြင်း၊

(ဂ) ကိုယ်အင်္ဂါအစိတ်အပိုင်း၏ အရည်အသွေးစစ်ဆေးခြင်း၊ ကိုယ်အင်္ဂါအစိတ်အပိုင်း ထုတ်ယူခြင်း၊ သိုလှောင်ခြင်းနှင့် ထုတ်ပေးခြင်းပြုရာတွင် လိုက်နာရမည့်အချက်များကို လိုက်နာဆောင်ရွက်ရေးအတွက် ကြီးကြပ်ကွပ်ကဲခြင်း၊

(ဃ) အစားထိုးကုသမှုဆိုင်ရာ နည်းပညာတိုးတက်မြင့်မားရေးအတွက် သုတေသနလုပ်ငန်းများ မြှင့်တင်ရန်နှင့် ခေတ်မီနည်းပညာများ သင်ကြားလေ့ကျင့်နိုင်ရန် စီမံချက်များရေးဆွဲခြင်းနှင့် ယင်းစီမံချက်နှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်ရန် လမ်းညွှန်ခြင်းနှင့် ကြီးကြပ်ခြင်း၊

(င) အစားထိုးကုသမှုနှင့် သုတေသနလုပ်ငန်းတို့နှင့်စပ်လျဉ်း၍ ကျွမ်းကျင်သူများ၊ ပညာရှင်များ မွေးထုတ်နိုင်ရေးအတွက် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၊ ပညာရှင်များနှင့် ဆက်သွယ်ညှိနှိုင်းဆောင်ရွက်ခြင်း၊

(စ) ကိုယ်အင်္ဂါအစိတ်အပိုင်း လှူဒါန်းခြင်းဆိုင်ရာလုပ်ငန်းများကို ကြီးကြပ်ခြင်းနှင့် လမ်းညွှန်ခြင်း၊

(ဆ) ကိုယ်အင်္ဂါအစိတ်အပိုင်းများကို ပြည်ပသို့တင်ပို့ခြင်းနှင့် ပြည်တွင်းသို့ တင်သွင်းခြင်းဆိုင်ရာ စည်းကမ်းများသတ်မှတ်ခြင်း၊

(ဇ) အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ ပြည်တွင်း ပြည်ပမှ အစိုးရအဖွဲ့မဟုတ်သော အဖွဲ့အစည်းများ၊ ပုဂ္ဂိုလ်များနှင့် ကုမ္ပဏီများကပေးအပ်သော အကူအညီကိုလည်းကောင်း၊ အလှူငွေနှင့် ပစ္စည်းတို့ကိုလည်းကောင်း လက်ခံရယူခြင်း၊ စနစ်တကျထိန်းသိမ်းခြင်းနှင့် ခွဲဝေသုံးစွဲခြင်းကို ခွင့်ပြုခြင်းနှင့် ကြီးကြပ်ခြင်း၊

(ဈ) လက်ခံရေးဌာနထားရှိရန်လိုအပ်သော ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း (သို့မဟုတ်) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများကို စိစစ်ရွေးချယ်၍ လက်ခံရေးဌာနထားရှိရေးအတွက် သက်ဆိုင်ရာဌာနအား ညွှန်ကြားခြင်း၊

(ည) ဤဥပဒေအရ ဖွဲ့စည်းရန်သတ်မှတ်သော အရည်အသွေး စစ်ဆေးရေးအဖွဲ့အပြင် အခြားကျွမ်းကျင်မှုဆိုင်ရာ လုပ်ငန်းအဖွဲ့များကို လိုအပ်သလိုဖွဲ့စည်းပြီး ယင်းတို့၏ လုပ်ငန်းတာဝန်များကို သတ်မှတ်ပေးခြင်း။

**အခန်း (၄)**

**ကိုယ်အင်္ဂါအစိတ်အပိုင်း လှူဒါန်းခြင်း**

၆။ ကိုယ်အင်္ဂါအစိတ်အပိုင်း လှူဒါန်းသူသည် သက်ဆိုင်ရာလက်ခံရေးဌာနသို့ ဆက်သွယ်၍ လှူဒါန်းနိုင်သည်။

၇။ သေဆုံးသူသည် ပုဒ်မ ၂၊ ပုဒ်မခွဲ(ဂ)၊ ပုဒ်မခွဲငယ်(၂)အရ ကိုယ်အင်္ဂါအစိတ်အပိုင်း လှူဒါန်းသူဖြစ်ကြောင်း သိရှိလျှင်သက်ဆိုင်ရာဆေးရုံ သို့မဟုတ် ဆေးခန်းမှ တာဝန်ရှိသူကလည်းကောင်း၊ သေဆုံးသူ၏ဇနီး၊ ခင်ပွန်း၊ သားသမီး၊ မိဘ သို့မဟုတ် ညီအစ်ကိုမောင်နှမကလည်းကောင်း၊ ဆွေမျိုးသားချင်း တစ်ဦးဦးကလည်းကောင်း အနီးဆုံးလက်ခံရေးဌာနသို့ အမြန်ဆုံးအကြောင်းကြားရမည်။

၈။ လက်ခံရေးဌာနသည်

(က) ကိုယ်အင်္ဂါအစိတ်အပိုင်းလှူဒါန်းသူက ပုဒ်မ ၆ အရ ဆက်သွယ်လှူဒါန်းခြင်းကို သတ်မှတ်ချက်များနှင့်အညီ လက်ခံရမည်။

(ခ) ကိုယ်အင်္ဂါအစိတ်အပိုင်း လှူဒါန်းခြင်းကို လက်ခံရရှိသည့်အခါ သတ်မှတ်ထားသည့် ကိုယ်အင်္ဂါအစိတ်အပိုင်း လှူဒါန်းသူများ မှတ်ပုံတင်စာအုပ်တွင် ကိုယ်အင်္ဂါအစိတ်အပိုင်း လှူဒါန်းသူ၏ အမည်ကို စာရင်းရေးသွင်း မှတ်တမ်းတင်ရမည်။

(ဂ) ကိုယ်အင်္ဂါအစိတ်အပိုင်း လှူဒါန်းသူအား အသိအမှတ်ပြုလွှာ ထုတ်ပေးရမည်။

၉။ ကိုယ်အင်္ဂါအစိတ်အပိုင်း လှူဒါန်းသူသည် ပုဒ်မ ၈၊ ပုဒ်မခွဲ (ဂ)အရ ထုတ်ပေးသော အသိအမှတ်ပြုလွှာကို ပြန်လည်အပ်နှံပြီး ကိုယ်အင်္ဂါအစိတ်အပိုင်း လှူဒါန်းခြင်းစာရင်းမှ ပယ်ဖျက်ပေးရန် သက်ဆိုင်ရာလက်ခံရေးဌာနသို့ အကြောင်းကြားခွင့်ရှိသည်။

၁၀။ ပုဒ်မ ၉ အရ ကိုယ်အင်္ဂါအစိတ်အပိုင်းလှူဒါန်းသူ၏ အကြောင်းကြားချက်ကို လက်ခံရရှိလျှင် လက်ခံရေးဌာနသည် ယင်းကိုယ်အင်္ဂါအစိတ်အပိုင်း လှူဒါန်းသူ၏ အမည်ကို ကိုယ်အင်္ဂါအစိတ်အပိုင်း လှူဒါန်းသူများ မှတ်ပုံတင်စာရင်းမှ ပယ်ဖျက်ရမည်။

၁၁။ ပုဒ်မ ၇ အရ အကြောင်းကြားချက်ကို ရရှိလျှင် လက်ခံရေးဌာနသည် ကိုယ်အင်္ဂါအစိတ်အပိုင်းကို သတ်မှတ်ထားသည့် အချိန်ကာလအတွင်း ထုတ်ယူနိုင်ရေးအတွက် ကိုယ်အင်္ဂါအစိတ်အပိုင်း ထုတ်ယူခွင့်ရှိသူထံ အချိန်မီရောက်ရှိရန် စီစဉ်ဆောင်ရွက်ရမည်။

**အခန်း (၅)**

**ကိုယ်အင်္ဂါအစိတ်အပိုင်း ထုတ်ယူခြင်း**

၁၂။ ကိုယ်အင်္ဂါအစိတ်အပိုင်း ထုတ်ယူခွင့်ရှိသူသည်-

(က) ကိုယ်အင်္ဂါအစိတ်အပိုင်းလှူဒါန်းသူက လှူဒါန်းသော ကိုယ်အင်္ဂါအစိတ်အပိုင်းကို ထုတ်ယူနိုင်သည်။

(ခ) ပုဒ်မခွဲ (က) အရ ထုတ်ယူသော ကိုယ်အင်္ဂါအစိတ်အပိုင်းကို လိုအပ်သလိုဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာ လက်ခံရေးဌာနသို့ စနစ်တကျလွှဲပြောင်းပေးရမည်။

(ဂ) လိုအပ်ပါက မှုခင်းဆရာဝန်က ရင်ခွဲစစ်ဆေးလျက်ရှိသော မှုခင်းဖြစ်ရပ်တစ်ခုခုကြောင့် သေဆုံးသူထံမှ သတ်မှတ်အရည်အသွေးနှင့် ပြည့်စုံသော ကိုယ်အင်္ဂါအစိတ်အပိုင်းကို ကျန်ရစ်သူဇနီး၊ ခင်ပွန်း၊ သားသမီး၊ မိဘ၊ ညီအစ်ကိုမောင်နှမ သို့မဟုတ် ဆွေမျိုးသားချင်းတစ်ဦးဦးထံမှ ဦးစားပေးအစီအစဉ်အတိုင်း တောင်းဆိုခွင့်ရှိသည်။

(ဃ) ပုဒ်မ ၁၁ အရ လက်ခံရေးဌာနက အချိန်မီသယ်ယူလာသော ကိုယ်အင်္ဂါအစိတ်အပိုင်းလှူဒါန်းသူ၏ ကိုယ်အင်္ဂါအစိတ်အပိုင်း ထုတ်ယူခြင်းကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ရမည်။

၁၃။ မှုခင်းဆရာဝန်သည် ပုဒ်မ ၁၂၊ ပုဒ်မခွဲ(ဂ)အရ ကိုယ်အင်္ဂါအစိတ်အပိုင်း ထုတ်ယူခွင့်ရှိသူက တောင်းဆိုသော ကိုယ်အင်္ဂါအစိတ်အပိုင်းကို အောက်ပါအကြောင်းတစ်ရပ်ရပ်တည်ရှိနေပါက ပေးအပ်ရန် ငြင်းဆိုနိုင်သည်-

(က) သေဆုံးသူက ယင်းမသေဆုံးမီ မိမိ၏ ကိုယ်အင်္ဂါအစိတ်အပိုင်းကို လှူဒါန်းရန် ဆန္ဒမရှိကြောင်း စာဖြင့်ရေးသားထားခဲ့ခြင်း၊

(ခ) ရာဇဝတ်မှုခင်းဆိုင်ရာ လူနာဖြစ်ကာ ရင်ခွဲစစ်ဆေးမှုဆောင်ရွက်နေဆဲဖြစ်ခြင်း၊

(ဂ) ကျန်ရစ်သူ ဇနီး၊ ခင်ပွန်း၊ သားသမီး၊ မိဘ၊ ညီအစ်ကိုမောင်နှမ သို့မဟုတ် ဆွေမျိုးသားချင်းတစ်ဦးဦးက ကန့်ကွက်ခြင်း၊

**အခန်း (၆)**

**အရည်အသွေး စစ်ဆေးခြင်း၊ သိုလှောင်ခြင်းနှင့် ထုတ်ပေးခြင်း**

၁၄။ ကော်မတီသည် ကိုယ်အင်္ဂါအစိတ်အပိုင်း အရည်အသွေး စစ်ဆေးရေးအဖွဲ့ကို သင့်လျော်သည့် ကျွမ်းကျင်သောပညာရှင်များဖြင့် ဖွဲ့စည်းပြီး တာဝန်နှင့်လုပ်ပိုင်ခွင့်များ သတ်မှတ်ရမည်။

၁၅။ ကိုယ်အင်္ဂါအစိတ်အပိုင်း ထုတ်ယူခွင့်ရှိသူက ကိုယ်အင်္ဂါအစိတ်အပိုင်း လှူဒါန်းသူထံမှ ထုတ်ယူရရှိသော ကိုယ်အင်္ဂါအစိတ်အပိုင်းကို အစားထိုးကုသခြင်း ပြုလုပ်ရာတွင် အရည်အသွေးပြည်မီရေးအတွက် အရည်အသွေးစစ်ဆေးရေးအဖွဲ့က သတ်မှတ်ချက်နှင့်ညီညွတ်မှု ရှိ/မရှိ စစ်ဆေးပြီး အရည်အသွေးပြည့်မီသော ကိုယ်အင်္ဂါအစိတ်အပိုင်းများကို သိုလှောင်ခြင်းပြုရန် သက်ဆိုင်ရာလက်ခံရေးဌာနသို့ ပေးပို့ရမည်။

၁၆။ လက်ခံရေးဌာနသည် သိုလှောင်ခြင်းပြုရန် ရောက်ရှိလာသည့် ကိုယ်အင်္ဂါအစိတ်အပိုင်းများကို သတ်မှတ်ချက်များနှင့်အညီ သိုလှောင်ခြင်းပြုရမည်။

၁၇။ အစားထိုးကုသခြင်းပြုရန် လိုအပ်၍ ကိုယ်အင်္ဂါအစိတ်အပိုင်းများကို သတ်မှတ်သည့် နည်းလမ်းနှင့်အညီ တောင်းခံလာသည့်အခါ လက်ခံရေးဌာနက လိုအပ်သည့် ကိုယ်အင်္ဂါအစိတ်အပိုင်းများကို စိစစ်၍ အရည်အသွေးစစ်ဆေးရေးအဖွဲ့၏ အတည်ပြုချက်ဖြင့် ထုတ်ပေးရမည်။

၁၈။ လက်ခံရေးဌာနသည် အစားထိုးကုသခြင်းတွင် အသုံးပြုနိုင်ခြင်းမရှိသည့် ကိုယ်အင်္ဂါအစိတ်အပိုင်းများကို ပညာသင်ကြားရာတွင်ဖြစ်စေ၊ သုတေသနပြုရန်ဖြစ်စေ သတ်မှတ်သည့် နည်းလမ်းနှင့်အညီ ထုတ်ပေးရမည်။

**အခန်း (၇)**

**တားမြစ်ချက်များ**

၁၉။ မည်သူမျှ ကိုယ်အင်္ဂါအစိတ်အပိုင်းကို ကော်မတီ၏သတ်မှတ်သော စည်းကမ်းချက်များနှင့်အညီ မှတစ်ပါး **အခြားမည်သည့်အကြောင်းနှင့်မျှ လွှဲပြောင်းခြင်း၊ ရောင်းချခြင်း သို့မဟုတ် ဝယ်ယူခြင်းမပြုရ။**

၂၀။ မည်သူမျှ ကိုယ်အင်္ဂါအစိတ်အပိုင်း လှူဒါန်းခြင်းပြုရန် မရိုးမဖြောင့်သော သဘောဖြင့် သွေးဆောင်ခြင်း၊ ခြိမ်းခြောက်ခြင်း၊ အနိုင်အထက်ပြုခြင်း သို့မဟုတ် မတရားသြဇာလွှမ်းမိုးခြင်းပြု၍ ကိုယ်အင်္ဂါအစိတ်အပိုင်းကို လှူဒါန်းစေခြင်း မပြုရ။

၂၁။ မည်သူမျှကိုယ်အင်္ဂါအစိတ်အပိုင်းကို လှူဒါန်းခြင်းမပြုသူထံမှ ကိုယ်အင်္ဂါအစိတ်အပိုင်းတစ်ခုခုကို ထုတ်ယူခြင်း၊ ယင်းသို့ထုတ်ယူရန် မရိုးမဖြောင့်သော သဘောဖြင့် တိုက်တွန်းခြင်း၊ လှုံ့ဆော်ခြင်း မပြုရ။

၂၂။ မည်သူမျှကိုယ်အင်္ဂါအစိတ်အပိုင်း လှူဒါန်းသူက လှူဒါန်းသော ကိုယ်အင်္ဂါအစိတ်အပိုင်းမှတစ်ပါး အခြားကိုယ်အင်္ဂါအစိတ်အပိုင်းတစ်ခုခုကို ထိုသူ၏ သဘောတူညီချက်မရရှိဘဲ ထုတ်ယူခြင်း၊ ယင်းသို့ ထုတ်ယူရန် တိုက်တွန်းခြင်း၊ လှုံ့ဆော်ခြင်း မပြုရ။

၂၃။ မည်သူမျှ ကိုယ်အင်္ဂါအစိတ်အပိုင်း လှူဒါန်းသူများ မှတ်ပုံတင်စာရင်းပါ ရေးသွင်းထားချက်များကို မရိုးမဖြောင့်သောသဘောဖြင့် ဖြည့်စွက်ခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းဖြစ်စေ ယင်းသို့ ဖြည့်စွက်ခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းပြုရန် လိမ်လည်လှည့်ဖျားခြင်းဖြစ်စေ မပြုရ။

၂၄။ မည်သူမျှ ပုဒ်မ ၁၉ မှ ၂၃ အထိပါ ပြစ်မှုများကို ကျူးလွန်ရန် အားပေးကူညီခြင်း မပြုရ။

**အခန်း ၈**

**ပြစ်မှုနှင့် ပြစ်ဒဏ်များ**

၂၅။ မည်သူမဆို ပုဒ်မ ၁၉ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး တစ်နှစ်မှ အများဆုံး သုံးနှစ်အထိ ထောင်ဒဏ်ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်ရမည်။

၂၆။ မည်သူမဆို ပုဒ်မ ၂၀၊ ၂၁ နှင့် ၂၂ တို့ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ခြောက်လမှ အများဆုံး သုံးနှစ်အထိ ထောင်ဒဏ်ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်ရမည်။

၂၇။ မည်သူမဆို ပုဒ်မ ၂၃ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို နှစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ် တစ်သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ ချမှတ်ရမည်။

၂၈။ မည်သူမဆို ပုဒ်မ ၂၄ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သုံးနှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ် နှစ်သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေချမှတ်ရမည်။

**အခန်း (၉)**

**အထွေထွေ**

၂၉။ ကိုယ်အင်္ဂါအစိတ်အပိုင်းတစ်ခုဖြစ်သော မျက်စိလှူဒါန်းခြင်းနှင့် စပ်လျဉ်း၍ မျက်စိလှူဒါန်းခြင်းဆိုင်ရာ ဥပဒေပါ ပြဋ္ဌာန်းချက်ကိုလည်းကောင်း၊ သွေးလှူဒါန်းခြင်းနှင့် စပ်လျဉ်း၍ သွေးနှင့် သွေးပစ္စည်းဆိုင်ရာ ဥပဒေပြဋ္ဌာန်းချက်ကိုလည်းကောင်း လိုက်နာဆောင်ရွက်ရမည်။

၃၀။ ကျန်းမာရေးဝန်ကြီးဌာနသည်-

(က) အစိုးရဝန်ထမ်းမဟုတ်သော ကော်မတီဝင်များအတွက် သတ်မှတ်သည့် ချီးမြှင့်ငွေနှင့် ကော်မတီ၏အသုံးစရိတ်များကို ကျခံရမည်။

(ခ) ကော်မတီ၏ ရုံးလုပ်ငန်းများကို တာဝန်ယူဆောင်ရွက်ရမည်။

၃၁။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များအရ သဘောရိုးဖြင့်ဆောင်ရွက်သော တာဝန်ရှိသူတို့အား ပြစ်မှုကြောင်းအရဖြစ်စေ၊ တရားမကျင့်ထုံး ဥပဒေအရဖြစ်စေ တရားစွဲဆိုခွင့် မရှိစေရ။

၃၂။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် -

(က) ကျန်းမာရေးဝန်ကြီးဌာနသည် လိုအပ်ပါက နည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ကော်မတီနှင့် ကျန်းမာရေးဝန်ကြီးဌာနတို့သည် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

၃၃။ ကိုယ်အင်္ဂါအစိတ်အပိုင်း လှူဒါန်းခြင်းဆိုင်ရာဥပဒေ (နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥပဒေအမှတ် ၁/၂၀၀၄)ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

---

# သွေးနှင့် သွေးပစ္စည်းများဆိုင်ရာဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း

**ပြည်သူအများ သိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။**

**သွေးနှင့် သွေးပစ္စည်းများဆိုင်ရာဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း**

(၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ---- ။)

၁၃၇၇ ခုနှစ်၊ --- လ --- ရက်

(၂၀၁၅ ခုနှစ်၊ --- လ --- ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **သွေးနှင့်သွေးပစ္စည်းများဆိုင်ရာဥပဒေကို ပြင်ဆင်သည့် ဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ သွေးနှင့်သွေးပစ္စည်းများဆိုင်ရာဥပဒေ ပုဒ်မ ၂၊ ပုဒ်မခွဲ(ဋ) နှင့် ပုဒ်မ ၁၉ တို့တွင်ပါရှိသော "သွေးဘဏ်ငယ်" ဆိုသည့်စကားရပ်ကို "သွေးဘဏ် သို့မဟုတ် သွေးဘဏ်ငယ်" ဆိုသည့်စကားရပ်ဖြင့် အသီးသီးအစားထိုးရမည်။

၃။ သွေးနှင့် သွေးပစ္စည်းများဆိုင်ရာဥပဒေတွင်-

(က) ပုဒ်မ ၅၊ ပုဒ်မခွဲ(ဌ)နှင့် ပုဒ်မ ၂၉ တို့တွင် ပါရှိသော "နှင့် ကြက်ခြေနီအသင်း" ဆိုသည့် စကားရပ်အသီးသီးကို ပယ်ဖျက်ရမည်။

(ခ) ပုဒ်မ ၅၊ ပုဒ်မခွဲ(ဎ) တွင်ပါရှိသော "ပြည်နယ်၊ တိုင်း" ဆိုသည့် စကားရပ်ကို "နေပြည်တော်ကောင်စီနယ်မြေ၊ တိုင်းဒေသကြီး၊ ပြည်နယ်" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၄။ သွေးနှင့် သွေးပစ္စည်းများဆိုင်ရာဥပဒေ ပုဒ်မ ၁၀ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၁၀။ ပုဂ္ဂလိကသွေးဘဏ် သို့မဟုတ် သွေးဘဏ်ငယ်ကို တည်ထောင်ဖွင့်လှစ်လိုသူသည် လိုင်စင်ရရှိရန် သတ်မှတ်ချက်များနှင့်အညီ ကော်မတီ သို့မဟုတ် ကော်မတီက တာဝန်လွှဲအပ်ခြင်းခံရသော ဌာနသို့ လျှောက်ထားရမည်။"

၅။ သွေးနှင့် သွေးပစ္စည်းများဆိုင်ရာဥပဒေ ပုဒ်မ ၁၁ နှင့် ၁၂ တို့တွင် ပါရှိသော "အဖွဲ့အစည်း သို့မဟုတ်" ဆိုသည့် စကားရပ်ကို ပယ်ဖျက်ရမည်။

# ပိုးသတ်ဆေးဥပဒေကြမ်း

## ပြည်သူအများ သိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။

**ပိုးသတ်ဆေးဥပဒေကြမ်း**

( ၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် --- ။)
၁၃၇၇ ခုနှစ်၊ --- လ၊ --- ရက်
(၂၀၁၅ ခုနှစ်၊ --- လ၊ --- ရက်)

ပြည်ထောင်စုလွှတ်တော်သည်ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

**အခန်း(၁)**
**အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်**

၁။ ဤဥပဒေကို **ပိုးသတ်ဆေးဥပဒေ** ဟုခေါ်တွင်စေရမည်။

၂။ ဥပဒေတွင်ပါရှိသောအောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **ပိုး** ဆိုသည်မှာ သီးနှံ၊ ရိက္ခာ၊ လူ၊ တိရစ္ဆာန်နှင့် အခြားပစ္စည်းများကို နှောင့်ယှက်သော သို့မဟုတ် ဖျက်ဆီးသောပိုးကောင်များ၊ မွှားကောင်များနှင့် အပင်ရောဂါပိုးများကို ဆိုသည်။ ယင်းစကားရပ်တွင် အပင်များကိုနှောင့်ယှက်ဖျက်ဆီးသော ကြွက်၊ ပေါင်း၊ ခရု၊ ပေါင်းပင် စသည်တို့လည်း ပါဝင်သည်။

(ခ) **ပိုးသတ်ဆေး** ဆိုသည်မှာ ပိုးများကိုကာကွယ်နှိမ်နင်းရာတွင် အသုံးပြုသော အဏုဇီဝပိုးသတ်ဆေး၊ ပေါင်းသတ်ဆေး၊ ပိုးများ၏ကြီးထွားမှုကို ထိန်းချုပ်ရန်အသုံးပြုသော ဓာတုပစ္စည်း၊ စိုက်ပျိုးသီးနှံများကြီးထွားစေရန်နှင့် ယင်းသီးနှံများ၏ကြီးထွားမှုကို ထိန်းချုပ်ရန်အသုံးပြုသော ဓာတုပစ္စည်းများပါဝင်သော ဟော်မုန်းဆေး၊ ရွက်ကြွေဆေး၊ ရွက်ခြောက်ဆေး၊ အသီးခြွေဆေး၊ အသီးမရင့်မီ ကြွေကျခြင်းမှကာကွယ်ဆေး၊ မရိတ်သိမ်းမီတွင်ဖြစ်စေ၊ ရိတ်သိမ်းပြီးချိန်တွင်ဖြစ်စေ၊ သိုလှောင်ရာတွင်ဖြစ်စေ၊ သယ်ယူပို့ဆောင်ရာတွင်ဖြစ်စေ၊ သီးနှံမပျက်စီးရေးအတွက်ကာကွယ်သည့် ဓာတုဆေးနှင့် ပိုးသေစေရန်အသုံးပြုသော ဓာတုဆေးများကိုဆိုသည်။

(ဂ) **အဆိပ်ရှိပစ္စည်း**ဆိုသည်မှာ ပိုးသတ်ဆေးတွင်ပါဝင်သော အန္တရာယ်ဖြစ်စေသည့် သို့မဟုတ် အဆိပ်သင့်စေသည့် ဓာတုပစ္စည်းတစ်မျိုးမျိုးကို ဆိုသည်။

(ဃ) **တံဆိပ်** ဆိုသည်မှာ ပိုးသတ်ဆေးထည့်သွင်းထားသည့် ပစ္စည်းတွင်ဖြစ်စေ၊ ထုပ်ပိုးထားသည့် ပစ္စည်းတွင်ဖြစ်စေ ကပ်ထားသော သို့မဟုတ် ချိတ်ဆွဲထားသော ပုံနှိပ်ထားသည့် အညွှန်းစာနှင့် အမှတ်အသားကို ဆိုသည်။

(င) **မှတ်ပုံတင်အဖွဲ့** ဆိုသည်မှာ ဤဥပဒေအရ ဝန်ကြီးဌာနကဖွဲ့စည်းသော ပိုးသတ်ဆေး မှတ်ပုံတင်အဖွဲ့ကို ဆိုသည်။

(စ) **ပိုးသတ်ဆေးနည်းပညာကော်မတီ** ဆိုသည်မှာ ဤဥပဒေအရ မှတ်ပုံတင်အဖွဲ့က ဖွဲ့စည်းသော ကော်မတီကို ဆိုသည်။

(ဆ) **စမ်းသပ်သုံးစွဲခွင့်မှတ်ပုံတင်လက်မှတ်** ဆိုသည်မှာ မှတ်ပုံတင်အဖွဲ့က သတ်မှတ်ထားသည့် နယ်မြေအတွင်း ပိုးသတ်ဆေး၏ထိရောက်မှုကိုလည်းကောင်း၊ စိုက်ပျိုးစနစ်နှင့်သင့်လျော်သည့် သုံးစွဲမှုနည်းလမ်းကိုလည်းကောင်း သတ်မှတ်နိုင်ရန် နှစ်နှစ်ကာလအတွင်း စမ်းသပ်သုံးစွဲခွင့်ပြုကြောင်း ဤဥပဒေအရထုတ်ပေးသော လက်မှတ်ကို ဆိုသည်။

(ဇ) **ယာယီသုံးစွဲခွင့်မှတ်ပုံတင်လက်မှတ်** ဆိုသည်မှာ မှတ်ပုံတင်အဖွဲ့က သီးနှံအလိုက် ပိုးသတ်ဆေးအညွှန်းစာပါအတိုင်း ငါးနှစ်ကာလအတွင်း သုံးစွဲခွင့်ပြုကြောင်း ဤဥပဒေအရထုတ်ပေးသော လက်မှတ်ကို ဆိုသည်။

(ဈ) **အပြည့်အဝသုံးစွဲခွင့်မှတ်ပုံတင်လက်မှတ်** ဆိုသည်မှာ မှတ်ပုံတင်အဖွဲ့က သီးနှံအလိုက် ပိုးသတ်ဆေးအညွှန်းစာပါအတိုင်း ၁၀ နှစ်ကာလအတွင်း သုံးစွဲခွင့်ပြုကြောင်း ဤဥပဒေအရထုတ်ပေးသော လက်မှတ်ကို ဆိုသည်။

(ည) **အထူးသုံးစွဲခွင့်မှတ်ပုံတင်လက်မှတ်** ဆိုသည်မှာ မှတ်ပုံတင်အဖွဲ့က မမျှော်လင့်သောပိုးများ ကျရောက်ခြင်းမှကာကွယ်ရန် သတ်မှတ်ထားသည့်ပိုးသတ်ဆေးကို တစ်နှစ်ကာလအတွင်း အရေးပေါ်သုံးစွဲခွင့်ပြုကြောင်း ဤဥပဒေအရထုတ်ပေးသော လက်မှတ်ကို ဆိုသည်။

(ဋ) **ဝန်ကြီးဌာန** ဆိုသည်မှာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနကို ဆိုသည်။

(ဌ) **ဝန်ကြီး** ဆိုသည်မှာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးကို ဆိုသည်။

(ဍ) **ဦးစီးဌာန** ဆိုသည်မှာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာနကို ဆိုသည်။

(ဎ) **ညွှန်ကြားရေးမှူးချုပ်** ဆိုသည်မှာ စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ကိုဆိုသည်။

(ဏ) **ဦးစီးမှူး** ဆိုသည်မှာ စိုက်ပျိုးရေးဦးစီးဌာန၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်ဦးစီးမှူးတို့ကို ဆိုသည်။

(တ) **စစ်ဆေးရေးမှူး** ဆိုသည်မှာ ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ပိုးသတ်ဆေးသုံးစွဲမှုနှင့် ရောင်းချမှုမှန်မမှန်၊ ပိုးသတ်ဆေးကို အန္တရာယ်ကင်းရှင်းစွာသုံးစွဲခြင်း ရှိမရှိနှင့် ပိုးသတ်ဆေးတွင် ပါဝင်ရမည့် အဆိပ်ရာခိုင်နှုန်း ပြည့်မီခြင်းရှိမရှိတို့ကို စစ်ဆေးနိုင်ရန် ညွှန်ကြားရေးမှူးချုပ်က တာဝန်ပေးအပ်သည့် စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းကိုဆိုသည်။

(ထ) **လိုင်စင်** ဆိုသည်မှာ ဤဥပဒေအရ ပိုးသတ်ဆေးနှင့် စပ်လျဉ်း၍လုပ်ကိုင်ဆောင်ရွက်ရန် ညွှန်ကြားရေးမှူးချုပ် သို့မဟုတ် သက်ဆိုင်ရာ ခရိုင်ဦးစီးမှူးကထုတ်ပေးသော ခွင့်ပြုမိန့်ကို ဆိုသည်။

(ဒ) **ပိုးသတ်ဆေးကိုင်တွယ်သုံးစွဲခွင့်လက်မှတ်ရသူ** ဆိုသည်မှာ အဆိပ်အတောက်ပြင်းထန်သည့် ပိုးသတ်ဆေးကိုသုံးစွဲရာတွင် ကျွမ်းကျင်စွာကိုင်တွယ်သုံးစွဲနိုင်သူဖြစ်ကြောင်း ဦးစီးဌာနက အသိအမှတ်ပြုလက်မှတ်ထုတ်ပေးထားသူကို ဆိုသည်။

**အခန်း(၂)**
**မှတ်ပုံတင်အဖွဲ့ဖွဲ့စည်းခြင်း**

၃။ ဝန်ကြီးဌာနသည်-

(က) လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီးက ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က အတွင်းရေးမှူးအဖြစ်လည်းကောင်း၊ သီးနှံကာကွယ်ရေးဌာနခွဲ ညွှန်ကြားရေးမှူးက တွဲဖက်အတွင်းရေးမှူးအဖြစ် လည်းကောင်း၊ သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများ၏ အကြီးအကဲများနှင့် ကျွမ်းကျင်သူပညာရှင်များက အဖွဲ့ဝင်များအဖြစ်လည်းကောင်း ပါဝင်သောပိုးသတ်ဆေး မှတ်ပုံတင်အဖွဲ့ကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဖွဲ့စည်းရမည်။

(ခ) ပုဒ်မခွဲ(က)အရဖွဲ့စည်းသော မှတ်ပုံတင်အဖွဲ့ကို အခါအားလျော်စွာ ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၄။ မှတ်ပုံတင်အဖွဲ့၏ရုံးလုပ်ငန်းများကို ဦးစီးဌာနက ဆောင်ရွက်ပေးရမည်။

**အခန်း(၃)**
**မှတ်ပုံတင်အဖွဲ့၏တာဝန်နှင့်လုပ်ပိုင်ခွင့်များ**

၅။ မှတ်ပုံတင်အဖွဲ့သည် ပုဒ်မ ၁၄၊ ပုဒ်မခွဲ(က) အရ လျှောက်လွှာနှင့်အတူ ပူးတွဲတင်ပြသည့် ပိုးသတ်ဆေး သို့မဟုတ် အဆိပ်ရှိပစ္စည်းကို အညွှန်းစာပါအတိုင်း အဆိပ်ရှိပစ္စည်းရာခိုင်နှုန်းပြည့်မီစွာ ပါဝင်ခြင်းရှိမရှိ ဓာတ်ခွဲစစ်ဆေးခြင်းနှင့် ပိုးကိုနှိမ်နင်းရာတွင် ထိရောက်မှု ရှိ မရှိ စိုက်ခင်းတွင် လက်တွေ့စမ်းသပ်ခြင်းပြုရန် ဦးစီးဌာနအား ညွှန်ကြားရမည်။

၆။ မှတ်ပုံတင်အဖွဲ့သည် အောက်ပါအချက်တစ်ရပ်ရပ် ပေါ်ပေါက်ကြောင်း တွေ့ရှိသော မှတ်ပုံတင်ခွင့်ရရှိထားသည့် ပိုးသတ်ဆေး သို့မဟုတ် အဆိပ်ရှိပစ္စည်းကို သုံးစွဲခြင်းမပြုရန် တားမြစ်ခြင်း သို့မဟုတ် မှတ်ပုံတင်ကို ပြန်လည်ရုပ်သိမ်းခြင်းပြုနိုင်သည်။

(က) ပြည်ပမှသော်လည်းကောင်း၊ ပြည်တွင်းမှသော်လည်းကောင်း ရရှိသည့် အချက်အလက်များအရ ပိုးသတ်ဆေးသည် လူ၊ တိရစ္ဆာန်၊ သီးနှံနှင့် ပတ်ဝန်းကျင်ကို အန္တရာယ်ဖြစ်စေနိုင်ခြင်း၊

(ခ) ပိုးသတ်ဆေးကို ထပ်မံစစ်ဆေးရာတွင် လျှောက်ထားစဉ်က တင်ပြခဲ့သော ဓာတ်ခွဲစစ်ဆေးထားသည့် အဆိပ်ရာခိုင်နှုန်း ပြည့်မီမှုမရှိကြောင်း သို့မဟုတ် အရည်အသွေးပြည့်မီမှုမရှိကြောင်း စစ်ဆေးတွေ့ရှိခြင်း၊

(ဂ) ပိုးသတ်ဆေး သို့မဟုတ် အဆိပ်ရှိပစ္စည်းထုတ်လုပ်သော ပြည်ပကုမ္ပဏီကဖြစ်စေ၊ ပြည်တွင်းတွင် ပိုးသတ်ဆေး ဖော်စပ်ရောင်းချသူကဖြစ်စေ ဆက်လက်သုံးစွဲခြင်းမပြုရန် အကြောင်းကြားခြင်း။

၇။ မှတ်ပုံတင်အဖွဲ့သည် တရားမဝင်တင်သွင်းသော ပိုးသတ်ဆေး သို့မဟုတ် အဆိပ်ရှိပစ္စည်းကို စစ်ဆေးတွေ့ရှိပါက ဤဥပဒေနှင့်အညီ ဆောင်ရွက်ရမည်။

၈။ မှတ်ပုံတင်အဖွဲ့သည် ပိုးကျရောက်မှုကို ကာကွယ်နှိမ်နင်းနိုင်ရန် ပိုးသတ်ဆေးနှင့်စပ်လျဉ်း၍ ပုဒ်မ ၁၃ ပါ အထူးသုံးစွဲခွင့်မှတ်ပုံတင်လက်မှတ် ထုတ်ပေးနိုင်သည်။

၉။ မှတ်ပုံတင်အဖွဲ့သည် အပြည်ပြည်ဆိုင်ရာ အကြံပြုချက်များအပေါ် အခြေပြု၍ ပိုးသတ်ဆေးများ ဖော်စပ်ထုတ်လုပ်ခြင်း၊ ကိုင်တွယ်သုံးစွဲခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ သိုလှောင်ခြင်း၊ ရောင်းချခြင်းတို့တွင် အန္တရာယ်ကင်းရှင်းရေးအတွက်လည်းကောင်း၊ အသုံးမပြုဘဲ ကြာရှည်စွာသိုလှောင်ထားသော နှစ်လွန်ပိုးသတ်ဆေးများသည် သက်ရှိအားလုံးနှင့်ပတ်ဝန်းကျင်ကို အန္တရာယ်ဖြစ်စေနိုင်သဖြင့် ဓာတ်ခွဲစစ်ဆေးပြီး စနစ်တကျ ဖျက်ဆီးရေးအတွက်လည်းကောင်း ညွှန်ကြားချက်များ ထုတ်ပြန်နိုင်သည်။

၁၀။ မှတ်ပုံတင်အဖွဲ့သည် ပုဒ်မ ၅ အရ ဆောင်ရွက်သော ပိုးသတ်ဆေးဓာတ်ခွဲခြင်းနှင့် စိုက်ခင်းတွင် လက်တွေ့စမ်းသပ်ခြင်းတို့နှင့်စပ်လျဉ်း၍ ဦးစီးဌာနအား ကျွမ်းကျင်သူများ၏ အကြံဉာဏ်ကို ရယူရန် ခွင့်ပြုနိုင်သည်။

၁၁။ မှတ်ပုံတင်အဖွဲ့သည် ပြည်ပမှလည်းကောင်း၊ ပြည်တွင်းမှလည်းကောင်း မှတ်ပုံတင်ခွင့်ရရှိရန် လျှောက်ထားသော ပိုးသတ်ဆေး သို့မဟုတ် အဆိပ်ရှိပစ္စည်း၏ နည်းပညာအချက်အလက်များကို သက်ဆိုင်သူ၏ မူပိုင်အဖြစ် လျှို့ဝှက်ထားရမည်။

၁၂။ မှတ်ပုံတင်အဖွဲ့သည်-

(က) စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ သီးနှံကာကွယ်ရေးဌာနခွဲညွှန်ကြားရေးမှူးက အတွင်းရေးမှူးအဖြစ်လည်းကောင်း၊ သက်ဆိုင်ရာ အစိုးရဌာနအဖွဲ့အစည်းများ၏ ကျွမ်းကျင်သူပညာရှင်များက အဖွဲ့ဝင်များအဖြစ်လည်း ကောင်းပါဝင်သော ပိုးသတ်ဆေးနည်းပညာကော်မတီကို ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့်ဖွဲ့စည်းပြီး လုပ်ငန်းတာဝန်များကို သတ်မှတ်ရမည်။

(ခ) ပုဒ်မခွဲ (က) အရ ဖွဲ့စည်းထားသော ပိုးသတ်ဆေးနည်းပညာကော်မတီကို ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် အခါအားလျော်စွာ ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

(ဂ) မိမိ၏လုပ်ငန်းတာဝန်များကို ထိရောက်စွာ ဆောင်ရွက်နိုင်ရန်နှင့် ပိုးသတ်ဆေးနည်းပညာကော်မတီကို အထောက်အကူပြုနိုင်ရန် လိုအပ်သော လုပ်ငန်းအဖွဲ့များကိုဖွဲ့စည်းပြီး ယင်းတို့၏လုပ်ငန်းတာဝန်များကို သတ်မှတ်နိုင်သည်။

**အခန်း(၄)**
**မှတ်ပုံတင်လျှောက်ထားခြင်းနှင့် အခွန်အခပေးဆောင်ခြင်း**

၁၃။ ပိုးသတ်ဆေး သို့မဟုတ် အဆိပ်ရှိပစ္စည်းကို ပြည်ပမှတင်သွင်းခြင်း သို့မဟုတ် ပြည်ပသို့ တင်ပို့ခြင်းပြုလုပ်လိုသူသည် အောက်ဖော်ပြပါ မှတ်ပုံတင်လက်မှတ်တစ်မျိုးမျိုးရရှိရေးအတွက် မှတ်ပုံတင်အဖွဲ့သို့ သတ်မှတ်ထားသောလျှောက်လွှာပုံစံဖြင့် လျှောက်ထားရမည်-

(က) စမ်းသပ်သုံးစွဲခွင့်မှတ်ပုံတင်လက်မှတ်၊

(ခ) ယာယီသုံးစွဲခွင့်မှတ်ပုံတင်လက်မှတ်၊

(ဂ) အပြည့်အဝသုံးစွဲခွင့်မှတ်ပုံတင်လက်မှတ်၊

(ဃ) အထူးသုံးစွဲခွင့်မှတ်ပုံတင်လက်မှတ်။

၁၄။ ပုဒ်မ ၁၃ပါ မှတ်ပုံတင်လက်မှတ်တစ်မျိုးမျိုးရရှိရန် လျှောက်ထားသူသည်-

(က) လျှောက်လွှာနှင့်အတူ ပိုးသတ်ဆေး သို့မဟုတ် အဆိပ်ရှိပစ္စည်း၏ နမူနာကို ဓာတ်ခွဲစစ်ဆေးသည့်နည်းလမ်း၊ ဓာတ်ခွဲစစ်ဆေးတွေ့ရှိမှုထောက်ခံချက်၊ သုံးစွဲရန်အညွှန်းတို့နှင့်အတူ သတ်မှတ်ထုထည် သို့မဟုတ် သတ်မှတ်အလေးချိန်တို့ကို မှတ်ပုံတင်အဖွဲ့သို့ ပူးတွဲတင်ပြရမည်။

(ခ) သတ်မှတ်သည့် မှတ်ပုံတင်ခနှင့် ဓာတ်ခွဲစမ်းသပ်ခတို့ကို မြန်မာကျပ်ငွေဖြင့် ပေးဆောင်ရမည်။

၁၅။ ပိုးသတ်ဆေး သို့မဟုတ် အဆိပ်ရှိပစ္စည်းကို ပြည်ပမှတင်သွင်းခြင်း သို့မဟုတ် ပြည်ပသို့တင်ပို့ခြင်းအတွက် မှတ်ပုံတင်လက်မှတ် တစ်မျိုးမျိုးရရှိရန် လျှောက်ထားသော လျှောက်လွှာကို မှတ်ပုံတင်အဖွဲ့ကစိစစ်ပြီး မှတ်ပုံတင်ရန်ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်သည်။

**အခန်း(၅)**
**လိုင်စင်လျှောက်ထားခြင်းနှင့်အခွန်အခပေးဆောင်ခြင်း**

၁၆။ လိုင်စင်လျှောက်ထားသူသည်-

(က) ပြည်ပမှတင်သွင်းသော အဆိပ်ရှိပစ္စည်းကို ပြည်တွင်းတွင် ပိုးသတ်ဆေးအဖြစ် ဖော်စပ်ရောင်းချသည့်လုပ်ငန်းလုပ်ကိုင်လိုပါက လိုင်စင်ရရှိရေးအတွက် ဦးစီးဌာနသို့ သတ်မှတ်ထားသော လျှောက်လွှာပုံစံဖြင့် လျှောက်ထားရမည်။

(ခ) ပြည်ပမှတင်သွင်းသည့် ပိုးသတ်ဆေးကို ပြည်တွင်းတွင်ပြန်လည်ထုပ်ပိုးရောင်းချသည့် လုပ်ငန်းလုပ်ကိုင်လိုပါက လိုင်စင်ရရှိရေးအတွက် ဦးစီးဌာနသို့ သတ်မှတ်ထားသောလျှောက်လွှာပုံစံဖြင့် လျှောက်ထားရမည်။

(ဂ) ပုဒ်မခွဲ(က) သို့မဟုတ်(ခ)အရ လျှောက်ထားခြင်းမှအပ ပိုးသတ်ဆေးကို လက်လီလက်ကားရောင်းချလိုပါက သက်ဆိုင်ရာ ခရိုင်ဦးစီးမှူးထံ သတ်မှတ်ထားသော လျှောက်လွှာပုံစံဖြင့် လျှောက်ထားရမည်။

(ဃ) ပုဒ်မခွဲ(က)၊ (ခ) နှင့်(ဂ) တို့အရလျှောက်ထားရာတွင် သတ်မှတ်ထားသော လိုင်စင်ခကို သတ်မှတ်ထားသည့် နည်းလမ်းအတိုင်း ပေးဆောင်ရမည်။

(င) တိုင်းဒေသကြီး/ပြည်နယ်များတွင် ဖွင့်လှစ်သည့် ပိုးသတ်ဆေးများကိုင်တွယ်သုံးစွဲခြင်း၊ လက်လီလက်ကားရောင်းချခြင်းတို့နှင့် စပ်လျဉ်း၍ အန္တရာယ်ကင်းစေရန် စနစ်တကျ ကိုင်တွယ်သုံးစွဲမှု သင်တန်းများကို တက်ရောက်ပြီး ပိုးသတ်ဆေးကိုင်တွယ်သုံးစွဲခွင့်လက်မှတ်ရသူဖြစ်ရမည်။

၁၇။ ညွှန်ကြားရေးမှူးချုပ်သည်-

(က) ပုဒ်မ ၁၆(က) နှင့် ၁၆(ခ) တို့အရ လျှောက်ထားသော လျှောက်လွှာများနှင့်စပ်လျဉ်း၍ လိုင်စင်ထုတ်ပေးခြင်း သို့မဟုတ် လိုင်စင်ထုတ်ပေးရန်ငြင်းပယ်ခြင်း ပြုနိုင်သည်။

(ခ) လိုင်စင်ထုတ်ပေးခြင်းနှင့်စပ်လျဉ်း၍ စီမံခန့်ခွဲရေးဆိုင်ရာ ပြစ်ဒဏ်များ ချမှတ်နိုင်သည်။

(ဂ) သီးနှံများတွင် ပိုးသတ်ဆေးစမ်းသပ်သုံးစွဲသည့်ကိစ္စနှင့် စပ်လျဉ်း၍ဖြစ်စေ၊ ပိုးသတ်ဆေးရောင်းချသည့်ကိစ္စနှင့် စပ်လျဉ်း၍ဖြစ်စေ ဦးစီးမှူးများအား အခါအားလျော်စွာ လိုအပ်သလို ညွှန်ကြားနိုင်သည်။

(ဃ) ပုဒ်မခွဲ(က)(ခ)(ဂ) ပါ ညွှန်ကြားရေးမှူးချုပ်၏လုပ်ငန်းတာဝန်များနှင့် စပ်လျဉ်း၍ စိုက်ပျိုးရေးဦးစီးဌာနမှ သင့်လျော်သောအရာရှိများကို လွှဲအပ်၍ဆောင်ရွက်ခွင့်ပြုနိုင်သည်။

**အခန်း(၆)**
**ဦးစီးမှူး၏တာဝန်နှင့်လုပ်ပိုင်ခွင့်များ**

၁၈။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဦးစီးမှူးသည်-

(က) မိမိကြီးကြပ်ကွပ်ကဲရသော ခရိုင်နှင့် မြို့နယ်များအတွင်း ပိုးသတ်ဆေးကိုင်တွယ်သုံးစွဲမှု၊ သိုလှောင်မှုနှင့်စပ်လျဉ်း၍ ခရိုင်ဦးစီးမှူးနှင့် မြို့နယ်ဦးစီးမှူးများ ဆောင်ရွက်ချက်များကို အခါအားလျော်စွာ စစ်ဆေးခြင်း၊ ကြီးကြပ်ခြင်းပြုလုပ်ရမည်။

(ခ) ညွှန်ကြားရေးမှူးချုပ်က အခါအားလျော်စွာပေးအပ်သောတာဝန်များကို ဆောင်ရွက်ရမည်။

၁၉။ ခရိုင်ဦးစီးမှူးသည်-

(က) ပုဒ်မ ၁၆(ဂ) အရ လျှောက်ထားသောလျှောက်လွှာနှင့် စပ်လျဉ်း၍ စိစစ်ပြီး လိုင်စင်ထုတ်ပေးခြင်း သို့မဟုတ် လိုင်စင်ထုတ်ပေးရန် ငြင်းပယ်ခြင်းပြုနိုင်သည်။

(ခ) လိုင်စင်ထုတ်ပေးခြင်းနှင့်စပ်လျဉ်း၍ စီမံခန့်ခွဲရေးဆိုင်ရာ ပြစ်ဒဏ်များ ချမှတ်နိုင်သည်။

(ဂ) ပိုးသတ်ဆေးသုံးစွဲသူသည် သုံးစွဲပြီးသော ပိုးသတ်ဆေးဘူးအခွံနှင့် ထုပ်ပိုးပစ္စည်းများကို မှတ်ပုံတင်အဖွဲ့ သို့မဟုတ် ညွှန်ကြားရေးမှူးချုပ်က ညွှန်ကြားထားသည့်အတိုင်း လိုက်နာခြင်းရှိမရှိ စစ်ဆေးရန် မြို့နယ်ဦးစီးမှူးအား တာဝန်ပေးအပ်ရမည်။

(ဃ) ဦးစီးဌာနက အခါအားလျော်စွာပေးအပ်သော တာဝန်များကို ဆောင်ရွက်ရမည်။

(င) မြို့နယ်ဦးစီးမှူးနှင့် စစ်ဆေးရေးမှူးများ၏ ဆောင်ရွက်ချက်များကို အခါအားလျော်စွာ စစ်ဆေးခြင်း၊ ကြီးကြပ်ခြင်းတို့ဆောင်ရွက်ရမည်။

၂၀။ မြို့နယ်ဦးစီးမှူးသည်-

(က) မိမိမြို့နယ်အတွင်းရှိ ပိုးသတ်ဆေးရောင်းချသူများလက်ဝယ်ရှိ ပိုးသတ်ဆေးများကို စစ်ဆေးခြင်း၊ နမူနာရယူခြင်း ပြုနိုင်သည်။

(ခ) ပိုးသတ်ဆေးကို လိုင်စင်ပါစည်းကမ်းချက်နှင့်အညီ မဟုတ်ဘဲ ရောင်းချခြင်းကို စစ်ဆေးတွေ့ရှိပါက စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူနိုင်ရန် သက်ဆိုင်ရာခရိုင်ဦးစီးမှူးထံ တင်ပြရမည်။

(ဂ) မှတ်ပုံတင်အဖွဲ့ကဖြစ်စေ၊ ညွှန်ကြားရေးမှူးချုပ်ကဖြစ်စေ ပိုးသတ်ဆေး၏ထိရောက်မှုနှင့် ကာကွယ်နှိမ်နင်းနိုင်မှုစွမ်းအားကို မိမိမြို့နယ်အတွင်း စမ်းသပ်ရန် ညွှန်ကြားသည့်လုပ်ငန်းတွင် ကိုယ်တိုင်ကြီးကြပ်ဆောင်ရွက်ရမည်။

(ဃ) စစ်ဆေးရေးမှူး၏ ဆောင်ရွက်ချက်များကို အခါအားလျော်စွာ စစ်ဆေးခြင်း၊ ကြီးကြပ်ခြင်းပြုလုပ်ရမည်။

**အခန်း(၇)**
**မှတ်ပုံတင်ရရှိသူ၏တာဝန်နှင့် လုပ်ပိုင်ခွင့်များ**

၂၁။ ပိုးသတ်ဆေး သို့မဟုတ် အဆိပ်ရှိပစ္စည်းကို ပြည်ပမှ တင်သွင်းခွင့်၊ ပြည်ပသို့ တင်ပို့ခွင့်ရရှိသူသည်-

(က) မှတ်ပုံတင်လက်မှတ်ပါ သက်တမ်းနှင့်အညီ လုပ်ကိုင်ဆောင်ရွက်ခွင့်ရှိသည်။

(ခ) ပေးဆောင်ရန်ရှိသော မှတ်ပုံတင်ခနှင့် ဓာတ်ခွဲစမ်းသပ်ခတို့ကို ပေးဆောင်ပြီးဖြစ်ရမည်။

(ဂ) မှတ်ပုံတင်လက်မှတ်တွင် ဖော်ပြပါရှိသော စည်းကမ်းချက်များကို လိုက်နာရမည်။

(ဃ) မှတ်ပုံတင်အဖွဲ့က အခါအားလျော်စွာထုတ်ပြန်သော အမိန့်၊ ညွှန်ကြားချက်များကို လိုက်နာရမည်။

(င) ပြည်ပမှတင်သွင်းခွင့်၊ ပြည်ပသို့ တင်ပို့ခွင့်နှင့်စပ်လျဉ်း၍ မှတ်ပုံတင်အဖွဲ့ထံမှ တင်သွင်းခွင့်ထောက်ခံချက်ရယူပြီးနောက် ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန၏ ခွင့်ပြုချက်ရယူရမည်။

(စ) မှတ်ပုံတင်သက်တမ်းကုန်ဆုံးပြီးနောက် ဆက်လက်လုပ်ကိုင်လိုလျှင် သက်တမ်းမကုန်ဆုံးမီ ရက်ပေါင်း ၃၀ ကြိုတင်၍ မှတ်ပုံတင်အဖွဲ့သို့ သက်တမ်းတိုးမြှင့်ပေးရန်လျှောက်ထားရမည်။

*စာမျက်နှာ (၈) သို့*

*စာမျက်နှာ (ဆ) မှ*

**အခန်း(၈)**

**ပိုးသတ်ဆေးဖော်စပ်ရောင်းချခွင့်နှင့် ပြန်လည်ထုပ်ပိုးရောင်းချခွင့် လိုင်စင်ရရှိသူ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ**

၂၂။ ပိုးသတ်ဆေးဖော်စပ်ရောင်းချခွင့်နှင့်ပြန်လည်ထုပ်ပိုးရောင်းချခွင့်လိုင်စင်ရရှိသူသည်-
(က) လိုင်စင်ပါသက်တမ်းနှင့်အညီ လုပ်ကိုင်ဆောင်ရွက်ခွင့်ရှိသည်။
(ခ) ပေးဆောင်ရန်ရှိသော လိုင်စင်ခနှင့် ဓာတ်ခွဲစမ်းသပ်ခတို့ကို ပေးဆောင်ပြီးဖြစ်ရမည်။
(ဂ) လိုင်စင်လျှောက်ထားစဉ်က တင်ပြခဲ့သည့် အဆိပ်ရှိပစ္စည်း ပါဝင်မှုရာခိုင်နှုန်းအတိုင်း ပြည့်မီအောင်ဖော်စပ်ရမည်။
(ဃ) ဖော်စပ်သည့်ပိုးသတ်ဆေးအတွက် သုံးစွဲရန်အညွှန်းစာတွင် ပိုးသတ်ဆေး အမျိုးအမည်၊ ကာကွယ်နှိမ်နင်းနိုင်သောပိုးများ၊ အဆိပ်သင့်နိုင်မှုအဆင့်အတန်း၊ အသုံးပြုရမည့်ဆေးနှုန်းထားတို့အပြင် အဆိပ်သင့်နိုင်မှုအန္တရာယ်မှ ကင်းရှင်းရန်နည်းလမ်းများကိုလည်း ဖော်ပြရမည်။
(င) ပိုးသတ်ဆေးထည့်သွင်းထားသည့်ဘူး၊ ပုလင်း သို့မဟုတ် အထုပ်များပေါ်တွင် လိုင်စင်လျှောက်ထားစဉ်က တင်ပြခဲ့သည့် ကုန်အမှတ်တံဆိပ်နှင့် အညွှန်းတံဆိပ်ကို ကပ်ထားရမည်။
(စ) လိုင်စင်တွင်ဖော်ပြပါရှိသော စည်းကမ်းချက်များကို လိုက်နာရမည်။
(ဆ) ဦးစီးဌာနက အခါအားလျော်စွာထုတ်ပြန်သော အမိန့်၊ ညွှန်ကြားချက်များကို လိုက်နာရမည်။
(ဇ) လိုင်စင်သက်တမ်းကုန်ဆုံးပြီးနောက် ဆက်လက်လုပ်ကိုင်လိုလျှင် သက်တမ်းမကုန်ဆုံးမီ ရက်ပေါင်း ၃၀ ကြိုတင်၍ ဦးစီးဌာနသို့ သက်တမ်းတိုးမြှင့်ပေးရန် လျှောက်ထားရမည်။

**အခန်း(၉)**

**ပိုးသတ်ဆေး လက်လီလက်ကားရောင်းချခွင့် လိုင်စင်ရရှိသူ၏တာဝန်နှင့် လုပ်ပိုင်ခွင့်များ**

၂၃။ ပိုးသတ်ဆေး လက်လီလက်ကားရောင်းချခွင့်လိုင်စင် ရရှိသူသည်-
(က) လိုင်စင်ပါသက်တမ်းနှင့်အညီ လုပ်ကိုင်ဆောင်ရွက်ခွင့်ရှိသည်။
(ခ) သတ်မှတ်သော လိုင်စင်ခကို ပေးဆောင်ပြီးဖြစ်ရမည်။
(ဂ) လိုင်စင်ကို ဆိုင်တွင်မြင်သာအောင်ချိတ်ဆွဲထားရမည်။
(ဃ) ရောင်းချသည့်ပိုးသတ်ဆေးများ၏ အာနိသင်ကျဆင်းစေရန် အခြားအရာဝတ္ထုပစ္စည်း တစ်စုံတစ်ရာနှင့် ရောနှောခြင်း၊ ပြုပြင်ခြင်း၊ မမှန်မကန်ကြော်ငြာရောင်းချခြင်း မပြုလုပ်ရ။
(င) လိုင်စင်တွင်ဖော်ပြပါရှိသော စည်းကမ်းချက်များကို လိုက်နာရမည်။
(စ) စစ်ဆေးရေးမှူး သို့မဟုတ် ဦးစီးမှူးက အခါအားလျော်စွာစစ်ဆေးခြင်းကို ခံယူရမည်။
(ဆ) ပိုးသတ်ဆေးဝယ်ယူရောင်းချသည့် မှတ်တမ်းများ ထားရှိရမည်။
(ဇ) လိုင်စင်သက်တမ်းကုန်ဆုံးပါက ဆက်လက်လုပ်ကိုင်လိုလျှင် သက်တမ်းမကုန်ဆုံးမီ ရက်ပေါင်း ၃၀ ကြိုတင်၍ သက်တမ်းတိုးမြှင့်ပေးရန် သက်ဆိုင်ရာ ခရိုင်ဦးစီးမှူးထံ လျှောက်ထားရမည်။

**အခန်း(၁၀)**

**ပိုးသတ်ဆေးသုံးစွဲသူလိုက်နာရမည့် စည်းကမ်းများ**

၂၄။ ပိုးသတ်ဆေးသုံးစွဲသူသည်-
(က) ပိုးသတ်ဆေးအညွှန်းစာပါအတိုင်း လိုက်နာ၍ သုံးစွဲရမည်။
(ခ) ဦးစီးဌာနက အခါအားလျော်စွာထုတ်ပြန်သော ပိုးသတ်ဆေးအန္တရာယ်ကင်းရှင်းစွာ ကိုင်တွယ်ခြင်းနည်းလမ်းများအတိုင်း လိုက်နာသုံးစွဲရမည်။
(ဂ) ပိုးသတ်ဆေးများကို အစားအသောက်များနှင့် နီးကပ်စွာထားရှိခြင်း၊ ကလေးသူငယ်များ အလွယ်တကူ လက်လှမ်းမီသောနေရာတွင် ထားရှိခြင်းမပြုလုပ်ရ။
(ဃ) သုံးစွဲပြီးသော ပိုးသတ်ဆေးဘူးအခွံနှင့် ထုပ်ပိုးပစ္စည်းများကို ဦးစီးဌာန၏ ညွှန်ကြားချက်နှင့်အညီ လိုက်နာဆောင်ရွက်ရမည်။
(င) စိုက်ခင်းများတွင်လည်းကောင်း၊ ရိတ်သိမ်းပြီးသီးနှံများကို သိုလှောင်ရာတွင်လည်းကောင်း ပိုးသတ်ဆေးသုံးစွဲခြင်းနှင့်စပ်လျဉ်း၍ ဦးစီးဌာနက အခါအားလျော်စွာထုတ်ပြန်သော ပညာပေးလမ်းညွှန်မှုများကို လိုက်နာရမည်။

**အခန်း(၁၁)**

**စစ်ဆေးရေးမှူး၏တာဝန်နှင့် လုပ်ပိုင်ခွင့်များ**

၂၅။ စစ်ဆေးရေးမှူးသည် အောက်ပါတာဝန်များကို ဆောင်ရွက်ရမည်-
(က) ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို လိုက်နာဆောင်ရွက်မှု ရှိ မရှိ စစ်ဆေးခြင်း၊
(ခ) မိမိတာဝန်ခံရသော နယ်မြေအတွင်း၌ဖြစ်စေ၊ သီးခြားတာဝန်ပေးအပ်သည့် နယ်မြေအတွင်း၌ဖြစ်စေ ပိုးသတ်ဆေးရောင်းချသည့်လုပ်ငန်းများနှင့် ပိုးသတ်ဆေးကိုင်တွယ်သုံးစွဲမှုများကို စစ်ဆေးခြင်း၊
(ဂ) ဤဥပဒေပါ တားမြစ်ချက်တစ်ရပ်ရပ် ဖောက်ဖျက်ကျူးလွန်သူကို ဤဥပဒေနှင့်အညီ အရေးယူရန်တင်ပြခြင်း၊
(ဃ) ပိုးသတ်ဆေးဘူး၊ အခွံနှင့် ထုပ်ပိုးပစ္စည်းများ စနစ်တကျစွန့်ပစ်ရေးကို စီမံခန့်ခွဲခြင်း၊
(င) ပိုးသတ်ဆေးများထုပ်ပိုးပုံ၊ သိုလှောင်ပုံနှင့် ဖြန့်ဖြူးရောင်းချခြင်းတို့သည် လိုင်စင်တွင် ဖော်ပြပါရှိသော စည်းကမ်းချက်များနှင့် ကိုက်ညီမှုရှိမရှိကို စစ်ဆေးခြင်း၊
(စ) သီးနှံများတွင် ပိုးသတ်ဆေးသုံးစွဲမှုသည် အညွှန်းစာပါ စည်းကမ်းချက်များနှင့် ကိုက်ညီမှု ရှိ မရှိ စစ်ဆေးခြင်း၊
(ဆ) ပိုးသတ်ဆေးဝယ်ယူရောင်းချသည့်မှတ်တမ်းများကို စစ်ဆေးခြင်း၊
(ဇ) ပိုးသတ်ဆေးများကို စစ်ဆေးရန်အတွက် နမူနာယူခြင်း၊
(ဈ) လိုင်စင်မရှိဘဲ ပိုးသတ်ဆေးရောင်းချသည့်ကိစ္စကို စစ်ဆေးတွေ့ရှိပါက ခရိုင်ဦးစီးမှူးထံတင်ပြပြီး ယင်းက ညွှန်ကြားသည့်အတိုင်း လိုက်နာဆောင်ရွက်ခြင်း၊
(ည) ခရိုင်ဦးစီးမှူးက အခါအားလျော်စွာ ပေးအပ်သည့်တာဝန်များကို ဆောင်ရွက်ခြင်း။

**အခန်း(၁၂)**

**စီမံခန့်ခွဲရေးနည်းလမ်းအရအရေးယူခြင်း**

၂၆။ ညွှန်ကြားရေးမှူးချုပ်သည် ပုဒ်မ ၂၂ ပါ ပြဋ္ဌာန်းချက်များနှင့် စပ်လျဉ်း၍ လိုင်စင်ပါ စည်းကမ်းချက်တစ်ရပ်ရပ်ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်သော လိုင်စင်ရရှိသူအား အောက်ပါ စီမံခန့်ခွဲရေးဆိုင်ရာ အမိန့်တစ်ရပ်ရပ်ကိုဖြစ်စေ၊ တစ်ရပ်ထက်ပို၍ဖြစ်စေ ချမှတ်နိုင်သည်။
(က) လိုင်စင်ကိုရုပ်သိမ်းခြင်း သို့မဟုတ် ကာလအကန့်အသတ်ဖြင့် ဆိုင်းငံ့ခြင်း၊
(ခ) လိုင်စင်ရရှိသူ၏လက်ဝယ်ရှိ ပိုးသတ်ဆေးလက်ကျန်ကို သိမ်းယူခြင်း၊ ထုခွဲရောင်းချခြင်း၊
(ဂ) ဒဏ်ကြေးငွေပေးဆောင်စေ၍ လိုအပ်ချက်များကို ပြုပြင်စေပြီး ဆက်လက်လုပ်ကိုင်ခွင့်ပြုခြင်း။

၂၇။ ခရိုင်ဦးစီးမှူးသည် ပုဒ်မ ၂၃ပါ လိုင်စင်ပါ ပြဋ္ဌာန်းချက်များနှင့်စပ်လျဉ်း၍ စည်းကမ်းချက်တစ်ရပ်ရပ်ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်သော လိုင်စင်ရရှိသူအား အောက်ပါစီမံခန့်ခွဲရေးဆိုင်ရာ အမိန့်တစ်ရပ်ရပ်ကိုဖြစ်စေ၊ တစ်ရပ်ထက်ပို၍ဖြစ်စေချမှတ်နိုင်သည်။
(က) လိုင်စင်ကိုရုပ်သိမ်းခြင်း သို့မဟုတ် ကာလအကန့်အသတ်ဖြင့် ဆိုင်းငံ့ခြင်း၊
(ခ) လိုင်စင်ရရှိသူ၏ လက်ဝယ်ရှိ ပိုးသတ်ဆေးလက်ကျန်ကို သိမ်းယူခြင်း၊ ထုခွဲရောင်းချခြင်း၊
(ဂ) ဒဏ်ကြေးငွေပေးဆောင်စေ၍ လိုအပ်ချက်များကို ပြုပြင်စေပြီး ဆက်လက်လုပ်ကိုင်ခွင့်ပြုခြင်း။

**အခန်း(၁၃)**

**အယူခံခြင်း**

၂၈။ ပုဒ်မ ၂၇ အရ ခရိုင်ဦးစီးမှူးကချမှတ်သည့် အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို မကျေနပ်ပါက ယင်းအမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ချသည့်နေ့မှရက်ပေါင်း ၃၀ အတွင်း ညွှန်ကြားရေးမှူးချုပ်ထံ အယူခံဝင်နိုင်သည်။

၂၉။ (က) ပုဒ်မ ၂၆ အရလည်းကောင်း၊ ပုဒ်မ ၂၈အရလည်းကောင်း၊ ညွှန်ကြားရေးမှူးချုပ်က ချမှတ်သည့် အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို မကျေနပ်ပါက ယင်းအမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ချမှတ်သည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း ဝန်ကြီးထံ အယူခံဝင်နိုင်သည်။
(ခ) ဝန်ကြီး၏ဆုံးဖြတ်ချက်သည် အပြီးအပြတ် ဖြစ်စေရမည်။

**အခန်း(၁၄)**

**တားမြစ်ချက်များ**

၃၀။ မည်သူမျှ မှတ်ပုံတင်အဖွဲ့ထံမှ တင်သွင်းခွင့်ထောက်ခံချက်နှင့် တင်ပို့ခွင့်ထောက်ခံချက်မပါဘဲနှင့်ဖြစ်စေ၊ မှတ်ပုံတင်လက်မှတ်တစ်မျိုးမျိုးမရှိဘဲနှင့်ဖြစ်စေ၊ ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန၏ ခွင့်ပြုချက်မရှိဘဲနှင့်ဖြစ်စေ၊ ပိုးသတ်ဆေး သို့မဟုတ် အဆိပ်ရှိပစ္စည်းကို ပြည်ပမှ တင်သွင်းခြင်း၊ ပြည်ပသို့ တင်ပို့ခြင်းမပြုလုပ်ရ။

၃၁။ မည်သူမျှ ပြည်ပမှတင်သွင်းလာသော အဆိပ်ရှိပစ္စည်းကို ပိုးသတ်ဆေးအဖြစ် ဖော်စပ်ရောင်းချသည့်လုပ်ငန်းကို လိုင်စင်မရှိဘဲ လုပ်ကိုင်ခြင်းမပြုလုပ်ရ။

၃၂။ မည်သူမျှလိုင်စင်မရှိဘဲ ပြည်ပမှပြည်တွင်းသို့တင်သွင်းလာသည့် ပိုးသတ်ဆေးကို ပြန်လည်ထုပ်ပိုးရောင်းချသည့် လုပ်ငန်းလုပ်ကိုင်ခြင်းမပြုလုပ်ရ။

၃၃။ မည်သူမျှလိုင်စင်မရှိဘဲ ပိုးသတ်ဆေးကို လက်လီလက်ကားရောင်းချခြင်း မပြုလုပ်ရ။

၃၄။ မည်သူမျှ ပိုးသတ်ဆေးကိုဖြစ်စေ အဆိပ်ရှိပစ္စည်းကိုဖြစ်စေ၊ ပိုးကျသည့်အန္တရာယ် ကာကွယ်နှိမ်နင်းသည့်ကိစ္စမှအပ လူအများစားသုံးသည့် သီးနှံ၊ အစားအစာ သို့မဟုတ် အဖျော်ယမကာ စသည်များတွင် ထည့်သွင်းသုံးစွဲခြင်း၊ ပိုးသတ်ဆေး သို့မဟုတ် အဆိပ်ရှိပစ္စည်းကိုသုံးစွဲလျက် ရေသတ္တဝါများ၊ ကုန်းသတ္တဝါများကို သတ်ဖြတ်ခြင်းမပြုလုပ်ရ။

၃၅။ မည်သူမျှ အသက် ၁၈ နှစ်နှင့် ၁၈ နှစ်အောက်ကလေး၊ ကိုယ်ဝန်ဆောင်မိန်းမ သို့မဟုတ် ကလေး နို့တိုက်သောမိန်းမကို ပိုးသတ်ဆေးကိုင်တွယ်ရာတွင်လည်းကောင်း၊ သုံးစွဲရာတွင်လည်းကောင်း စေခိုင်းခြင်း မပြုလုပ်ရ။

၃၆။ မည်သူမျှပိုးသတ်ဆေးကို အညွှန်းစာနှင့်ဆန့်ကျင်၍ သုံးစွဲခြင်းမပြုလုပ်ရ။

၃၇။ မည်သူမျှသီးနှံများကို သိုလှောင်ရာတွင် သက်ဆိုင်ရာဦးစီးမှူးက သတ်မှတ်ပေးသည့် ပိုးသတ်ဆေးနှင့် သုံးစွဲနည်းများမှအပ အခြားပိုးသတ်ဆေးနှင့် သုံးစွဲနည်းများကို သုံးစွဲခြင်းမပြုရ။

၃၈။ မည်သူမျှ ပိုးသတ်ဆေးကို အစားအစာနှင့်အတူတွဲ၍ ရောင်းချခြင်းသော်လည်းကောင်း၊ သယ်ဆောင်ခြင်းသော်လည်းကောင်း မပြုလုပ်ရ။

**အခန်း(၁၅)**

**ပြစ်မှုနှင့်ပြစ်ဒဏ်များ**

၃၉။ မည်သူမဆို ပုဒ်မ၂၃(ဃ)၊ ပုဒ်မ၃၀၊ ပုဒ်မ၃၁၊ ပုဒ်မ၃၂၊ ပုဒ်မ၃၃၊ ပုဒ်မ ၃၄ နှင့် ပုဒ်မ ၃၅ ပါ ပြဋ္ဌာန်းချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား ငွေဒဏ် ကျပ် တစ်ဆယ်သိန်းအထိဖြစ်စေ၊ ထောင်ဒဏ် ငါးနှစ်အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံစေရမည်။ ထို့ပြင် ပြစ်မှုတွင် အကျုံးဝင်သည့် သက်သေခံပစ္စည်းများကိုလည်း သိမ်းယူခြင်းခံရမည်။

၄၀။ မည်သူမဆို ပုဒ်မ ၃၆၊ ၃၇ သို့မဟုတ် ပုဒ်မ ၃၈ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား ငွေဒဏ် ကျပ် တစ်ဆယ်သိန်းအထိဖြစ်စေ၊ ထောင်ဒဏ် တစ်နှစ်အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ ကျခံစေရမည်။ ထို့ပြင် ပြစ်မှုတွင် အကျုံးဝင်သည့် သက်သေခံပစ္စည်းများကိုလည်း သိမ်းယူခြင်းခံရမည်။

၄၁။ သက်ဆိုင်ရာတရားရုံးသည် သိမ်းယူထားသောသက်သေခံပစ္စည်းများကို စီမံခန့်ခွဲရန် ညွှန်ကြားရေးမှူးချုပ်ထံ လွှဲပြောင်းပေးအပ်ရမည်။

**အခန်း(၁၆)**

**အထွေထွေ**

၄၂။ ဝန်ကြီးဌာနသည်မှတ်ပုံတင်ခ၊ လိုင်စင်ခ၊ သက်တမ်းတိုးမြှင့်ခနှင့် ဓာတ်ခွဲစမ်းသပ်စစ်ဆေးခတို့ကို သတ်မှတ်ရမည်။

၄၃။ ဤဥပဒေအရတရားစွဲဆိုသော ပြစ်မှုများကို ရဲအရေးယူပိုင်ခွင့်ရှိသော အမှုအဖြစ် သတ်မှတ်သည်။

၄၄။ ဤဥပဒေအရ တရားစွဲဆိုသောပြစ်မှုတွင် သက်သေခံပစ္စည်းဖြစ်သော ပိုးသတ်ဆေး သို့မဟုတ် အဆိပ်ရှိပစ္စည်းနှင့်စပ်လျဉ်း၍ ဦးစီးဌာန၏ ဓာတ်ခွဲစစ်ဆေးတွေ့ရှိချက်အစီရင်ခံစာသည် ယင်းပြစ်မှုအတွက် အပြီးသတ်သက်သေခံချက်ဖြစ်စေရမည်။

၄၅။ ဤဥပဒေမပြဋ္ဌာန်းမီကသုံးစွဲလျက်ရှိသော ပိုးသတ်ဆေးများကို ဆက်လက်သုံးစွဲလိုပါက ဤဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရမည်။

၄၆။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်-
(က) ဝန်ကြီးဌာနသည် နည်းဥပဒေ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။
(ခ) မှတ်ပုံတင်အဖွဲ့နှင့် ဦးစီးဌာနတို့သည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

၄၇။ ပိုးသတ်ဆေးဥပဒေ (နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် ၁၀/၉၀) ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

---

# ၁၉၄၉ ခုနှစ်၊ ပြည့်တန်ဆာနှိပ်ကွပ်ရေးအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း

## ပြည်သူအများ သိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။

**၁၉၄၉ ခုနှစ်၊ ပြည့်တန်ဆာနှိပ်ကွပ်ရေးအက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း**

(၂၀၂၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ။)

၁၃၈၇ ခုနှစ်၊ လ ရက်

(၂၀၂၅ ခုနှစ်၊ လ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **၁၉၄၉ ခုနှစ်၊ ပြည့်တန်ဆာနှိပ်ကွပ်ရေးအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ ၁၉၄၉ ခုနှစ်၊ ပြည့်တန်ဆာနှိပ်ကွပ်ရေးအက်ဥပဒေပုဒ်မ ၂၊ ပုဒ်မခွဲ (ခ)နှင့် (ဃ)တို့ကို အောက်ပါအတိုင်း အစားထိုးရမည်-
(က) ပုဒ်မ ၂ ပုဒ်မခွဲ(ခ)ကို "ခန့်ထားသည့် ဆေးဆရာ ဆိုသည်မှာ" ဤအက်ဥပဒေအလို့ငှာ "**ကျန်းမာရေးဝန်ကြီးဌာနက ခန့်ထားသည့် ဆရာဝန်**" ကိုဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။
(ခ) ပုဒ်မ ၂ ပုဒ်မခွဲ(ဃ)ကို "ကာလသားရောဂါ" ဆိုသည့် စကားရပ်အစား "**လိင်ဆက်ဆံမှုမှ ဆက်နွယ်ကူးစက်တတ်သောရောဂါ**"ဟု အစားထိုးပြီး အဓိပ္ပာယ်ဖွင့်ဆိုချက်တွင် **ကာလသားရောဂါ၊ ဆစ်ဖလစ်နာ၊ ဂနိုရီယာ(ခ) ညောင်းကျနာ၊ ရှံကာအပြေ့နာနှင့် အခြား လိင်ဆက်ဆံမှုမှ ကူးစက်တတ်သောရောဂါ** တို့လည်း ပါဝင်သည်" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၃။ ၁၉၄၉ ခုနှစ်၊ ပြည့်တန်ဆာနှိပ်ကွပ်ရေးအက်ဥပဒေပုဒ်မ ၄ တွင်ပါရှိသော "ရဲအုပ်"ဆိုသည့်စကားရပ်ကို "**ဒုတိယရဲအုပ်**" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၄။ ပုဒ်မ ၅ ပုဒ်မခွဲ (၁)တွင်ပါရှိသော "**ယောက်ျားဖြစ်လျှင် ကြိမ်ဒဏ်လည်း စီရင်နိုင်သည်**"ဆိုသည့် စကားရပ်ကိုပယ်ဖျက်ရမည်။

၅။ ပုဒ်မ ၆ တွင်ပါရှိသော "**ယောက်ျားဖြစ်လျှင် ကြိမ်ဒဏ်လည်း စီရင်နိုင်သည်**" ဆိုသည့် စကားရပ်ကို ပယ်ဖျက်ရမည်။

၆။ ၁၉၄၉ ခုနှစ်၊ ပြည့်တန်ဆာနှိပ်ကွပ်ရေးအက်ဥပဒေတွင်-
(က) ပုဒ်မ ၁၂၊ ပုဒ်မခွဲ(၁)၌ ပါရှိသော "သုံးနှစ်ထိ အလုပ်ကြမ်းနှင့် ထောင်ဒဏ် စီရင်နိုင်စေရမည်"ဆိုသည့် စကားရပ်ကို "**တစ်နှစ်ထက် မနည်း သုံးနှစ်ထက်မပိုသော ထောင်ဒဏ်ချမှတ်ရမည်**" ဆိုသည့် စကားရပ်ဖြင့် အစားထိုး၍ "**ယောက်ျားဖြစ်လျှင် ကြိမ်ဒဏ်လည်း စီရင်နိုင်သည်**" ဆိုသည့်စကားရပ်ကို ပယ်ဖျက်ရမည်။
(ခ) ပုဒ်မ ၁၃၊ ပုဒ်မခွဲ(၅)၌ ပါရှိသော "တစ်နှစ်ထိထောင်ဒဏ်ဖြစ်စေ၊ ၁၀၀၀ ကျပ်ထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ စီရင်နိုင်စေရမည်" ဆိုသည့်စကားရပ်ကို "**တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ချမှတ်ရမည့်အပြင်၊ ၁၀၀၀၀၀ ကျပ်ထက်မပိုသော ငွေဒဏ်လည်း ချမှတ်နိုင်သည်**"ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၇။ ၁၉၄၉ ခုနှစ်၊ ပြည့်တန်ဆာနှိပ်ကွပ်ရေးအက်ဥပဒေတွင်ပါရှိသော "ခန့်ထားသည့် ဆေးဆရာ"၊ "ဆေးဆရာ"၊ "စာရင်းဝင် ဆေးဆရာ"ဆိုသည့် စကားရပ်များကို "**ခန့်ထားသည့်ဆရာဝန်**" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ "ရာဇဝတ်တရားသူကြီး၊ ခရိုင်ရာဇဝတ်တရားသူကြီး၊ နယ်ပိုင်ရာဇဝတ်တရားသူကြီးနှင့် အထူးအာဏာလွှဲအပ်ခြင်းခံရသော ပထမတန်းရာဇဝတ်တရားသူကြီး"ဆိုသည့် စကားရပ်တို့ကို "**မြို့နယ်တရားသူကြီး သို့မဟုတ် အခြားစီရင်ပိုင်ခွင့်ရှိသည့် တရားသူကြီးများ**" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ "ကာလသားရောဂါ"ဆိုသည့် စကားရပ်အစား "**လိင်ဆက်ဆံမှုမှ ဆက်နွယ်ကူးစက်တတ်သောရောဂါ**" ဟုလည်းကောင်း အသီးသီးအစားထိုးရမည်။

၈။ ၁၉၄၉ ခုနှစ်၊ ပြည့်တန်ဆာနှိပ်ကွပ်ရေးအက်ဥပဒေပုဒ်မ ၁၇-က ကို အောက်ပါအတိုင်း အစားထိုးရမည်-
၁၇-က။ ဤဥပဒေပါ ကိစ္စရပ်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်-
(က) ပြည်ထဲရေးဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် လိုအပ်သော နည်းဥပဒေနှင့် စည်းမျဉ်း၊ စည်းကမ်းများကို ထုတ်ပြန်နိုင်သည်။
(ခ) ပြည်ထဲရေးဝန်ကြီးဌာနသည် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

---

မြန်မာ့အလင်း

၂၀၁၅ခုနှစ်၊ ဇူလိုင် ၁၀ ရက်၊ သောကြာနေ့။




လူမှုစီးပွား

**မိုးကြိုနှမ်းများ အထွက်ကောင်း၊ တောင်သူများအဆင်ပြေ**

စာ - ၄



ပြည်တွင်းရေးရာ

**ခေတ်မီစိုက်ပျိုးရေးစနစ်သို့ ပြောင်းလဲပေးမည့် ချင်းပြည်နယ် လုံပီးစိုက်ပျိုးရေးသိပ္ပံကျောင်း**

စာ - ၆



# စောင့်ကြည့်ရမယ့် International Champions Cup




ရာသီကြိုပြိုင်ပွဲတွေအနက် အခုနောက်ပိုင်းမှာ ထင်ရှားမှုရှိလာခဲ့တဲ့ International Champions Cup ပြိုင်ပွဲကို လာမယ့်ဇူလိုင် ၁၁ ရက်မှာ စတင်ကျင်းပသွားဖို့ ရှိနေပါတယ်။ ဒီတစ်ကြိမ်ကျင်းပပြုလုပ်မယ့် အဆိုပါ International Champions Cup ပြိုင်ပွဲမှာတော့ ဥရောပရဲ့အသင်းကြီးတွေဖြစ် ကြတဲ့ မန်စီးတီး၊ ရီးရဲ၊ ချယ်လ်ဆီး၊ မန်ယူ၊ ပီအက်စ်ဂျီ၊ ဘာစီလိုနာ၊ အင်တာမီလန်၊ အေစီမီလန်၊ ရိုးမားတို့အပြင် ဖီအိုရင်တီးနား၊ ဘင်ဖီကာတို့လို အသင်းကောင်းတွေ ပါဝင်ယှဉ်ပြိုင်သွားမှာ ဖြစ်တာကြောင့် ဒီတစ်ကြိမ် International Champions Cup ပြိုင်ပွဲဟာ စိတ်ဝင်စားဖို့ အထူးကောင်းမွန်နေပါတယ်။

ဒီပြိုင်ပွဲကို ၂၀၀၉ ခုနှစ်မှာ စတင်ကျင်းပခဲ့တာဖြစ်ပြီး စတင်ကျင်းပတဲ့ အဆိုပါ ၂၀၀၉ ခုနှစ်ပြိုင်ပွဲမှာတော့ World Football Challenge ဆိုတဲ့ အမည်နဲ့စတင်ကျင်းပခဲ့တာဖြစ်ပါတယ်။ အဲ့ဒီတုန်းကတည်းကအဆိုပါပြိုင်ပွဲဟာ အောင်မြင်မှုရရှိခဲ့ပြီး ချယ်လ်ဆီး၊ အင်တာမီလန်၊ အေစီမီလန်တို့လို အသင်းကောင်းတွေ ပါဝင်ခဲ့တာကြောင့် ပရိသတ်ရဲ့ စိတ်ဝင်စားမှုကိုလည်း ရရှိခဲ့ပါတယ်။ ဒ့ါအပြင် ဒုတိယအကြိမ်ပြိုင်ပွဲဖြစ်တဲ့ ၂၀၁၁ ပြိုင်ပွဲမှာတော့ ရီးရဲ၊ မန်ယူ၊ မန်စီးတီး၊ ဂျူဗင်တပ်စ်၊ ဘာစီလိုနာတို့လို အသင်းကောင်းတွေ ပိုမိုပါဝင် ခဲ့တာကြောင့် ပြိုင်ပွဲဟာ ပရိသတ်ရဲ့ စိတ်ဝင်စားမှုကို ပိုမိုရရှိခဲ့ပါတယ်။ ဒါပေမယ့် အဆိုပါ ပြိုင်ပွဲအပြီး တတိယအကြိမ်ပြိုင်ပွဲဖြစ်တဲ့ ၂၀၁၃ ပြိုင်ပွဲမှာတော့ World Football Challenge ဆိုတဲ့ အမည်ကို ပြောင်းလဲကာ International Champions Cup ဆိုတဲ့အမည်နဲ့ စတင်ကျင်းပခဲ့တာဖြစ်ပါတယ်။

အဆိုပါ International Cham pions Cup ပြိုင်ပွဲအမည်နဲ့စတင်ကျင်းပ တဲ့ပြိုင်ပွဲမှာလည်း ချယ်လ်ဆီး၊ အေစီမီလန်၊ အင်တာမီလန်၊ ဂျူဗင်တပ်စ်၊ ရီးရဲမက်ဒရစ်၊ ဗလင်စီယာ၊ အဲဗာတန်တို့လိုအသင်းကောင်းတွေ ပါဝင်ခဲ့တာကြောင့် အောင်မြင်မှုရရှိခဲ့သလို ပြီးခဲ့တဲ့နှစ်ပြိုင်ပွဲဖြစ်တဲ့ ၂၀၁၄ ပြိုင်ပွဲမှာဆိုရင်လည်း မန်ယူ၊ အင်တာမီလန်၊ ရိုးမား၊ ရီးရဲမက်ဒရစ်၊ လီဗာပူး၊ အိုလံပီယာကော့စ်၊ မန်စီးတီး၊ အေစီမီလန်စတဲ့ အသင်းကောင်းများစွာပါဝင်ခဲ့တာကြောင့် ပြိုင်ပွဲဟာ ပရိသတ်ရဲ့စိတ်ဝင်စားမှုကို ပိုမိုရယူနိုင်ခဲ့ပြီး အောင်မြင်မှုလည်းရရှိခဲ့ပါတယ်။

ဒီပြိုင်ပွဲကို အမည်နှစ်မျိုးနဲ့ ကျင်းပခဲ့ရာမှာ စုစုပေါင်းပြိုင်ပွဲ လေးကြိမ်ပြီးဆုံးခဲ့ပြီး **စာမျက်နှာ ၂ သို့**

# ရှနိုက်ဒါလင်အား မန်ယူအသင်း၏ ကမ်းလှမ်းမှုကို ပယ်ချခဲ့ကြောင်း ဆောက်သမ်တန် မန်နေဂျာ ပြောဆို




ပရီမီယာလိဂ်ကလပ် ဆောက်သမ်တန်အသင်းသည် ကွင်းလယ်ကစားသမား ရှနိုက်ဒါလင်အား ခေါ်ယူရန် မန်ယူအသင်း၏ ကမ်းလှမ်းမှုကို ပယ်ချခဲ့ကြောင်း ဆောက်သမ်တန်အသင်း မန်နေဂျာ ရော်နယ်ကိုးလ်မန်းက ထုတ်ဖော်ပြောဆိုလိုက်သည်။

မန်ယူအသင်းသည် ပြင်သစ်ကွင်းလယ်ကစားသမား ရှနိုက်ဒါလင်အား ခေါ်ယူရန် ပြောင်းရွှေ့ကြေး ပေါင်သန်း ၂၀ ဖြင့် ကမ်းလှမ်းခဲ့ခြင်းဖြစ်သည်။ မန်ယူအသင်း မန်နေဂျာ လူးဝစ်ဗန်ဟားလ်က ကွင်းလယ်ကစားသမား ရှနိုက်ဒါလင်အား ဇူလိုင် ၁၃ ရက်တွင် အမေရိကန်နိုင်ငံသို့ ခြေစမ်းပွဲ ကစားရန်သွားရောက်မည့် ခရီးစဉ်တွင် ခေါ်ယူသွားရန် ဆန္ဒရှိနေခြင်းကြောင့် ဆောက်သမ်တန်အသင်းထံသို့ ကမ်းလှမ်းမှု ထပ်မံပြုလုပ်ဖွယ်ရှိနေသည်ဟု ဆိုသည်။

"မန်ယူအသင်းဟာ လွန်ခဲ့တဲ့ သီတင်းပတ်နှစ်ပတ်က ရှနိုက်ဒါလင်ကိုခေါ်ယူဖို့ ကမ်းလှမ်းမှုပြုလုပ်ခဲ့ပါတယ်။ ဒါပေမယ့် အဲဒီကမ်းလှမ်းမှုဟာ လုံလောက်မှုမရှိပါဘူး။ လက်ရှိအချိန်အထိတော့ ရှနိုက်ဒါလင်အတွက် ထပ်မံကမ်းလှမ်းလာမှု မရှိသေးဘူး"ဟု မန်နေဂျာ ရော်နယ်ကိုးလ်မန်းက ပြောသွားသည်။

ဆက်လက်၍ မန်နေဂျာ ရော်နယ်ကိုးလ်မန်းက "ကစားသမားတိုင်းမှာ သူ့တန်ဖိုးနဲ့သူ ရှိပါတယ်။ ဆောက်သမ်တန်အသင်းအနေနဲ့လည်း ကစားသမားတွေရောင်းချမှုမှာ အတွေ့အကြုံရှိတယ်။ တကယ်လို့ ရှနိုက်ဒါလင်ကို ခေါ်ယူချင်တယ်ဆိုရင် အသင်းက သတ်မှတ်ထားတဲ့ ပြောင်းရွှေ့ကြေးပမာဏကို ပေးချေဖို့ လိုပါတယ်။ ရှနိုက်ဒါလင်ဟာ ဆောက်သမ်တန်အသင်းရဲ့ အရေးပါတဲ့ ကစားသမားပါ"ဟု ပြောသွားသည်။

ကွင်းလယ်ကစားသမား ရှနိုက်ဒါလင်သည် ဖျားနာနေခြင်းကြောင့် ပြီးခဲ့သည့် တနင်္လာနေ့တွင် ဆောက်သမ်တန်အသင်းနှင့် ရာသီကြိုလေ့ကျင့်မှု ပြုလုပ်နိုင်ခြင်းမရှိခဲ့ကြောင်း သတင်းများတွင် ဆက်လက်ရေးသားထားသည်။

အသက် ၂၅ နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမား ရှနိုက်ဒါလင်သည် ပြီးခဲ့သည့် ၂၀၀၈ ခုနှစ် ဇွန်လကုန်ပိုင်းတွင် ပြင်သစ်ကလပ် စထရာဘော့အသင်းမှ ဆောက်သမ်တန်သို့ ပြောင်းရွှေ့ကြေး ပေါင် ၁ ဒသမ ၂ သန်းဖြင့် ပြောင်းရွှေ့လာခဲ့သူဖြစ်သည်။

■ အောင်က



# မန်ယူတိုက်စစ်မှူး ဗန်ပါစီသည် ဖီနာဘာချီတွင် အောင်မြင်မှုရရှိနိုင်သည်ဟု နာနီ ပြောဆို

*မန်ယူတိုက်စစ်မှူး ဗန်ပါစီအနေဖြင့် ဖီနာဘာချီအသင်းသို့ ပြောင်းရွှေ့လာပါက အောင်မြင်မှုများရရှိလိမ့်မည်ဖြစ်ကြောင်း ဖီနာဘာချီအသင်းကစားသမားသစ် နာနီက ထုတ်ဖော်ပြောဆိုလိုက်သည်။*

*ပေါ်တူဂီကစားသမား နာနီသည် ပြီးခဲ့သည့် ဇူလိုင် ၆ ရက်တွင် မန်ယူမှ ဖီနာဘာချီအသင်းသို့ ပြောင်းရွှေ့ကြေး ယူရိုခြောက်သန်းဖြင့် ပြောင်းရွှေ့ကာ သုံးနှစ်သက်တမ်းရှိ စာချုပ်ချုပ်ဆိုခဲ့သူဖြစ်သည်။*

*ပြီးခဲ့သည့် ဘောလုံးရာသီတွင် မန်ယူအသင်းအတွက် စုစုပေါင်း ၂၉ ပွဲသာ ပါဝင်ကစားခွင့်ရရှိခဲ့ပြီး ၁၀ ဂိုး သွင်းယူပေးနိုင်ခဲ့သူ တိုက်စစ်မှူး ဗန်ပါစီသည် ယခု နွေရာသီဈေးကွက်ကာလအတွင်းတွင် မန်ယူမှထွက်ခွာဖွယ်ရှိနေသူဖြစ်ကြောင်း ထင်ကြေးပေးခံနေရသူဖြစ်သည်။*

*သတင်းစာရှင်းလင်းပွဲတစ်ခုတွင် နာနီက ''ကျွန်တော်ဟာ မကြာသေးမီအချိန်အတွင်း ဗန်ပါစီနဲ့ စကားပြောဖို့ အခွင့်အရေးမရခဲ့ပါဘူး။ တကယ်လို့ ဗန်ပါစီအနေနဲ့ ဖီနာဘာချီအသင်းကို ပြောင်းရွှေ့လာခဲ့မယ်ဆိုရင် သူဟာ ဒီအသင်းမှာ အောင်မြင်မှုတွေ ရရှိနိုင်တယ်ဆိုတာကိုတော့ ကျွန်တော်ခိုင်ခိုင်မာမာ ယုံကြည်ထားပါတယ်။ ဗန်ပါစီနဲ့ ပတ်သက်ပြီး ကျွန်တော်ကောင်းကောင်းသိပါတယ်။ တကယ်လို့ ဖီနာဘာချီအသင်းက ဗန်ပါစီကို ခေါ်ယူခဲ့မယ်ဆိုရင် ဒါဟာမှန်ကန်တဲ့ဆုံးဖြတ်ချက်တစ်ခုဖြစ်လာမှာပါ''ဟု ပြောသွားသည်။*

*ပြီးခဲ့သည့် ဘောလုံးရာသီတွင် စပို့တင်းလစ္စဘွန်း အသင်းသို့ အငှားဖြင့် သွားရောက်ကစားခဲ့သူ ကွင်းလယ်ကစားသမား နာနီ (၂၈နှစ်) သည် ၂၀၀၇ ခုနှစ်တွင် မန်ယူသို့ ရောက်ရှိလာသူဖြစ်ကာ မန်ယူအတွက် ပွဲပေါင်း ၂၃၀ ပါ ဝင်ကစားခဲ့ပြီး ဂိုး ၄၀ သွင်းယူခဲ့သူ ဖြစ်သည်။*

*ကွင်းလယ်ကစားသမား နာနီက ဖီနာဘာချီအသင်းသို့ ပြောင်းရွှေ့ခဲ့ခြင်းနှင့်ပတ်သက်၍ ''ဖီနာဘာချီအသင်းရဲ့ အစိတ်အပိုင်းတစ်ခုဖြစ်ခွင့် ရရှိခဲ့တဲ့အတွက် အလွန်ဂုဏ်ယူမိပါတယ်။ ဖီနာဘာချီအသင်းကို ပြောင်းရွှေ့ဖို့ ဆုံးဖြတ်ခဲ့တာဟာ ကျွန်တော့်အတွက် မှန်ကန်တဲ့ဆုံးဖြတ်ချက်ဖြစ်တယ်ဆိုတာကို သံသယမရှိပါဘူး။ ဖီနာဘာချီ အသင်းအတွက် ကျွန်တော် တတ်စွမ်းနိုင်သမျှ ပေးဆပ်သွားမှာပါ''ဟု ပြောသွားသည်။*

➤ ရှေ့ဖုံးမှ

ဒီပြိုင်ပွဲရဲ့ ပထမဆုံးချန်ပီယံဟာ ချယ်လ်ဆီးဖြစ်ကာ ၂၀၀၉ ခုနှစ်မှာ ဗိုလ်စွဲနိုင်ခဲ့တာဖြစ်ပါတယ်။ ဒုတိယအကြိမ် ပြိုင်ပွဲဖြစ်တဲ့ ၂၀၁၁ ပြိုင်ပွဲနဲ့ တတိယအကြိမ်ပြိုင်ပွဲဖြစ်တဲ့ ၂၀၁၃ ပြိုင်ပွဲတွေမှာတော့ ရီးရဲမက်ဒရစ်က ဗိုလ်စွဲနိုင်ခဲ့ကာ ပြီးခဲ့တဲ့ဘောလုံးရာသီအကြိုကာလဖြစ်တဲ့ ၂၀၁၄ ပြိုင်ပွဲမှာတော့ မန်ယူက လီဗာပူးကို အနိုင်ရပြီး ဗိုလ်စွဲနိုင်ခဲ့ပါတယ်။ ဒါကြောင့် ဒီတစ်ကြိမ်ကျင်းပမယ့် ပြိုင်ပွဲမှာလည်း ဘယ်အသင်းက အောင်ပွဲခံသွားမလဲဆိုတာ စိတ်ဝင်စားဖို့ အထူးကောင်းမွန်နေပါတယ်။

ဒါ့အပြင် ဒီတစ်ကြိမ်ကျင်းပမယ့် ပြိုင်ပွဲဟာ အရင်ပြိုင်ပွဲတွေထက် ပိုမိုပြီး ကြီးကျယ်ခမ်းနားမှုတွေ ရှိနေခဲ့ပါတယ်။ ၂၀၀၉ ခုနှစ်တုန်းက ပြိုင်ပွဲဝင်အသင်း လေးသင်း၊ ၂၀၁၁ မှာ ကိုးသင်း၊ ၂၀၁၃ မှာ ရှစ်သင်း၊ ၂၀၁၄ မှာ ရှစ်သင်းတို့နဲ့ ကျင်းပခဲ့တာဖြစ်ပေမယ့် ဒီတစ်ကြိမ် ၂၀၁၅ ပြိုင်ပွဲမှာတော့ ပြိုင်ပွဲဝင်အသင်း အရေအတွက်ကို ၁၅ သင်းအထိ တိုးချဲ့ပြီး ကျင်းပသွားဖို့ ရှိနေပါတယ်။ ဒါ့အပြင် ပြိုင်ပွဲကျင်းပတဲ့ပုံစံဟာလည်း ပြောင်းလဲခဲ့တာကို တွေ့ရပါတယ်။ စတင်ကျင်းပတဲ့ ၂၀၀၉၊ ၂၀၁၁ ပြိုင်ပွဲတို့မှာ ပြိုင်ပွဲဝင်အသင်းတွေကို အမှတ်ပေးစနစ်နဲ့ ယှဉ်ပြိုင်စေကာအမှတ်အများဆုံးအသင်းကို ချန်ပီယံအဖြစ် သတ်မှတ်ခဲ့တာဖြစ်ပါတယ်။ ဒါပေမယ့် International Champions Cup အမည်နဲ့စတင်ကျင်းပတဲ့ ၂၀၁၃ ပြိုင်ပွဲမှာတော့ အုပ်စုနှစ်ခုခွဲခြားကာ ယှဉ်ပြိုင်စေခဲ့သလို ပြီးခဲ့တဲ့နှစ်ပြိုင်ပွဲတုန်းကလည်း ပြိုင်ပွဲဝင်အသင်း ရှစ်သင်းကို အုပ်စုနှစ်စုခွဲခြားကာ အုပ်စုဗိုလ်နှစ်သင်းဗိုလ်လုရတဲ့စနစ်ကို ကျင့်သုံးခဲ့တာဖြစ်ပါတယ်။

အထူးသဖြင့်အဆိုပါအရင်အကြိမ်တွေတုန်းက ပြိုင်ပွဲတွေကို အမေရိကဒေသတွေမှာသာ ကျင်းပခဲ့တာဖြစ်ပြီး အမေရိကန်၊ ကနေဒါတို့မှာ အများဆုံး ကျင်းပခဲ့တာဖြစ်ပါတယ်။ ဒါပေမယ့် ဒီတစ်ကြိမ်ပြိုင်ပွဲမှာတော့ ပြိုင်ပွဲကျင်းပတဲ့ပုံစံဟာ အပြောင်းအလဲတွေဖြစ်လာခဲ့ပြီး ဩစတြေးလျဇုန်၊ တရုတ်ဇုန်၊ မြောက်အမေရိကနဲ့ ဥရောပဇုန်ဆိုပြီး ဇုန် သုံးခုခွဲခြားကာ ပြိုင်ပွဲကို ကျင်းပသွားမှာဖြစ်ပါတယ်။ အဆိုပါဇုန် သုံးခုအနက် ဩစတြေးလျဇုန်မှာတော့ မန်စီးတီး၊ ရိုးမား၊ ရီးရဲတို့ ပါဝင်ယှဉ်ပြိုင်သွားမှာ ဖြစ်ပါတယ်။ အဆိုပါဩစတြေးလျဇုန်ကို ဇူလိုင် ၁၈၊ ၂၁၊ ၂၄ ရက်တွေမှာ ယှဉ်ပြိုင်ကစားသွားမှာဖြစ်ပြီး ပတ်လည်ကစားသွားမှာဖြစ်ပါတယ်။

တရုတ်ဇုန်ပြိုင်ပွဲကိုတော့ ဇူလိုင် ၂၅၊ ၂၇၊ ၃၀ ရက်တွေမှာ ကျင်းပသွားမှာဖြစ်ပြီး အဆိုပါတရုတ်ဇုန်ပြိုင်ပွဲမှာတော့ အီတလီရဲ့အစဉ်အလာကြီးမားတဲ့နှစ်သင်းဖြစ်တဲ့ အင်တာမီလန်နဲ့ အေစီမီလန်တို့အပြင် ရီးရဲကပါ ထပ်မံပြိုင်ပွဲဝင်သွားမှာဖြစ်ပါတယ်။ အဆိုပါတရုတ်ဇုန်ပြိုင်ပွဲကိုလည်း ပတ်လည်စနစ်နဲ့သာ ကျင်းပသွားမှာဖြစ်ပါတယ်။

မြောက်အမေရိကနဲ့ ဥရောပဇုန် ပြိုင်ပွဲမှာတော့ ဥရောပဒေသကအသင်းကြီးတွေဖြစ်တဲ့ ချယ်လ်ဆီး၊ မန်ယူ၊ ပီအက်စ်ဂျီ၊ ဖီအိုရင်တီးနား၊ ဘင်ဖီကာ၊ ဘာစီလိုနာတို့အပြင် မက္ကဆီကိုရဲ့ ကလပ်အမေရိက၊ အမေရိကန်ကလပ်အသင်းတွေ ဖြစ်တဲ့ LA ဂလက်ဇီ၊ ရက်ဘူးလ်နဲ့ ဆန်ဂျိုးလ်တို့ ပြိုင်ပွဲဝင်သွားမှာဖြစ်ပါတယ်။ အဆိုပါပြိုင်ပွဲကိုတော့ ဇူလိုင် ၁၁ ရက်မှာ စတင်ကျင်းပသွားမှာဖြစ်ပြီး ဩဂုတ် ၅ ရက်အထိ ကျင်းပသွားမှာ ဖြစ်ပါတယ်။ ဒီပြိုင်ပွဲရဲ့ ပွဲစဉ်အများစုကို အမေရိကန်နဲ့ မက္ကဆီကိုတို့မှာ ကျင်းပသွားမှာဖြစ်ကာ ဖီအိုရင်တီးနားနဲ့ ဘာစီလိုနာဆုံတွေ့တဲ့ပွဲကို အီတလီ၊ ချယ်လ်ဆီးနဲ့ ဖီအိုရင်တီးနားဆုံတွေ့တဲ့ပွဲကို အင်္ဂလန်တို့မှာ ကျင်းပသွားမှာ ဖြစ်ပါတယ်။ ဒီပြိုင်ပွဲကိုလည်း ပတ်လည်စနစ်နဲ့သာ ကျင်းပသွားမှာဖြစ်ပါတယ်။ ဒါကြောင့် ဒီတစ်ကြိမ်ပြိုင်ပွဲဟာ အရင်အကြိမ်တွေကထက် ပိုမိုကြီးကျယ်ခမ်းနားနေသလို စိတ်ဝင်စားဖို့လည်း ကောင်းမွန်နေတာ တွေ့ရပါတယ်။

အထူးသဖြင့် ဒီပြိုင်ပွဲမှာ ပါဝင်မယ့် အသင်းကြီးတွေဟာ ပရိသတ်စိတ်ဝင်စားတဲ့အသင်းကြီးတွေပဲဖြစ်နေပါတယ်။ မန်ယူဆိုရင် ဗန်ဟားလ်လက်ထက်မှာ ထင်သလောက်မအောင်မြင်သေးသလို ကစားသမားကောင်းတွေလည်း ခေါ်ယူခဲ့ပြီး ထပ်မံခေါ်ယူဖို့လည်းရှိနေတာကြောင့် လာမယ့်ရာသီသစ်မှာ ဘယ်လိုခြေစွမ်းမျိုးနဲ့ ပွဲထွက်လာမလဲဆိုတာ စောင့်ကြည့်သွားရမှာဖြစ်ပါတယ်။ ဒါ့အပြင် အင်တာမီလန်၊ အေစီမီလန်တို့ဟာလည်း ဒီအပြောင်းအရွှေ့ဈေးကွက်မှာ ကွန်ဒေ့ါဘီယာ၊ မီရန်ဒါ၊ အက်ဒရီယာနိုစတဲ့ ကစားသမားကောင်းတွေကို ခေါ်ယူအားဖြည့်ထားတာကြောင့် ခြေစွမ်းပိုင်းတိုးတက်မှုရှိနိုင်၊ မရှိနိုင်ကို ဒီပြိုင်ပွဲမှာ လေ့လာသွားရမှာဖြစ်ပါတယ်။

ဒါ့အပြင် ရီးရဲဟာလည်း နည်းပြအပြောင်းအလဲပြုလုပ်ထားကာ ဘင်နီတက်ဇ်ကို နည်းပြခန့်အပ်ထားခဲ့တာကြောင့် ဘင်နီတက်ဇ်ရဲ့ဗျူဟာနဲ့ ရီးရဲရဲ့အရည်အသွေးကိုလည်း ဒီပြိုင်ပွဲမှာ စောင့်ကြည့်သွားရဖို့ရှိနေကာ ဇာဗီ ထွက်ခွာသွားပြီး ကစားသမားခေါ်ယူခွင့်လည်း ပိတ်ပင်ခံထားရတဲ့ဘာစီလိုနာရဲ့ တောင့်ခံနိုင်အားကိုလည်း ဒီပြိုင်ပွဲမှာ လေ့လာသွားရမှာဖြစ်ပါတယ်။ ဒါ့အပြင် မော်ရင်ညိုလက်ထက်မှာအကောင်းဆုံး ပုံစံရရှိလာခဲ့တဲ့ ချယ်လ်ဆီး၊ ဥရောပထိပ်တန်းအသင်းကြီးအဖြစ် တိုးဝင်ဖို့ ကြိုးစားနေတဲ့ ပီအက်စ်ဂျီတို့ရဲ့အနေအထားကိုလည်း စောင့်ကြည့်သွားရဖို့ရှိနေတာကြောင့် ဒီပြိုင်ပွဲဟာစိတ်ဝင်စားဖို့ကောင်းနေတယ်။

> ❛ ဒီတစ်ကြိမ်ကျင်းပမယ့် ပြိုင်ပွဲဟာ အရင်ပြိုင်ပွဲတွေထက်ပိုမိုပြီး ကြီးကျယ်ခမ်းနားမှုတွေ ရှိနေခဲ့ပါတယ်။ ၂၀၀၉ ခုနှစ်တုန်းက ပြိုင်ပွဲဝင်အသင်း လေးသင်း၊ ၂၀၁၁ မှာ ကိုးသင်း၊ ၂၀၁၃ မှာ ရှစ်သင်း၊ ၂၀၁၄ မှာ ရှစ်သင်းတို့နဲ့ ကျင်းပခဲ့တာဖြစ်ပေမယ့် ဒီတစ်ကြိမ် ၂၀၁၅ ပြိုင်ပွဲမှာတော့ ပြိုင်ပွဲဝင်အသင်းအရေအတွက်ကို ၁၅ သင်းအထိ တိုးချဲ့ပြီး ကျင်းပသွားဖို့ရှိနေ ❜

■ ဝေမိုးဆက်

ရခိုင်ပြည်နယ်

# ရခိုင်ရေဘေးအလေးထားဆောင်ရွက် သွေးချင်းများအတွက်



ကျွန်တော်သည် တောသားဖြစ်၍ ချောင်းရေ၊ မြစ်ရေနှင့် မစိမ်း။ မိုးဦးကျကာစ ဟိုး-အနောက်ရိုးမတောင်ခြေကနေ ကညင်တိုင်း၊ စောပြာ၊ ထုံးဘို၊ နတ်ထမင်းကုန်းရွာများကို ဖြတ်ကျော် စီးဆင်းလာသော ချောင်းရေနီကျင်ကျင်မှာ သပြေသီးမှည့်တွေ၊ ဂုံညင်းဒိုးတွေ၊ ဒိုင်ဗင်ပစ်ဆင်းဆယ်ရင်း ပျော်ခဲ့ဖူးသည့် ငယ်ဘဝကိုမမေ့နိုင်။ မိုးသည်းထန်စွာရွာသည့်အချိန် ချောင်းအသီးသီးမှ ရေတွေကအဆင်း၊ ငဝန်မြစ်ရေကလည်း အတိုးဆိုလျှင်ဖြင့် လေးမျက်နှာမြို့နှင့်ရွာအကြား ခုနစ်မိုင်ခန့် လယ်ကွင်းတွေအားလုံးမြုပ်ပြီ။ ငယ်စဉ်ကတော့ ရွာထိပ်ရှိ သပြုပင်ကြီးအထိ ငဝန်မြစ်ရေရောက်သည်မှာ ခပ်ရှားရှား။ နှစ်နှစ်နေလို့မှ ရေမကြီးတတ်ပါ။ သုံးလေးနှစ်တစ်ကြိမ်လောက်ပဲ ရေတက်တာကိုကြုံခဲ့ရသည်။ ထိုကဲ့သို့ မြစ်ရေစပ်စပ်တက်လာလျှင် ဦးကြီး၊ ဦးလေးတွေ အိမ်မှ ရင်တွန်းတစ်လက်ကို ငှားပြီးလယ်ကွင်း ထဲမှာ ရင်တွန်းထိုးသည်။ ရေစီးကြောင်း၊ ရေမြောင်းကလေးများအတိုင်း ဖင်ပြန်ခေါင်းပြန် အခေါက်ခေါက်အခါခါ

> **နိုင်ငံတော် အစိုးရက သဘာဝဘေး အန္တရာယ်များ ကျရောက်သည့် ဒေသများတွင် ကယ်ဆယ်ရေးလုပ်ငန်းများ၊ ပြန်လည်နေရာချထားရေးလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ စီစဉ်ဆောင်ရွက်ပေးလျက်ရှိ**

တွန်းရင်းထိုးရင်း ငါးခူ၊ ငါးကျည်းပေါက်ကလေးများ ပါလာလျှင် ပလိုင်းထဲသို့ကောက်ထည့်ပြီး အလွန်ပျော်ခဲ့ဖူးသည်။ ကလေးဘဝမို့လည်း ဖြစ်ပါလိမ့်မည်။

သို့သော် ရေအလွန်ကြီးသောနှစ်မှာ စိုက်ပြီးစပါးပင်တွေက ထိပ်ဖျားလေးတွေပဲပေါ်ပြီး ငါးရက်လည်းရေမကျ၊ ၁၀ရက်လည်းရေ မကျတာမျိုးနှင့် ကြုံခဲ့ပါမူ၊ ကျွန်တော့်ဘကြီးများ အပါအဝင် လယ်သမားတွေ မျက်နှာမကောင်းတော့။ ရေကျမှစပါးပြန်စိုက်ဖို့ ပျိုးပင် ဘယ်မှာရမလဲ၊ ပျိုးဖိုးက ဘယ်လောက်ကျမလဲ၊ ကောက်စိုက်သမခ ရှိတယ်ပဲထားဦး၊ ကောက်စိုက်သမငှားလို့ ရပါဦးမလား။ ရွာထိပ်က ရေပြင်ကျယ်ကြီးကိုကြည့်ပြီး ရင်ထဲကအပူတွေကို ရေနွေးကြမ်းခွက်နှင့် ရော၍ တဖူးဖူးမှုတ်လိုက်သောက်လိုက် လုပ်နေကြရပြီ။ ဆိုရသော် ရေကြီးခြင်းဒုက္ခဆိုသည်ကို ငယ်စဉ်ကပင် မြင်ခဲ့ဖူး၍ ကိုယ်ချင်းစာနာမိပါသည်။ သို့တစေ ကျွန်တော်တို့ဒေသများက ရေ ဘယ်လောက်ပဲကြီးကြီး ကျောင်းတွေပိတ်လိုက်ရသည်အထိတော့ မကြုံဖူးခဲ့။ အဲ့ဒီနောက်တော့ ငဝန်မြစ်ရေကလည်း အနောက်ဘက်ကို ထိုးဆင်း၊ လေးမျက်နှာမြို့ကိုပင် အရှေ့ဘက်ကမ်းသို့ ရွှေ့ခဲ့ရသည့် အခြေအနေရောက်ခဲ့ပြီး၊ ရေကြီးရေလျှံမှုတွေပိုများလာကြောင်း၊ တစ်ခါတစ်ရံ ကျောင်းတွေပိတ်ရကြောင်း ကြားသိရသည်။ စိတ်မကောင်းပါ၊ မကြုံဖူးတာတွေ ဖြစ်လာစေသည့် သဘာဝပတ်ဝန်းကျင် ထိခိုက်ယိုယွင်းပျက်စီးမှုများ။

ယခုလည်း ဇွန်လကုန်၊ ဇူလိုင်လဆန်းပိုင်းတွင် ရခိုင်ပြည်နယ်က တိုင်းရင်းသားသွေးချင်းတွေ ရေဒဏ်မိုးဒဏ်ကို အကြီးအကျယ်ခံစားနေရကြောင်း ကြားသိတွေ့မြင်နေရသည်။

ကျွန်တော်မှတ်ယူထားမိသည်က ရခိုင်ပြည်နယ်ဆိုသည်မှာ ပင်လယ်ကလာသော မုန်တိုင်းဒဏ်ကိုပဲ အလူးအလဲ ခံစားနေရသော

## နယ်စပ်ရေးရာဝန်ကြီးဌာနအနေဖြင့်လည်း ရခိုင်ပြည်နယ် လူမှုစီးပွားဘဝ ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်ပေးနေ

ဒေသဟူ၍ပင်။ ယခုလို မိုးသည်းရေလျှံဒုက္ခကို အမြဲတမ်း အန်တုနိုင်စွမ်းရှိသော ဒေသဟူ၍ ယုံကြည်ခဲ့မိ၏။ ယခုနှစ်မှာတော့ ထိခိုက်ပျက်စီးဆုံးရှုံးမှုများပြားကြောင်း သိရသဖြင့် စိတ်မကောင်းလည်းဖြစ်မိ၏။ ခများများ တစ်ပူပေါ် နှစ်ပူသုံးပူဆင့်နေရသည့် ဘဝမျိုးပင်။

နိုင်ငံတော်သမ္မတကြီး၏ လမ်းညွှန်ချက်အရ ရေဘေးသင့်ပြည်သူများအား လိုအပ်သော အထောက်အပံ့များပေးအပ်ရန်အတွက် ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး ဗဟိုကော်မတီဒုတိယဥက္ကဋ္ဌ၊ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးသက်နိုင်ဝင်းသည် ရခိုင်ပြည်နယ် လူမှုရေးဝန်ကြီး ဒေါက်တာ အောင်ကျော်မင်း၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးမြင့်လှိုင်၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွေးလှနှင့်အတူ ဇွန်လ ၃၀ ရက်၌ ရခိုင်ပြည်နယ်သံတွဲမြို့သို့ ရောက်ရှိခဲ့သည်။

ရေဘေးသင့်ပြည်သူများအတွက် လတ်တလော ဆောင်ရွက်ပေးရမည့်ကိစ္စရပ်များကို စီစဉ်ဆောင်ရွက်ပေးခဲ့ပြီး ရေဘေးသင့် အိမ်ထောင်စု ၁၀၆ စု၊ လူဦးရေ ၄၁၉ ဦးတို့အတွက် နယ်စပ်ရေးရာဝန်ကြီးဌာနအနေဖြင့် အဝတ်အထည်၊ ခြင်ထောင်၊ ပန်းကန်ခွက်ယောက်အပါအဝင် ထောက်ပံ့ပစ္စည်း ရှစ်မျိုးနှင့် ထောက်ပံ့ငွေများပေးအပ်ခဲ့ပါသည်။ သံတွဲမြို့နယ် သံတွဲ-ဂွ ကားလမ်းပေါ်မှ ရေဘေးအန္တရာယ်ကြောင့် ပျက်စီးခဲ့သည့် တံတားများအား လိုက်လံကြည့်ရှုစစ်ဆေးပြီး ဒေသခံပြည်သူများ ပုံမှန်ပြန်လည်သွားလာနိုင်ရန်အတွက် စံချိန်စံညွှန်းပြည့်မီစွာ ပြန်လည်ပြုပြင်ပေးရေး ညှိနှိုင်းဆောင်ရွက်ခဲ့ပါသည်။

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဇူလိုင် ၁ ရက်တွင် တောင်ကုတ်မြို့နယ်သို့ သွားရောက်၍ ချောင်းကောက်ရပ်ကွက် ဦးဥတ္တမလမ်း ဘုတ်ဆိပ်တို့မှ ပျက်စီးဆုံးရှုံးမှုများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး အိမ်ထောင်စု ၅၄ စုအတွက် ထောက်ပံ့ပစ္စည်းများ ပေးအပ်ခဲ့သည်။ ၎င်းအပြင် တောင်ကုတ်-မအီကားလမ်းပေါ်ရှိ သဘာဝရေဘေးကြောင့် ပျက်စီးသွားသော ငှက်ပျောချောင်းတံတားသို့ သွားရောက်ကြည့်ရှုစစ်ဆေးကာ တာဝန်ခံအင်ဂျင်နီယာများအား ညှိနှိုင်းမှာကြားခဲ့ပါသည်။ ယင်းနောက် မအီမြို့နယ်သို့ ရောက်ရှိပြီး ရေမြုပ်နေသော အထကကျောင်းဝင်းအတွင်း လိုက်လံကြည့်ရှုစစ်ဆေးကာ ကျောင်းအတွက် စာသင်ခုံ ၅၀ နှင့် ကျောင်းသားကျောင်းသူလေးများအတွက် ကျောင်းဝတ်စုံများ ပေးအပ်လှူဒါန်းခဲ့ပါသည်။

ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် အနောက်ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်အောင်လင်းဒွေးနှင့်အတူ ဇူလိုင် ၂ ရက်က အမ်းမြို့နယ် စခန်းမော်ကျေးရွာသို့ရောက်ရှိပြီး ပျက်စီးဆုံးရှုံးမှုများ လိုက်လံစစ်ဆေးကာ ဒေသခံမိသားစု ၆၄ စုအတွက် နယ်စပ်ရေးရာဝန်ကြီးဌာနမှ လှူဒါန်းသော ဆန်၊ အဝတ်အထည်၊ စောင်၊ ခြင်ထောင်၊ မီးဖိုချောင်သုံးပစ္စည်းများ၊ သား/သမီးများအတွက် ကျောင်းဝတ်စုံနှင့် ဗလာစာအုပ်များ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက လှူဒါန်းသော ကယ်ဆယ်ရေးပစ္စည်း ကိုးမျိုးပါ kit ထုပ်များကို ပေးအပ်ခဲ့ပါသည်။ အမ်းမြို့နယ်အတွင်း ရေကြီးနစ်မြုပ်မှုဘေး ကြုံတွေ့ခဲ့ရသည့် တပ်နယ်မှမိသားစုများအတွက်လည်း ထောက်ပံ့ငွေ၊ ကျောင်းဝတ်စုံနှင့် ကျောင်းသုံး ဗလာစာအုပ်များ ပေးအပ်ခဲ့ပါသည်။

ရခိုင်ပြည်နယ် သံတွဲ၊ တောင်ကုတ်၊ မအီ၊ ရမ်းဗြဲ၊ မာန်အောင်၊ အမ်း၊ ဘူးသီးတောင်၊

**မြင့်စိုး(နတလ)**

မောင်တော၊ မြောက်ဦး၊ ကျောက်တော်၊ မင်းပြား၊ ပုဏ္ဏားကျွန်း၊ ရသေ့တောင်မြို့နယ်များတွင် ဇွန်လအတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် လူထိခိုက်သေဆုံးမှုအချို့ ရှိခဲ့သည့်အပြင် နေအိမ်များပျက်စီးဆုံးရှုံး ခြင်း၊ ဘုန်းကြီးကျောင်းနှင့် စာသင်ကျောင်းများ ထိခိုက်ပျက်စီးသွားခြင်း၊ လမ်းနှင့်တံတားများ ပျက်စီးဆုံးရှုံးသွားခြင်း၊ စိုက်ပျိုးမြေပျက်စီးမှုများဖြစ်ပေါ်ခဲ့ခြင်းတို့အတွက် စုစုပေါင်းဆုံးရှုံးမှု ကာလတန်ဖိုး ကျပ်သန်း ၃၄၀၀ ကျော်ဖြစ်ကြောင်းသိရသည်။ ပြည်ထောင်စုဝန်ကြီးသည် ရေဘေးသင့်မြို့နယ်များအား လိုက်လံကြည့်ရှုစစ်ဆေးပြီး မြို့နယ်မှတာဝန်ရှိသူများနှင့်တွေ့ဆုံကာ သဘာဝဘေးအန္တရာယ်ကာကွယ်ရေးအစုအဖွဲ့များ ဖွဲ့စည်း၍ သရုပ်ပြ လေ့ကျင့်ရေးမှာကြားခဲ့ပါသည်။

နိုင်ငံတော်အစိုးရက သဘာဝဘေးအန္တရာယ်များကျရောက်သည့် ဒေသများတွင် ကယ်ဆယ်ရေးလုပ်ငန်းများ၊ ပြန်လည်နေရာချထားရေးလုပ်ငန်းများကို အချိန်နှင့် တစ်ပြေးညီ စီစဉ်ဆောင်ရွက်ပေးလျက်ရှိပါသည်။ နယ်စပ်ရေးရာဝန်ကြီးဌာန အနေဖြင့်လည်း ရခိုင်ပြည်နယ် လူမှုစီးပွားဘဝဖွံ့ဖြိုးရေးလုပ်ငန်းများ၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်ပေးနေသကဲ့သို့ ယခုလို သဘာဝဘေးများ ကြုံတွေ့လာခြင်းအတွက် အခြားသော ဝန်ကြီးဌာနများနှင့် ပူးပေါင်း၍ ကူညီပံ့ပိုးဆောင်ရွက်လျက်ရှိပါကြောင်း ရေးသားတင်ပြအပ်ပါသည်။

မြန်မာ့အလင်း
လူမှုစီးပွားသတင်းများ
၁၀-၇-၂၀၁၅ (သောကြာနေ့)

## နေပြည်တော်ကောင်စီနယ်မြေ

# မိုးကြိုနှမ်းများအထွက်ကောင်း၊ တောင်သူများအဆင်ပြေ



နေပြည်တော်ကောင်စီနယ်မြေ လယ်ဝေးမြို့နယ်နှင့် ဒက္ခိဏသီရိမြို့နယ်တို့တွင် ယခုနှစ် ဧပြီလ ပထမပတ်က စိုက်ပျိုးခဲ့သော ရက် ၈၀ မိုးကြိုနှမ်းများသည် ယခုအခါရိတ်သိမ်းချိန်ရောက်ပြီဖြစ်ရာ နှမ်းစိုက်တောင်သူများအနေဖြင့် နှမ်းအထွက်ကောင်း၍ အဆင်ပြေလျက်ရှိကြောင်း ရန်အောင်မြင်ကျေးရွာအုပ်စုရှိ တောင်သူများထံမှ သိရသည်။

အဆိုပါမိုးကြိုနှမ်းစိုက်ပျိုးရန်အတွက် ရန်အောင်မြင်တမံမှ ဆည်ရေသောက်စနစ်ဖြင့် ဧက ၂၀၀ကျော်ကို စနစ်တကျပေးဝေခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

"ဒီနှစ်မှာ ရန်အောင်မြင်တမံက ဆည်ရေသောက်စနစ်နဲ့ နှမ်းစိုက်ခဲ့တာ တစ်ဧက ၁၀ တင်းအထက်ထွက်ပါတယ်။ မျိုးနှမ်းတစ်ပြည်ကို ကျပ် ၅၀၀၀ ဝယ်ရတယ်။တစ်ဧကကို တစ်ပြည်နဲ့ နို့ဆီဘူးလေးလုံးကြဲရတယ်။ အထွက်ကောင်းတယ်ဆိုတဲ့အကြောင်းကတော့ ဒီအရင်က မတ်ပဲစိုက်တော့ မတ်ပဲကထွက်တဲ့ အမှော်ရွက်ခြောက်တွေက လယ်ထဲကျပြီး သဘာဝမြေသြဇာဖြစ်တယ်။ ဘာဆေးမှတော့ မထည့်ရပါဘူး။ နှမ်းရိတ်တဲ့နေ့မှာတော့ ရိတ်တာရယ်၊ သယ်တာရယ်၊ နေလှန်းတာခြွေတာနဲ့ဆိုရင် အမျိုးသမီးလုပ်သားတစ်ဦးကို ငွေကျပ် ၂၅၀၀ နှုန်းနဲ့ ၃၀ဌားရမ်းက ငွေကျပ် ၇၅၀၀၀နဲ့ နှမ်းကို နေလှန်းတဲ့အခါ တောင်သူများကတော့ သုံးစီး သုံးခွထောင်စနစ်နဲ့လှန်းတယ်။ အဲဒါက မိုးဒဏ်၊ လေဒဏ်ကြောင့်ပြိုလဲသွားရင်လေလွင့်ဆုံးရှုံးမှုရှိနိုင်တယ်။ ဒါကြောင့် ဝါးလုံးတန်းရိုက်ပြီး လေလာတဲ့ဘက်ကို ကျောပေးပြီး ရှေ့ကိုခပ်စောင်းစောင်းမှီထားလိုက်ရင် လေဒဏ်၊ မိုးဒဏ်ခံနိုင်တာပေါ့၊ အဲဒီအတွက်က ဝါးလုံးဖိုး ကျပ် ၂၀၀၀၀ ကုန်ကျပါတယ်"ဟု ဒက္ခိဏသီရိမြို့နယ် ရန်အောင်မြင်ကျေးရွာမှ ဦးမျိုးလွင်ကပြောသည်။

လယ်ဝေးမြို့နယ် (သိဒ္ဓိစ်) ပဲ၊ နှမ်းနှင့် ဆီရောင်းဝယ်ရေးလုပ်ငန်းရှင်တစ်ဦးဖြစ်သူ ဦးစိုးထွန်းနိုင်က"ဒီနှစ်နှမ်းစထွက်တဲ့အချိန်မှာ ပုံမှန်စလို့ခေါ်တဲ့ နှမ်းကြားတစ်တင်းကို ငွေကျပ် ၃၈၀၀၀နှုန်းပေးဝယ်ပါတယ်"ဟု ပြောသည်။

"မနှစ်ကလည်း ဒီအချိန်မှာ ဒီဈေးပဲပေါက်တယ်။ အရည်အသွေးကောင်း စမုံနက်နှမ်းမျိုးဆိုရင်တော့ ကျပ် ၅၀၀၀၀ ဝန်းကျင်ပေးပါတယ်။ ဒါပေမယ့် အခုထိတော့ ကျွန်တော့်ဆီကို တောင်သူတစ်ဦးမျှ လာမရောင်းသေးပါဘူး။ စမုံနက်စစ်စစ်တစ်မျိုးကိုတော့ ဒီဒေသက တောင်သူတွေစိုက်တော့စိုက်တယ်။ အရည်အသွေးကောင်းတာ သိပ်မထွက်ဘူး။ နောက်တစ်ခုက ဒီဒေသရဲ့ နှမ်းဆီ၊ ပဲဆီ စားသုံးမှုအနေအထားအရဆိုရင် ပဲဆီစစ်စစ် ကျပ် ၅၅၀၀ နှုန်း၊ နှမ်းဆီစစ်စစ် ကျပ် ၄၀၀၀ နှုန်းနဲ့ရောင်းတာ စားသုံးနိုင်မှုဦးရေနည်းတယ်။ အခြေခံလူတန်းစားများတဲ့အတွက် စပ်ဆီလို့ခေါ်တဲ့ စားအုန်းဆီ-ပဲရောဆီ၊ တစ်ပိဿာ ကျပ်၂၆၀၀နှုန်းနဲ့က ပိုပြီးရောင်းရပါတယ်"ဟု ဆက်ပြောသည်။

ယင်းဒေသထွက်နှမ်းမျိုးစုံကို မန္တလေး ကုန်စည်ဒိုင်များသို့တင်ပို့လျက်ရှိပြီး မူဆယ်မှတစ်ဆင့် တရုတ်နိုင်ငံသို့ အများဆုံးဆက်လက်တင်ပို့လျက်ရှိကြောင်း သိရသည်။

ကိုပေါက် (ဥက္ကာမြေ)




ပေါက်ခေါင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် Unicef ရေပေးရေးလုပ်ငန်းဖြင့်ဆောင်ရွက်သော နှစ်လက်မစက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်းကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန(ရုံးချုပ်)မှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမြင့်ဦးနှင့် တာဝန်ရှိသူများက မစိုးရိမ်ကျေးရွာ၌ သန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက် ဖွင့်လှစ်ကနက ကွင်းဆင်းစစ်ဆေးဆောင်ရွက်စဉ်။

(ခရိုင် ပြန်/ဆက်)

## စစ်ကိုင်းတိုင်းဒေသကြီး

# ခရိုင်ချင်းဆက်လမ်း တံတား၊ ရေကျော်လုပ်ငန်းများ ဆောင်ရွက်ပြီးစီး

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့နယ်အပိုင်း ခရိုင်ချင်းဆက်လမ်း အမှတ် (၃) လမ်း၊ တံတား၊ ရေကျော်လုပ်ငန်းများကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်ခဲ့သည်။

ခရိုင်ချင်းဆက်လမ်း အမှတ်(၃) မြေသားလမ်း ၁၀ မိုင်၊ ကျောက်ချောလမ်း ၂၀ မိုင် ၅ ဖာလုံ၊ ကျောက်စီ၊ သံပေါင်ရက်မ၊ သစ်သားခင်းတံတား သုံးစင်း၊ ရေကျော် သုံးစင်းတို့ကို ၂၀၁၅ ခုနှစ် မေလတွင် လုပ်ငန်းအားလုံးဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးမှူး ဒေါ်ချိုချိုနွယ်က ပြောကြားသည်။

ခင်ဦးစိုးဝေ

## ရှမ်းပြည်နယ်(မြောက်ပိုင်း)

# နမ့်ဆန်မြို့နယ်ဒေသခံပြည်သူကမ္ဘာ့ဘဏ်၏ ကူညီထောက်ပံ့မှုတန်းတူညီမျှစွာ အကျိုးခံစားခွင့်ရရှိ

ရှမ်းပြည်နယ်(မြောက်ပိုင်း) ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နမ့်ဆန်မြို့နယ်အတွင်းရှိ ကျေးရွာများ၌ ကမ္ဘာ့ဘဏ်၏ကူညီထောက်ပံ့ငွေဖြင့်ပြည်သူဗဟို ပြုစီမံကိန်းများဆောင်ရွက်လျက်ရှိရာ ယခုအခါ စီမံကိန်းလုပ်ငန်းများရာနှုန်းပြည့်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

ထိုသို့ကမ္ဘာ့ဘဏ်မှထောက်ပံ့ငွေဖြင့် လူထုဗဟိုပြုစီမံကိန်းကို မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ဦးဆောင်မှုဖြင့် နမ့်ဆန်မြို့နယ်အတွင်းရှိ ကျေးရွာပေါင်း ၁၂၃ ရွာတွင် ကျေးလက်နေပြည်သူများ၏ အဓိက လိုအပ်လျက်ရှိသည့် လမ်းပမ်းဆက်သွယ်ရေး၊ တံတား၊ ရေသန့်ရရှိရေး၊ လျှပ်စစ်မီးရရှိရေးအပြင် ပညာရေးအတွက် စာသင်ကျောင်းများ အသစ်တည်ဆောက်ခြင်း၊ ပြုပြင်ခြင်းများ၊ ကျန်းမာရေးအတွက် ဆေးပေးခန်းအဆောက်အအုံများအသစ်တည်ဆောက်ခြင်းနှင့် အခြေခံအဆောက်အအုံများ ဆောက်လုပ်ပေးလျက်ရှိရာ ယခုအခါ ၂၀၁၄-၂၀၁၅ ဒုတိယနှစ်စီမံကိန်းကာလတွင် နမ့်ဆန်မြို့နယ်အတွင်းရှိ ကျေးရွာစုစုပေါင်း ၁၂၃ ရွာ စီမံကိန်းလုပ်ငန်းများ၌ ရာခိုင်နှုန်းပြည့်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

အဆိုပါစီမံကိန်းကို ၂၀၁၃-၂၀၁၄ ခုနှစ်တွင် ပထမနှစ်စီမံကိန်းကာလ၊ ၂၀၁၄-၂၀၁၅ ခုနှစ်တွင် ဒုတိယနှစ်စီမံကိန်းကာလ၊ ၂၀၁၅-၂၀၁၆ ခုနှစ်တွင် တတိယနှစ် စီမံကိန်းကာလအဖြစ်သတ်မှတ်ဆောင်ရွက်လျက်ရှိပြီး ကျေးရွာနေပြည်သူများက စီမံကိန်းလုပ်ငန်းများ၌ စိတ်အားထက်သန်စွာ ပူးပေါင်းပါဝင်မှုအားကောင်းပါက ၂၀၁၆-၂၀၁၇ခုနှစ်တွင် စတုတ္ထနှစ်စီမံကိန်းကာလအဖြစ် တစ်နှစ်တိုးထောက်ပံ့ကူညီသွားမည်ဖြစ်ကြောင်း ပြည်သူဗဟိုပြုစီမံကိန်းလုပ်ငန်းတွင် စာရေးအဖြစ်လုပ်ကိုင်သူတစ်ဦးက ပြောသည်။

ယခင် ၂၀၁၃-၂၀၁၄ ပထမနှစ်စီမံကိန်းကာလတွင် ပြည်ထဲရေးဝန်ကြီးဌာန အမည်မပေါက်သေးသည့်ကျေးရွာငယ်များ ထောက်ပံ့ငွေမရရှိခဲ့သော်လည်း ယခု ၂၀၁၄- ၂၀၁၅ ဒုတိယနှစ်စီမံကိန်းကာလမှစတင်၍ ယခင်ပြည်ထဲရေးဝန်ကြီးဌာန အမည်မပေါက်သေးသည့်ကျေးရွာ ၁၀ ရွာနှင့်မြေပြင်ရှိကျေးရွာများအားလုံးကို အခွင့်အရေးတန်းတူညီမျှစွာဖြင့် ထောက်ပံ့ငွေများ ထောက်ပံ့ကူညီပေးလျက်ရှိနေပြီဖြစ်ကြောင်း သိရသည်။

ယခုကဲ့သို့ ကမ္ဘာ့ဘဏ်လူထုဗဟိုပြုစီမံကိန်းများကြောင့် ကျေးလက်နေပြည်သူများသည် ကိုယ်တိုင်ဝင်ရာက်စီမံခန့်ခွဲမှုများလုပ်ကိုင်ရသည့်အတွက် ရုံးလုပ်ငန်းဆိုင်ရာများ၊ ငွေစာရင်းဆိုင်ရာလုပ်ငန်းများ နားလည်တတ်ကျွမ်းလာသည့်အပြင် အဖွဲ့အစည်းဖြင့် ပူးပေါင်းဆောင်ရွက်ရသည့်အတွက် လုပ်ငန်းများပိုမိုအောင်မြင်လာခြင်း၊ မိမိတို့ရပ်ရွာဒေသများဖွံ့ဖြိုးတိုးတက်လာစေရေးကို တစ်နိုင်တစ်ပိုင်လုပ်ကိုင်တတ်ခြင်း ၂၀၁၄-၂၀၁၅ဒုတိယနှစ်စီမံကိန်းနှစ်တွင် ပြည်သူများကိုယ်တိုင်တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိခြင်းကြောင့် စီမံကိန်းလုပ်ငန်းများကို သတ်မှတ်ကာလတွင် အောင်မြင်စွာဆောင်ရွက်နိုင်ခဲ့ပြီး ကျေးလက်ဒေသများရှိ ဒေသခံပြည်သူ ၇၇၇၁၀ ခန့် အကျိုးခံစားခွင့်ရရှိနေပြီဖြစ်ကြောင်းနှင့် ယခုလို ထောက်ပံ့ကူညီပေးသည့် ကမ္ဘာ့ဘဏ်အဖွဲ့အစည်းများကိုလည်း ပြည်သူများက ကျေးဇူးတင်ကြောင်း နမ့်ဆန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦး၏ ပြောပြချက်အရသိရသည်။

အောင်မိုး(iprd)

**မကွေးတိုင်းဒေသကြီး**

# ကံမမြို့၌ နှမ်းစပါး စံပြကွက်ရိတ်သိမ်းပွဲကျင်းပ



မကွေးတိုင်းဒေသကြီး သရက်ခရိုင် ကံမမြို့နယ် စံပယ်ခြုံကျေးရွာ ကွင်းအမှတ် (၁၆၆) ဦးပိုင်အမှတ် (၁၃၉) ရှိ ပုလဲသွယ် အထူးအထွက်တိုး စပ်မျိုးစပါး စံပြကွက် ၁၀ ဧကရိတ်သိမ်းပွဲကို ဇူလိုင် ၇ ရက်က ကျင်းပခဲ့ရာ ခရိုင်၊ မြို့နယ် စိုက်ပျိုးရေးညှိနှိုင်းမှုကော်မတီဝင်များ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၊ မြေစာရင်းဦးစီးဌာန ဝန်ထမ်းများနှင့် နွေစပါး စိုက်ပျိုးရေးတောင်သူများ တက်ရောက်ခဲ့ကြသည်။

ပုလဲသွယ် အထူးအထွက်တိုးစပ်မျိုးစပါး စံပြကွက်ကို KUBOTA ရိတ်သိမ်း ခြွေလှေ့စက်ဖြင့် ရိတ်သိမ်းခဲ့ရာ တစ်ဧကလျှင် ၁၉၁ တင်းနှုန်း ထွက်ရှိခဲ့သည်။

ကံမမြို့နယ်တွင် နွေစပါး စိုက်ပျိုးဧကကို ၂၀၂၅ ဧကလျာထားခဲ့ရာ နွေစပါးလျာထားချက် ပြည့်မီစွာ စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

**ပေါက်ကလေး(သရက်)**

# ပုလဲသွယ်မျိုးစပါး စိုက်ပျိုးပွဲကျင်းပ

ချင်းပြည်နယ် ကန်ပက်လက်မြို့နယ် ငုံလောင်းအုပ်စု လက်မွန်ကျေးရွာ တောင်သူဦးစိန်အောင်မင်း၏ လယ်နှစ်ဧကတွင် ပုလဲသွယ်မျိုးစပါး စိုက်ပျိုးပွဲကို ဇူလိုင် ၈ ရက်က ကျင်းပသည်။

အဆိုပါ မျိုးစပါးစိုက်ပျိုးပွဲတော်တွင် မြို့နယ်ဒုတိယအုပ်ချုပ်ရေးမှူး ဦးတင်ထွန်းက လျာထားချက်ဧက ပြည့်မီအောင် စိုက်ပျိုးနိုင်ရေးကိုလည်းကောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးလိန်းမာန်က သိပ္ပံနည်းကျစိုက်ပျိုးရေးစနစ်အဆင့်ဆင့်ကိုလည်းကောင်း စိုက်ပျိုးပွဲသို့ တက်ရောက်လာကြသည့် တောင်သူဦးကြီးများကို ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# မြောင်မြို့နယ် သနပ်ကုန်းကျေးရွာဒေသခံများ နဖားကြိုးကျစ်လုပ်ငန်းဖြင့် လူမှုစီးပွားဘဝအဆင်ပြေလျက်ရှိ

စစ်ကိုင်းဒေသကြီးမြောင်မြို့နယ်သနပ်ကုန်းကျေးရွာဒေသခံများသည် နဖားကြိုးကျစ်လုပ်ငန်းလုပ်ကိုင်ခြင်းဖြင့် နေ့စဉ်လူမှုစီးပွားဘဝ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

"သနပ်ကုန်း နဖားကြိုးဆိုတာ မြောင်မြို့နယ်အတွင်းသာမကဘူး၊ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းက စစ်ကိုင်း၊ ရွှေဘို၊ ဝက်လက်၊ မုံရွာ၊ ရေဦး၊ ချောင်းဦးဒေသများအထိ နာမည်ကျော်တယ်။ သနပ်ကုန်းကျေးရွာကထွက်တဲ့ နဖားကြိုးက ခိုင်ခန့်ကောင်းမွန်ပြီးတော့ ဈေးနှုန်းလည်းသင့်တင့်တာမို့ လူကြိုက်များတာဖြစ်ပါတယ်။ ဘိုးဘွားဘီဘင်တွေလက်ထက်ကတည်းက နဖားကြိုးလုပ်ငန်းကိုလုပ်ကိုင်ခဲ့ကြပြီးတော့ ဒီနေ့အထိ လူမှုစီးပွားဘဝအဆင်ပြေစေရေးအတွက် ဆက်လက်လုပ်ကိုင်နေကြတယ်။ နေ့စဉ် ဝင်ငွေရရှိတဲ့လုပ်ငန်းမို့အဆင်ပြေကြပါတယ်။ နွားကြိုးတစ်ချောင်းကို လက်လီ ကျပ် ၅၀၀ ရောင်းပြီး လက်ကားရောင်းတယ်ဆိုရင် ကျပ်၄၀၀ ရောင်းချရ ပါတယ်။ အနီးအနားကျေးရွာတစ်ဝိုက်က လာရောက်ဝယ်ယူကြတာမျိုးရှိသလို မြောင်မြို့နယ်နဲ့တခြားမြို့နယ်များကိုတင်ပို့ရောင်းချဖို့အတွက် ပွဲစားတွေက ကြိုတင်မှာ ဝယ်ယူတာမျိုးလည်းရှိပါတယ်"ဟု သနပ်ကုန်းကျေးရွာမှ နဖားကြိုးလုပ်ငန်းလုပ်ကိုင်သူ ဦးကံလွင်က ပြောသည်။

သနပ်ကုန်းကျေးရွာ နဖားကြိုးများကိုယခင်ကထန်းလျှော်ဖြင့်သာ ကြိုးကျစ်ခြင်းကို ပြုလုပ်ခဲ့သော်လည်းယခုအခါ ပိုက်ဆံလျှော်၊ နိုင်လွန်ပလတ်စတစ်များဖြင့် ကြိုးကျစ်ပြုလုပ်ခြင်းမျိုးရှိလာပြီဖြစ်ကာ သုံးတောင်တစ်ထွာရှိသည့် ရောင်းတန်းဝင်နဖားကြိုးတစ်ချောင်းအား တစ်နာရီခွဲခန့် အချိန်ပေး သုံးလွန်းတင်ကျစ်ရပြီး လူတစ်ဦးတစ်နေ့လျှင် နဖားကြိုး၁၀ချောင်းသာကျစ်၍ ရရှိနိုင်ကြောင်းသိရသည်။

**ချမ်းသာ(မိတ္ထီလာ)**



# ကဒက်ချောင်း တံတားလုပ်ငန်း ဆောင်ရွက်မှုစစ်ဆေး

ကျိုက်ထိုမြို့နယ် အဘိုင်းကျေးရွာ၌ ကျင်းပသော အသက်မွေးဝမ်းကျောင်း အထောက်အကူပြုသင်တန်း သင်ကြားသင်ယူနေသည့် သင်တန်းသားသင်တန်းသူများကို မွန်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ပြည်နယ်ဦးစီးမှူး ဦးမျိုးကြည်က သွားရောက်အားပေးစကားပြောကြားခဲ့ပြီး ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်လျှမ်းဘုန်းမြင့်ကုမ္ပဏီက ဆောင်ရွက်သည့် ကဒက်ချောင်းတံတားလုပ်ငန်း ဆောင်ရွက်နေမှုကို ခရိုင်/မြို့နယ်ဦးစီးမှူးများနှင့် အတူ ဇူလိုင် ၇ ရက်က ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**



**စစ်ကိုင်းတိုင်းဒေသကြီး**

# မိုးတွင်းကာလ ရေစီးရေလာကောင်းမွန်ပြီး မြို့သန့်ရှင်းသာယာရေး တာချီလိတ်၌ဆောင်ရွက်

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့တွင် မိုးတွင်းကာလ၌ မိုးအဆက်မပြတ်ရွာသွန်းပါက ရေကြီးရေလျှံမှုကင်းဝေးရေး၊ မြို့နယ်စည်ပင်သာယာရေးကော်မတီမှ ရေစီးရေလာကောင်းမွန်ပြီး မြို့သန့်ရှင်းသာယာလှပရေးအတွက် ကွန်ကရစ်လမ်းများ၊ ကတ္တရာလမ်းများအဖြစ် တိုးချဲ့ဆောင်ရွက်ခြင်းနှင့် ရေနုတ်မြောင်းများ၊ ချောင်းကူးတံတားတည်ဆောက်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

ယင်းကဲ့သို့ ဆောင်ရွက်ရာတွင် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွင်း ခွင့်ပြုရန်ပုံငွေကျပ် ၁၁၆၀၆၀၀၀ ဖြင့် အရှည် ပေ ၅၇၀၊ အကျယ် ၁၂ ပေ၊ ထုကိုးလက်မရှိ အာခါဈေးလမ်းသွယ် (၃) ကတ္တရာခင်းခြင်းလုပ်ငန်း၊ ငွေကျပ် ၂၈၅၄၅၀၀၀ ဖြင့် ရန်အောင်မြေရပ်ကွက်နှင့် မယ်ခေါင်ရပ်ကွက် ဆက်သွယ်သည့်အရှည် ၂၆ ပေ၊ အကျယ် ၁၈ ပေရှိ သံကူကွန်ကရစ်အမျိုးအစား မယ်ခေါင်ချောင်းကူးတံတား တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဝေယံလင်း**

ချင်းပြည်နယ်

# ခေတ်မီစိုက်ပျိုးရေးစနစ်သို့ပြောင်းလဲပေးမည့် ချင်းပြည်နယ်လုံပီးစိုက်ပျိုးရေးသိပ္ပံကျောင်း

ချင်းပြည်နယ် ကလေး-ဟားခါး သွားကားလမ်းပေါ်ရှိ ဖလမ်းမြို့နှင့် ခုနစ်မိုင် ကွာဝေးသော ဖလမ်းမြို့နယ်၊ လုံပီးကျေးရွာ (ဆရာတော် ဦးဥတ္တမသာရ သီတင်းသုံးခဲ့သောရွာ)အနီးရှိ ယခင်စိုက်ပျိုးရေးအထက်တန်းကျောင်းကို ယခုစိုက်ပျိုးရေးသိပ္ပံကျောင်းအဖြစ် အဆင့်တိုးမြှင့်၍ ဖွင့်လှစ်ခွင့်ပြုခဲ့ပြီး ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ကျောင်းဆောက်လုပ်ရန် ကျပ်သန်းပေါင်း ၂၅၈၄ ဒသမ ၃၁ သန်း ချပေးရာ လက်ရှိတင်ဒါရရှိသည့် ကုမ္ပဏီကိုးခုမှ ၂၀၁၅- ၂၀၁၆ ပညာသင်နှစ်အမီ ဖွင့်လှစ်နိုင်ရန် ၂၀၁၄ ခုနှစ်စက်တင်ဘာလမှ စတင်ကာ အရှိန်အဟုန်ဖြင့် တည်ဆောက်လျက်ရှိသည်။

လုံပီးစိုက်ပျိုးရေးကျောင်းသမိုင်းနောက်ခံအကျဉ်းမှာ ၁၉၆၂ ခုနှစ် ချင်းဝိသေသတိုင်းလက်ထက်တွင် စိုက်ပျိုးရေးအထက်တန်းကျောင်းအဖြစ် စတင်ဖွင့်လှစ်ခဲ့ပြီး စတုတ္ထတန်းအောင် ပဥ္စမတန်းကျောင်းသားများကို စတင်လက်ခံသင်ကြားပေးခဲ့သည်။ ၁၉၆၃- ၁၉၆၄ ပညာသင်နှစ်တွင် ဆဋ္ဌမတန်းအထိ ထပ်မံတိုးမြှင့်ဖွင့်လှစ်၍ ၁၉၆၄-၁၉၆၅ ပညာသင်နှစ်တွင် သတ္တမတန်းအထိ ဖွင့်လှစ်ခဲ့ရာ ၁၉၇၀-၁၉၇၁ ပညာသင်နှစ်တွင် စိုက်ပျိုးရေးအထက်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့်ပေးခဲ့ပြီး သုံးနှစ်သင်တန်းအဖြစ် သင်ကြားပေးခဲ့သည်။

မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီခေတ်တွင် စိုက်ပျိုးရေးသိပ္ပံခုနစ်ကျောင်းနှင့် စိုက်ပျိုးမွေးမြူရေးသင်တန်းကျောင်း ၁၀ ကျောင်း ဖွင့်လှစ်ခဲ့ရာ ပညာရေးဝန်ကြီးဌာန စက်မှုစိုက်ပျိုးနှင့် သက်မွေးပညာဦးစီးဌာနအောက်တွင် ထားရှိရာမှ ၁၉၉၇ ခုနှစ် ဇန်န ဝါရီလ ၁ ရက်နေ့မှစ၍ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးစီမံကိန်းဦးစီးဌာနသို့ ပြောင်းရွှေ့စေခဲ့ပြီး ၂၀၁၂ခုနှစ် ဇွန် ၂၈ ရက်မှစ၍ စိုက်ပျိုးရေးဦးစီးဌာနအောက်တွင် ထားရှိကြောင်း သိရသည်။

၁၉၉၉ ခုနှစ် မတ်လ ၃၁ ရက်နေ့မှစ၍ စိုက်ပျိုးမွေးမြူရေးအထက်တန်းကျောင်း ၁၀ ကျောင်းကိုဖျက်သိမ်းပြီး ဝန်ကြီးဌာန၏ သင်တန်းကျောင်း(သို့မဟုတ်)သုတေသနကျောင်းအဖြစ် ပြောင်းလဲရာတွင် လုံပီးမှာ မြန်မာ့ဝါနှင့် ပိုးချည်လုပ်ငန်းသို့ပြောင်းလဲခဲ့ရာမှ ယခု ၂၀၁၄ ခုနှစ်မှစ၍ စိုက်ပျိုးရေးသိပ္ပံကျောင်း အဖြစ် ပြန်လည်ဖွင့်လှစ်ခွင့်ပြုခဲ့ရာ အဆင့်တိုးမြှင့်၍ ၂၀၁၄- ၂၀၁၅ ပညာသင်နှစ် အခြေခံပညာအထက်တန်းအောင်မြင်သူများ ထဲမှ လျှောက်ထားခွင့်ပြုမည်ဖြစ်သည်။သင်တန်းတက်ရောက်ခွင့်ပြုပါက သုံးနှစ် သင်တန်းဖြစ်ပြီး အောင်မြင်ပါက ဒီပလိုမာအောင်လက်မှတ်ရရှိမည်ဖြစ်၍ ထူးချွန်သူများအား တက္ကသိုလ်သို့ ဆက်လက်သင်ကြားနိုင်အတွက် ဝင်ခွင့်စာမေးပွဲဖြေဆိုခွင့်ရရှိမည် ဖြစ်ပါသည်။

နိုင်ငံတော်အနေဖြင့် စိုက်ပျိုးရေးသိပ္ပံကျောင်းများ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် တိုးမြှင့်ဖွင့်လှစ်ပေးရာတွင် ယခု ၂၀၁၅-၂၀၁၆ပညာသင်နှစ်အတွက် ချင်းပြည်နယ် လုံပီးစိုက်ပျိုးရေးသိပ္ပံကျောင်းသည် မြန်မာနိုင်ငံ၏ ၁၃ ခုမြောက်ကျောင်းဖြစ်ပြီး ရခိုင်ပြည်နယ် ကျောက်တော်မှာနောက်ဆုံးဖွင့်လှစ်ခြင်းဖြစ်၍ အရေအတွက်အားဖြင့် (၁၄)ခုမြောက် စိုက်ပျိုးရေးသိပ္ပံကျောင်းဖြစ်



လာမည်ဖြစ်သည်။

ချင်းပြည်နယ်တွင် သီးနှံမျိုးစုံဖြစ်ထွန်းလျက်ရှိရာ ၂၀၁၄ ခုနှစ် ဒီဇင်ဘာအထိ နောက်ဆုံးစာရင်းအရ ချင်းပြည်နယ်၏ လယ်ယာစိုက်ပျိုးရေးကဏ္ဍတွင် စိုက်ပျိုးနိုင်သည့် မြေမှာ ၂၂၇၆၈၈ ဧကဖြစ်ပြီး ယင်းတွင် လယ်ယာ ၂၈၉၃၃ ဧက၊ ယာ ၅၃၆၀ ဧက၊ ကိုင်း/ကျွန်း ၅၀၅၄ ဧက၊ ဥယျာဉ် ၁၅၉၄၂ ဧက၊ တောင်ယာ ၁၇၂၃၉၉ ဧကတို့ဖြစ်ကြသည်။ အသားတင်စိုက်မြေမှာ ၂၂၃၇၆၄ ဧကဖြစ်သည်။ ချင်းပြည်နယ်၏ သစ်တောဧရိယာမှာ ၁၄၅၆၃၁၅ ဒသမ ၁၅ ဧကရှိ၍ ထိုကြိုးဝိုင်း၊ ကြိုးပြင်ကာကွယ်တောအတွင်း ကျူးကျော်လယ်ယာ၊ တောင်ယာ၂၀၆၃ ဒသမ ၄၀ ဧကကို ဒေသခံတောင်သူများ ဝမ်းစာဖူလုံရေးနှင့် ကုန်ထုတ်လုပ်မှုတိုးမြှင့်ရေး၊ လူနေမှုဘဝ ဖွံ့ဖြိုးတိုးတက်ရေးကိုရှေးရှု၍ ၂၀၁၄ ခုနှစ်က ပယ်ဖျက်ကာ တရားဝင်ပြန်လည်လုပ်ကိုင်ခွင့်ပြုခဲ့သောကြောင့် ချင်းပြည်နယ်၏ သစ်တောဧရိယာမှာ ၁၄၅၄၁၅၂ ဒသမ ၀၅ သို့ရောက်ရှိခဲ့ခြင်းဖြစ်သည်။

ချင်းပြည်နယ်သည် ရွှေ့ပြောင်းတောင်ယာများကိုသာ အဓိကစိုက်ပျိုးနေခြင်းများကြောင့် သစ်တောပြုန်းတီးမှုနှင့် မြေဆီလွှာပျက်သုဉ်းမှု အများဆုံးဖြစ်နေသည့်ဒေသတစ်ခုဖြစ်ပြီး နည်းလမ်းတကျ စိုက်ပျိုးနိုင်မည့် ပညာရှင်များစွာလိုအပ်နေကြောင်း၊ လက်ရှိ ချင်းပြည်နယ်၏စိန်ခေါ်မှုမှာ ဒေသကုန်ထုတ်လုပ်မှု တိုးတက်၍ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နေကြသော်လည်း ဒေသဝမ်းစာဖူလုံရေးအတွက် ထုတ်လုပ်နိုင်ရေးသည် အဓိကစိန်ခေါ်မှုဖြစ်နေကြောင်း စိုက်ပျိုးရေးပညာရှင်များက ဆိုသည်။ သို့ဖြစ်၍ လုံပီးစိုက်ပျိုးရေးသိပ္ပံကျောင်းမှ မွေးထုတ်ပေးမည့်စိုက်ပျိုးရေးနှင့် မွေးမြူရေးပညာရှင်များထံမှ ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကောင်အထည်ဖော်ဆောင်လာမည့် မျှော်လင့်ချက်များကို မျှော်မှန်းလျက်ရှိသည်။

လုံပီးစိုက်ပျိုးရေးသိပ္ပံကျောင်းနှင့် ပတ်သက်၍ လုံပီးစိုက်ပျိုးရေးသိပ္ပံကျောင်း တည်ဆောက်ရေးတွင် ပါဝင်ဆောက်လုပ်ခွင့်ရရှိသော JTO ကုမ္ပဏီဒါရိုက်တာ ဦးဗန်ကျင်းက "ကိုယ့်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ဖို့အတွက် အလွန်အရေးကြီးတဲ့ အဆောက်အအုံကို ဆောက်လုပ်ခွင့်ရရှိတဲ့အတွက် အထူးပဲ ဝမ်းသာမိပါတယ်"ဟု ပြောသည်။

"နိုင်ငံတော်က လုံပီးစိုက်ပျိုးရေးကျောင်းကိုအဆင့်မြှင့်တင်ဖွင့်လှစ်ပေးတာ အင်မတန်ဝမ်းသာ မိပါတယ်။ ချင်းပြည်နယ်ဟာစိုက်ပျိုးရေးက အဓိကစီးပွားရေးဖြစ်တဲ့အတွက် သစ်တောပြုန်းတီးမှုကို အကာအကွယ်ပြုတဲ့ စိုက်ပျိုးရေးစနစ်နည်းပညာတွေ ကျင့်သုံးမှသာလျှင် ဖွံ့ဖြိုးတိုးတက်မှာဖြစ်ပါတယ်။ အတိတ်ကာလဟာ လုံပီးစိုက်ပျိုးရေးကျောင်းကနေ ပညာသည်များစွာမွေးထုတ်ပေးခဲ့ပြီးဖြစ်သလို နောင်အနာဂတ်အတွက်လည်း ပိုပြီးအားရစရာကောင်းလာတဲ့ မျှော်လင့်ချက်ကို ထားရှိပါတယ်"ဟု ကနေဒီစိမ်းလန်းစိုပြည်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးလှိုင်အောင်(ခ) ငင့်ရှင်းခွါလ်က ဆိုသည်။

လုံပီးဒေသခံတစ်ဦးက "ယခင်လုံပီးစိုက်ပျိုးရေးကျောင်းအဆောက်အအုံနဲ့ အခုတည်ဆောက်နေတဲ့ အဆောက်အအုံတွေက ကွာခြားလှပါတယ်။ အရင်ကဒေသထွက် သစ်သားအဆောင်တွေဖြစ်ပြီး အခုတော့ အုတ်၊ တိုက်တွေဖြစ်တဲ့အပြင် ဖွဲ့စည်းမှုကလည်း အများကြီးတိုးချဲ့လာတဲ့အတွက် အလွန်အားရဝမ်းသာမိပါတယ်။ အဓိကဒီကျောင်းကိုမှီပြီး ကျွန်တော်တို့ကျေးရွာအနေနဲ့လည်း ရေ၊ မီးကအစ တန်းတူခံစားရမှာကာ အထူးအခွင့်အရေးတစ်ရပ်ရရှိတာမို့ နိုင်ငံတော်ကို ကျေးဇူးတင်ရှိပြီး ထွက်ရှိလာတဲ့ ပညာရှင်အားလုံးဟာ ကိုယ့်ပြည်နယ်အတွက် အားထား ရတဲ့ ပညာရှင်တွေဖြစ်လာပါစေလို ဆုတောင်းပါတယ်"ဟု ပြောသည်။

ချင်းပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ချင်းပြည်နယ်အတွင်း စိုက်ပျိုးမြေဖော်ထုတ်ရေးနှင့် ရွှေ့ပြောင်းတောင်ယာစနစ် ပပျောက်ရေးအတွက် စီမံချက်ချကာ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ချင်းပြည်နယ်၏ တောင်ယာမြေစနစ်နှင့်ပတ်သက်၍ လှေကားထစ်မြေယာဖော်ထုတ်ပြီး တောင်ယာမြေအားရွှေ့ပြောင်းတောင်ယာမြေစနစ်မှ အမြဲတမ်းစိုက်ကွင်းစိုက်ကွက်စနစ်သို့ ပြောင်းလဲဖော်ထုတ်ရန်၊ အဓိကအားဖြင့် တောင်စောင်းစိုက်ပျိုးရေးစနစ်ကို ကျယ်ကျယ်ပြန့်ပြန့်ကျင့်သုံးရန်၊ အဆိုပါနည်းလမ်း နှစ်သွယ်ဖြင့် ချင်းပြည်နယ်၏ ရွှေ့ပြောင်းတောင်ယာစနစ် ပပျောက်ရေးအတွက် စီမံချက်များချ၍ အကောင်အထည်ဖော် ကြိုးစားဆောင်ရွက်နေကြောင်းသိရသည်။

ထို့ပြင် ချင်းပြည်နယ်တွင်စိုက်ပျိုးမြေအတွက် မြေလွတ် မြေလပ် မြေရိုင်းဖော်ထုတ်ရေးမှာ ဧက ၅၀အောက်ဖြစ်လျှင် ပြည်နယ်အစိုးရသို့လျှောက်ထားနိုင်ပြီး ဧက ၅၀ ကျော်လျှင်မူ ပြည်ထောင်စုအစိုးရသို့ တိုက်ရိုက်လျှောက်ထားရမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ လုံပီးစိုက်ပျိုးရေးသိပ္ပံကျောင်း အမြန် အကောင်အထည်ဖော်ပြီးစီးနိုင်ရေးအတွက် တာဝန်ရှိသူအသီးသီးက ကြိုးပမ်းလျက်ရှိရာ မကြာမီ၍ကျောင်းတော်ကြီးဖွင့်လှစ်တော့မည်ဖြစ်သဖြင့် စိုက်ပျိုးရေးနှင့် မွေးမြူရေးပညာရှင်များ မွေးထုတ်ပေးပြီး ခေတ်မီစိုက်ပျိုး မွေးမြူရေးစနစ်သို့ ပြောင်းလဲပေးမည့် ကျောင်းတစ်ကျောင်းဖြစ်လာတော့မည်ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

နေစု(ချင်းရိုးမ)



# ဂျာမနီမြေပေါ်က တယ်လီကွန်းဖလား

***လာ**မယ့်ဇူလိုင် ၁၂ ရက်မှာတော့ ဂျာမနီအခြေစိုက် ရာသီကြိုပြိုင်ပွဲတစ်ရပ်ဖြစ်တဲ့ တယ်လီကွန်းဖလားကို ကျင်းပသွားဖို့ရှိနေပါတယ်။ အဆိုပါ တယ်လီကွန်းဖလားပြိုင်ပွဲမှာတော့ ဘိုင်ယန်မြူးနစ်၊ ဂလာဘတ်ချ်၊ ဟမ်းဘတ်၊ အော့ဇ်ဘတ်စတဲ့ ဘွန်ဒက်စ်လီဂါအသင်းကောင်းတွေ ပါဝင်ယှဉ်ပြိုင်ကစားကြမှာဖြစ်လို့ စိတ်ဝင်စားဖို့ကောင်းနေပါတယ်။ အဆိုပါ တယ်လီကွန်းဖလားပြိုင်ပွဲကို ၂၀၀၉ ခုနှစ် ဘောလုံးရာသီအကြိုကာလမှာ စတင်ကျင်းပခဲ့တာဖြစ်ပြီး စတင်ကျင်းပစဉ်မှာ T-Home Cup အမည်နဲ့ ကျင်းပခဲ့တာဖြစ်ပြီး နှစ်စဉ်ရာသီကြိုကာလတိုင်းမှာ ကျင်းပခဲ့တဲ့ပြိုင်ပွဲတစ်ရပ်ဖြစ်ပါတယ်။ အဆိုပါ စတင်ကျင်းပပြီးတဲ့နောက် ဒုတိယအကြိမ်ပြိုင်ပွဲဖြစ်တဲ့ ၂၀၁၀ ပြိုင်ပွဲမှာတော့ ပြိုင်ပွဲရဲ့အမည်ကို LIGA total Cup လို့ ပြောင်းလဲကျင်းပခဲ့ကာ အဆိုပါအမည်နဲ့ စတုတ္ထအကြိမ်ပြိုင်ပွဲဖြစ်တဲ့ ၂၀၁၂ ရာသီပြိုင်ပွဲအထိ ကျင်းပခဲ့ပြီး ၂၀၁၃ ခုနှစ် ပြိုင်ပွဲမှာတော့ အခုအမည်ဖြစ်တဲ့ တယ်လီကွန်းဖလားအမည်နဲ့ပြောင်းလဲပြီး ဆက်လက်ကျင်းပခဲ့တာဖြစ်ပါတယ်။*

ဒီပြိုင်ပွဲကို ဂျာမနီပြည်တွင်းမှာသာ ကျင်းပပြုလုပ်ခဲ့တာဖြစ်ပြီး မိန့်ဇ်၊ ဟမ်းဘတ်၊ ဂလာဘတ်ချ်တို့က အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့ဖူးပြီး ယခုတစ်ကြိမ်ပြိုင်ပွဲကိုတော့ ဂလာဘတ်ချ်က အိမ်ရှင်အဖြစ် ကျင်းပသွားမှာ ဖြစ်ပါတယ်။ ဒီပြိုင်ပွဲမှာတော့ စတင်ကျင်းပစဉ်ကနေ ယခုအချိန်အထိ အသင်းပေါင်း ကိုးသင်း ပါဝင်ယှဉ်ပြိုင်ဖူးကာ ဘိုင်ယန်၊ ဟမ်းဘတ်၊ ဒေါ့မွန်၊ ရှော့လ်ကေး၊ ဝါဒါဘရီမင်၊ ဂလာဘတ်ချ်၊ စတုဂတ်၊ ဝုဖ်ဘတ်၊ ကိုလုံး၊ မိန့်ဇ်တို့ ပြိုင်ပွဲဝင်ခဲ့ကြပြီး ဒီတစ်ကြိမ်ပြိုင်ပွဲဝင် လေးသင်းအနက် မှာတော့ ဂလာဘတ်ချ်၊ ဟမ်းဘတ်၊ ဘိုင်ယန်တို့ဟာ ဒီပြိုင်ပွဲမှာ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြဖူးပြီးအော့ဘတ်တစ်သင်းသာ ပထမဆုံးအကြိမ်အဖြစ် ပြိုင်ပွဲဝင်သွားမှာ ဖြစ်ပါတယ်။

ဒီပြိုင်ပွဲမှာတော့ ဘိုင်ယန်က(၆)ကြိမ်ပြိုင်ပွဲဝင်ခဲ့ဖူးပြီး ချန်ပီယံဆုကို(၂)ကြိမ်ရယူနိုင်ခဲ့သလို ပြိုင်ပွဲရဲ့ အအောင်မြင်ဆုံးအသင်းအဖြစ်လည်း မှတ်တမ်းဝင်ခဲ့ပါတယ်။ ဟမ်းဘတ်ကလည်း ဒီပြိုင်ပွဲမှာ (၆)ကြိမ်ပြိုင်ပွဲဝင်ခဲ့ဖူးကာ ၂၀၀၉ ခုနှစ်တုန်းက တစ်ကြိမ်ချန်ပီယံဖြစ်ခဲ့ဖူးပြီး ဒေါ့မွန်(၂၀၁၁)၊ ရှော့လ်ကေး(၂၀၁၀)၊ ဝါဒါဘရီမင်(၂၀၁၂) တို့က တစ်ကြိမ်စီ ချန်ပီယံဖြစ်ခဲ့ကြဖူးပါတယ်။

ဒီပြိုင်ပွဲကို ရှုံးထွက်စနစ်နဲ့သာ ကျင်းပတာဖြစ်ပြီး ပြိုင်ပွဲဝင်အသင်းလေးသင်းကို ရှုံးထွက်ယှဉ်ပြိုင်စေကာ အနိုင်ရတဲ့ နှစ်သင်းကို ဗိုလ်လုစေပြီး ရှုံးနိမ့်တဲ့နှစ်သင်းကို တတိယလုစေမှာ ဖြစ်ပါတယ်။ ဒီပြိုင်ပွဲဟာ တစ်နေ့တည်းကျင်းပတဲ့ ပြိုင်ပွဲဖြစ်ပြီး ဒီပြိုင်ပွဲရဲ့ ပွဲစဉ်တွေကို မိနစ် ၉၀ ပြည့်ကျင်းပမှာ မဟုတ်ပါဘူး။ အရင်က ဒီပြိုင်ပွဲရဲ့ပွဲစဉ်တွေကို မိနစ် ၆၀ သာ ယှဉ်ပြိုင်စေခဲ့တာဖြစ်ပြီး ဒီနှစ်မှာတော့ ၄၅ မိနစ်သာ ယှဉ်ပြိုင်စေမှာဖြစ်ပါတယ်။ ဒါကြောင့် ယှဉ်ပြိုင်မှုအချိန် အတိုင်းအတာဟာ တိုတောင်းနေသလို အဆိုပါ အချိန်အတွင်း အနိုင်၊ အရှုံး အဖြေပေါ်အောင် ကစားကြရမှာဖြစ်တဲ့အတွက်ကြောင့်မို့ ပြိုင်ပွဲရဲ့ပွဲစဉ်တိုင်းဟာ အကြိတ်အနယ်ရှိလာမှာ သေချာနေပါတယ်။

အထူးသဖြင့် ဒီပြိုင်ပွဲရဲ့ လက်ရှိ ပြိုင်ပွဲဝင်မယ့် အသင်းတွေဟာ ပရိသတ်စိတ်ဝင်စားတဲ့ အသင်းတွေချည်းပဲ ဖြစ်နေတာကလည်း ပြိုင်ပွဲကို ဆွဲဆောင်မှုပိုမိုမြင့်မားစေပါတယ်။ အထူးသဖြင့် ဒီပြိုင်ပွဲမှာ ပါဝင်ယှဉ်ပြိုင်မယ့် ဘိုင်ယန်မြူးနစ်ဟာ ဂွါဒီယိုလာလက်ထက်မှာ အမြင့်ဆုံးအောင်မြင်မှုတွေ ရယူနိုင်ခြင်း မရှိသေးပါဘူး။ ဂွါဒီယိုလာအနေနဲ့ ဘိုင်ယန်ကို စတင်ကိုင်တွယ်စဉ်မှာ ဂျာမန်ပိုကယ်ဖလားနဲ့ ဘွန်ဒက်စ်လီဂါဖလားတို့ကို ဆွတ်ခူးပေးနိုင်ခဲ့ပေမယ့်လည်း မနှစ်ကရာသီမှာတော့ ဘွန်ဒက်စ်လီဂါဆုဖလား တစ်လုံးသာ ဆွတ်ခူး ပေးနိုင်ခဲ့တာကို တွေ့ရပါတယ်။ ဂွါဒီယိုလာအနေနဲ့ ဘိုင်ယန်ကို ဥရောပအောင်မြင်မှုရရှိအောင် ကိုင်တွယ်နိုင်ခြင်းမရှိသေးတာကြောင့်လည်း လာမယ့်ရာသီသစ်မှာ ဘိုင်ယန်အနေနဲ့ ဥရောပအောင်ပွဲကို ရယူနိုင်စွမ်းရှိ၊ မရှိဆိုတဲ့အချက်ဟာ စောင့်ကြည့်ချင်စရာဖြစ်နေသလို ဒီပြိုင်ပွဲမှာ ပါဝင်ယှဉ်ပြိုင်မယ့် ဘိုင်ယန်ရဲ့အနေအထားဟာလည်း အဆိုပါအချက်နဲ့အတူ စိတ်ဝင်စားဖို့ကောင်းနေပါတယ်။

ဒါ့အပြင် ပြီးခဲ့တဲ့ဘောလုံးရာသီမှာ ခြေစွမ်းပိုင်းကောင်းမွန်မှုရှိခဲ့ပြီး ဘွန်ဒက်စ်လီဂါပြိုင်ပွဲအတွင်း ပဉ္စမနေရာမှာ ရပ်တည်နိုင်ခဲ့တဲ့ အော့စ်ဘတ်ဟာလည်း ဒီရာသီမှာ မနှစ်ကရာသီလိုပဲ ဆက်လက်ခြေစွမ်းပြနိုင်မလားဆိုတာ စောင့်ကြည့်သွားရမယ့် အချက်တစ်ခုလည်း ဖြစ်နေပါတယ်။ အော့စ်ဘတ်အနေနဲ့ လက်ရှိအချိန်မှာ လေဗာကူဆင်ရဲ့ လူငယ်ကစားသမားလေး ဒိုမီနစ်ခိုရာကို ခေါ်ယူအားဖြည့်ထားတာကလွဲလို့ ထိရောက်တဲ့အားဖြည့်မှုတွေ ပြုလုပ်ထားခြင်း မရှိသေးပါဘူး။

ဒါပေမယ့် အော့စ်ဘတ်ဟာ အယ်တင်တော့စ်၊ ဂျီဒေါင်ဝမ်၊ ဘိုဘာဒီလာ စတဲ့ အသင်းရဲ့အမာခံကစားသမားတွေကို ဆက်လက်ထိန်းသိမ်းထားနိုင်တာကြောင့် အော့စ်ဘတ်အနေနဲ့ မနှစ်ကလို ဘွန်ဒက်စ်လီဂါပြိုင်ပွဲအတွင်း ဥရောပဝင်ခွင့်ရယူနိုင်မယ့် ခြေစွမ်းမျိုး ထပ်မံပြသနိုင်မလားဆိုတာကိုလည်း ဒီပြိုင်ပွဲမှာ စောင့်ကြည့်သွားရမှာဖြစ်ပါတယ်။

ဒါ့အပြင် ဒီပြိုင်ပွဲကို အိမ်ရှင်အဖြစ် လက်ခံကျင်းပမယ့် ဂလာဘတ်ချ်ဟာလည်း မနှစ်ကဘောလုံးရာသီမှာ ခြေစွမ်းပိုင်းကောင်းမွန်မှုရှိခဲ့ပြီး ချန်ပီယံလိဂ်ဝင်ခွင့်ကိုတောင် ရယူနိုင်ခဲ့တဲ့အသင်း ဖြစ်ပါတယ်။




လက်ရှိအချိန်မှာ လေဗာကူဆင်ရဲ့ ဆွစ်ဇာလန်တိုက်စစ်မှူး ဂျိုဆစ်ဒါမစ်ကို ခေါ်ယူထားပြီး အယ်လ်ဘာတို ဒိုမင်ကွေးဇ်၊ ထရာအိုရေးလ်၊ ပက်ထရစ်ဟာမန်းလ်တို့လို ကစားသမားတွေကို ဆက်လက်ထိန်းထားနိုင်သလို ယမန်နှစ်ဘွန်ဒက်စ်လီဂါပြိုင်ပွဲမှာ တန်းမဆင်းရဖို့ ရုန်းကန်ခဲ့ရပြီး အဆုံးအဖြတ်ပွဲစဉ်မှာ ကားရိုဟာကို အနိုင်ရခဲ့တာကြောင့်သာ တန်းတင်ကျန်ရစ်ခဲ့တဲ့ ဟမ်းဘတ်ဟာလည်း လက်ရှိအချိန်မှာ ဂျန်ဆန်၊ ဒီဂျိုရှူး၊ ဟိုလစ်၊ ဘီယာမီ၊ ဟော့ဘီတို့လို အသင်းရဲ့အဓိကကစားသမားတွေကို ဆက်လက်ထိန်းသိမ်းထားနိုင်ပါတယ်။ ဒါပေမယ့် ဟမ်းဘတ်ဟာအသင်းအတွက် ထိရောက်တဲ့အားဖြည့်မှုတွေတော့ ပြုလုပ်ထားနိုင်ခြင်း မရှိသေးပါဘူး။ ဒါကြောင့် ပြီးခဲ့တဲ့ဘောလုံးရာသီမှာ တန်းမဆင်းရဖို့အထိ ခက်ခက်ခဲခဲ ရုန်းကန်ခဲ့ရတဲ့ ဟမ်းဘတ်အနေနဲ့ လာမယ့်ရာသီသစ်မှာ အဆိုပါ ယမန်နှစ်က ပျက်ယွင်းမှုမျိုးနဲ့ ထပ်မံကြုံတွေ့ရနိုင်ခြင်း ရှိ၊ မရှိကိုပါ ဒီပြိုင်ပွဲမှာ စောင့်ကြည့်သွားရဖို့ ရှိနေပါတယ်။

ဒါကြောင့် ဒီပြိုင်ပွဲဟာ ပွဲချိန်ပြည့် ယှဉ်ပြိုင်ကစားတဲ့ ပြိုင်ပွဲတစ်ရပ်မဟုတ်ပေမယ့်လည်း စိတ်ဝင်စားဖို့ကောင်းမွန်တဲ့ ပြိုင်ပွဲတစ်ရပ်လည်း ဖြစ်ပါတယ်။

ပြိုင်ပွဲကို ကြည့်ရှုသူဦးရေဟာ နည်းပါးခြင်းမရှိဘဲ ပြီးခဲ့တဲ့ ၂၀၁၄ ပြိုင်ပွဲတုန်းကဆိုရင် ဆီမီးအဆင့် နှစ်ပွဲမှာ ပရိသတ်လေးသောင်းကျော် ကြည့်ရှုခဲ့သလို ဗိုလ်လုပွဲနဲ့ တတိယလုပွဲတို့မှာလည်း ပရိသတ်ငါးသောင်းစီ ဝင်ရောက်ကြည့်ရှုခဲ့တာ တွေ့ရပါတယ်။

ဒါကြောင့် ဒီပြိုင်ပွဲဟာ စိတ်ဝင်စားဖို့ကောင်းတဲ့ ပြိုင်ပွဲတစ်ရပ်ဖြစ်သလို ဒီတစ်ကြိမ်ကျင်းပမယ့်ပြိုင်ပွဲမှာလည်း ဘိုင်ယန်၊ အော့စ်ဘတ်၊ ဂလာဘတ်ချ်၊ ဟမ်းဘတ်တို့ရဲ့ စွဲဆောင်မှုနဲ့အတူ စိတ်ဝင်စားဖို့ကောင်းနေဦးမှာဖြစ်ပါတယ်။

**လင်းဆက်**



မြန်မာ့အလင်း
၁၀-၇-၂၀၁၅ (သောကြာနေ့)

# ရင်ခုန်စိတ်လှုပ်ရှားဖွယ်ကြည့်ရမယ့် စင်ကာပူမြေပေါ်က ပရီမီယာလိဂ်အာရှဖလားပြိုင်ပွဲ

အောင်က




ဒီနှစ်ရာသီအကြိုကာလမှာ စိတ်ဝင်စားစွာ စောင့်ကြည့်ရမယ့် ပြိုင်ပွဲတစ်ပွဲကတော့ လာမယ့် ဇူလိုင် ၁၅ ရက်မှာ ကျင်းပမယ့် ပရီမီယာလိဂ်အာရှဖလားပြိုင်ပွဲလည်းဖြစ်ပါတယ်။ ဒီပြိုင်ပွဲမှာတော့ ပရီမီယာလိဂ်ရဲ့ အသင်းသုံးသင်းဖြစ်တဲ့ အာဆင်နယ်၊ အဲဗာတန်၊ စတုတ်နဲ့ စင်ကာပူအောစတားအသင်းတို့နဲ့ ယှဉ်ပြိုင်ကစားကြမယ့် လေးသင်းပြိုင်ပွဲလည်းဖြစ်ပါတယ်။

> ရာသီအကြိုကာလအတွင်း ပရီမီယာလိဂ်သုံးသင်းနဲ့ အိမ်ရှင်တစ်သင်းတို့ ယှဉ်ပြိုင်ရတဲ့ပြိုင်ပွဲဖြစ်ပြီး အာရှဒေသတွင်းမှာ နှစ်နှစ်တစ်ကြိမ် ကျင်းပလေ့ရှိတဲ့ပြိုင်ပွဲလည်း ဖြစ်ပါတယ်။ ၂၀၀၃ ခုနှစ်ကနေ စတင်ကျင်းပခဲ့တာဖြစ်ပြီး ဗိုလ်စွဲဆုံးအသင်းကတော့ ချယ်လ်ဆီးအသင်းဖြစ်ပြီး နှစ်ကြိမ်တိုင် ချန်ပီယံဖြစ်ခဲ့တဲ့အသင်း ဖြစ်ပါတယ်။

### အစဉ်အလာ

ပရီမီယာလိဂ် အာရှဖလားဟာ ဘာကလေအာရှဖလားအဖြစ် ထင်ရှားတဲ့ ပြိုင်ပွဲတစ်ခုဖြစ်ပါတယ်။ ရာသီအကြိုကာလအတွင်း ပရီမီယာလိဂ်သုံးသင်းနဲ့ အိမ်ရှင်တစ်သင်းတို့ ယှဉ်ပြိုင်ရတဲ့ပြိုင်ပွဲဖြစ်ပြီး အာရှဒေသတွင်းမှာ နှစ်နှစ်တစ်ကြိမ် ကျင်းပလေ့ရှိတဲ့ ပြိုင်ပွဲလည်း ဖြစ်ပါတယ်။ ၂၀၀၃ ခုနှစ်ကနေ စတင်ကျင်းပခဲ့တာဖြစ်ပြီး ဗိုလ်စွဲဆုံးအသင်းကတော့ ချယ်လ်ဆီးအသင်း ဖြစ်ပြီး နှစ်ကြိမ်တိုင် ချန်ပီယံဖြစ်ခဲ့တဲ့အသင်း ဖြစ်ပါတယ်။ အဲဒီပြိုင်ပွဲကို ရာသီအကြိုမှာ ကျင်းပလေ့ရှိပေမယ့် ကမ္ဘာ့ဖလားပြိုင်ပွဲ၊ ယူရိုပြိုင်ပွဲတွေနဲ့ မတိုက်အောင် ကျင်းပလေ့ရှိပါတယ်။

ပရီမီယာလိဂ် အာရှဖလားပြိုင်ပွဲကို ပထမဦးဆုံးအကြိမ်အနေနဲ့ မလေးရှားမှာ ၂၀၀၃ခုနှစ်က စတင်ကျင်းပခဲ့တာ ဖြစ်ပါတယ်။ အဲဒီပြိုင်ပွဲမှာ အိမ်ရှင်မလေးရှားအသင်းနဲ့ ချယ်လ်ဆီး၊ နယူးကာဆယ်နဲ့ ဘာမင်ဂမ် အသင်းတို့က ပါဝင်ယှဉ်ပြိုင်ခဲ့ကြပါတယ်။ အဲဒီပြိုင်ပွဲအားလုံးကို ပရိသတ် ၈၀၀၀၀ဆံ့တဲ့ မလေးရှားရဲ့ ဂျာလီအားကစားကွင်းမှာ ကစားခဲ့တာဖြစ်ပါတယ်။ အဲဒီနှစ်မှာတော့ ချယ်လ်ဆီးအသင်းဟာ နောက်ဆုံးဗိုလ်လုပွဲမှာ နယူးကာဆယ်အသင်းကို ပယ်နယ်တီအဆုံးအဖြတ်နဲ့ နိုင်ခဲ့ပြီး ဗိုလ်စွဲခဲ့တာလည်း ဖြစ်ပါတယ်။ အဲဒီနောက်ပိုင်း ၂၀၀၅ ခုနှစ်မှာတော့ ထိုင်းမှာကျင်းပခဲ့ပြီး အိမ်ရှင်ထိုင်း လက်ရွေးစင်အသင်းနှင့်အတူ အဲဗာတန်၊ မန်စီးတီးနဲ့ ဘော်လ်တန်အသင်းတို့ ပါဝင်ကစားခဲ့ပါတယ်။ အဲဒီနှစ် ပြိုင်ပွဲမှာတော့ ဘော်လ်တန်အသင်းဟာ အဲဗာတန်၊ မန်စီးတီးအသင်းတို့ကို ဖြတ်ကျော်ပြီး ဗိုလ်စွဲခဲ့ပါတယ်။ ၂၀၀၇ ခုနှစ်မှာတော့ ဟောင်ကောင်၊ ၂၀၀၉ခုနှစ်မှာတော့ တရုတ်၊ ၂၀၁၁ခုနှစ်နဲ့ ၂၀၁၃ ခုနှစ်တို့မှာလည်း ဟောင်ကောင်မှာကျင်းပခဲ့တာ ဖြစ်ပါတယ်။ နောက်ဆုံးကျင်းပခဲ့တဲ့ ဟောင်ကောင်ပြိုင်ပွဲမှာတော့ တောင်တရုတ်အသင်း၊ စပါး၊ ဆန်းဒါးလန်းနဲ့ မန်စီးတီးအသင်းတို့ပါဝင် ယှဉ်ပြိုင်ခဲ့ပြီး မန်စီးတီးအသင်း ဗိုလ်စွဲခဲ့ပါတယ်။

### အိမ်ရှင်အသင်းတို့ရဲ့ အခြေအနေ

လက်ရှိကစားခဲ့တဲ့ ပြိုင်ပွဲတွေကို ကြည့်မယ်ဆိုရင်တော့ အိမ်ရှင်အသင်းတွေရဲ့ အောင်မြင်မှုဟာ ကြီးမားခမ်းနားမှု မရှိတာကိုတွေ့ရပါတယ်။ အကြီးကျယ်ဆုံး အောင်မြင်မှုအနေနဲ့ ၂၀၀၅ ခုနှစ်က ကျင်းပခဲ့တဲ့ ပြိုင်ပွဲမှာ အိမ်ရှင်ထိုင်းအသင်းဟာ နောက်ဆုံးဗိုလ်လုပွဲကို တက်ရောက်နိုင်ခဲ့ပါတယ်။ ဒါပေမယ့်နောက်ဆုံး ဗိုလ်လုပွဲမှာတော့ ဘော်လ်တန်အသင်းကို ၁-၀နဲ့ရှုံးနိမ့်ခဲ့ပါတယ်။ အဲဒါဟာ ပရီမီယာလိဂ် အာရှဖလားပြိုင်ပွဲသမိုင်းမှာတော့ အကြီးမားဆုံးသော အိမ်ရှင်နိုင်ပွဲလည်း ဖြစ်ပါတယ်။ ဒါပေမယ့် နောက်ပိုင်း ပြိုင်ပွဲတွေကို ကြည့်မယ်ဆိုရင် အိမ်ရှင်တွေရဲ့ ရပ်တည်မှုတွေဟာ နောက်ဆုံးအဆင့်မှာသာ တွေ့ရပါတယ်။ ပြိုင်ပွဲသမိုင်းကိုကြည့်မယ်ဆိုရင်လည်း တောင်တရုတ်အသင်းဟာ နှစ်ကြိမ်တိုင် ပါဝင်ယှဉ်ပြိုင်ခဲ့ပေမယ့် ပါဝင်ကစားတဲ့အကြိမ်တိုင်းဟာ စတုတ္ထအဆင့်မှာသာ ရပ်တည်နိုင်တာကိုတွေ့ရပါတယ်။ ဒါကြောင့် ဒီနှစ်ပြိုင်ပွဲမှာတော့ စင်ကာပူ အောစတားအသင်းဟာ ပြိုင်ပွဲသမိုင်းကို ပြောင်းလဲပြီးအနိုင်ရရှိအောင် စွမ်းဆောင်နိုင်မလားဆိုတာကလည်း စောင့်ကြည့်ချင်စရာ ဖြစ်နေပါတယ်။

### စင်ကာပူအောစတား

စင်ကာပူ အောစတားအသင်းဟာ စင်ကာပူရဲ့အမှတ်ပေးပြိုင်ပွဲတွေမှာ ပါဝင်ကစားနေကြတဲ့ ကစားသမားကောင်းတွေနဲ့ ဖွဲ့စည်းထားတဲ့အသင်းလည်း ဖြစ်ပါတယ်။ စင်ကာပူအောစတားအသင်းမှာ ဘရာဇီးကစားသမား တိုဆီ၊ ပြင်သစ်ကစားသမား ကာမာရာနဲ့ အာဂျင်တီးနားကစားသမား ဗီလက်ဇ်တို့ ပါဝင်ပေမယ့် အများစုကတော့ စင်ကာပူအခြေစိုက်ကစားသမားတွေ အများစုနဲ့ စုစည်းထားတဲ့အသင်းလည်း ဖြစ်ပါတယ်။ အသင်းရဲ့ လက်ရှိနည်းပြကတော့ ဂျာမနီလူမျိုးနည်းပြ ဘန်စတိန်းဖြစ်ပါတယ်။ ဘန်စတိန်းဟာ အိုမန်၊ အီရတ် အသင်းတို့ကို ကိုင်တွယ်ခဲ့ဖူးသလို ဥရောပအသင်းတွေကိုလည်း ကိုင်တွယ်ခဲ့ဖူးတဲ့ ဝါရင့်နည်းပြ တစ်ဦးလည်း ဖြစ်ပါတယ်။

### အာဆင်နယ်

အာဆင်နယ်အသင်းဟာ ဒီနှစ်နွေရာသီမှာ ကစားသမား ခေါ်ယူမှုအနေနဲ့ ချယ်လ်ဆီးအသင်းဂိုးသမား ပီတာဆက်ခ်ျ တစ်ဦးသာခေါ်ယူထားတာကို တွေ့ရပါတယ်။ ဒါပေမယ့် အာဆင်နယ်အသင်းမှာ ဆန်းချက်ဇ်၊ အိုဇေးလ်၊ ကာဇိုလာ၊ မာတီဆက်ကာတို့လို ကစားသမားကောင်းတွေရှိနေတာကြောင့် ဒီပြိုင်ပွဲမှာတော့ အင်အားအတောင့်တင်းဆုံး အသင်းအဖြစ် ရှိနေပါတယ်။ အာဆင်နယ်အသင်းဟာ အခုလိုပြိုင်ပွဲတွေမှာ အသင်းရဲ့ လူငယ်ကစားသမားတွေကိုလည်း ပွဲထုတ်သွားဖို့ရှိပေမယ့် အသင်းရဲ့ တောင့်တင်းတဲ့ အင်အားတွေကြောင့် ဗိုလ်စွဲဖို့ ရေပန်းအစားဆုံး အသင်းဖြစ်ပါတယ်။

### အဲဗာတန်

အဲဗာတန်ဟာပရီမီယာလိဂ်ရဲ့ ထိပ်တန်းအသင်းကြီးတစ်သင်း မဟုတ်ပေမယ့် အလယ်အလတ်တန်းစားရှိတဲ့ အသင်းလို့ ပြောရမှာပါ။ ဒါ့အပြင် အဲဗာတန်အသင်းဟာ ဒီနှစ်ရာသီမှာ ဘာစီလိုနာ တိုက်စစ်မှူး ဂျူလိုဗျူကိုခေါ်ယူပြီး အသင်းရဲ့ တိုက်စစ်ပိုင်းကို အားဖြည့်ထားသလို ပြီးခဲ့တဲ့ရာသီကအသင်းမှာ အငှားကစားစဉ်က အစွမ်းကုန် ခြေစွမ်းပြကစားနိုင်ခဲ့တဲ့ မန်ယူကစားသမား ကလီဗာလေကိုလည်း အမြဲတမ်းကစားသမားအဖြစ် ခေါ်ယူထားတာကို တွေ့ရပါတယ်။ ဒါကြောင့် ဒီပြိုင်ပွဲဝင် အသင်းတွေမှာတော့ အဲဗာတန်အသင်းဟာ အာဆင်နယ်ပြီးရင် အင်အားအတောင့်တင်းဆုံးအသင်းလို့ ပြောရမှာပါ။

### စတုတ်

စတုတ်အသင်းဟာ ပြီးခဲ့တဲ့ရာသီမှာတော့ ပရီမီယာလိဂ်ရဲ့အဆင့် ၁၀ ထက်အဆင့် ၉ မှာရပ်တည်နိုင်ခဲ့တဲ့ အသင်းဖြစ်ပါတယ်။ ဒါကြောင့်လည်း စတုတ်အသင်းရဲ့ ကစားသမားအင်အားနဲ့ အသင်းရဲ့အခြေအနေတွေဟာ တိုးတက်မှုရှိနေတယ်လို့ ပြောရမှာပါ။ စတုတ်အသင်းဟာ လက်ရှိအချိန်အထိ ကစားသမားသစ် ခေါ်ယူမှုအနေနဲ့ ဂိုးသမားတစ်ဦး၊ ခံစစ်ကစားသမားတစ်ဦးနဲ့ တိုက်စစ်မှူးတစ်ဦးတို့ကို ခေါ်ယူထားတာ တွေ့ရပါတယ်။ ဒါကြောင့် စတုတ်အသင်းဟာ အင်အားကျစ်လျစ်ပြီး မာကျောမှုရှိတဲ့ အသင်းအဖြစ် တွေ့ရမှာပါ။ ။

# WBO ဝယ်လ်တာဝိတ်တန်း ချန်ပီယံခါးပတ်အား မေဝဲလ်သာထံမှ ပြန်လည်သိမ်းဆည်းခဲ့

အမေရိကန်လက်ဝှေ့သမား ဖလွိုက်မေဝဲလ်သာသည် ကမ္ဘာ့လက်ဝှေ့အဖွဲ့ (WBO) မှ ချမှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများနှင့် ကိုက်ညီမှုမရှိခြင်းကြောင့် ပြီးခဲ့သည့် ဇူလိုင် ၆ ရက်တွင် WBO ဝယ်လ်တာဝိတ်တန်း ချန်ပီယံခါးပတ်အား ပြန်လည်သိမ်းဆည်းခံခဲ့ရပြီဖြစ်ကြောင်း သတင်းများတွင် ရေးသား ဖော်ပြထားသည်။

အသက် ၃၈ နှစ်အရွယ်ရှိ မေဝဲလ်သာသည် ပြီးခဲ့သည့် မေ ၂ရက်တွင် ဖိလစ်ပိုင်လက်ဝှေ့သမား မန်နီပက်ကွီယိုအား အမှတ်ဖြင့် အနိုင်ယူကာ WBO ဝယ်လ်တာဝိတ် တန်းချန်ပီယံခါးပတ်ကို ရရှိခဲ့သူဖြစ်သည်။ လက်ဝှေ့သမား သက်တမ်းတစ်လျှောက် ၄၈ ပွဲ ထိုးသတ်ခဲ့ရာတွင် ပွဲတိုင်းအနိုင်ရရှိခဲ့ပြီး ၂၆ ပွဲ၌ အလဲထိုးနိုင်ခဲ့သူ မေဝဲလ်သာသည် ပက်ကွီယိုနှင့် ထိုးသတ်ခဲ့သည့်ပွဲမှ ဝင်ငွေ အမေရိကန် ဒေါ်လာသန်း ၂၀၀ ကျော် ရရှိခဲ့သူဖြစ်သည်။




ချန်ပီယံခါးပတ်များကို ရယူထားခြင်းကြောင့် WBO မှ ချမှတ်ထားသည့် စည်းမျဉ်းနှင့် ကိုက်ညီမှု မရှိကြောင်း သတင်းများတွင် ဖော်ပြထားသည်။ မေဝဲလ်သာသည် WBA နှင့် WBC ဝယ်လ်တာ

WBO မှ ချမှတ်ထားသည့် စည်းမျဉ်းတွင် လက်ဝှေ့ သမားတစ်ဦးသည် ဝိတ်တန်းတစ်ခုတည်းတွင်သာ ချန်ပီယံခါးပတ် ရယူခွင့်ရှိသည်ဟု သတ်မှတ်ထားသည်။ သို့သော်လည်း မေဝဲလ်သာသည် WBA နှင့် WBC လိုက်မစ်ဒယ်ဝိတ်တန်း ဝိတ်တန်းချန်ပီယံခါးပတ်များကိုလည်း ရရှိထားသူဖြစ်သည်။ ရှုံးပွဲမရှိသေးသူ မေဝဲလ်သာသည် ပက်ကွီယိုနှင့် ထိုးသတ်ခဲ့သည့်ပွဲအတွက် ထိုးသတ်ကြေး အမေရိကန်ဒေါ်လာနှစ်သိန်းကို ပြီးခဲ့သည့် သောကြာနေ့တွင် နောက်ဆုံးထားပေးသွင်းရမည်ဖြစ်သော်လည်း ပေးသွင်းခဲ့ခြင်းမရှိသည့်အတွက် WBO ကော်မတီက ချန်ပီယံခါးပတ် ပြန်လည်သိမ်းဆည်းရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

မေဝဲလ်သာသည် WBO ဝယ်လ်တာဝိတ်တန်းချန်ပီယံခါးပတ် ပြန်လည်သိမ်းဆည်းခံရမှုအတွက် အယူခံဝင်ရန် ရက်သတ္တပတ် နှစ်ပတ်အချိန်ရထားသော်လည်း WBO ကော်မတီအနေဖြင့် ဆုံးဖြတ်ချက်ကို ပြန်လည်ပြင်ဆင်ဖွယ်မရှိကြောင်း သတင်းများတွင် ဆက်လက်ရေးသားထားသည်။

WBO အဖွဲ့သည် ဝယ်လ်တာဝိတ်တန်းချန်ပီယံခါးပတ်အား အမေရိကန်လက်ဝှေ့သမား တင်မိုသီဘရက်ဒလေအား လွှဲပြောင်းပေးအပ်ခဲ့သည်။ အခြားသတင်းတစ်ပုဒ်အရ အင်္ဂလန်ဟဲဗီးဝိတ်လက်ဝှေ့သမား တိုင်ဆန်ဖျူရီသည် ကမ္ဘာ့ဟဲဗီးဝိတ်ချန်ပီယံ ခါးပတ်ရယူနိုင်ရေးအတွက် လက်ရှိချန်ပီယံဖြစ်သူ ယူကရိန်းနိုင်ငံသား ဝလာဒီမာကလစ်ရှ်ကိုနှင့် လာမည့် အောက်တိုဘာ ၂၄ ရက်တွင် ဂျာမနီနိုင်ငံ ဒုဖ်ဆဲလ် ဒေါ့ဖ်မြို့၌ ထိုးသတ်သွားမည်ဟု ဆိုသည်။